
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိထယ်

## နှလုံးသားတစ်ဖက်ရှင်စွန်း

တမူခွင့်ပြုချက်အမှတ်
၅၀၁၁၈၃၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၄၄၁၅၀၄၁၀

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး
၁၁၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိထယ်
နှလုံးသားတစ်ဖက်ရှင်စွန်း/ရှင်မိထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) နှလုံးသားတစ်ဖက်ရှင်စွန်း

### နိုင်ငံတော်၏ အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိထယ်

## နှလုံးသား
## တစ်ဖက်ရင်ခွန်း


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







နင့်ရင်ထဲမှာ
နွေးထွေးနိုင်မြဲတဲ့
သံယောဇဉ်တစ်ခုပဲ ရှိတယ်လို့
ယုံကြည်ထားခဲ့တာကိုက
နင့်အမှားဖြစ်သွားခဲ့တာ _။
တကယ်တော့
နင့်ရင်ထဲမှာ
ငါ့အပေါ်မှာ နွေးထွေးနိုင်မြဲတဲ့
သံယောဇဉ်တစ်ခုတည်းတင်
ရှိခဲ့တာမဟုတ်ဘူး ဆိုတာ
ငါ အစောကြီးတည်းက
ယုံပြီးသားပါဟာ _။

**ရန်ခမင်းမောင်**

www.burmeseclassic.com

www.burmeseclassic.com







ငါ မယုံဘူး
ငါ့ရင်ထဲမှာ
အချစ်မရှိခဲ့ပါဘူး။
ငါ့ရင်ထဲမှာလေ
ငါ သိပ်အထင်ကြီးတဲ့
လူကြီးတစ်ယောက် အပေါ်မှာ
လေးစားအားကိုး တွယ်တာမှုတွေပဲ
ရှိခဲ့တာပါဟာ _။

မဆီရွှေ

www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၁)

## နလုံးသား

www.burmeseclassic.com

www.burmeseclassic.com





# ၁

"မဏိ ငါတို့ ကျောင်းပြီးသွားတာလည်း နှစ်နှစ်လောက်ရှိပြီ၊ ဒီအတိုင်းကြီး သူငယ်ချင်းတွေနဲ့ တရန်းရန်းနေလို့ မဖြစ်တော့ဘူး၊ ငါတို့မိဘတွေရဲ့ အလုပ်တွေမှာ ကူလုပ်ရင်လုပ် မလုပ်ရင် ကုမ္ပဏီကြီးတစ်ခုခုမှာ နေရာကောင်းကောင်းရရင် ဝင်လုပ်ရင် ကောင်းမလား၊ အပျော်သဘောဖြစ်ဖြစ်ပေါ့ဟာ"

အင်း ... ရန်ခ ပြောတာလည်း အဟုတ်သား။ မဏိနဲ့ရန်ခ ကျောင်းပြီးသွားခဲ့တာတောင် နှစ်နှစ်ရှိခဲ့လေပြီ။ ဘာအလုပ်ကိုမှ မယ်မယ်ရရမလုပ်ဘူးတဲ့အပြင် မိဘများရဲ့အလုပ်မှာလည်း ဝင်လုပ်ဖို့လည်း စိတ်ကူးမရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com

ရန်ခ မိဘတွေက မြို့ထဲမှာ ရွှေဆိုင်သုံးခန်းတွဲကြီး ဖွင့်ထားသလို မဏိ မိဘတွေကလည်း မိုလ်ချုပ်ဈေးမှာ အထည်ဆိုင် သုံးခန်းဖွင့်ထားခဲ့သည်။

မဏိက တစ်ဦးတည်းသော သမီးဖြစ်သလို ရန်ခ ကလည်း တစ်ဦးတည်းသောသားကလေးမို့ အလိုလိုက်ထားကြတာ မို့ မဏိနှင့်ရန်ခက ကိုယ့်အလုပ်ကိုယ် စိတ်မဝင်စားဘဲ မိမိတို့ထက် ချမ်းသာလွန်းတဲ့ ကုမ္ပဏီကြီးတစ်ခုခုမှာ အပျော်တမ်းအလုပ်ဝင် ကြည့်ကြဖို့ စူးစမ်းနေခဲ့ကြလေသည်။

မဏိနဲ့ ရန်ခက စိတ်တူကိုယ်တူ။ ပြီးတော့ တိုက်ခန်းကလည်း အခန်းချင်းကပ်ရက်မို့ မဏိတို့နှစ်ယောက် စိတ်တိုင်းကျ လျှောက်လုပ်ကြမယ့်အရာတွေကို မိဘတွေကို အသိမပေးဘဲ တိုင်ပင်ထားခဲ့ကြသည်။

မိဘတွေကို အသိမပေးဘဲ အပျော်သဘောဖြင့် အလုပ်ခိုးလျှောက်မယ့်ကိစ္စလေးကို စိတ်အားထက်သန်စွာဖြင့် မျက်ဝန်းရွှန်းရွှန်းလေးတွေနှင့် သူ့ကို မော့ကြည့်လာတဲ့ မဏိမျက်နှာလေးကို ရင်ခုန်စွာဖြင့် ခပ်ငေးငေးကြီးစိုက်ကြည့်လိုက်မိရင်းက သဘောကျစွာ ပြုံးလိုက်မိသည်။

"ရန်ခနော် ဘာပြုံးတာလဲ"





မဏိက သူ့ရဲ့အကြည့်နွေးနွေးတွေကို ရိပ်မိသွားသလို ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားကာ သူ့ရင်ဘတ်ကြီးကို ဖြန်းခနဲ ပိတ်ထုလိုက်လေသည်။

"ဟောဗျာ ... အသားလွတ် မဆော့ကြီး"

ရန်ခကလည်း သူ့ရဲ့မရိုးသားတဲ့ အကြည့်တွေကို ပြန်ပြီးသတိထားမိသွားကာ ရင်ခုန်သံနွေးနွေးလေးကို ပြန်လည်ထိန်းချုပ်လိုက်ရပြီး တဟဲဟဲ ရယ်သွမ်းသွေးလိုက်ရင်း သူ့ရင်ဘတ်ကြီးကို ထုနေတဲ့ မဏိလက်ကလေးကို ဖမ်းချုပ်ထားလိုက်သည်။

သို့သော် မဏိက သူ ချုပ်ကိုင်ဖမ်းဆုပ်ထားတဲ့ လက်ကလေးကို တအားရုန်းယူလျက် နှုတ်ခမ်းကလေးစူပြီး ခြေထောက်နှစ်ချောင်းကို မကျေမနပ်ဖြင့် ဆောင့်ပေါက်နေသေးတာမို့ သူ ပိုပြီး ရင်ခုန်အသည်းယားသွားရကာ အသည်းပိုနေတဲ့ သူမ မျက်နှာချောချောလေးကို ရွှန်းလက်ရီဝေစွာ အကြာကြီးစိုက်ကြည့်လိုက်မိသည်။

ကြွေရုပ်ကလေးလို တောက်လက်နေတဲ့ မျက်နှာလေးက နှုးညံ့ချောမွေ့ကာ စင်ရော်တောင် မျက်ခုံးကလေးနှစ်ခုက ယှိဆက်နေတာမို့ ရန်ခ မဏိ မျက်နှာကလေးကို ငေးစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရင်းမှ နှုတ်ခမ်းကလေးတွေ ပြုံးမြမြကလေး ဖြစ်သွားရသည်။ ဒီမျက်ခုံးဆက်တာလေးတွေဟာ အိမ်နီးချင်းညားတတ်တယ်ဆိုတဲ့ သင်္ကေတတစ်ခုဆိုတာကို နားလည်သိရှိထားသည့် ရန်ခရင်ထဲမှာ ကြည်နူးလိုက်ဖိုသွားခဲ့ရလေသည်။

မျက်တောင်ထူထူသိပ်သိပ်ကြီးတွေက ရှည်လျားစွာ စင်းကျနေပြီး သမင်မမျက်လုံးလေးတွေလို တောက်စိုဝိုင်းနက်နေသည့် မျက်ဝန်းကလေးတွေက မဏိရဲ့အလှတွေထဲမှာ အထင်ပေါ်ဆုံးလို့ပြောရမလိုပင်။

နှင်းဆီနှုတ်ခမ်းဖူးဖူးကလေးတွေက ဆေးသွင်းထားတာမို့ နှုတ်ခမ်းနီဆိုးစရာမလိုဘဲ ပုံ့ပုံ့ထူထူကလေး ပန်းသွေးရောင်ပြေးနေတာ အသည်းယားစရာကောင်းလှသည်။

မဏိရယ် ... ကျောင်းသားဘဝတုန်းကတော့ နင့်ကို တခြားယောက်ျားလေးတွေ ဝိုင်းပြီးပိုးပန်းကြတာကို ငါ့ရင်ထဲမှာ နည်းနည်းမခံချင်တာလောက်ပဲရှိခဲ့ပေမယ့် အခုလို ငါ့ရင်ထဲမှာ တရှုးနင့်နင့်ကြီး ခံစားရတာမျိုး မရှိခဲ့သေးပါဘူး။

အခု ငါ့အဖြစ်က နင်နဲ့ခွဲရမှာကို အရမ်းထိတ်လန့်နေခဲ့တဲ့လူတစ်ယောက်လို ငါ့ရင်ထဲမှာ အရမ်းစိုးရိမ်ပြီး နင့်ကို သိပ်ချစ်နေခဲ့တယ် မဏိရယ်။





"ရန်ခ"

"......"

"ရန်ခ သေတော့မှာပဲနော်"

စူတူတူ မှုန့်မှုန့်အသံကလေးကြားတော့မှ သူ မဏိ မျက်နှာလေးကို ခပ်ငေးငေးလေးစိုက်ကြည့်နေမိရာမှာ သတိပြန်ဝင်လာပြီး မျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွားသည်အထိ ရှက်ရွံ့သွားကာ မဏိကိုလည်း အားနာသွားရပါသည်။

"ဟင် ... ဘာလဲ မဏိ"

ရှက်ရဲရဲကလေးဖြစ်သွားတဲ့ မဏိမျက်နှာကလေးကို သူ ပြုံးစိစိစိုက်ကြည့်မိရင်းမှ ဣန္ဒြေဆယ်လိုက်ရသည်။ မဏိက သူ့အဖြစ်သည်းတာလေးကို ရိပ်မိသွားပြီး သူ့ကို မျက်စောင်းနက်နက်ထိုးကာ ဘာစကားမှမပြောတော့ဘဲ ခြေနှစ်ချောင်းကို ဆောင့်ပေါက်လိုက်လေသည်။

ဆိုဖာရှည်ကြီးမှာထိုင်ပြီး ပါကေးကွက်တွေ ချိုင့်ဝင်သွားမတတ် ခြေဆောင့်နေတဲ့ မဏိအရှေ့သို့ သူ အပြေးရောက်သွားကာ မဏိ ပခုံးကလေးနှစ်ဖက်ကို လက်နှစ်ဖက်နှင့်ချုပ်ကိုင်လျက် ချော့မော့နှစ်သိမ့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဏိကလည်းကွာ၊ ကလေးမဟုတ် ဘာမဟုတ် အဲဒီလို မဆိုးနဲ့ရဘူးလေကွာ၊ ငါ မကြားလိုက်လို့ပါ၊ မဏိ မျက်နှာလေးက အရင်နဲ့မတူ တစ်မူထူးခြားပြီးလှနေလို့ ကြည့်ရင်းနဲ့ မဏိ ဘာပြောလိုက်မှန်း မသိလိုက်တာပါ၊ စိတ်မကောက်ရဘူးကွာ၊ ပြော ... ဘာပြောမှာလဲ မဏိ"

"မပြောဘူး၊ ဘာမှမပြောတော့ဘူး၊ သွား နင့်တိုက်ခန်းနင်ပြန်တော့"

မဏိ တကယ်စိတ်ကောက်သွားခဲ့ပါပြီ။ ရန်ခ ဘယ်လိုချော့ချော့ ပြေမှာမဟုတ်တော့။

ဒါပေမဲ့ မဏိလေး စိတ်ပြေလိုပြေငြား ကလေးလေးတစ်ယောက်လို ပွေ့ဖက်နှစ်သိမ့်ဖို့ လှမ်းရှယ်လိုက်တာကိုလည်း သူမက ဖျတ်ခနဲ ဆွဲလိမ်လိုက်သဖြင့် သူ ဖျပ်ဖျပ်လူး နာကျင်သွားရကာ မဏိ လက်ထဲမှ လက်ကလေးကို သွက်သွက်ကြီးရုန်းယူလိုက်ရသည်။

"အား ... အဟား ... မဏိရယ် ... နင်ကလည်း စိတ်ကြီးပဲ၊ ငါ့လက်မောင်းကြီး သွေးခြည်ဥသွားပြီ၊ နဂိုကတည်းက ငါ့အသားက နုလွန်းလို့ သွေးခြည်ဥနေတာကိုကွာ၊ မပြော





နေကွာ၊ ငါ့အသိကုမ္ပဏီတစ်ခုမှာ နေရာကောင်းကောင်း တွေ့ထားလို့ ပြောမလို့ဟာကို နင်မပြောချင်ရင်နေ နောက်မှ ငါ့ကို ဖုန်းဆက်ပြီးမေးဖို့မကြံနဲ့"

တမင်သက်သက် မဏိစိတ်ထဲ မခံချင်ဖြစ်သွားအောင် ကလိလိုက်ပြီး သူ မဏိရှေ့မှ လှည့်ထွက်လာခဲ့သည်။ မဏိကတော့ ထိုင်နေရာမှ တုတ်တုတ်မျှ မလှုပ်တော့။

မဏိစုတ်ကလေး တစ်နာရီနှစ်နာရီလောက် စိတ်ကောက်လိုက်ဦး။ ပြီးတော့မှ ငါ့ဆီကို ဖုန်းဆက်လာလို့ကတော့ တာ့တာပဲ။

ဘာမှဟုတ်တာလေးနှင့် စိတ်ဆိုးသွားသည့် မဏိရဲ့ ရှုပုပ်ပုပ်မျက်နှာလေးကို မြင်ယောင်ရင်း သူ အသည်းယားသွားရသည်။

အသက်ချင်းအတူတူပေမယ့် မဏိက သူ့ထက်နှစ်လပိုငယ်တာကို အခွင့်ကောင်းယူပြီး ငယ်ငယ်ကတည်းက သူ့အပေါ် နိုင်ထက်စီးနင်း ဗိုလ်ကျနေကျ။ သူကလည်း မဏိကို ငယ်ငယ်ကတည်းက ချစ်ခင်တွယ်တာလာခဲ့ရသူမို့ မဏိစိတ်ဆိုးသမျှ အနိုင်ယူသမျှကို ခေါင်းငုံ့သည်းခံစမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



မဏိက အခုလှည့်ပြန်ဆို လှည့်ပြန်ရသူ။ အခု ပြန်လာဆို ပြန်လာရသူ။ မဏိ သေဆိုသေ ရှင်ဆိုရှင်။ မဏိ အမိန့်မှန်သမျှကို မလွဲအောင်လုပ်ဆောင်ပြီး မဏိအလိုကို လိုက်ခဲ့တာမို့ မဏိကလည်း သူ့အပေါ်ကို ဆိုးနွဲ့လို့ကောင်းခဲ့သည်ထင်သည်။

မဏိ စိတ်ထဲမှာ ထစ်ခနဲ သူမပြောတာကို မကြားလိုက်တာတို့ အလေးမထားတာတို့ဆိုရင် သူ့လက်မောင်းကို ဗွီခနဲ လိမ်ဆွဲပြီးသွားပင်။ တော်တော်စိတ်ကောက်လွယ်တဲ့ကောင်မလေး။

ဒါပေမဲ့ ...

မဏိက စိတ်ကောက်လွယ်ခဲ့သလို စိတ်ဆိုးလည်းပြေလွယ်သည်။

မဏိလေးရယ် အရင်တုန်းက နှင် ငါ့ကို စိတ်ဆိုးစိတ်ကောက်တုန်းက ငါ့ရင်ထဲမှာ ပူလောင်တာတွေ မဖြစ်ခဲ့ဖူးဘူး။ အခု ငါ့ရင်ထဲမှာ အရမ်းပူလောင်မွန်းကျပ်နေရပြီ။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ငါ နှင့်ကို အရမ်းချစ်နေခဲ့ပြီဆိုတာကို ငါကိုယ်ငါ သိလိုက်ရလို့ပဲ။ အရင်တုန်းက ချစ်တယ်ဆိုတာထက် ငါ နှင့်ကို အဆပေါင်းများစွာချစ်တယ်။





ပြီးတော့ ...

အမြန်ဆုံး ငါ့ရဲ့ကိုယ်ပိုင် ပိုင်ရှင်ဇနီးကလေးအဖြစ် ပိုင်ဆိုင်ချင်တယ် မဏိလေးရယ်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၂

"မဏိ ... မဏိ ... နင်လည်း ငါ့အကြံကို ဘာခံနိုင်ဦးမှာ လဲ"

ရန်ခ တစ်ယောက်တည်း တီးတိုးရေရွတ်ပြီး တိတ် တဆိတ်ပြုံးလိုက်မိသည်။ ညက သူငယ်ချင်းရဲ့အသိကမ္ဘာမှာ သူနဲ့ မဏိ အလုပ်ဝင်ချင်တဲ့အကြောင်း သူငယ်ချင်းကို ဖုန်းဆက် ပြီး အကူအညီ တောင်းကြည့်တော့ သူငယ်ချင်းက အကူအညီပေး မယ်ဆိုတာနဲ့ မဏိနဲ့သူ အလုပ်သွားလျှောက်ဖို့အတွက် မဏိကို ဘာမှ ပြောမထားသေးဘဲ မဏိရှေ့မှာ ဟန်ရေးပြဖို့ သူ့ကိုယ်သူ အသေသပ်ဆုံးဖြစ်အောင် ဝတ်ဆင်လိုက်ပါသည်။

CHEQ ရှပ် ကော်ဖီရောင် လက်ရှည်ကို စတိုင် ဘောင်းဘီရှည်အဖြူနဲ့ တွဲဝတ်လိုက်ပြီး ဆံပင်ကို ခေါင်းလိမ်း





ရွဲ့လိမ်းလျက် ပြောင်နေအောင်သပ်တင်ကာ မျက်နှာကို အဆီ ထိမ်းလိုက်တော့ တင်းပြောင်ဖွေးနုနေတဲ့ မျက်နှာလေးက မှန်ထဲမှာ ယောက်ျားပီသစွာ ပေါ်လာတာကို သူ သဘောကျကျေနပ်သွားရ ပါသည်။

"ဟွန်း ... မရွှေမဏိ ဒီအကြံကို ဘာခံနိုင်မှာလဲ"

ရန်ခ တစ်ယောက်တည်း ကျိတ်ပြုံးမိကာ Hand Phone ကလေးကို ထုတ်ကာ မဏိဆီ ဖုန်းဆက်လိုက်သည်။

ဟွန်း ... သူ့အဖြစ်ကလည်း ရယ်စရာကောင်းလှ သည်။

မဏိကို ဖုန်းဆက်တာတောင် လက်ကလေးတွေ တုန်ယင်ကာ ရင်ထဲမှာ ရင်ခုန်သံတွေက ပူခနဲ ဖြစ်သွားရတော့ သည်။

"ဟယ်လို"

စိတ်တိုသံအပြည့်ဖြင့် ဖုန်းပြန်ထူးလာသည့် မဏိ အသံကလေးကို ကြားကြားချင်း သူ့မျက်နှာကြီးပြုံးသွားရသည်။ ထိုအသံကလေးကြားလိုက်တာနဲ့ ကြည်နူးရင်ခုန်သွားခဲ့ရတဲ့ ကိုယ့် အဖြစ်ကိုယ် မလုံခြုံသလိုကြီးဖြစ်သွားပြီးမှ ဘေးဘီဝဲယာကို အကဲ ခတ်ရင်း စကားသံကို အနည်းငယ်တိုးပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဏိ ... ငါ အခု ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်ဖို့ အားလုံးပြင်ဆင်ပြီးလို့ ထွက်လာတာ နင်လည်း လျှောက်ချင်ရင်လိုက်ခဲ့လေ။ အလုပ်ကတော့ ရမှာအသေအချာပဲ"

"ဘာတွေ ညှောင်နာ ညှောင်နာနဲ့ ပြောနေတာလဲ၊ ဘာမှ ပီပီသသ မကြားရဘူး"

မဏိအသံက နားထဲ စူးခနဲဝင်လာတာမို့ သူ့မျက်နှာလေးရှုံ့မဲ့သွားရသည်။

အား ... အသံကလည်း တကယ့်ကို စိတ်ကောင်းမရှိတဲ့အသံ။ မဏိစိတ်ကလေး အနေနေတုန်းတော့ ထန်ထားဦးပေါ့။

"ဟွန်း ... ဟွန်း ... မဏိကလည်း စိတ်ကြီးပဲ၊ ညက နင် များ ငါ့ဆီ ဖုန်းဆက်ဦးမလားလို့ မျှော်နေတာ"

"သေတောင်မဆက်ဘူး"

"အခု မသေသေးဘူးလေ၊ ဖုန်းဆက်နေတာပဲ"

"ရန်ခနော် နင် ဘာပြောလိုက်တာပဲ ခုနက"

"ငါ ကုမ္ပဏီတစ်ခုမှာ အခုမနက် အလုပ်လျှောက်မလို့ အိမ်ကထွက်လာပြီး နင့်တိုက်ခန်းရှေ့တောင်ရောက်နေပြီ၊ နင်မလိုက်ချင်လည်း မလိုက်တော့နဲ့၊ အချိန်မရတော့ဘူး။





ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်ပဲ လိုတော့တယ်၊ ကိုးနာရီ ဟိုကိုရောက်မှဖြစ်မှာကွ"

ဟင် ...

မဏိက ရန်ခစကားတွေ စိတ်ဝင်စားသွားရကာ နားကလေးစွင့်ပြီး ရန်ခ စကားတွေကို သံယောင်လိုက်လိုက်မိသည်။

"ဟင် ... မိနစ်နှစ်ဆယ်ပဲလိုတော့တာမဟုတ်လား၊ ငါလည်း လိုက်ခဲ့မှာပဲ၊ အဝတ်အစားမလဲတော့ဘူး၊ ငါ အခုလာပြီ"

မဏိက ပြောလည်းပြော အဝတ်အစား ဘာတစ်ခုမှ မလဲဘဲ Hand Phone ကလေးကို လည်ပင်းမှာချိတ်ဆွဲကာ မေမေ့ကို ရန်ခနဲ့ ဈေးထဲသွားမလို့ဆိုပြီး လိမ်ညာကာ ကပျာကသီထွက်လာခဲ့သည်။

ကုမ္ပဏီအလုပ်ဆိုရင် မဏိတို့က ဘယ်နေရာပဲလိုက်ရလိုက်ရ ကုမ္ပဏီအလုပ်ကို ဝါသနာပါလွန်းလို့မဟုတ်။

ကုမ္ပဏီမှာ ကွန်ပျူတာဝန်ထမ်းဝင်လုပ်နေတဲ့ သူငယ်ချင်းတချို့ အထာတကြီးနဲ့ ကြွားဝါလွန်းတာကို အမြင်ကတ်လို့ သူမလည်း သူတို့ထက်သာတဲ့အလုပ်ကို ရအောင်လုပ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့က ကွန့်ပျူတာဝန်ထမ်းလောက် ဆိုရင် မဏိတို့က အနည်းဆုံး စက္ကထေရီဖြစ်စေရမယ်။

မဏိက တိုက်ခန်းတံခါးကို ခပ်သွက်သွက်ကလေး ဆွဲဖွင့်လိုက်ပြီး အခန်းဝမှာရောက်နေတယ်ဆိုတဲ့ ရန်ခကို မျက်လုံးကလေးဝေ့ပြီး ရှာကြည့်လိုက်သည်။

"ဟင် ... ရန်ခ ဘယ်ရောက်သွားပါလိမ့်"

"ဟိတ် ... ငါ ဒီအောက်လှေကားကိုရောက်နေပြီ၊ အမြန်ဆင်းလာခဲ့ မဏိ၊ အချိန်မရတော့ဘူး"

"အေး ... အေး ... ငါ အခုပဲလာပြီ၊ စောင့်နေဦးနော် ရန်ခ"

သူမ အလိုရှိတာကျ အသံကလေးက သနားစရာကလေးပြောတတ်တဲ့ မဏိကို အမြင်လည်းကတ် အသည်းလည်း ယားသည်။

ဟော ... လာပါပြီ မရွှေမဏိ။

ဟွန်း ... ဟွန်း ... ရယ်စရာ ကောင်းလိုက်တာ။

အိပ်နေရင်းဝတ်နေကျ ဂျင်းဘောင်းဘီကလေးနဲ့ အပြေးအလွှား သူ့အနောက်ကိုလိုက်လာတဲ့ မဏိကိုကြည့်ပြီး





မဏိရှေ့မှာ ပြုံးစိစိမျက်နှာလေးဖြင့် မရယ်မိအောင် နှုတ်ခမ်းလေးကို ခပ်ဖွဖွလေး စေ့ကြိတ်ထားရသည်။

မဏိက ရယ်ချင်နေတဲ့ ရန်ခ မျက်နှာကြီးကိုကြည့်ပြီး မျက်ဝန်းလှလှလေးတွေနဲ့ မျက်စောင်းကလေးလှမ်းချိန်လိုက်ကာ ...

"ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

ရယ်ဟဟအသံကြီးနဲ့ သူ ဖြေလိုက်တော့ မဏိက မကျေမနပ်ဖြစ်ကာ နှုတ်ခမ်းလှလှကလေးကို ခပ်စူစူကလေး တင်းပစ်လိုက်ပြီး ...

"ဟွန်း ... သူကျတော့ ကော့ပျံနေအောင် ပြင်ချိန်ပေးပြီး ငါ့ကျ စိတ်ကောင်းမရှိ ဒီအတိုင်းလိုက်စေတယ်"

"ဒါဆို မလိုက်နဲ့လေ"

"ငါက ဘာမှ မဖြစ်ပါဘူး၊ လှပြီးသားသူက လှတာပါပဲ"

"ဟွန်း ... ဟွန်း ... နင့်ကိုယ်နင် လှတယ်လို့ခံယူထားတော့လည်း စိတ်ချမ်းသာတာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … ရန်ခနော် ရန်ဖြစ်ချင်ပြီလား"

"မဖြစ်ချင်ပါဘူးဗျာ"

မဏိရဲ့ မကြည်မလင်မျက်နှာလေးကိုကြည့်ပြီး ရန်ခရင်ထဲမှာ ကြည်နူးမှုလေးတွေ ရန်ခုန်ကြည်မွေ့သွားရသည်။

မျက်နှာဝင်းဝင်းကလေးကို ကရင်းပတ်ကလေးရိုက်ထားတာမို့ အဆီပြန်ခြင်းမရှိဘဲ ပြောင်ပြီးချောမွေ့နေသည့် မဏိမျက်နှာကလေးကို သူ မြတ်နိုးစိတ်ဖြင့် ငေးစိုက်ကြည့်နေလိုက်တဲ့ တစ်ခဏအတွင်းမှာပဲ မဏိရဲ့မျက်လုံးကလေးတွေက သူ့ကို မကျေနပ်သလို မျက်မှောင်ကလေး နစ်ခု တွန့်ကြုတ်သွားလေသည်။

အင်း … မကြာခင် သူမလေး စိတ်ဆိုးစိတ်ကောက်လာဦးမလား။

မဏိ ဘာဖြစ်လို့ သူ့ရဲ့အကြင်နာအကြည့်နွေးနွေးလေးတွေကို မကျေနပ်ချင်ရတာလဲ။ ဒါဆို မဏိကို ချစ်နေတဲ့ သူ့အချစ်တွေကို မဏိကို ဖွင့်ပြောဖို့လွယ်ကူပါ့မလား။

မဏိရယ် ဘာဖြစ်လို့ ငါ့နှလုံးသားရဲ့ခံစားချက်တွေကို နားမလည်ရတာလဲ။ ငါ စဉ်းစားလို့မရတော့ဘူးကွာ။





ရန်ခက မဏိရဲ့မျက်နှာလေးကို ခပ်ရီရီလေး ငေးကြည့်ရင်း ရင်ထဲမှာ နွမ်းဟိုက်သွားပါသည်။

မဏိကတော့ သူ့ရင်ထဲက ခံစားချက်ကလေးတွေကို ဘာတစ်ခုမှ ဂရုမစိုက်။

ကုမ္ပဏီမှာ အပျော်တမ်း အလုပ်လာလျှောက်တဲ့ကိစ္စလေးကိုပဲ စိတ်အားထက်သန်နေလေသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၃

ကုမ္ပဏီမှာ အလုပ်လာလျှောက်ကြသည့် ဝင်္ကမ်းတွေကို တစ်ယောက်ချင်း လူတွေ့စစ်ဆေးတာကို ကုမ္ပဏီပိုင်ရှင် ဦးနေသတိုးရကိုယ်တိုင် စစ်ဆေးအပြီးမှာ စိတ်တိုင်းကျ သူ့သဘောထဲမှာတွေ့ကဲ့သူတွေကို နောက်တစ်ပတ်မှာ ကုမ္ပဏီမှာ စာရင်းချိတ်ပြီး ဝန်ထမ်းခန့်မှာဖြစ်သည်။

တစ်ယောက်ပြီးတစ်ယောက် လူတွေ့စစ်ဆေးနေတဲ့ နေသတိုးရအရှေ့သို့ ဒီတစ်ခါအလှည့်ကျလာသူကတော့ မဏိရွှေခပင်။

မဏိရွှေခဆိုတဲ့ နာမည်ကလေးကို မြင်ကတည်းက နေသတိုးရ ရင်ထဲ တစ်မျိုးကြီး ထူးခြားသွားသလိုကြီး။





ဒီနာမည်ကလေးကို သူ ခပ်ကျယ်ကျယ်ကလေး လှမ်းခေါ်လိုက်ပြီး ဝင်လာမယ့်မိန်းကလေးကို စိတ်ဝင်စားစွာ လှမ်းကြည့်နေလိုက်မိသည်။

"မဏိရွှေခ"

နေသတိုးရ ခေါ်သံအဆုံးမှာ ရုံးခန်းထဲဝင်လာသည့် မိန်းကလေးက ဂျင်းဘောင်းဘီတိုကလေးနှင့် စပို့ရှပ်အင်္ကျီ အဝါနုရောင်ကလေးဝတ်ထားပြီး ငွေမင်ရောင် Hand Phone ကလေးကို လည်ပင်းမှာချိတ်ဆွဲလျက် အပြစ်ကင်းဝင်စွာ ကလေးလေးတစ်ယောက်လို မျက်ဝန်းဝိုင်းဝိုင်းကလေးဖြင့် သူ့ကို ငေးငေးလေးစိုက်ကြည့်ပြီး လှစ်ခနဲပြုံးပြလာခဲ့သည့် မိန်းမချောကလေးကို နေသတိုးရ မျက်တောင်မခတ်စိုက်ကြည့်မိပြီး ရင်တွေ ခပ်ကြမ်းကြမ်းခုန်မြည်သွားသည့်အဖြစ်ကို ကျေနပ်မှုမရှိသလိုကြီးဖြစ်သွားရကာ မျက်မှောင်ကြီးနှစ်ခု တွန့်ကြုတ်သွားရသည်။

ကြည့်စမ်း ... ဒါ ကုမ္ပဏီမှာ အလုပ်လာလျှောက်တဲ့ရုပ်တဲ့။ ဘာအပူအပင်မှမရှိ Hand Phone ကလေးကို အနက်ရောင်ကြိုးကလေးနဲ့ လည်မှာဆွဲပြီး ဂျင်းဘောင်းဘီတိုလေးဝတ်ထားတဲ့ကောင်မလေးကို သူ ခြေဆုံးခေါင်းဆုံးကြည့်ပြီးအကဲခတ်ကာ သူနဲ့ မျက်နှာချင်းဆိုင် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်ခိုင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ"

သူမက သူ့ကို ရဲရဲဝံ့ဝံ့ကလေးကြည့်ပြီး ဆိုဖာလေးမှာ ဝင်ထိုင်လိုက်သည်။

ဂျင်းရှော့ကလေးနှင့် စပို့ရှပ်လက်တို ကိုယ်ကျပ်အဝါနုကလေးကို ဝတ်ထားပြီး စတက်ကေအဖြောင့်ဆွဲကလေးကို ကုပ်အထက်နားမှာ ဖားလျားချလျက် ကော်ပတ်ရုပ်ကလေးလို လှပသည့်မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် သူ့ကိုမော့ကြည့်လာသည့် တစ်ခဏအတွင်း သူ့ရင်တွေ လှိုက်ဖိုနွေးထွေးသွားကာ သူမကို ငေးစိုက်ကြည့်နေတဲ့ မျက်လုံးအကြည့်တွေကိုလည်း ကမန်းကတန်း လွှဲဖယ်လိုက်မိသည်။

"မင်းနာမည်က မဏိရွှေခဲနော်"

မဏိ မျက်လုံးကလေးတွေကို ခဏတာကလေး ငေးစိုက်ကြည့်ပြီး ကမန်းကတန်း မျက်နှာလွှဲသွားတဲ့ ကုမ္ပဏီပိုင်ရှင်လူကြီးကိုကြည့်ပြီး ရယ်ချင်သွားရသည်။

ကုမ္ပဏီပိုင်ရှင်ဆိုလို့ အသက်လေးဆယ်ကျော် ငါးဆယ်လောက် ထင်မှတ်ထားတာ။

အခုတော့ ...

မဏိတို့ထက်ကြီးလှ ဆယ်နှစ်ပေါ့။ ဒီလူကြီး အသက်ရှိလှ သုံးဆယ်ကျော် သုံးဆယ်ပေါ့။





အဟင်း ဟင်း ... ဒီလူကြီး မဏိကိုကြည့်ပြီး တော်တော်သဘောကျသွားပုံရသည်။ မျက်နှာကြီးရှုတည်တည်ကြီးဖြစ်သွားကာ မဏိကို ခြေဆုံးခေါင်းဆုံး မျက်မှောင်ကြီးတွန့်ကြုတ်ကြည့်နေတဲ့ ကုမ္ပဏီပိုင်ရှင်လူချောကြီးကိုကြည့်ပြီး မဏိ ရယ်ချင်စွာဖြင့် နှုတ်ခမ်းသားကလေးတွေကို ခပ်တင်းတင်းစေ့ကြိတ်ထားရသည်။

"မင်းက ကုမ္ပဏီကို ဘာလာလုပ်တာလဲ"

"ရှင်"

မဏိ မျက်လုံးဝိုင်းဝိုင်းကလေးတွေ ပိုပြီး ပြူးကျယ်ဝိုင်းစက်သွားရသည်။ ကုမ္ပဏီပိုင်ရှင် လူကြီးကိုကြည့်လိုက်တော့ လူကြီးက အိုက်တင်အပြည့်နဲ့ လက်နှစ်ဖက်ပိုက်ကာ ဆုံလည်ဆိုဖာနောက်ကျောကိုမှီပြီး မဏိကို တိတ်တဆိတ် အကဲခတ်နေသည်။

လေးကိုင်းနှုတ်ခမ်းကြီးတွေ ကွေးညွတ်ပြီး မဏိကို မထိတရိလှောင်ပြုံးတွေနှင့် အကဲခတ်နေသည့် လူကြီးကိုကြည့်ပြီး မဏိ စိတ်ထဲ ဘယ်လိုရှက်သွားမှန်းမသိအောင် မျက်နှာလေးတစ်ခုလုံး ဖြန်းဖြန်းထ နီရဲသွားကာ ဆတ်ခနဲ မျက်နှာကလေးကို လွှဲပစ်လိုက်ရင်း ...

"မဏိကို ဘာမှ မမေးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာမှမလိုတာ၊ မင်းပုံကိုကြည့်ကတည်းက အလုပ်လိုချင်လို့ လာလျှောက်တဲ့မိန်းကလေးမှ မဟုတ်တာ အသိသာကြီး"

"ဘာဆိုင်လို့လဲ ရှင်၊ မဏိ တကယ် ဒီကုမ္ပဏီမှာ အလုပ်လုပ်ချင်တာပါ၊ မဏိ ဝါသနာအရမ်းပါလို့ လာလျှောက်တာပါ၊ အဝတ်အစားမလဲရတာလည်း အလုပ်အတူလာလျှောက်တဲ့ အဖော်က ဒီကိုလာခါနီးမှပြောလို့ အဝတ်အစားမလဲခဲ့ရတာပါ"

"မင်းက ဘာလုပ်ချင်တာလဲ"

ကုမ္ပဏီပိုင်ရှင် လူကြီးက မဏိမျက်နှာကိုကြည့်ပြီး ပြုံးစိစိမေးလာတော့ မဏိ မခံချင်ဖြစ်သွားရသည်။ ပြီးတော့ သူက မဏိ အလုပ်ဖောင်မှာဖြည့်ထားတဲ့ ပညာအရည်အချင်းနဲ့ အသက် အိမ်လိပ်စာတွေကို မျက်မှောင်ကြီးကြုတ်ပြီး ဖတ်နေလေသည်။

"စက္ကူထေရီလောက်ကလေးရရင် တော်ပါပြီ"

"အဟွန်း ဟွန်း …"

"ဟင် … ဘာရယ်တာလဲ၊ ရှင် အလုပ်လာလျှောက်တဲ့လူ တစ်ယောက်ကို မခန့်လေးစား လုပ်တာလား"





"အဟွန့် … မဟုတ်ပါဘူးကွာ၊ မင်းပြောတာလေးကို သဘောကျလို့ပါ၊ ဒါနဲ့ မင်းဖုန်းနံပါတ်ကလေး ကိုယ့်ကိုပေးခဲ့ပါလား၊ အလုပ်ကိစ္စ အကြောင်းပြန်ရတာပေါ့"

"ဟို … အလုပ်ခန့်ဖို့က နောက်တစ်ပတ်ကြာရင် စာရင်းချိတ်မှာဆို"

"အေးလေ … ဒါပေမဲ့ မင်း စောပြီးမသိချင်ဘူးလား"

"ဟုတ်ကဲ့ ကျေးဇူးပဲနော် ဦး"

"ကောင်းပါပြီ၊ ကိုယ့်နာမည် နေသတိုးရ"

"ဟုတ်ကဲ့"

မဏိရွှေခဆိုတဲ့ ကောင်မလေးက သဘောတွေစွပ်ကောင်းကာ သူမအိတ်ထဲမှ လိပ်စာကတ်ကလေးကို သူ့ကို ထုတ်ပေးလာသည်။

"ဒါ ဗိုလ်ချုပ်ဈေးက ဆိုင်တွေရဲ့ဖုန်းနော်၊ အဲဒီကိုတော့ မဆက်နဲ့၊ မဏိ တစ်နေ့လုံးမရှိဘူး၊ ဒါ မဏိကိုယ်ပိုင် Hand Phone သိလား၊ ဒီ Hand Phone က မေမေ့ဖုန်း၊ သူတို့ဖုန်းနဲ့မှားဆက်မိဦးမယ်၊ မဏိ အလုပ်လျှောက်တာ သိရင် မဏိကိုဆူမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟော် ... ဒါဆို မိဘတွေမသိအောင် ဒီအလုပ်ကို ခိုးလျှောက်တာပေါ့"

"ဟုတ်ကဲ့ ... အဟင်း"

မဏီဆိုတဲ့ ကောင်မလေးက ဇက်ကလေးပုပြီး မြှုံးစိစိကလေး သူ့ကိုကြည့်လာတာမို့ သူ ကောင်မလေးကို ငေးခနဲ စိုက်ကြည့်မိသွားပါသည်။

နေသတိုးရ ဘာကြောင့်မှန်းမသိ ကောင်မလေးမျက်နှာလေးကို ကြာကြာငေးခွင့်ရအောင် စကားတွေလျှောက်ပြောပစ်လိုက်သည်။ တစ်ခါမှ ဒီလိုမျိုး အလုပ်ထဲမှာ တောင်စဉ်ရယ်မရ မပြောဖူးခဲ့။

ဒီတစ်ခါတော့ သူမမျက်နှာချောချောလေးကို ကြာကြာလေးငေးကြည့်နေချင်တာရယ်၊ သူမစကားပြောတာလေးကို သဘောကျတာရယ်ကြောင့် အလုပ်ကိစ္စအပြင် သူမမိသားစုကိစ္စတွေကိုပါ မေးမိရက်သားဖြစ်သွားရသည်။

သူမလေးနဲ့စကားပြောရတာ သူ့ရင်ထဲမှာ ချိုမြိန်နွေးထွေးကာ ရင်တွေခုန်နေသလိုလို ကျေနပ်မိသည်။

"ဒီလို မင်းက ခိုးလျှောက်တော့ ကဲ ... အလုပ်ရလို့ ရုံးတက်ပြီဆိုရင်ရော မင်းမိဘတွေကို ဘယ်လို လိမ်ပြောမလဲ"





"ဟင့်အင်း ... မလိမ်ပါဘူး၊ ကုမ္ပဏီကြီးတစ်ခုမှာ မဏီ အလုပ်ကောင်းလို့ လုပ်လိုက်ပြီလို့ ပြောမှာပေါ့၊ အဲဒါကြောင့် စက္ကူထေရီလောက်လျှောက်တာပေါ့၊ ဦးသတိုးနေရ မဏီကို စဉ်းစားပေးပါနော်၊ မဏီ အိမ်မှာ တစ်ယောက်တည်းနေရတာပျင်းလို့ပါ ဦးသတိုးနေရ"

"အဟွန်း ... ကိုယ့်နာမည် နေသတိုးရပါ မိန်းကလေးရယ်၊ မင်းနဲ့တွေ့မှပဲ သတိုးနေရ ဖြစ်တော့တာပဲကွာ"

နေသတိုးရ သဘောကျစွာ ရယ်မောလိုက်ပြီးမှ သူမနဲ့ စကားပြောတာ အတော်လေးကြာသွားတာကို သတိရလိုက်မိပြီး မဏီရွှေခနဲ့ စကားအဆုံးသတ်လိုက်ရပါသည်။

"မဏီရွှေခကို ကိုယ် စဉ်းစားပေးပါမယ်"

"ဟိုလေ"

"အင်းပြော"

"အဟင်း ... တောင်းဆိုမလို့ပါ"

"တောင်းဆိုလေ"

ဘာကြောင့်မှန်းမသိ နေသတိုးရ ဒီကောင်မလေးမျက်နှာလေးကို ငေးကြည့်နေရင်းဖြင့် ရင်ခုန်သံကလေးတွေ မြန်ဆန်လာခဲ့တာကြီးကို ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမိန်းကလေးမျိုးနဲ့မှ သူ ရင်မခုန်ဖူးခဲ့။

"ဟို မဏီကို အလုပ်ခန့်ရင် မဏီ သူငယ်ချင်းကိုပါ ခန့်ပါလားဟင်၊ မဏီက သူနဲ့အတူတူ အလုပ်လုပ်ချင်တာ၊ သူလည်း အခု မဏီနောက်မှာ"

"အင်း ... သူ့နာမည်က"

"ရန်ခမင်းမောင်ပါ"

"အေးလေ ... ကောင်းပါပြီ၊ မင်း ပြန်လို့ရပါပြီ မဏီရွှေခ"

မဏီ ဦးနေသတိုးရကို နှုတ်ဆက်ပြီး ရုံးခန်းထဲမှ ခပ်သွက်သွက်ကလေး လှမ်းထွက်လာတဲ့အချိန်မှာပဲ ရုံးခန်းအပြင်က နေစောင့်နေသည့် ရန်ခမျက်နှာကြီးက တင်းမာပုပ်သိုးကာ မဏီကို မျက်လုံးနီကြီးဖြင့် စိုက်ကြည့်လာပြီး သယောက်သဟလေသံကြီးနဲ့ ဟိန်းဟောက်မေးမြန်းပါတော့သည်။

"ကြာလိုက်တာ၊ တခြားသူတွေ ဆယ်မိနစ်အပြင် ပိုမကြာဘူး၊ နင့်ကျမှ နာရီဝက်လောက်ကြာရအောင် ဘာတွေများ ဒီလောက်တောင်ပြောနေကြလို့လဲ"

"တိုးတိုးပြောစမ်းပါ ရန်ခရယ် နင်ကလဲ"





မဏီက ရန်ခကို မျက်စောင်းကလေးခဲပြီး တိုးတိုးကျိတ်ကျိတ်ကလေးပြောလိုက်တော့ ရန်ခ သတိရသွားပုံရသည်။ မျက်နှာကလေးကို ပြန်ပြီးပြင်ဆင်ကာ အနောက်မှာကျန်နေသည့် ကောင်မလေးနှစ်ယောက်ကိုလည်း အားနာမျက်နှာပူသွားရသည်။

"ရန်ခမင်းမောင်"

"ရန်ခ နင့်နာမည်ကိုခေါ်နေပြီ၊ ငါတို့ အတူတူအလုပ်လုပ်ရအောင်၊ နင် ကုမ္ပဏီပိုင်ရှင်ကို ပြေပြေပြစ်ပြစ်ပြောနော် ရန်ခ"

"ဆရာ မလုပ်စမ်းပါနဲ့"

ရန်ခက မဏီကို မကြည်မလင်မျက်လုံးတွေနှင့် စိုက်ကြည့်ပြီး ရုံးခန်းထဲကို ဝင်သွားပါတော့သည်။ မဏီ စိတ်ထဲ ရန်ခ လုပ်ရပ်ကြီးကို မခံချင်ဖြစ်သွားရသည်။

ရန်ခတစ်ယောက်ဟာလေ တစ်ခါတစ်ခါကျ မဏီ ဘာလုပ်လုပ် သည်းခံသလောက် မဏီကို အဲဒီလို လူရှေ့မရှောင် သူရှေ့မရှောင်ပြောတာကြီးကို မဏီ မနှစ်သက်တာမရှိ။ မဏီ သူ့ကိုကြည့်လို့မရတာ အဲဒီအကျင့်တွေပင်။

အခုလည်းကြည့် ...



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကို အလုပ်လာလျှောက်ကြသည့် လူတွေရှေ့မှာ မဏီကို ခပ်တည်တည်ကြီး ဟိန်းဟောက်သွားပြန်ပြီ။ မဏီစိတ်ထဲမှာ ရန်ခကို လုံးဝမကျေနပ်သလို အပြန်ကျမှ မဏီအကြောင်းကောင်းကောင်းသိအောင် ပြရမည်ဖြစ်သည်။

✧ ❤ ✧





## ၄

"ငါ မနက်က ဘာမှမစားရသေးဘူး ဗိုက်ဆာတယ်၊ ငါတို့ ဒီနားက Cafe ဆိုင်မှာ တစ်ခုခုဝင်စားကြမယ်"

မဏီက ရင်ထဲက မကျေနပ်စိတ်ကလေးတွေကို မျက်နှာလေးမှာ မပေါ်လွင်အောင် ထိန်းချုပ်ပြီး ရန်ခကို ပြောလိုက်တော့ ရန်ခက အလွယ်တကူ လက်ခံလိုက်ပါသည်။

အဟင်း … တွေ့ကြသေးတာပေါ့ ရန်ခရယ်။ နင် ငါ့ကို ဘယ်တုန်းက အနိုင်ရဖူးလို့လဲ။

အခုတော့ သူက လူရှေ့သူရှေ့မှာ ဆရာကြီးလုပ်ပြီး မဏီကို မျက်နှာတည် မျက်နှာထားနဲ့ဟောက်တာ မဏီရင်ထဲမှာ နည်းနည်းမှ မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



မဏိက ဒေါသလေးတွေကို ကြိတ်မှိတ်မျိုချပြီး ရန်ခ ဖွင့်ပေးလာသည့် ကားရှေ့ခန်းမှာ သက်သောင့်သက်သာက လေးဝင်ထိုင်ကာ ကုမ္ပဏီဝင်းထဲမှ ကားကလေးမောင်းထွက်လာခဲ့ ပါတော့သည်။

ကားထဲမှာ မဏိ စကားတစ်ခွန်းမှ မပြောတာကို ရန်ခကလည်း သဘောပေါက်သလားမသိ။ မဏိ မျက်နှာကလေးကို မကြာခဏ ငဲ့ငဲ့ကြည့်ပြီး ကားကို Cafe ဆိုင်ကလေးရှေ့မှာ ထိုး ရပ်လိုက်ပါသည်။

သူက ကားတံခါးဖွင့်ဆင်းချိန်မှာ မဏိပါ ကားတံခါး ဖွင့်ဆင်းလိုက်ပြီး အတွင်းဘက်သို့ လျှောက်လာခဲ့သည်။

လှပရှင်းသည့်စားပွဲတစ်လုံးမှာ မဏိက ဆတ်ခနဲဝင် ထိုင်လိုက်ချိန်မှာ ရန်ခကလည်း မဏိနဲ့ကပ်ရက်ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဘာစားမလဲဟင် မဏိ"

ရန်ခက မဏိ မျက်နှာလေးကို အရိပ်တကြည့်ကြည့် ဖြစ်ကာ မေးလိုက်တာပင်။ မဏိ သူ့ကို ကုမ္ပဏီထဲမှာတည်းက စိတ်ကောက်ပြီးမကြည့်တာ သူ သိသည်။





သူကလည်း သူ မဏိကို လူရှေ့သူရှေ့မှာ သဟောက် သဟာပြောမိသွားသည်။

စိတ်ထဲမှာ ဘယ်လိုမှ မကျေနပ်နိုင်တာမို့ လူရှေ့ မရှောင်ဘဲ ပြောလိုက်မိတာကို မဏိ နားလည်မှာမဟုတ်။

မဏိကတော့ သူ့ရင်ထဲက ခံစားချက်တွေကို ဘယ် တော့မှ နားလည်ခဲ့သူမဟုတ်။

နှုတ်ခမ်းကလေး တည်တင်းစွာဖြင့် သူ့ကို ခပ်ထန် ထန်လေး စိုက်ကြည့်လာသည့် မဏိကို သူ တောင်းပန်တိုးလျှိုးစွာ ကြည့်လိုက်ပြီး စားပွဲပေါ်တင်ထားတဲ့ မဏိလက်ကလေးကို သူ့ လက်ဖဝါးဖြင့် ဖိအုပ်ကိုင်လိုက်ပြီး ချော့မော့နှစ်သိမ့်လိုက်ပါသည်။

"မဏိ ဘာစားမလဲ ဟင်"

"ငါ ဘာစားတယ်ဆိုတာ နင် မသိဘူးလားဟဲ့"

သူတို့စားပွဲရှေ့ရောက်လာတဲ့ ဝိတ်တာလေးက သူနဲ့ မဏိကိုကြည့်ပြီး ပြုံးစိစိဖြစ်သွားကာ ဦးညွှတ်နှုတ်ဆက်လိုက်ပါ သည်။

"အဟွန်း ... နင်ကလည်းဟာ၊ ညီလေး ကော်ဖီနဲ့ဟမ်ဘာဂါ"

ရန်ခ မျက်နှာကြီးရဲခနဲနီမြန်းသွားသည်အထိ ရှက်ရွံ့ သွားကာ ဝိတ်တာကလေးကို ကော်ဖီနဲ့မုန့်မှာလိုက်ရသည်။

www.burmeseclassic.com



မဏီတို့လုပ်ပုံကိုကြည့် ...။

သူဆုပ်ကိုင်ထားသည့် လက်ကလေးကို ဝိတ်တာကလေးရှေ့မှာပဲ ဆတ်ခနဲ ဆွဲယူလိုက်တာမို့ သူ့မှာ ရှက်မျက်နှာရဲရဲကြီးနဲ့ အိလည်လည်ကြီးဖြစ်သွားကာ ခေါင်းကြီးငုံ့ချလိုက်မိသည်။

ရင်ထဲမှာလည်း တစစ်စစ် နာကျင်သွားပါသည်။

မဏီ ဘာဖြစ်လို့ သူ့ကို လက်မခံနိုင်ရတာလဲ။ သူ စဉ်းစားလို့မရ။

ငယ်ငယ်ကတည်းက အသက် နှစ်ဆယ့်နှစ် ဆိုတဲ့ အရွယ်အထိ အရင်းနှီးဆုံး နေလာခဲ့သည့် သူ့ကို မဏီ နှလုံးသားက လက်မခံနိုင်ခဲ့တာများလား။

သူ ချစ်နေခဲ့တာကို မဏီ သိသိသာသာကြီးနဲ့ သူ့ရဲ့နွေးထွေးတဲ့အကြည့်တွေ အကြင်နာမျက်ဝန်းတွေကို ဘာဖြစ်လို့ မနှစ်မြို့ လက်မခံနိုင်ရတာလဲ။

မဏီရယ် မျက်နှာကလေးကိုတောင် ငေးကြည့်ခွင့်ကလေးမပေးတော့ဘူးလားဟာ။ ငါ နင့်ကို ချစ်နေတာသိလို့ နင် ငါ့ကို ပညာသားပါပါနဲ့ မောင်းထုတ်နေတာလား မဏီရယ်။





ရန်ခတစ်ယောက် စိတ်ထဲမှာ ကြေကြေကွဲကွဲကြီးခံစားရင်း မဏီ မျက်နှာကလေးကို မော့ကြည့်မလို့ ခေါင်းကလေးကို လေးပင်စွာထူမတ်လိုက်ချိန် သူ့ညာဘက်ပေါင်ကြီး စူးခနဲနာကျင်သွားသဖြင့် ပါးသပ်က တအားမအော်မိအောင် မနည်းထိန်းချုပ်လိုက်ရသည်။

"အား ... ဟား ... ဟား ... ကျွတ် ... ကျွတ် ... မဏီရယ် ဘာလို့ ငါ့ပေါင်ကို တအားလိမ်ဆွဲရတာလဲ၊ အရမ်းနာတာပဲကွာ၊ မဏီလေးကလည်းကွာ"

အရမ်းနာကျင်သွားတဲ့ ပေါင်ကြီးကို သူပွတ်ပြီး ညည်းညည်းညူညူပြောလိုက်တော့ မဏီက ဒေါက်မြင့်ဖိနပ်နဲ့ သူ့ခြေခုံကို တက်နင်းဖို့ ခြေထောက်ရွယ်လိုက်ပြန်သည်။

"နင့်ကို ငါ လုံးဝ မကျေနပ်ဘူးသိလား ရန်ခရဲ့"

ပြောပြောဆိုဆို ဒေါက်ဖိနပ်နဲ့ သူ့ခြေခုံကိုတက်နင်းနေပြီမို့ သူနာကျင်စွာ မျက်စိမှိတ်ပြီး ကြိတ်မှိတ် ငြိမ်နေရသည်။

"နင် ငါ့ကို ကုမ္ပဏီထဲမှာ လူရှေ့မရှောင် သူရှေ့မရှောင် နင်က မျက်နှာတည် မျက်နှာထားနဲ့ဟောက်ရအောင် ငါ့ကို နင် ဘယ်တုန်းက ပြောဖူးလို့လဲ၊ ဟဲ့ ... နင့်ကို ငါ သိပ်ကြည့်မရတော့ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မဏိကလည်းကွာ နင်က ရုံးခန်းထဲမှာကြာနေတော့ ငါ

လည်း စိတ်ထဲမှာပူနေတာပေါ့"

"စိတ်ပူလည်း ဒီလိုပြောစရာလား"

"အေးပါကွာ၊ နောက် အဲဒီလိုမျိုး ဘယ်တော့မှ မပြောတော့ဘူး ကျေနပ်ပါတော့နော်၊ ငါ့ခြေခုံတွေ ကျိုးကြေကုန်ပါပြီ၊ အား ... အရမ်းနာတာပဲ လွှတ်ပေးပါတော့ မဏိရယ်"

"နောက်တစ်ခါ အဲဒီလိုပြောရင် ဒီထက်နာမယ်မှတ်"

မဏိက ပြောလည်းပြော ရန်ခခြေထောက်ပေါ်ကို တက်နင်းထားတဲ့ ဒေါက်ဖိနပ်ကို ခပ်ဖိဖိကလေးဖိပြီးမှ ခြေထောက်ကိုဖယ်လိုက်သည်။ မဏိ ဖယ်လိုက်တော့မှ ရန်ခက သူ့ခြေထောက်ကလေးကို အနောက်ကို ပိုပြီးကုပ်ကုပ်ကလေးရွှေ့လိုက်သလို မဏိနဲ့ယှဉ်ပြီးထိုင်နေရာမှ မျက်နှာချင်းဆိုင်ခုံကလေးမှာ ပြောင်းထိုင်လိုက်သည်။

မဏိရဲ့လုပ်ရပ်ကိုသိထားတဲ့ လူတွေ ဘယ်သူများရှိသလဲ။

ဟား ... ရက်ဖို့ ကောင်းလိုက်တာ။ မဏိ သူ့ကို နှိပ်စက်တာ ဒီစားပွဲဝိုင်းထဲက ဘယ်သူတွေများသိသလဲ။





ရှက်မျက်နှာရဲရဲကြီးနဲ့ ဘေးဘီဝဲယာကို အကဲခတ်လိုက်တော့ သူတို့စားပွဲထောင့်စွန်း မျက်စောင်းထိုးစားပွဲမှာ ခန့်ခန့်တည်တည်ကြီးထိုင်ကာ မျက်လုံးတွေပြူးပြီး လှမ်းကြည့်လာတဲ့ ကုမ္ပဏီပိုင်ရှင်လူကြီးကို ရုတ်တရက်တွေ့လိုက်ရတာမို့ သူ ပိုပြီးရှက်ရွံ့သွားကာ မဏိ မျက်နှာလေးကိုပဲ ခပ်ငေးငေးစိုက်ကြည့်နေလိုက်မိသည်။

မဏိက ကုမ္ပဏီပိုင်ရှင် ဟိုပုဂ္ဂိုလ်ကို အခုထိ မမြင်သေး။

ဝိတ်တာကလေးလာချပေးတဲ့ ကော်ဖီကို မကျေမနပ်မျက်လုံးတွေနဲ့ မျက်စောင်းခဲရင်း မုန့်ကလေးကို တစ်ဖွဲ့ယူစားလိုက်ကာ ဘေးထောင့်စားပွဲဆီသို့ မျက်လုံးအကြည့်တွေ ရွှေ့လျားလိုက်စဉ် ဦးနေသတိုးရကို တွေ့မြင်သွားပြီး အံ့သြသွားတဲ့ မျက်လုံးကလေးတွေက ထိုပုဂ္ဂိုလ်အပေါ်မှာ စိတ်ဝင်စားမှုများစွာ ပါဝင်သွားခဲ့ပြီဆိုတာ သူ သိရှိနားလည်လိုက်ရပြီး စိတ်ထဲမှာ ဝန်တိုစိတ်ကလေးတွေ ပြေးသွားရသည်။

ဦးနေသတိုးရကလည်း မဏိကို ယောင်နနကလေးလှမ်းပြုံးပြနေသလို မဏိကလည်း ရှက်ကိုးရှက်ကန်းကလေးဖြစ်သွားကာ ရှက်မျက်နှာရဲရဲလေးနဲ့ ခေါင်းကလေးငုံ့ချသွားတာလေးကို



www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့မြင်လိုက်ရတာမို့ သူ့စိတ်ထဲ မကျေမနပ်ကြီးဖြစ်သွားရသည်။

ဦးနေသတိုးရအကြည့်တွေကြောင့် ရှက်ရွံ့သွားတဲ့ မဏိ မျက်နှာရဲရဲလေးကို သူ ခပ်ဆိတ်ဆိတ်ငြိမ်ပြီး စိုက်ကြည့်နေမိရာမှ အကြံတစ်ခုရသွားကာ ဦးနေသတိုးရအရှေ့မှ မဏိ လက်ကလေးကို ဆွဲထွက်သွားဖို့ သူ မဏိ မျက်နှာလေးကို ခပ်ငေးငေး စိုက်ကြည့်ရင်း မဏိ ကော်ဖီသောက်နေတာလေးကို စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်နေလိုက်သည်။

မဏိ ကော်ဖီသောက်လို့အပြီးမှာ သူက ဝိတ်တာကလေးကို လှမ်းခေါ်ကာ ပိုက်ဆံရှင်းလိုက်ပြီး မဏိ လက်ကလေးကို ဆတ်ခနဲ လှမ်းဆွဲယူလိုက်ကာ ဆိုင်ထဲမှ ခပ်တည်တည်လှည့်ထွက်လာခဲ့ပါတော့သည်။

ဒီတစ်ခါ မဏိ ဘာပြောပြော ဘာလုပ်လုပ် သူ ခံနိုင်ရည်ရှိပါသည်။

ဒါပေမဲ့ ...

မဏိက ထူးဆန်းစွာဖြင့် ကားထဲရောက်တဲ့အချိန်အထိ ဘာမကျေနပ်မှုမှမပြလာခဲ့။ ဘာစကားမှပြောမလာခဲ့တော့ချေ။ မဏိ စိတ်ထဲမှာ ဟိုပုဂ္ဂိုလ်အကြောင်းကိုများ တွေးနေသလား





မသိ။ ကားဆိုဖာကလေးကို မှီပြီး မျက်လုံးလေးမှိတ်လိုက်လာတဲ့ မဏိ မျက်နှာလေးကို ငေးကြည့်ရင်း သူ သက်ပြင်းကလေးကို ဖွဖွကလေးကျိတ်ချလိုက်ပါတော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၁

"မဏိရွှေ"

သူမ နှာမည်ကလေးကို အကြိမ်ကြိမ် ရေရွတ်ပြီး နေသတိုးရ ကျေကျေနပ်နပ်ကြီးပြုံးလိုက်မိသည်။ ပြုံးယောင်သမ်းသွားတဲ့ ကိုယ့်မျက်နှာချောချောကြီးကို မှန်ထဲမှာ တစ်ခဏတာကလေး စိုက်ကြည့်မိပြီး မဏိရွှေဆီကိုဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်သည်။

အစတုန်းက သူမရဲ့ဖုန်းနံပါတ်ကလေးကို သူ့စချင်နောက်ချင်စိတ်ကလေးဖြင့် တမင်ယူထားပြီး သူမဆီကို ဖုန်းမဆက်ဘဲနေဖို့ စဉ်းစားထားခဲ့တာ။

အခုတော့ ...





သူ့ဆုံးဖြတ်ချက်ကလေးတွေ ပြောင်းလဲသွားရပါပြီ။

နေ့လယ်က Cafeဆိုင်လေးမှာ ကော်ဖီဝင်သောက်ရင်းတွေ့ခဲ့တဲ့ မဏိကရွှေခနဲ့ ကောင်လေးတစ်ယောက်က မဏိရွှေခသူငယ်ချင်းပဲလား၊ ဒါမှမဟုတ် မဏိရွှေခရဲ့ချစ်သူများ လား။

အင်း ... ဟိုကောင်လေးဟာ သူမချစ်သူဆိုတော့လည်း သူ ဘာလုပ်ရမှာလဲ။ သူနဲ့ အနေသာကြီး။

ဟာကွာ ... မဟုတ်ဘူး။ ငါ သူ့ကိုစိတ်ဝင်စားတယ်။ မဏိရွှေခကို ငါ စက္ကူထေရီခန့်ပြီး ငါနဲ့ အနီးဆုံးမှာရှိနေစေရမယ်။

နေသတိုးရတစ်ယောက်တည်း အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ဂနာမငြိမ်ဖြစ်နေတာကြီးကို ဆက်ပြီး ခံစားနိုင်တော့။

နံနက်က သူ့ကိုပေးခဲ့တဲ့ သူမရဲ့လိပ်စာကတ်ကလေးကို အိတ်ထဲကထုတ်ပြီး သူမရဲ့ဖုန်းနံပါတ်ကလေးကို နှိပ်လိုက်မိသည်။ အသက်သုံးဆယ်ကျော်ကာမှ ရင်တော့အခုန်သား။

တစ်ဖက်မှ မဏိစိတ်ထဲမှာလည်း ရန်စနဲ့အတူပြန်သွားပြီးကတည်းက နေ့လယ်က မဏိနဲ့ ရန်ခတ်ရ ရန်ဖြစ်နေကြတာကို အစအဆုံးသိထားလို့ လှမ်းကြည့်လိုက်တဲ့ ဦးနေသတိုးရရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောင်နနအပြုံးကြီးတွေက မဏိရင်ကို ရှက်စိတ်ကလေးတွေအဖြစ် ဖုံးလွှမ်းသွားရကာ အိမ်ပြန်ရောက်တဲ့အထိ အတွေးကလေးထဲမှာ ရင်ခုန်ကျေနပ်နေသလိုကြီးဖြစ်သွားရသည်။

ခုတင်ကလေးပေါ်မှာ တုံးလုံးလှဲချပြီး ခေါင်းအုံးနဲ့ မျက်နှာကလေးကို အပ်ချလိုက်ကာ ရှက်ရှက်ရွံ့ရွံ့ကလေးရယ်မော လိုက်သေးသည်။

"အဟင်း ဟင်း ... ဦးနေသတိုးရတဲ့၊ ဒီလူကြီးက ငါ့ဖုန်း နံပါတ်ကလေးကို တောင်းထားလိုက်တယ်၊ သူ ငါ့ကိုဆက်သွယ်လာမှာပဲ"

မဏိတစ်ယောက်တည်း ကုမ္ပဏီပိုင်ရှင်လူချောကြီး ရဲ့ မျက်နှာကြီးကို မြင်ယောင်ရင်း မျက်နှာကလေးတစ်ခုလုံး နွေးမြမြကလေးဖြစ်သွားရသည်။

အဟင်း ... မဟုတ်မှလွဲရော ဒီလူကြီးဟာ လူပျိုကြီးတစ်ယောက်ဖြစ်ခဲ့တာမို့ သူမကို အကြည့်နွေးနွေးတွေနဲ့ လှမ်းကြည့်ခဲ့တာပေါ့။

"တူ ... တူ ... တူ"

ဟော အတွေးလေးတွေတောင် မဆုံးသေး ...





စားပွဲပေါ်ကဖုန်းသံလေးကြောင့် မဏိ အတွေးက လေးတွေ ရပ်တန့်သွားရကာ Hand Phoneကလေးကို မျက်စောင်း လေးလှမ်းခဲကြည့်လိုက်မိသည်။

ဒါ ရန်ခဖုန်းပဲနေမယ်။ ဟင်း ... မုန်းတယ်။ လူကို လူရှေ့သူရှေ့မှာ သပေါက်သဟ လုပ်တာလောက် မဏိ မုန်းတာ မရှိ။

"တူ ... တူ ... တူ"

အဆက်မပြတ်မြည်နေတဲ့ဖုန်းသံကြောင့် မဏိ စိတ် တိုတောင်းစွာဖြင့် ခုတင်ပေါ်မှ ဝုန်းခနဲထထိုင်ပစ်လိုက်ပြီး စားပွဲ ပေါ်က ဖုန်းနံပါတ်ကို လှမ်းယူကြည့်လိုက်တော့ ရန်ခဖုန်းနံပါတ် မဟုတ်တာကြောင့် မဏိ ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ဟိုလူကြီး များ ဖုန်းဆက်တာလားလို့ တွေးလိုက်မိသည်။

အတွေးကလေးတွေနဲ့တင် ရင်ကလေးတွေ ဒိတ်ဒိတ် ဒိတ်ခုန်မြည်သွားကာ ဖုန်းကလေးကို ကောက်ကိုင်လိုက်ပြီး ဖွင့် နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မဏိရှေခလား"

"ရှင် ... ဩော် ... ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဏီ ထင်တဲ့အတိုင်း အသံသြရှရှနဲ့ သြဇာအပြည့် လွှမ်းတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့အသံကြောင့် မဏီ ရင်ဂုလေးတွေ တဒိတ်ဒိတ်ခုန်မြည်သွားရကာ ခြေဖျားလက်ဖျား တွေ အေးစက်သွားပါသည်။

"ဩော် ဟော် ... ကိုယ် SUNကုမ္ပဏီပိုင်ရှင် နေသတိုးရ ပါ"

"ဩော် ... ဟုတ်ကဲ့ ဦးနေသတိုးရ၊ ဘာကိစ္စရှိလို့လဲဟင်"

မဏီက အလုပ်ကိစ္စကလေးကို ခဏမေ့ထားလိုက် ပြီး ဟန်လုပ်ကာ ဦးနေသတိုးရကို လှမ်းမေးလိုက်တော့ ဦးနေသ တိုးရ ခဏငြိမ်သွားပြီးမှ ...

"အင်း ... အလုပ်ကိစ္စ ပြောမလို့ပါ၊ မင်း အခု အိမ်ပြန် ရောက်ပြီလားဟင်၊ အပြင်မှာလား မဏီရွှေခ"

"ရှင်"

မဏီ မျက်လုံးကလေးဝိုင်းစက်သွားသည်အထိ အံ့သြ သွားရသည်။ သူက မဏီကို ဘာကိစ္စ ဒီစကားမျိုးမေးလာရတာလဲ မဏီနဲ့သူဟာ ဒီလိုစကားမျိုးမေးလာလောက်တဲ့အထိ မရင်းနှီးပေ

မဏီစိတ်ထဲ ဦးနေသတိုးရကို ဘာကြောင့်မှန်းမသိ ရွံတွန့်တွန့်ကြီး ဖြစ်သွားရသည်။





"ဟို ... ဦးနေသတိုးရ ဘာပြောမလို့လဲ၊ မဏီ အိမ်ရောက် နေတာကြာပါပြီ"

"ဩော် ... အေး ... မင်းကို ကိုယ် မေးစရာလေးရှိလို့"

"ဟင် ... ဘာမေးရမှာလဲ"

"ဩော် ... မင်း ဒီနေ့ အလုပ်လာလျှောက်တာ အပျော် သဘောနဲ့လာလျှောက်တာလား၊ တကယ်အလုပ်လိုချင်လို့ လာလျှောက်တာလားဆိုတာ သိချင်လို့ပါ"

"ဟင် ... ဦးနေသတိုးရကလည်း မဏီ တကယ်အလုပ်လုပ် ချင်လို့ လာလျှောက်တာပေါ့"

"ဒါဆို မင်း မနက်ဖြန်နံနက် ဆယ်နာရီကို ကိုယ့်ကုမ္ပဏီ ရုံးခန်းကိုလာခဲ့၊ အင်္ကျီအဝတ်အစားကို မြန်မာဆန်ဆန်ဝတ် ပြီးလာရမယ်နော် မဏီရွှေခ၊ မင်းကို ကိုယ် နောက်တစ်ကြိမ် ထပ်ပြီး လူတွေ့စစ်ဆေးမယ်"

"ဟင် ... ဒါဆို မဏီ အလုပ်ရမှာလားဟင်"

"ဒါကတော့ မင်း မနက်ကျသိရမှာပေါ့"

"ဒါဆို ရန်ခကရော၊ သူ့ကိုရော ခေါ် ... ခေါ်လာရမှာလား ဟင်"

"ဟောအေး ... မင်း တစ်ယောက်တည်း လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... မဏိ တစ်ယောက်တည်း"

မဏိ ရင်ထဲ လှပ်ခနဲ အေးမြသွားကာ ရင်တွေဆောင့်ခုန်သွားပါသည်။

မဏိတစ်ယောက်တည်းတော့ သူ့ရုံးခန်းထဲ မသွားချင်။ ရန်ခကို ခေါ်မှဖြစ်မည်။

"ဟို ... ဦးနေသတိုးရ"

"အင်း ... ပြော"

"ဟိုလေ ... မဏိ တစ်ယောက်တည်းတော့ ဟို ... မလာချင်ဘူး၊ ရန်ခကိုပါ ခေါ်လာခဲ့မယ်၊ ရန်ခအတွက်ပါ နေရာရှိမှ မဏိ ဦးနေသတိုးရ ကုမ္ပဏီမှာ လုပ်ဖြစ်မှာ၊ သူ့အတွက် နေရာမရှိဘူးဆိုရင် မဏိ လုပ်ဖြစ်မှာ မဟုတ်တော့ဘူး၊ ရန်ခကလည်း လက်ခံမှာ မဟုတ်ဘူး"

"မင်းနဲ့ အဲဒီကောင်လေးက ဘယ်လိုတော်သလဲ"

တစ်ဖက်မှ ဦးနေသတိုးရ အသံက မကျေနပ်သံလိုလိုနဲ့ ရှုအောင့်အောင့်ကြီး ထွက်လာသည်။

မဏိက ဖုန်းကလေးကို ခပ်ကျစ်ကျစ် ဆုပ်ကိုင်ပြီး ရယ်မိအောင် နှုတ်ခမ်းကလေး စေ့ကြိတ်လိုက်ကာ ...

"သူငယ်ချင်း အရင်းကြီး"





"သူငယ်ချင်း အရင်းကြီး ..."

ဦးနေသတိုးရက မဏိစကားလေးကို သံယောင်လိုက်လိုက်တာမို့ မဏိ ပခုံးကလေးနှစ်ဖက်တွန့်ကာ ခပ်ကျိတ်ကျိတ်ကလေး ရယ်လိုက်မိသည်။

"ကိုယ် တကယ်မေးနေတာကွ မဏိရွှေခ"

တစ်ဖက်မှ ဦးနေသတိုးရရဲ့ မချင့်မရဲသံကြီးကို ကြားလိုက်ရသဖြင့် မဏိရင်ကလေးတွေ တဒိတ်ဒိတ်ခုန်မြည်သွားရကာ ပါးပြင်ကလေးတွေ နွေးမြသွားသည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားရသည်။

ယောကျ်ားပီပီနဲ့ ချောမွေ့တည်ကြည် လေးနက်လွန်းသည့် လေးထောင့်မကျတကျ မျက်နှာကြီးနဲ့ ရှူးရှထက်မြက်တဲ့ မျက်လုံးတောက်တောက်တွေဖြင့် မဏိကိုမြင်မြင်ချင်း မကြည်မလင် ကြည့်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင် ဦးနေသတိုးရဟာ အခုချိန်မှာ မဏိကို အလုပ်ခန့်အပ်ဖို့ ခခယယ ဖုန်းဆက်လာခဲ့ပြီမို့ မဏိ အံ့သြခဲ့ရသည်။

ဘယ်လိုလဲ ဦးနေသတိုးရရယ်၊ ရှင်နဲ့ မဏိ အခုမှ ဆုံတွေ့ခဲ့ရတာပါ။ ဘာဖြစ်လို့ ရှင် မဏိကို ချက်ချင်းကြီး စိတ်ဝင်စားရတယ်ဆိုတာကို မဏိ နားမလည်နိုင်တော့ဘူးရှင်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ...

မဏိ ရှင့်ရဲ့နွေးထွေးတဲ့ အကြည့်တွေကို ရင်ခုန်တယ် ဆိုတာကိုတော့ ဝန်ခံပါတယ်။

"ဟယ်လို ... မဏိရွှေ"

"ရှင်"

မဏိ သူ့ရဲ့လိုက်ယင်တုန်ခါသွားတဲ့ အသံကြီးကို ကြားလိုက်ရတာမို့ ဘာပြန်ပြောရမှန်း မသိအောင် ရင်တွေတဒိန်းဒိန်း ခုန်မြည်သွားကာ မျက်နှာကလေးတွေပါ နွေးခနဲ ဖြစ်သွားရသည်။

"ကိုယ်မေးတာ ဖြေဦးလေကွာ"

"ဘာ ... ဘာမေးလိုက်တာလဲဟင်"

"ဟာကွာ"

နေသတိုးရဲ့ တစ်ယောက် မဏိရွှေခရဲ့ မကြည်မလင်အသံကလေးကို မချင့်မရဲ ဖြစ်သွားကာ လက်ထဲက hand phone ကလေးကို ခပ်တင်းတင်း ဖျစ်ညှစ်ဆုပ်ကိုင်ပစ်လိုက်သည်။

သူမလေးနဲ့ စကားပြောနေရင်းကနေ ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိအောင် ဟာတာတာကြီးနဲ့ နွေးရှိန်းရှိန်းကြီး ခံစားနေရသည်။





သူမနဲ့ ဟိုကောင်လေးက သူမပြောသလိုပဲ သူငယ်ချင်းပဲလား။

ဒါမှမဟုတ် သူမရဲ့ရည်းစားလား။

ဟာကွာ ... ငါ ... ငါ ဘာဖြစ်သွားပြီလဲ၊ ငါ အခုအသက်သုံးဆယ့်နှစ်နှစ်အရွယ်ကို ရောက်တဲ့အထိ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့တာ။ အခုမှ ငါ့ထက် ဆယ်နှစ်လောက်ငယ်တဲ့ မိန်းကလေးနဲ့ကျမှ ငါ ဘာဖြစ်လို့ ရူးသွပ်ချင်ရတာလဲ။ ငါ့နှလုံးသားတွေ ပူနွေးအသက်ရှင်လာရတာလဲ။

ဟား ... ငါ မစဉ်းစားတတ်တော့ပါဘူးကွာ။

"ဦး ... ဦးနေသတိုးရ"

"အင်း ... ပြော"

ဖုန်းထဲက အသံစူးရှရှကလေးက အပြင်မှာ ဘယ်လောက်အထိ စွာတယ်ဆိုတာကို နေသတိုးရ နားလည်လိုက်သည်။

Cafe ဆိုင်ထဲမှာတောင် သူမ သူငယ်ချင်း ကောင်လေးကို နိုင်စားနေတာ သူ လက်တွေ့ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။

ကောင်လေးက သူမနဲ့ပတ်သက်လို့သာ သူမ ဆိုးနွဲ့သမျှကို သည်းခံခဲ့တာဖြစ်မည်။

ဟား ... ရင်ပူလိုက်တာ ကောင်မလေးရယ်။


www.burmeseclassic.com

www.burmeseclassic.com


ငါ ဘယ်မိန်းမနဲ့မှ ပတ်သက်ပြီး အခုလို ရင်မပူခဲ့ပါဘူးကွာ။ မင်းနဲ့ကျမှ ငါ့ရဲ့ရပ်တန့်ငြိမ်သက်နေတဲ့ နှလုံးသားတစ်ခုလုံး လှုပ်ရှားအသက်ဝင်လာတာပါ ကောင်မလေးရယ်။

"ဘာပြောမလို့လဲ မဏိ"

"ဟိုလေ ... မဏိ သူငယ်ချင်းပါ အလုပ်ခန့်ဖို့ စဉ်းစားပေးမယ်ဆိုရင် မနက်ဖြန် သူနဲ့မဏိ ဦးနေသတိုးရ ရုံးခန်းကို လာခဲ့ပါ့မယ်၊ ဖြစ်လားဟင်၊ မဖြစ်ဘူးဆိုရင် မဏိ ဖုန်းချလိုက်တော့မယ်နော်"

"ဟာ ... မဏိ၊ ခဏ ... ခဏလေး"

နေသတိုးရ တစ်ယောက် ဘာမဟုတ်တဲ့ ကလေးသာသာ မိန်းကလေးရဲ့အောက်ကို ကျရှုံးစွာ ဝပ်တွားခဲ့ရလိုက်ရပါပြီ။

အလိုမကျ ဖြစ်သွားတဲ့ မျက်နှာရှုတည်တည်ကြီးကို ကြည်ကြည်လင်လင်ကလေး ပြန်ပြင်လိုက်ကာ မဏိ လိုအင်ဆန္ဒလေးကို ဖြည့်ပေးလိုက်ရပါတော့သည်။

"မင်း တောင်းဆိုတာကို ကိုယ် သဘောတူတယ်၊ မနက်ဖြန် ဆယ်နာရီနော် ချာတိတ်"

"ဟုတ် ... ဒါဆို ဖုန်းချမယ်နော်"

"နေဦး"

"ဟင် ... ဘာပြောစရာ ကျန်တော့လို့လဲ"

"သြော် ... မနက်ဖြန်ကျ မင်း နဲ့သာရောင်ဝတ်စုံလေးနဲ့ မြန်မာဆန်ဆန်ကလေး ဝတ်လာရမယ်နော်"

"ဟင် ... မဏိမှာမှ မြန်မာဆန်တဲ့အကျီ မရှိတာ"

"ကဲ ... ဒါမဏိရွေခ၊ မင်း ကျုပ်ကို ဂျစ်မတိုက်နဲ့နော်၊ မင်း ဒီအလုပ်ကို တကယ်လုပ်ချင်တယ်ဆိုရင် အကျီနဲ့ ထဘီပဲ ဝတ်ခဲ့၊ ခေတ်ဆန်တဲ့စတိုင်လ်နဲ့ ကျုပ်ဆီကိုအလုပ်လာမလျှောက်ပါနဲ့"

နေသတိုးရ ခပ်ပြတ်ပြတ်ပြောပြီး ဖုန်းမိတ်ပစ်လိုက်သည်။ သူမထက်အရင်ဦးအောင် ဖုန်းပိတ်ပစ်မှ။ နင့်မို့ ဒီချာတိတ်မက သူ လိုက်လျောမှန်းသိလို့ တောင်းဆိုမှုတွေ တစ်ခုပြီးတစ်ခု ထပ်တိုးလာဦးမှာကို မြင်ယောင်သေးသည်။

ဖုန်းပိတ်ပြီးသွားခဲ့ပေမဲ့ ရင်ထဲမှာ ချာတိတ်မလေးနဲ့ စကားပြောခဲ့တဲ့ အရှိန်တွေက နွေးထွေးမှုတွေဖြင့် အသက်ဝင်နေတုန်းပင်။

အသက်သုံးဆယ်ကျော်ကာမှ အချစ်ရူးထပြီး မိန်းမလိုချင်လာတဲ့ ပိုးတွေက နေသတိုးရ ရင်ကို အရှိန်ပြင်းပြင်းထိမှန်သွားရကာ အချစ်ကြောင့် သူ ဖျားသွားခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စက္ကူထေရီဖြစ်ဖို့ ဘာအရည်အချင်းမှ မရှိတဲ့ ကောင်မလေးကို သူ့ရဲ့အနီးဆုံးမှာ ရှိနေဖို့ စက္ကူထေရီပေးအပ်ရမှာကို သူ့စိတ်ထဲ လိပ်ပြာမလုံသလိုကြီး ရှက်ရွံ့သလိုကြီး ဖြစ်နေခဲ့သည်။

မနက်ဖြန်မှာ သူမလေးနှင့် တွေ့ဆုံရမဲ့အရေးတွေးပြီး သူ ဒီညတစ်ညလုံး ဘယ်လိုမှ အိပ်မပျော်နိုင်တော့ချေ။ သူမလေးရဲ့ ကြည်စင်နူးညံ့တဲ့ မျက်နှာလေးကိုပဲ မျက်ဝန်းထဲမှာ ပုံရိပ်ထင် မြင်ယောင်ရင်း သူ ရင်ခုန်ကြည်မွေ့ကာ မိုးစင်စင်လင်းခဲ့ရပါသည်။





၆

“မဏိ ... နင် ဘယ်ကိုလျှောက်မောင်းနေတာလဲ”

ရန်ခက မဏိ မျက်နှာလေးကိုကြည့်ပြီး စိတ်ထဲမှာ ဘာ့ကြောင့်မှန်းမသိ မကျေမနပ်ကြီး ဖြစ်သွားရသည်။ နုသာရောင်ပါတိတ်ဝမ်းဆက်ကလေးဝတ်ထားပြီး တိုနန့်နန့်ဆံပင်လေးကို ခပ်မြှောက်မြှောက်ကလေး စည်းထားတဲ့ မဏိရဲ့မျက်နှာကလေးဟာ ဒီကနေ့မှာ တစ်မျိုးတစ်ဘာသာ ထူးခြားနေတာမို့ သူ့စိတ်ထဲမှာ ခိုးလိုးခုလုကြီး ဖြစ်သွားရသည်။

“ကားကို ဘယ်တွေလျှောက်မောင်းနေတာလဲဆို မဏိရာ”

“မနေ့ကသွားတဲ့ ကုမ္ပဏီကို သွားနေတာ၊ အသာနေစမ်းပါ ရန်ခရာ၊ နင်ကလည်းတစ်မျိုး”


www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆတ်ဆတ်ကလေး ပြန်အော်လိုက်တဲ့ ပန်းဆီရောင်ဆိုးဆေးတင်ထားသည့် မဏိနှုတ်ခမ်းလှလှလေးကို ငေးကြည့်ရင်း ရန်ခ ရင်ခုန်ငေးမောသွားရပါသည်။

မဏိ ပြောလိုက်တဲ့ မနေ့က အလုပ်လျှောက်တဲ့ ကုမ္ပဏီဆိုတဲ့ စကားကြီးက သူ့နားထဲ ဒုံးကျိန်းကျိန်းကြီး ဝင်ရောက်သွားရကာ သူ မဏိမျက်နှာလေးကို အလန့်တကြားကြည့်လိုက်မိသည်။

"ဘာ ... ဘာရယ် မဏိ၊ ဘာပြောတယ်"

"သြော် ... ကုမ္ပဏီကို သွားမလို့ ပြောတာပါ"

"ဘာကိစ္စ ကုမ္ပဏီကို သွားရမှာလဲ၊ အလုပ်ခန့်စာကပ်မှာ တစ်ပတ်ကြာမှ ကပ်မှာပဲ၊ အလုပ်လည်း ရမှာမဟုတ်ပါဘူး၊ တို့နှစ်ယောက် အပျော်သဘောနဲ့ အလုပ်လျှောက်တာပဲကွာ၊ အလုပ်ရလည်း မလုပ်ပါဘူး၊ ကားပြန်လှည့်ကွာ မဏိ"

ရန်ခ ရင်ထဲ စိုးရိမ်မှုအလုံးကြီး ဒိန်းခနဲ ပြေးဆောင့်ဝင်ရောက်သွားကာ ကားကို ကိုယ်တိုင်မောင်းနေတဲ့ မဏိမျက်နှာချောချောကလေးကို စူးစူးနစ်နစ် စိုက်ကြည့်လိုက်မိသည်။

ရင်ထဲမှာလည်း နွမ်းလျတုန်ခါသွားရပါသည်။





သူ စခဲ့မိတဲ့ ဇာတ်လမ်းတစ်ခုက အခုတော့ သူ့ကို ပြန်ပြီး ဒဏ်ခတ်ခဲ့ပါပြီ။

မြတ်စွာဘုရား ... ဒါဆို မဏိနဲ့ ဟိုကုမ္ပဏီပိုင်ရှင် ဘိုးတော်ကြီး သူ့ကွယ်ရာမှာ ဖုန်းစကားပြောဖြစ်ခဲ့တာပေါ့။

ရန်ခ ရင်ထဲက နှလုံးသားတွေ ပြောင်းဆန်သွားကာ မဏိ မျက်နှာလေးကို ခပ်တည်တည် စိုက်ကြည့်လိုက်မိသည်။

"မဏိ ကားပြန်လှည့်လိုက်ပါကွာ၊ ငါ တောင်းပန်ပါတယ်"

"ဟဲ့ ... ဘာဖြစ်တာလဲ ရန်ခရဲ့၊ ငါတို့အလုပ်လျှောက်ထားတာပဲ၊ နင် ရူးနေသလား ရန်ခ"

"ငါ မရူးဘူး၊ ရူးတာက နင် ... နင်"

ရန်ခ အသံကလေးတွေ တုန်ယင် လှိုင်းရိုက်ခတ်သွားကာ ကားမောင်းနေတဲ့ မဏိ လက်ကလေးကို သူ့လက်အစုံဖြင့် ဖိအုပ်ကိုင်လိုက်ပြီး ကားရပ်ပစ်ဖို့ တတွတ်တွတ် ပြောလာသည်။ မဏိကတော့ ရန်ခကို တစ်ချက်ငဲ့ကြည့်ပြီး ပြုံးစိစိကလေး တောင် ဖြစ်သွားရသေးသည်။

ရန်ခဟာ တကယ်ရူးပါ။ အလုပ်မရှိလို့ အလုပ်လိုချင်တော့လည်း သူပဲ။ အခု မလုပ်ချင်တော့ဘူး ဆိုတော့လည်း မျက်စိမျက်နှာပျက်လို့။



www.burmeseclassic.com

www.burmeseclassic.com



"မဏိ ပလိစ်ကွာ၊ ငါတို့ကားကို ကုမ္ပဏီထဲ မမောင်းပါတော့နဲ့"

"ကျွတ် ... ရန်ခ၊ နင့်ပါးစပ် ပိတ်ထား၊ ကုမ္ပဏီထဲရောက်နေပြီနော်"

"ဟာကွာ၊ မဏိ ... ငါ လုံးဝသဘောမတူဘူး၊ နင် ဒီအလုပ်ကို လုံးဝမလုပ်ရဘူး"

"ငါ့ဘဝ်စ်ယောက်တည်းလုပ်မှာ မဟုတ်ပါဘူး ရန်ခရဲ့၊ နင် ငါးရဲ့ပြာလှုံး ဖြစ်မနေနဲ့၊ နင်ပါ ငါနဲ့အတူတူ လုပ်ရမှာ"

"မလုပ်ချင်ပါဘူး၊ ကိုယ်က သူဌေးဖြစ်ပြီး သူများအောက်တော့ မကျို့နိုင်ဘူး၊ အန့်တီတို့သိရင် ဆူမှာနော် မဏိ၊ နင် ..."

"ရန်ခ ... နင် ပါးစပ်ပိတ်တော့၊ ငါနဲ့ အေးအေးဆေးဆေး ရုံးခန်းကို လိုက်ခဲ့ရင်လိုက်ခဲ့၊ မလိုက်ရင် ကားထဲမှာပဲ စောင့်နေ"

မဏိ စိတ်မရှည်တော့ဘဲ ရန်ခကို စွတ်ဟောက်ပစ်လိုက်တော့မှ ရန်ခ တစ်ယောက် မဏိကို မကျေမနပ်နဲ့ မျက်





မှောင်ကြီး ကြုတ်ကြည့်ကာ ဒေါသတွေကို မျိုသိပ်လိုက်လေသည်။ မဏိကတော့ ရန်ခ ဘယ်လောက်တားတား ဒီအလုပ်ကို လျှောက်ပြီးပြီဖြစ်သည်။

ပြီးတော့ မဏိ ဦးနေသတိုးရဲ့ကုမ္ပဏီ အရိပ်အောက်မှာ ဦးနေသတိုးရဲ့အတူ အလုပ်လုပ်ချင်သည်။

မဏိ ကိုယ်တိုင်ကိုက ဦးနေသတိုးရဲ့ အကြည့်နွေးနွေးတွေကို ရင်ခုန်ကြည့်မွေ့ခဲ့တာ။ ပြီးတော့ မဏိ သူ့ကိုမြင်တိုင်း ရင်ထဲမှာ ကတုန်ကယင်ကြီးနဲ့ မောခဲ့ရတာ။

အခုရော ...

ဦးနေသတိုးရက မဏိတို့နှစ်ယောက်ကို ဘယ်လိုကြိုဆိုမလဲ။ မဏိ ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ကုမ္ပဏီအပေါ်ထပ်ကို တက်လာခဲ့သည်။ ရန်ခကတော့ မဏိကို ပြောမရသည့်အဆုံး အနောက်ကနေ နှုတ်ခမ်းကို စေ့ပိတ်ပြီး လိုက်လာခဲ့သည်။

"အင်း ... ရုံးခန်းရှေ့ရောက်ပြီ၊ ဆယ်နာရီလည်း ထိုးတော့မယ်၊ သူက ဆယ်နာရီ ချိန်းထားတာ"

"ဘယ်သူက ဆယ်နာရီ ချိန်းထားလို့လဲ"

"ဘယ်သူကမလဲ၊ ကုမ္ပဏီပိုင်ရှင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မဏိက ရန်ခမျက်နှာကို စိတ်တိုတိုနဲ့ စိုက်ကြည့် ပစ်လိုက်မိသည်။ ရန်ခက အပေါ်နှုတ်ခမ်းသားကို ခပ်မဲ့မဲ့တွန့် ကွေးချပစ်ပြီး မဏိကို မထိတထိ မျက်လုံးတွေနဲ့ စိုက်ကြည့်လာ သည်။

"ဟွန်း ... လျှင်လိုက်တဲ့ ဘိုးတော်၊ ဘယ်အချိန်ကများ နှင့်ဆီ ဖုန်းဆက် အကြောင်းကြားလိုက်တာပါလိမ့်"

"ရန်ခနော် ... နှင်"

မဏိနဲ့ ရန်ခ ကုမ္ပဏီရုံးခန်းဝမှာ တိုးတိုးကျိတ်ကျိတ် ရန်ဖြစ်နေကြတာကို ကုမ္ပဏီရုံးခန်းမှန်မှတစ်ဆင့် နေသတိုး အတိုင်းသား လှမ်းမြင်နေရသည်။ ကောင်လေးက ကောင်မလေး တော်တော်ကျေနပ်ပုံမရ။

သူချစ်တဲ့ မိန်းကလေးကို သဝန်တိုရိပ်ကလေးတွေ ဖြတ်ပြေးနေတဲ့ မျက်ဝန်းလေးတွေက နေသတိုးရ ရင်ထဲမှာ ကျ ခနဲ ဖြစ်သွားသည်အထိ မောလျှသွားပါသည်။

နေသတိုးရ ဘာကိုမှ စဉ်းစားမနေတော့ဘဲ ခေါင် ကြီးကို ဘယ်ညာယမ်းခါပစ်လိုက်ပြီး ရီမုတ်ကွန်ထရိုးကလေး ရုံးခန်းတံခါးကို လှမ်းဖွင့်ပေးလိုက်ပါသည်။

"ကျွီ ... ကျွီ"





"ဟော ... တံခါးပွင့်လာပြီ၊ ရန်ခနော် ... နှင် ဟိုလူရှေ့ မှာ မချေမငံ မပြောနဲ့နော်၊ ငါ့သဘောနဲ့ နှင့်သဘော ညီ မျှပစေ"

ရန်ခက ဘာစကားမှ မပြောတော့ဘဲ မဏိ နောက် ကနေ ရှုတည်တည်မျက်နှာထားနဲ့ လိုက်လာခဲ့တော့သည်။ မဏိ က ရုံးခန်းဆိုဖာကြီးမှာ ခပ်မိန့်မိန့်ကြီး ထိုင်နေတဲ့ ဦးနေသတိုးရ ကို မျက်လုံးတောက်တောက်ကလေးနဲ့ လှမ်းကြည့်လိုက်တဲ့အချိန် မှာ ဦးနေသတိုးရက နှုတ်ခမ်းထူလိပ်လိပ်ကြီးတွေကို ကွေးညွှတ် သွားအောင် ပြုံးပြလာခဲ့ပြီး ခေါင်းညိတ်နှုတ်ဆက်လာကာ ...

"လာ ... ထိုင်ကြကွာ"

မဏိက ကောင်လေး မျက်နှာလေးကို မျက်လုံးဝိုင်း ဝိုင်းကလေးနဲ့ တစ်ချက်စိုက်ကြည့်ပြီး သူနဲ့ မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်လိုက်ပါသည်။ ကောင်လေးက မဏိနဲ့ယှဉ်လျက် ဝင်ထိုင်လိုက်ပြီး သူ့ကို ခပ်တည်တည်ပင် စိုက်ကြည့်ကာ အကဲ ခတ်နေသည်။

သူ့ကို သိသိသာသာကြီး အကဲခတ်နေတဲ့ ကောင် လေးမျက်လုံးတွေကြောင့် သူ့စိတ်ထဲ ကျဉ်ကျပ်သွားရကာ မဏိ မျက်နှာလေးကို သာမန်ကာလျှံကာပဲ ခပ်တည်တည် ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ မဏိက သူဝတ်လာစေချင်တဲ့ နံ့သာရောင်ကလေးကို ရိုးရိုး ယဉ်ယဉ်ကလေး ဝတ်လာခဲ့တာမို့ သူ့စိတ်ထဲ ကျေနပ်သွားရ သည်။

"မဏိ ဒီအလုပ်ကို တကယ်စိတ်ဝင်စားတယ် ဆိုရင်တော့ ကိုယ့်ဆီမှာ တစ်လလောက် စာရင်းစစ်ပညာကို သင်ရဦး မယ်၊ မင်းသူငယ်ချင်းလည်း ဒီအတိုင်းပဲ၊ သူကတော့ ကိုယ့်အောက်က ဒါရိုက်တာ ညီသစ်ဆီမှာ စက္ကူထေရိပညာ တစ်လလောက် သင်ရမယ်၊ မင်းတို့သူငယ်ချင်း နှစ်ယောက် စလုံး မနက်ဖြန်ကစပြီး အလုပ်ဝင်လို့ ရပါပြီ"

"ဟုတ်ကဲ့၊ မဏိ ကြိုးစားပါ့မယ်"

ဦးနေသတိုးရ အရှေ့မှာ ရိုရိုကျိုးကျိုးကလေးပြော ပြီး ရက်ရွဲ့အားနာသလိုကလေး ခေါင်းကလေးငုံ့ချကာ မျက်လွှာ ကလေးချထားတဲ့ မဏိကို ကြည့်ပြီး သူ့ရင်ထဲက နှလုံးသားတွေ ကို ဆွဲထုတ်ခံလိုက်ရသလို ရန်ခ ဆတ်ဆတ်ခါ နာသွားပါသည်။

မဏိရဲ့ သူ့သဘောနဲ့ တစ်ထပ်တည်း ဖြစ်စေရမယ် ဆိုတဲ့ အမိန့်အာဏာတွေကိုလည်း သူ ဂရုမစိုက်မိတော့။ မဏိ ဘာပြောပြော ဘာလုပ်လုပ် သူ ခေါင်းငုံ့ခံပြီး ဒီနေရာမှာပဲ ဒီလူ ကို အပြဲဘ်ငြင်းဖို့ ဆုံးဖြတ်လိုက်သည်။





ကုမ္ပဏီပိုင်ရှင် ဘိုးတော်ကတော့ သူ့အရှေ့မှာ တိမိမယ် ချောချောကလေးတစ်ပါး ရောက်လာတာကို သဘော အကျကြီးကျပြီး ပြုံးချိုရွှင်ပျနေတဲ့ မျက်နှာကြီးနဲ့ ရွှန်းလက်တောက် တဲ့ မျက်လုံးကြီးတွေဖြင့် မဏိကို ဣန္ဒြေရရ စိုက်ကြည့်နေတာ သူ တော်တော် အခဲရခက်ပါသည်။

"ဒီက ညီလေးကရော ကိုယ်ပြောတာကို လက်ခံလား"

"ကျွန်တော်လား"

မဏိ ခြေထောက်တစ်ဖက်က သူ့ခြေထောက်ကိုဖိ လိုက်ပြီမို့ မဏိ သူကန့်လန့်တိုက် ဖြေမှာကို မလိုလား၍ တား မြစ်လိုက်ပြီဆိုတာ သိလိုက်ရပြီး သူ ပိုပြီး မဏိကို အန္တိုက် ချင်သွားရသည်။

ဦးနေသတိုးရက သူ့စကားတွေကို စိတ်ဝင်စား စွာဖြင့် ငံ့လင့်နေဆဲမှာပဲ သူက ခပ်ပြတ်ပြတ် ပြောလိုက်လေ သည်။

"ကျွန်တော်က လက်မခံပါဘူးဗျာ၊ မဏိ အတင်းခေါ်လာ လို့ လိုက်လာတာ၊ ဦးနေသတိုးရ မဏိကို လျှောက်ပြီးမယ့် နေ့၊ သူလည်း အလကားပဲ၊ သူနဲ့ကျွန်တော် ဒီအလုပ်ကို အပျော်သဘောနဲ့ လာလျှောက်ကြတာပါ၊ မဏိ မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ပိုလ်ချုပ်ဈေးမှာ အထည်ဆိုင်သုံးခန်း ဖွင့်ထားတယ်၊ တခြား စီးပွားတွေလည်း ရှိတယ်၊ မဏိက တစ်ဦးတည်းသောသမီး ဖြစ်သလို ကျွန်တော်ကလည်း တစ်ဦးတည်းသောသားပဲ၊ ကျွန်တော်နဲ့ မဏိ အပျော်သက်သက် ကုမ္ပဏီမှာ ဝန်ထမ်း လျှောက်ကြည့်ကြတာကို ...”

“တော်တော့ ရန်ခ”

နေသတိုးရ ရန်ခ ဆိုတဲ့ ကောင်လေးရဲ့ ကြွပ်ဆတ်ဆတ် အဖြေစကားကို စိတ်ထဲမှာ မခံချင် ဖြစ်သွားခဲ့ပေမဲ့ အစကတည်းက သူမ အလုပ်လာလျှောက်ခဲ့တာကို သိထားတဲ့ သူ့အဖို့ ကလေးသာသာ ရူးစမ်းချင်ကြသည့် စိတ်ထားကလေးတွေကို ခွင့်လွှတ်ကြည့်ဖြူထားခဲ့သည်။

မဏိ မျက်နှာလေးကို နေသတိုးရ ရှုတည်တည်ကြီး စိုက်ကြည့်လိုက်တော့ မဏိက မျက်နှာကလေး ညှိုးကျသွားကာ ခေါင်းကလေးကိုငုံ့ပြီး ငြိမ်သက်သွားပါသည်။

ဒေါသသွေးရောင်ကြောင့် မျက်နှာနုနုချောချောကလေးမှာ ပန်းသွေးရောင်ပြေးလျှက် နှင်းဆီနှုတ်ခမ်းဖူးဖူးလေးက ရှုတင်းတင်းကလေး ဖြစ်သွားတာလေးကို သူ အသည်းယားစွာဖြင့် စိုက်ကြည့်နေလိုက်မိသည်။





သူဌေးသမီးကလေးဖြစ်ပြီး အခြေခံလူတန်းစားတွေရဲ့ဘဝကို ပျော်မွေ့ဝင်ရောက်ချင်တဲ့ ကောင်မလေးရဲ့ ကလေးဆန်ဆန် အတွေးကလေးကို သူ ပိုပြီးမြတ်နိုးသွားရသည်။

ကောင်လေးကတော့ ဂျစ်ကန်ကန် မျက်နှာပေးကလေးနဲ့ ကောင်မလေးကို မကျေမနပ် စိုက်ကြည့်နေသည်။

ကောင်လေးနဲ့ မဏိရဲ့သံယောဇဉ်ကိုလည်း သူ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီမို့ သူ့စိတ်ထဲမှာ အီလည်လည်ကြီး ဖြစ်သွားရသည်။

“ဟို ... ဦးနေသတိုးရ၊ မဏိ ... မဏိ တောင်းပန်ပါတယ်နော်၊ အစတုန်းက ရန်ခနဲ့ မဏိ အပျော်သက်သက် လာလျှောက်ကြတာပါ၊ အခု မဏိ တကယ်အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ မဏိ ဒီအလုပ်ကို စိတ်ဝင်စားပါတယ်၊ ရန်ခ မလုပ်လည်း မဏိ လုပ်ပါ့မယ်”

မဏိက မျက်လုံးဝိုင်းဝိုင်းကလေး တလည်လည်နဲ့ သူ့ကို တောင်းပန်လိုက်တာကို သူ ခေါင်းညိတ်ပြုံးပြလိုက်မိသည်။ ကောင်လေးကိုလည်း ဂရုစိုက်ပြီး ကြည့်နေစရာ မလိုတော့။

“တမင်သက်သက်ကွာ၊ ကျွတ် ... မဏိနော် ... နင်”



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးက ဒေါသတွေကို ကြိတ်မှိတ်မျိုသိပ်ထားပုံဖြင့် မျက်နှာလေးတွေ နီမြန်းကာ မဏိ မျက်နှာကို စိုက်ကြည့်ပြီး မဏိ လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်တာတွေ့လိုက်ရသဖြင့် နေသတိုးရဲ့ မျက်လုံးကြီး ပြူးကျယ်ဝိုင်းစက်သွားသည်အထိ အံ့သြငေးကြောင်သွားရပါသည်။

"အလကား ပြောတာပါဗျာ၊ ကျွန်တော် သဘောမတူရင် သူ ဘာမှလုပ်ပိုင်ခွင့် မရှိဘူး၊ ကျွန်တော်တို့နှစ်ယောက်ကြောင့် ဦးနေသတိုးရဲ့ အချိန်ကုန်သွားရင် ခွင့်လွှတ်ပါဗျာ၊ လာ ... မဏိ၊ သွားကြစို့"

"ရန်ခ"

မဏိက ရန်ခရဲ့ ကန့်လန့်တိုက် စကားတွေကို ရှက်ရွံ့သွားကာ ရှုးထန်ထန်ကလေးအော်ပြီး တားပစ်လိုက်မိသည်။

အိုး ...

ရှက်ဖို့ကောင်းလိုက်တာနော်။

ကုမ္ပဏီကြီးတစ်ခုလုံး ပိုင်ဆိုင်၄၁းတဲ့ သိန်းကိုသောင်းချီချမ်းသာကြွယ်ဝတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်က မဏိကို အလုပ်လုပ်ဖို့ အောက်ကျခံပြီး တွေ့ဆုံဆွေးနွေးနေရသလိုကြီး ဖြစ်နေရောလေပြီ။





မဏိ ဦးနေသတိုးရဲ့ကို အားနာမျက်နှာပူသွားရကာ မျက်နှာကလေးတွေ ထူပူသွားရသည်။

ကျွတ် ... တွေ့ကြသေးတာပေါ့ ရန်ခရယ်၊ နင့်ကို ငါ ကောင်းကောင်းကြီး ဆုံးမပစ်လိုက်ဦးမယ်။

ဦးနေသတိုးရဲ့ ရှေ့မှာ ရပ်ပျက်မတတ် ငြင်းဆန်ပြီး မဏိ လက်တစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ကာ မတ်တတ်ထရပ်လိုက်တဲ့ ရန်ခကို မဏိ ဒေါသမျက်လုံးစူးကလေးတွေဖြင့် စိုက်ကြည့်ပြီး မတ်တတ်ထရပ်လိုက်ရပါသည်။

ဦးနေသတိုးရဲ့ကိုလည်း အားနာမျက်နှာပူစွာဖြင့်ပင် မော့ကြည့်ပြီး တောင်းပန်လိုက်ရသည်။

"မဏိ မနက်ဖြန် ဆက်ဆက်လာခဲ့ပါမယ်၊ မဏိကြောင့် ဦးနေသတိုးရဲ့ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူးလို့ မဏိ ကတိပေးပါတယ်၊ ဦးနေသတိုးရဲ့ကိုလည်း မဏိ တောင်းပန်ပါတယ်၊ ခွင့်ပြုပါဦးနော်"

"ကျွန်တော်လည်း တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ဘက်က မဏိကြောင့် ရိုင်းပျတဲ့ အမူအရာ ဖြစ်သွားရင် အစ်ကို နားလည်ပေးပါ၊ ကျွန်တော်နဲ့ မဏိက ..."

"ရန်ခ"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုပါဦးဗျာ"

မဏိ လက်ကလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ပြီး သူ့အရှေ့မှ ခပ်တည်တည် လှည့်ထွက်သွားတဲ့ ကောင်လေးကို ကြည့်ပြီး သူ့ရင်ထဲ မချိသလိုကြီး ဖြစ်သွားကာ ဟင်းလှင်းပြင်ကြီး ပွင့်ထွက်သွားရသည်။

မဏိရွှေခ ဆိုတဲ့ ကောင်မလေးကလည်း စွာတေးလန်ရန်တွေ့တတ်ပေမဲ့ ကောင်လေးရဲ့သြဇာအာဏာကို မလွန်ဆန်နိုင်စွာဖြင့် ကောင်လေး ဆွဲခေါ်ရာနောက်သို့ ပါသွားခဲ့ရလေပြီ။

အား ... ဘာတွေလဲ၊ မင်းတို့နှစ်ယောက်က ဘာတွေလဲ။ ငါ စဉ်းစားလို့ မရတော့ဘူး မဏိရွှေခရယ်။ မင်း ငါ့ကို ဘာလို့ပြုစားခဲ့တာလဲ။ ငါ့ရင်ထဲမှာ မီးလောင်နေပြီ။ မင်းတို့ ဘာအငြိုးနဲ့များ ငါ့ဘဝထဲကို ဝင်လာရတာလဲ။

မဏိရယ် ... ကိုယ် ... ကိုယ် ရူးတော့မယ်ကွာ။

မနက်ဖြန်ကို လာခဲ့မယ်ဆိုတဲ့ မင်း ကတိစကားအတိုင်း မင်း မနက်ဖြန်ကို ဆက်ဆက် အရောက်လာခဲ့ပါတော့ ကောင်မလေးရယ်။

ကိုယ် ... ကိုယ် တောင်းပန်ပါတယ်ကွာ။

✧ ❤ ✧





၇.

မဏိရယ် ... ငါ နင့်ကို တောင်းပန်ပါတယ်ဟာ၊ နင် ဒီ့ကို မျက်လုံးစိမ်းတွေနဲ့ စိုက်မကြည့်ပါနဲ့၊ ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး။

မဏိ မျက်နှာလေးကို ငေးငေးကလေး စိုက်ကြည့်ပြီး ရင်ထဲက အကြိမ်ကြိမ် တောင်းပန်လိုက်မိသည်။

မဏိကတော့ သူ့ကို ခွင့်လွှတ်နားလည်မေးမဲ့ပုံမပေါ်။ ဒေါသသွေးရောင်ကြောင့် မျက်နှာလေးတစ်ခုလုံး ရဲရဲနီမြန်းနေတဲ့ မဏိ မျက်နှာလေးက ကားပေါ်မှာဆိုသည့် အသိကြောင့် ဒေါသတွေကို ထိန်းချုပ်မျိုသိပ်ထားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏိကိုကြည့်ပြီး သူ့ရင်ထဲမှာ ဟင်းလင်းပြင်ကြီး ပွင့်ထွက်သွားရသည်။

ကားမောင်းနေရင်းမှ မဏိ မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း ရင်ထဲက မြတ်နိုးစိတ်လေးတွေကို ဘယ်လိုမှ မျိုသိပ်လို့ မရတော့ဘဲ ကားကို လူရှင်းတဲ့လမ်းဘေးမှာ ထိုးရပ်လိုက်ပြီး ကြိတ်မနိုင်ခဲမရ ဒေါသလေးတွေ ကျိတ်ထွက်နေသည့် မဏိ မျက်နှာလေးကို သူ ရင်ခုန်စွာဖြင့် ငေးခနဲ စိုက်ကြည့်မိပြီး ရင်ထဲက စောင့်စည်းမှုများ လွတ်ထွက်သွားရပါတော့သည်။

ဒေါသမျက်လုံးတွေနဲ့ ဆတ်ခနဲ လှည့်ကြည့်လာသည့် မဏိ မျက်နှာကလေးဆီ သူ့မျက်နှာကြီး ပွေ့အပ်သွားရပြီး မဏိ ကိုယ်လုံးအိအိလေးကို ခပ်တင်းတင်းကြီး ဆွဲဖက်ပစ်လိုက်ကာ သူ တတွတ်တွတ် တောင်းပန်လိုက်မိသည်။

"မဏိရယ် ... ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါ တမင်သက်သက် ရိုင်းပျတာ မဟုတ်ပါဘူးကွာ ... နော်၊ နင့်ကိုသိပ်ချစ်လို့ ငါ ရိုင်းမိသလို ဖြစ်သွားတာပါ"

နှင်းဆီ နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်နေတာလေးကို သူ စက္ကန့်ကြာကြာမျှ ဖိပိတ်ပစ်လိုက်သည်။





အဆက်မပြတ် အနမ်းပွင့်ကလေးများ ခြွေချလိုက်တဲ့ သူ့ရင်ထဲက ချစ်ခြင်းတွေကို မဏိ နားလည်ပေးလိမ့်မယ်လို့ သူ ယုံကြည်ပါသည်။ သူ့ရင်ထဲက အချစ်တွေကို မဏိ နားလည်ရင် သူ ကျေနပ်ပါပြီ။

ရင်ခုန်လှိုက်မောစွာဖြင့် မဏိ မျက်နှာလေးအနှံ့ မြတ်မြတ်နိုးနိုး နမ်းရှိုက်လိုက်တဲ့ တစ်ခဏအတွင်း သတိကင်းလွတ်သွားရပါပြီ။

မဏိ သူ့ရင်ခွင်ထဲမှာ လူးလွန့်ပြီး ရုန်းကန်ငိုကြွေးလိုက်တော့မှ သူ မဏိကို ခပ်တင်းတင်း သိမ်းဖက်လိုက်တာကြီးကို သတိရလိုက်မိကာ မဏိ ကိုယ်လုံးကလေးကို ဖြည်းဖြည်းချင်း ဖြေလွှတ်ပေးလိုက်ပြီး မျက်နှာလေးကို လက်နှစ်ဖက်နဲ့ ပင့်မော့ကာ ချော့မော့နှစ်သိမ့်လိုက်မိသည်။

"မဏိရယ် ... ငါ ... ငါ နင့်ကို သိပ်ချစ်လို့ မစောင့်စည်းနိုင်တော့ဘူး၊ ငါ့ကို ခွင့်လွှတ်ပါနော်"

"မသိဘူး၊ ဘာမှမကြားချင်ဘူး၊ နင့်ကို ငါ ...

မဏိရဲ့ နင့်ကိုငါ မုန်းတယ်ဆိုတဲ့ စကားသံလေးကို သူ ဆက်ခွင့်မပေးတော့။

မဏိ နှုတ်ခမ်းကလေး တီခနဲ ပိတ်ကျသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ကြာကြာမျှ ပိတ်ကျသွားပြီးမှ မဏိ မျက်နှာလေးဆီမှ သူ့မျက်နှာကြီးကို ဖယ်ခွာပစ်လိုက်ပြီး ...

"မုန်းဖွာယ်လို့ ပြောဦးမှာလားဟင်"

ရင်ခုန်လှိုက်မောစွာ သူ ပြောလိုက်တော့ မဏိက ကားဆိုဖာကလေးမှာမှီပြီး မျက်ရည်ကလေးတွေ တအိအိ စီးကျနေခဲ့တော့သည်။ အမြဲတမ်း ရန်ထောင်ပြီး စွာတေးလန်လွန်းတဲ့ မဏိ ဒီတစ်ခါတော့ သူ့ရဲ့အချစ်နှံ့ကြားထဲမှာ ရန်ထောင်ခွင့်မရတော့။

ရန်ခ မဏိကိုကြည့်ပြီး သနားကြင်နာသွားရကာ မဏိရဲ့ရှက်မျက်နှာရဲရဲကလေးကို ဖိအုပ်ကိုင်တွယ်ရင်း ချော့မော့နှစ်သိမ့်လိုက်ရသည်။

"ဟာကွာ ... မဏိကလေး ရှက်သွားပြီ၊ ငါ ဒီတစ်ခါပဲ မဏိလေး ရှက်တာကို မြင်ဖူးသေးတယ်၊ အဟွန်း ... ဟွန်း"

မဏိက မျက်နှာလေး ဆတ်ခနဲ လွှဲပစ်လိုက်တာကို သူ သဘောကျစွာ ရယ်လိုက်မိသည်။

"ရန်ခ"

မဏိရဲ့ ခပ်ဆုတ်ဆတ် ခေါ်သံလေးက သူ့ရင်ထဲကို နွေးခနဲ ဖြာစီးသွားပါသည်။





"ဗျာ"

ရန်ခက သံရှည်ဆွဲပြီး ထူးလိုက်သည်။

မဏိကတော့ ရှက်ဒေါသလေးတွေဖြင့် မျက်နှာကလေးတစ်ခုလုံး သွေးရောင်လွှမ်းကာ သူ့ကို တစ်ချက်မှငဲ့မကြည့်ဘဲ နှုတ်ခမ်းကလေးကို ဖိကိုက်ထားလေသည်။

မဏိ သူ့ရဲ့နွေးထွေးတဲ့ အချစ်တွေကို ဘယ်လောက်အထိ စိတ်ဆိုးနာကျင်သွားသည် မသိ။

သူ့ကိုနည်းနည်းမှ လှည့်မကြည့်တော့ဘဲ မှန်မည်းတပ် ကားပြူတင်းမှတစ်ဆင့် အပြင်ဘက်ကို ရီဝေဝေကလေး ငေးကြည့်နေလေသည်။

"ရန်ခ ... ငါ နင့်ကို သူငယ်ချင်းအဖြစ်က ပြတ်စဲမယ်"

"မဏိရယ် ... ငါ့အသည်းတွေ ဟက်တက်ကွဲအောင် နင် ဘာဖြစ်လို့ ဒီစကားတွေ ပြောရတာလဲ ... ဟင်၊ ပြောပါဦး၊ ပြောပါဦးကွာ၊ ငါ့ကို မင်း အသည်းကွဲတာ မြင်ချင်သလား"

"ဟာ ... ဟာ၊ အသည်းကွဲတယ်၊ နင်လိုလူမျိုးက အသည်းကွဲမလား၊ မိန်းကလေးတစ်ယောက်ကို တန်ဖိုးမထားတတ်တဲ့ ယောကျာ်းတစ်ယောက်ကလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဏိရယ်၊ ငါ နင့်ကို တန်ဖိုးထားလွန်းလို့ ငါ့ရင်ထဲက အနှစ်နှစ်အလလက မျိုသိပ်ထားတဲ့ အချစ်တွေ ပွင့်ထွက်သွားရတာ၊ နင် ငါ့ကို ကိုယ်ချင်းမစာဘူးဟား၊ နင် ဘာဖြစ်နေပြီလဲ၊ နင် ဟိုလူ့ကုမ္ပဏီမှာလည်း အလုပ်ဝင်စရာမလိုဘူး၊ မနေ့ကမှ အလုပ်လျှောက်တယ်၊ ဒီနေ့ ရုံးခန်းမှာ ခေါ်တွေ့ပြီး အလုပ်ခန့်မယ်ပြောလာတဲ့ လူတစ်ယောက်ရဲ့ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ..."

"အို ... ဘာပဲရှိရှိ၊ နင့်အကြောင်း မပါဘူး"

"ဘာပြောတယ်၊ ငါ့အကြောင်းမပါဘူး ဟုတ်လား၊ မဏိနော် ... နင် ... နင့်ကို ငါ ထပ်ပြီး ချစ်ပစ်လိုက်မယ်နော်"

"ချစ်ပစ်စမ်းပါ၊ နင် ငါ့ကို တန်ဖိုးမထားလို့ ဘယ်လိုနည်းနဲ့ချစ်ချစ်၊ ငါ့နှလုံးသားကိုတော့ နင် ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး၊ အခွင့်ကောင်းယူတတ်တဲ့ နင့်ကို ငါ သိပ်ရွံသွားပြီ ရန်ခ"

"မဏိ"

တုန်ယင်လှိုင်း ရိုက်ခတ်သွားသည့်အသံနဲ့ အော်လိုက်တဲ့ ရန်ခကိုကြည့်ပြီး မဏိ ပခုံးနှစ်ဖက်ကိုတွန့်ကာ ရန်ခကို ခပ်မဲ့မဲ့ ပြုံးကြည့်လိုက်မိသည်။





အဟင်း ... သူ့ထီတော့ နာတတ်လိုက်တာ၊ တစ်သက်လုံး ဖြူဖြူစင်စင်နေလာခဲ့ပြီးမှ အခုမှ အရှုံးအမှုးဖြစ်သွားတဲ့ ရန်ခ အချစ်တွေကို မဏိ ရွံရှာမုန်းတီးသည်။

တကယ်တော့ ရန်ခကလည်း အခွင့်အရေး ယူတတ်တဲ့ ယောကျ်ားတစ်ယောက်ပင်။

မဏိ ရက်တာက မဏိကို သူ တန်ဖိုးမထားဘဲ ဗွတ်အနိုင်ကျင့်ပြီး နမ်းလိုက်တာကြီးကို မုန်းတီးတာ။

ရင်ထဲမှာ လက်မခံချင်လောက်အောင် ရွံသည်။

ရန်ခ မျက်နှာကို လုံးဝမကြည့်ချင်လောက်အောင် နှလုံးသားထဲမှာ အော့ကြောလန်သည်။

"မဏိ ဒီမှာ မျက်နှာလှည့်စမ်းကွာ၊ ငါ့ကို သေချာကြည့်စမ်း မဏိရယ်"

"မကြည့်ဘူး၊ နင့်မျက်နှာကို ငါ လုံးဝမကြည့်ချင်ဘူး၊ နင့်ကို ငါ ဒီနေ့ကစပြီး ရင်ထဲက အပြီးအပိုင်ထုတ်ပစ်လိုက်ပြီ"

"မဏိ"

မဏိရဲ့ပခုံးနှစ်ဖက်ကို သူ ခပ်တင်းတင်းဆွဲကိုင်လှုပ်ယမ်းလိုက်ပြီး အသံခပ်မာမာနဲ့ အော်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ...

ပူလောင်ပြီး ရှူးရပါပြီ။

တစ်သက်လုံး မဏိရဲ့အမုန်းတွေကို မရခဲ့ဘူးတဲ့ ရန်ခ ရင်ထဲမှာ မဏိရဲ့ရင်ထဲက အမုန်းစကားတွေနဲ့ ပြတ်သားလွန်းတဲ့ စကားတွေကြောင့် နှလုံးသားတစ်ခုလုံး ထုတ်ချင်းခတ်ပွင့်ထွက်သွားသလို ကျွမ်းမြည့်လောင်မြိုက်သွားရပါသည်။

သူ့ရင်ထဲမှာ ရှူးရှူးမူးမူး ဖြစ်သွားကာ မဏိ ကိုယ်လုံးကလေးကို ရင်ခွင်ထဲသို့ ခပ်တင်းတင်း ဆွဲဖက်ပစ်လိုက်ပြီး မဏိကို တတွတ်တွတ် တောင်းပန်လိုက်မိသည်။

"မဏိ ... မဏိရယ်၊ ငါ အသည်းကွဲပြီကွာ၊ ငါ အသည်းကွဲပြီ မဏိ၊ ငါ့ကို မရက်စက်ပါနဲ့နော်၊ ငါ့ကို စိတ်ဆိုးတာ ခဏ ... ခဏပါနော် မဏိ"

"ခဏ မဟုတ်ဘူး၊ တစ်ဘဝလုံးပဲ"

"မဏိ"

ရန်ခ ရင်ထဲက ခံစားမှုများ တစ်စစီလွင့်ထွက်သွားပါတော့သည်။

ကားမှန်ကြီးကို လက်သီးနဲ့ ဒုန်းခနဲ ဒုန်းခနဲ ဆင့်ကဲ ဆင့်ကဲ ထိုးပစ်လိုက်ပြီး သူ့ကားကူရှင်မှာ မျက်နှာအပ်ချကာ ဝမ်းနည်းကြေကွဲစွာ မျက်ရည်များ စီးကျလာခဲ့သည်။





"အချစ်က ပူလောင်တယ်ကွာ၊ အရမ်းပူလောင်တယ်၊ ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး မဏိရာ၊ နှင် ... နှင် ငါ့ကို ပြန်ချစ်ပါနော်၊ နှင် ပြန်မချစ်ရင် ငါ ... ငါ ..."

"ဘာလဲ၊ ခိုးပြေးဦးမယ်ပေါ့"

သူ့ အလွန်ချစ်မြတ်နိုးရသည့် နှင်းဆီနှုတ်ခမ်းဖူးဖူးလေးက မထိတထိ စကားလုံးတွေ ထွက်ကျလာတာကို သူ အသည်းယားစွာဖြင့် တားမြစ်ပိတ်ပင်ဖို့ အင်အားမရှိတော့။

မဏိ မျက်နှာကလေးကိုလည်း ခပ်ငေးငေး စိုက်ကြည့်နေလိုက်မိသည်။

စွပ်စွဲရက်တယ် မဏိရယ်။

ငါ နှင့်ကို ဘယ်အချိန်ကတည်းက ချစ်ခဲ့တယ်ဆိုတာ နှင်နားမလည်ဘူး၊ ငါ့ရင်ထဲမှာ နှင့်ကို တန်ဖိုးထားပြီး ချစ်ခဲ့ရလို့ အခုအရွယ်အထိ ထိန်းချုပ်လာခဲ့ရတာ၊ အခုမှ မထင်မှတ်ဘဲ ဦးနေသတိုးရ ဆိုတဲ့ လူကြီးကြောင့် ငါ့ရင်ထဲက အချစ်တွေပေါက်ကွဲသွားရတာပါကွာ၊ ငါ နှင့်ကို သိပ်တန်ဖိုးထားပါတယ်။

ဒီလိုကံကြမ္မာဆိုးဝင်အောင် ငါ ဖန်တီးခဲ့မိတာ၊ ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ငါတို့နှစ်ယောက်သာ အလုပ်မလျှောက်ဖြစ်ခဲ့ရင် နှင်လည်း ဦးနေသတိုးရဆိုတဲ့ လူရည်ချွန်တစ်ယောက်ကို အထင်ကြီးစိတ် ဘယ်ဝင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မဏိရဲ့ နှုတ်ခမ်းလှလှလေးမှာ အပြုံးတွေ
က သူ့နှလုံးသားကို ကြေကြေအက်အက်ကြီး ဒဏ်ခတ်လိုက်ပါပြီ။

"မဏိရယ်"

မဏိ မျက်နှာလေးကို သူ ခပ်ရီရီကလေး ငေးစိုက်
ကြည့်လိုက်တော့ မဏိက သူ့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်ပြီး
ကားဆိုဖာမှာ ခေါင်းမှီချပစ်လိုက်လေသည်။

"နင် ... ငါ့ကို အထင်လွဲနေပြီ"

"... ... ..."

"မဏိ ... ငါ့ကို စကားပြန်ပြောနော်"

မဏိက သူ့ကို အရေးမစိုက်တော့ဘဲ ကားဆိုဖာမှာ
မှီပြီး မျက်စိကလေးတွေ ဖိမှိတ်သွားတာမို့ သူ့ရင်ထဲမှာ ဖျပ်ဖျပ်
လူး နာကျင်သွားရသည်။ မထုံတက်တေးလေး ငြိမ်သက်သွားတဲ့
မဏိ မျက်နှာလေးကို ရင်နာနာနဲ့ ခပ်ငေးငေးလေး စိုက်ကြည့်ပြီး
မျက်ရည်တွေနဲ့ သူ အံကိုတင်းတင်း ဖိကြိတ်ပစ်လိုက်သည်။

"မဏိ ... နင်က ငါ့ကို ဘယ်လိုထင်သလဲ၊ နင့်အချစ်ကို
မရတော့ဘူးဆိုရင် ငါက နင့်ကို ခိုးပြေးမယ်ပေါ့ ဟုတ်
လား၊ အဲဒါက ဟိုးရှေးအစဉ်အလာကလာတဲ့ သမိုင်းကျမ်း
ကြီးပါကွာ ..."





"ဒီမှာ မဏိ၊ နင့်အချစ်ကို ငါ အမျိုးမျိုး တောင်းခဲ့လို့
မရတော့ဘူး၊ နင့် အမုန်းတွေကိုပဲ တရစပ် ရနေခဲ့မယ်ဆို
ရင် ငါဘာလုပ်မယ်လို့ နင် ထင်သလဲ"

"... ... ..."

"မဏိ ... ငါ အသည်းယားလာပြီနော်၊ ငါ့ကို စကားပြန်
ပြော၊ အခုပြော"

ရန်ခ တကယ်ရူးသွားရပါပြီ။

သူ့အနားမှာ ခပ်ငြိမ်ငြိမ်ကလေးနဲ့ မျက်လုံးကလေး
တွေ ဖိမှိတ်ပြီး သူ့စကားကို လက်ခံနားထောင်ခြင်း မရှိတော့တဲ့
ဏိ မျက်နှာကလေးကို သူ လက်နှစ်ဖက်ဖြင့် ပင့်ညှပ်ပြီး သူ့
ကို မော့ကြည့်စေလိုက်သည်။

ဒါပေမဲ့ ... မဏိ နှုတ်ခမ်းကလေးတွေ တင်းတင်းစေ့
လျက်မှ သူ့ကို မျက်လုံးတစ်ချက်သာ လှန်ကြည့်ပြီး စကားတစ်ခွန်းမှ
မဆိုတော့ချေ။

"မဏိ ... ငါ နင့်ကို ခိုးပြေးပစ်လိုက်မှာနော်၊ ငါ့ကိုဘာ
အောက်မေ့နေသလဲ"

"အဟင်း ... ခိုးပြေးစမ်းပါ၊ နင် ခိုးပြေးရင် ငါကခိုးပြေး
တယ်လို့ပဲ မှတ်မယ်၊ ဒါပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မလှိ"

"... ... ..."

မျက်ရည်စလေးတွေနဲ့ သူ မဏိမျက်နှာလေးကို ရီဝေလေးနက်စွာ စိုက်ကြည့်လိုက်မိသည်။

မဏိ သူ့ကို တော်တော် စိတ်နာသွားလေပြီ။

"ငါ့စ,ခဲ့မိတဲ့ ဇာတ်လမ်းက အပြီးသတ်ကျ ငါ့ကိုပြန်ပြီး ဒဏ်ခတ်လိုက်ပြီ၊ ဒီအချိန်က ငါခံရမဲ့အချိန်၊ နင်ပြောသလို ပေါ့၊ ခံရရင် ခံရတယ်လို့မှတ် ...

"နင် ... ဦးနေသတိုးရကို လက်ထပ်တဲ့နေ့ ငါ လူ့လောကမှာ မရှိတော့ဘူးဆိုတာ နင် မှတ်လိုက်၊ ဒါ ငါ့ နောက်ဆုံးစကားပဲ၊ ဘယ်တော့မှ မပြောင်းလဲဘူး"

ကြေကွဲဆို့နင်စွာ ဆိုလိုက်တဲ့ ရန်ခရဲ့နောက်ဆုံးစကားတွေက မဏိရင်ကို ချောက်ချားတုန်လှုပ်သွားစေခဲ့သည်။

ဟင့်အင်း ... ရန်ခ ရူးသွပ်နေတာ၊ ဒီလိုရူးသွပ်ပြီး ပြောခဲ့တဲ့စကားတစ်ခွန်းကို ငါ ဘာမှထိတ်လန့်နေစရာ မလိုဘူး။ ပြီးတော့ ငါ သူ့ကို သူငယ်ချင်းအဖြစ်က ပြတ်စဲမှာပဲ။ သူနဲ့ငါ ဘာမှမဆိုင်တော့ဘူး။ အရင်တုန်းက ငါ ရန်ခကို ချစ်ခင်တွယ်တာခဲ့တာတွေကို ဒီမှာပဲ မေ့ပစ်လိုက်ပြီ။





ငါ့ဘဝထဲမှာ ရန်ခ မရှိတော့ဘူး။

မဏိ ရင်ထဲမှာ ရန်ခရဲ့ အပြုအမူရိုင်းတွေကို အန္တမန်းဆုံး ဖြစ်သွားရသည်။ မဏိကို တန်ဖိုးမထားတဲ့ ယောကျ်ားတစ်ယောက်ကို မဏိရဲ့ မြင့်မြတ်ဖြူစင်တဲ့ နှလုံးသားကို တန်ဖိုးထားပြီး ပေးစရာမလိုတော့။ သူ့ကို မုန်းတီးစိတ်ကလေးတွေနဲ့ စွန့်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဒီဆုံးဖြတ်ချက်ကလေးတွေက မဏိ ရင်ထဲမှာ မချိတင်ကဲစိတ်ကလေးနဲ့ ကြေကွဲသွားခဲ့ပေမဲ့ ရန်ခရဲ့အခွင့်အရေးယူတဲ့ စနစ်ကြီးကို မုန်းတီးစွာဖြင့် ရန်ခကို ကျော်ခိုင်းကာ ကားကို ကိုယ်တိုင်မောင်းထွက်လာခဲ့ပါတော့သည်။

ရန်ခရဲ့ခံစားချက်ကလေးတွေကို မဏိ ဂရုမစိုက်မိတော့ချေ။

✧❤✧


www.burmeseclassic.com

www.burmeseclassic.com



၈

"မဏိ ... သမီး၊ သား ညက အိမ်ကိုပြန်မလာဘူး၊ သားနဲ့ သမီး မနေ့က ထွက်သွားပြီးကတည်းက ပြန်မလာတော့ဘူး မဏိရယ်၊ သမီးနဲ့ သား မနေ့က စကားများကြသေးလားဟင်၊ သား hand phone ကိုလည်း ဆက်သွယ်လို့မရဘူး၊ စက်ပိတ်ထားတယ်၊ သမီးရယ် ... အန်တီ့ကို ကူညီပါဦး၊ သားကို သမီး ဖုန်းဆက်ကြည့်ပါဦးနော်"

မဏိ မျက်လုံးကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားတဲ့အထိ အံ့သြသွားရပါသည်။

ရန်ခ ညက အိမ်ပြန်မအိပ်ဘူးဆိုတဲ့ အတွေးကလေးက မဏိ ရင်ကို စိုးရိမ်စိတ်ကလေးတွေ ဖြစ်သွားရကာ ဆိုဖာကလေးမှာ ခပ်ငြိမ်ငြိမ်ကလေး ထိုင်နေရာမှ မဏိ ကိုယ်လုံးကလေး ဆတ်ခနဲ တောင့်မတ်သွားရပြီး အန်တီမေ့ကို မော့ကြည့်လိုက်မိသည်။





မနေ့က ရန်ခနဲ့ ဖြစ်ခဲ့တဲ့ ပြဿနာက မဏိ နှလုံးသားလေးထဲ စီးဝင်သွားရကာ မဏိ မျက်ရည်ကလေးတွေ ရစ်ဝိုင်းသွားရပါသည်။

"မဏိ ... သမီး၊ အန်တီ့ကို ပြောပါဦး၊ မနေ့က သမီးတို့တွေ အတူရှိကြတယ်မို့လား၊ ပြောပါဦး၊ သားလေး တစ်ခါမှ ညပြန်မအိပ်တာ မရှိခဲ့ဘူး သမီးရယ်၊ သားသာ တစ်ခုခုဖြစ်ရင် အန်တီ ရင်ကျိုးပြီ၊ ရင်ကျိုးပါပြီ"

ရင်ဘတ်ကြီးကို လက်နှစ်ဖက်နဲ့ဖိပြီး မျက်ရည်ပိုးဖိုးပေါက်ပေါက် ကျနေတဲ့ အန်တီမေကိုကြည့်ပြီး မဏိ မျက်ရည်များ စီးကျလာတော့သည်။

"အန်တီ ... ရန်ခ ... ရန်ခလေ ... မနေ့က မဏိကို ... မဏိကို ..."

မဏိ ရန်ခနဲ့ မနေ့က ဖြစ်ခဲ့တဲ့ ပြဿနာအကြောင်း အရင်းလေးကိုပြောပြဖို့ မဝံ့မရဲကလေး ဖြစ်သွားရကာ ခေါင်းကလေးငုံ့ပြီး မျက်ရည်ကလေးတွေသာ တလိမ့်လိမ့် စီးကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အို ... ရန်ခသာ တစ်ခုခု ဖြစ်သွားရင် ...

ဟင့်အင်း ... ရန်ခ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ပါဘူး။ သူ ... သူ ငါ့ကို စိတ်ဆိုးပြီး အိမ်ကိုပြန်မလာတာပါ။ သူ သူ ဘာမှမဖြစ်လောက်ပါဘူး။

"ဟင် ... သမီး၊ ဘာဖြစ်လဲ၊ မဏိကို ... မဏိကို ဘာဖြစ်လဲဟင်"

မဏိရဲ့စကားတွေက မေမေ့ကို တော်တော်ကလေး ထိတ်လန့်သွားစေခဲ့သည်။

မေမေက မဏိ ပခုံးလေးကို ဆွဲကိုင်ခါယမ်းပြီးမှ မျက်လုံးပြူး မျက်ဆန်ပြူး မေးလာသည်။

"မဏိ မနေ့က ညည်းနဲ့ရန်ခ ဘာဖြစ်ခဲ့ကြပြီလဲ၊ အမယ်လေး ကျော်မကောင်း ကြားမကောင်း ဒီကလေးနှစ်ယောက်နဲ့နော်၊ မိဘတွေက ဒီသီတင်းကျွတ်ကို လက်ထပ်ပေးကြမဲ့ဆဲဆဲကို အခုတော့ ငါ ... ငါ ရှက်တယ်အေ၊ ငါက သမီးရှင် သိပ်ရှက်ဖို့ကောင်းတာပဲ"

"အာ ... မေမေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"





မဏိ မေမေ့ရဲ့စကားကြီးကို နားရှက်တွေ ရဲခနဲထူ တက်သွားသည်အထိ ရှက်ရွံ့ရင်ခုန်သွားရသည်။ မေမေ့စကားကြီးက မဏိ တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းကြီး ဖြစ်သွားတဲ့အထိ ရှက်လန့်သွားရသည်။

"ဘာ အခုမှ အရှက်ပြေ လျှောက်ပြောနေတာလဲ ရွှေမဏိ၊ ညည်း ရန်ခကို ဖုန်းနဲ့ရအောင် ဆက်သွယ်ပြီးတော့ ပြန်ခေါ်၊ ပြီးတော့ ညည်းနဲ့ ရန်ခ လက်ထပ်လိုက်ကြတော့၊ ဘာမှရှက်မနေတော့နဲ့၊ ညည်းကလည်း ရန်ခကို ရက်ရမ်းရမ်းပြီး မဆူမပူနဲ့၊ ငါ ညည်း မနေ့က ရန်ခကိုဆူလို့ ညပြန်မအိပ်တာပဲ နေမယ်"

"ဟာ ... ဒုက္ခပါပဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မေမေကလည်းနော်၊ အဲဒီလို မဟုတ်ဘူး၊ ဟို ... အဲဒီအဆင့်ထိ မဟုတ်သေးပါဘူး"

"ဒါ ... ဒါဆို ဘယ်အဆင့် ရောက်ပြီလဲ၊ ဟင်"

"ရှိုရယ် ... ရှင်ကလည်း ကလေး စကားပြောမရအောင်ကို ဒေါသထွက်နေတာပဲ၊ သမီး ... ကဲ ... ပြော၊ သားနဲ့ သမီး မနေ့က ဘာတွေပြောကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ့ စကားကြီးကြောင့် မဏိမှာ ပိုပြီးရှက်ရွံ့သွားရကာ မျက်နှာကလေး ရဲရဲနီမြန်းသွားရပါသည်။

မေမေက မဏိ စကားတွေကို သိချင်ဇောဖြင့် မျက်စောင်းကြီး တခဲခဲဖြစ်လို့။

အို ... လူကြီးတွေ မဏိနဲ့ ရန်ခကို ဒီသီတင်းကျွတ်မှာ လက်ထပ်ပေးဖို့ စီစဉ်ထားတာကြီးကို မဏိ လုံးဝမသိရှိခဲ့။

ရန်ခကရော ... သိရှိထားပြီလား မသိ။

မဏိ ဘာမှမတွေးနိုင်လောက်အောင် ဦးနှောက်တွေ ခြောက်ကပ်သွားရပါသည်။

“သမီး မဏိ၊ ပြောပါဦး၊ သားနဲ့သမီး မနေ့က စိတ်ကောက်နဲ့ကြတယ် မဟုတ်လားဟင်”

အန်တီမေ ပြောလာတော့မှ မဏိ ရင်ကလေး လှပ်ခနဲ အေးမြသွားရကာ ရှက်မျက်နှာရဲရဲကလေးနဲ့ အန်တီမေ့ကို မော့ကြည့်ပြီး ရယ်ပြလိုက်မိသည်။

“အဟင်း ... ဟိုလေ ... ဟုတ်တယ် အန်တီရဲ့၊ မဏိကို သူကလာပြီး လူတစ်ယောက်နဲ့ စွပ်စွဲတာ၊ အဲဒါ မဏိက မခံနိုင်လို့ ပွဲပိတ်ကြမ်းပစ်လိုက်တာ၊ သူက မဏိကို ခြိမ်းခြောက်သေးတယ်၊ ဘာ,ညာနဲ့”





မဏိ ရှေ့ဆက်ပြီး စကားပြောစရာ မရှိတော့။ လူကြီးတွေရှေ့မှာ တကယ် မျက်နှာပူနေရပါပြီ။

ပြီးတော့ လူကြီးတွေရှေ့မှာ ဆက်ပြီးထိုင်မနေနိုင်တော့ဘဲ ဆိုဖာကလေးမှာ ထိုင်နေရာမှ မဏိ မတ်တတ်ကလေး ရပ်လိုက်ကာ ...

“ဟို ... ရန်ခကို မဏိ ဖုန်းဆက်ကြည့်လိုက်ပါဦးမယ်၊ သူ ပြန်လာမှာပါ၊ အန်တီ ဘာမှ စိတ်မပူနဲ့နော်”

မဏိ မေမေတို့ရှေ့မှ ခပ်သွက်သွက်ကလေးလှည့်ထွက် လိုက်ခဲ့ပြီး အိပ်ခန်းထဲကို ဝင်လာခဲ့ပြီး ခုတင်လေးပေါ်သို့ ခြေပစ်လက်ပစ် တုံးလုံးလှဲချပစ်လိုက်ကာ ခုတင်ခေါင်းရင်းက hand phone ကလေးကို ကောက်ကိုင်ပြီး ရန်ခဆီ ဖုန်းဆက်လိုက်ရပါသည်။

ရန်ခ ဖုန်းနံပါတ်တွေကို နှိပ်နေရင်းမှ မဏိကိုယ် မဏိ အသည်းယားကာ နှုတ်ခမ်းကလေးကို စုထော်ပစ်လိုက်ပြီး ရန်ခကို ကျိန်ဆဲပစ်လိုက်မိသည်။

“သေနာကောင် အစုတ်အပြတ်၊ ဘယ်မှာ သွားသေနေလဲ မသိဘူး ... ဟွန်း”



www.burmeseclassic.com

www.burmeseclassic.com



မဏိ ကျိန်ဆဲရင်း သူ့ ဖွတ်အတင်းနမ်းခဲ့တဲ့ နှုတ်ခမ်းကလေးကို ရှက်ဒေါသကလေးနှင့် လက်ကလေးဖြင့် ပွတ်ကိုင်လိုက်ရင်း မဏိ မျက်နှာတစ်ခုလုံး နွေးခနဲ ဖြစ်သွားကာ ရင်ခုန်သံလေးတွေ ဆူညံသွားပါသည်။

ဟွန်း ... ငါ ဘာဖြစ်လို့ ရင်ခုန်ရတာလဲ။ အို ... ငါ ရန်ခကို မချစ်ပါဘူး။ ဟင်အင်း ... မချစ်ဘူး။

ရန်ခလောက် မုန်းစရာကောင်းတဲ့သူ ဒီကမ္ဘာမှာရှိတော့မှာ မဟုတ်။

မဏိက ရန်ခကို အမြင်ကတ်ကက်နဲ့ပဲ သူ့ဖုန်းနံပါတ်ကို အဆက်မပြတ် နှိပ်နေလိုက်သည်။

သို့သော် ...

သူ့ဆီက ဖုန်းပြန်ထူးသံ မကြားရသေးချေ။

hand phone စက်ဖွင့်ထားပြီး ဖုန်းပြန်မထူးတဲ့ ရန်ခကို မဏိ ဒေါသဖြစ်ဖြစ်နဲ့ လက်ထဲက ကိုင်ထားတဲ့ ဖုန်းကလေးကို ဆောင့်ခနဲ ခုတင်ခေါင်းရင်းမှာ ပြန်တင်ပစ်လိုက်သည်။

"ကျွတ် ... ရန်ခရယ်၊ နင် ပြန်လာလို့ကတော့ ငါနဲ့အတွေ့ပဲ"





ရန်ခကို ငြိုးတေးကြိမ်းဝါးရင်း ရန်ခ ပေးထားတဲ့ မွေးနေ့လက်ဆောင် ဝက်ဝံရုပ်ကြီးကို လက်နှစ်ဖက်ဆွဲဖြုတ်ပစ်လိုက်သည်။

"ကဲ ... အဲဒါ မှတ်ထား၊ ဟွန်း ... အခွင့်အရေးယူတဲ့ယောက်ျား၊ မုန်းတယ်။ သူကပဲ တစ်ပြန်ကြီး စိတ်ကောက်ရတယ်လို့၊ သူများ စိတ်ဒုက္ခရောက်အောင် လျှောက်ပြီးစတန့်ထွင်နေတာ"

မဏိ တစ်ယောက်တည်း မကျေမနပ်ဖြစ်ကာ ပွစိပွစိ ရေရွတ်ပြီး ဝက်ဝံရုပ်ကြီးရဲ့ နှုတ်ခမ်းကလေးကို လက်နှစ်ဖက်နဲ့ ဖျစ်ပိတ်ထားလိုက်ပြီး ရန်ခ ညက ဘယ်မှာအိပ်သလဲဆိုတာကိုပဲ စဉ်းစားနေလိုက်သည်။

မနေ့က ရန်ခပြောခဲ့တဲ့စကားတွေထဲမှာ ဦးနေသတိုးကို လက်ထပ်တဲ့နေ့ သူ လူ့လောကမှာမရှိတဲ့နေ့ပဲလို့ ခြိမ်းခြောက်ခဲ့တဲ့ ရန်ခ စကားသံလေးတွေက မဏိ နားထဲ ရှူးခနဲ ရောက်ရှိလာသောအခါ မဏိ တစ်ကိုယ်လုံး နွမ်းခွေပျော့ကျသွားပြီး မျက်လုံးကလေးတွေ စုံမှိတ်ပစ်လိုက်ကာ အသည်းနှလုံးတစ်ခုလုံး ဒိုးယိုပေါက် ဟာစီးသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ခရယ် ... ငါနဲ့ ဦးနေသတိုးရက ဘာမှမဟုတ်ကြသေးပါဘူး၊ နှင်နဲ့ ငါက အရင်းနှီးဆုံး၊ အနွေးထွေးဆုံး နေလာခဲ့တဲ့ သူတွေပါ၊ ငါ့ရင်ထဲမှလေ နင် အမြဲရှိနေတာဟာ ...

"အဲဒါ ငါ့ကိုယ်ငါလည်း နားမလည်နိုင်တော့ဘူး၊ ငါ့ရင်ထဲမှာလေ ဦးနေသတိုးရကို အထင်ကြီးတာပဲရှိတယ် ...

"ဟာ ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဦးနေသတိုးရ"

အခုမှ ဦးနေသတိုးရ ကုမ္ပဏီကိုသွားဖို့ မဏိ သတိရလိုက်ပါသည်။ ခုတင်ပေါ်မှ ဆတ်ခနဲ ကျုံးထပြီး နာရီကိုမော့ကြည့်လိုက်တော့ ဆယ့်တစ်နာရီပင် ကျော်သွားပြီမို့ မဏိ မျက်နှာလေး စပရင်ကလေးလို ရှုံ့မဲ့သွားရကာ အိပ်ရာပေါ်သို့ ပြန်ပြီး တုံးလုံးလှဲချလိုက်မိသည်။

မဏိ ဦးနေသတိုးရဆီ သွားချင်စိတ်လည်း မရှိတော့။ ပြီးတော့ သူ့ဆီမှာ အလုပ်ဝင်ဖို့လည်း စိတ်ကူးမရှိတော့။

အား ... ဘာတွေ ဖြစ်ကုန်ပြီလဲ ရန်ခရယ်။ နှင်နဲ့ ငါဟာ အရင်တုန်းက စိတ်တူကိုယ်တူနဲ့ သွားလာခဲ့ကြတာ။

အခုလို နှင်နဲ့ ခွတ်တရွတ်ဆန်တဲ့ အပြုအမူတွေကြောင့် ငါ့ရင်ထဲက တကယ်မရှိတဲ့ စကားတွေကို ငါ ပြောမိသွားခဲ့တာပါဟာ၊ ငါလေ ... ငါ နင့်ကို ဘယ်တော့မှ မမုန်းပါဘူး။





ငါ့ဘဝထဲကလည်း ဘယ်တော့မှ နင်မထုတ်ရက်ပါဘူး ရန်ခရယ်။ မဏိ တစ်ယောက်တည်း ရန်ခဖုန်းကို ခေါ်လို့မရတဲ့ အဆုံး ဒေါသလေးတွေ ကျိတ်ထွက်ကာ မကျေမနပ် ဖြစ်နေဆဲ ...

"တူ ... တူ ... တူ"

ဟော ... ဖုန်းမြည်လာပြီ။

မဏိ ခေါင်းရင်းက ဖုန်းကလေး မြည်လာပြီမို့ ဒါ ရန်ခဆက်တာပဲလို့ အသေအချာ ယုံကြည်လိုက်မိကာ မဏိ ကပျာကယာ ဖုန်းကလေးကို ကောက်ကိုင်ပြီး ပေါ်နေတဲ့ ဖုန်းနံပါတ်ကလေးကို ကြည့်လိုက်တော့ ရန်ခ ဖုန်းနံပါတ် မဟုတ်ဘဲ တခြားဖုန်းနံပါတ် ဖြစ်နေတာကြောင့် မဏိ လက်ထဲက ဖုန်းကလေးကို လွှတ်ပစ်ချင်စိတ် ပေါက်သွားပြီး နှုတ်ခမ်းကလေးတွေ မဲ့ရွဲ့ကာ ဖုန်းပြန်ထူးလိုက်ရပါသည်။

"ဟယ်လို"

ရှုရှုအင့်အင့် အသံကလေးက နေသတိုးရ နားထဲကို ချိုမြစွာ စီးဆင်းဝင်လာတာနဲ့ တစ်ပြိုင်နက် နေသတိုးရ မျက်လုံးကြီး ဖိမှိတ်ပစ်လိုက်ကာ ခံစားရတဲ့ လေပူကလေးကို ဟားဆုတ်ပစ်လိုက်ပြီး နွေးထွေးတဲ့ အသံကြည်မြမြကလေးနဲ့ မဏိ နာမည်ကလေးကို ခပ်တိုးတိုးကလေး ခေါ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဏိ"

တစ်ဖက်မှ မဏိ စကားသံလေး ပြန်မကြားရသဖြင့် နေသတိုးရ ရင်ထဲ ပူပင်သွားရကာ ...

"ချာတိတ်"

ခပ်ကျယ်ကျယ်ကလေး ခေါ်လိုက်တော့မှ တစ်ဖက်က မဏိအသံကလေးကို ပြန်ကြားလိုက်ရသည်။

"ဟို ... ဦး ... ဦးနေသတိုးရလားဟင်"

"အေးပေါ့"

"ဟိုလေ ... မဏိ ... မဏိ ... ဦးနေသတိုးရဆီမှာ ... ဟိုဒင်း ..."

"အင်း ... ပြော"

"အဟင်း ... အားနာလို့ပါ"

"အားမနာပါနဲ့၊ ပြောလေ"

"ဟိုဒင်း ... ဟိုလေ ... မဏိ ... မဏိ ဦးနေသတိုးရဆီမှာ အလုပ်မလုပ်ဖြစ်တော့ဘူး၊ ဟို ... တောင်းပန်ပါတယ်နော်၊ ဟို ဦးနေသတိုးရ စိတ်အနှောင့်အယှက် ဖြစ်သွားရင် မဏိကို ခွင့်လွှတ်ပါနော်"





မဏိထံမှ ကြားလိုက်ရတဲ့စကားက နေသတိုးရ ရင်ထဲကို အရှိန်ပြင်းပြင်း ထိသွားရလေပြီ။

နေသတိုးရ မျှော်လင့်ထားခဲ့တာတွေက အများကြီး။ ဒီချာတိတ်မလေးရဲ့မျက်နှာလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် အရူးအမူး စွဲလမ်းခဲ့ရပြီမို့ သူမလေးဆီက စကားသံတွေက သူ့နှလုံးသားကို အက်ဆစ်ပက်ဖျန်းလိုက်သလို ထွန့်ထွန့်လူး နာကျင်အောင်မျက်သွားရပါသည်။

ရင်ထဲမှာလည်း ကတုန်ကယင်ကြီး ဖြစ်သွားကာ မယုံနိုင်သလိုကြီး မောပန်းနွမ်းလျသွားသည်။

"မဏိ ... မဏိ ဖုန်းချမယ်နော်"

"နေဦး ... ချာတိတ်၊ မင်း ဖုန်းကိုင်ထားနော်၊ မင်း ကိုယ့်ဖုန်းကို ချသွားရင် မင်းအိမ်အထိ ကိုယ် လိုက်လာမှာ"

"အာ ... ရှင် အိမ်အထိ လိုက်လာလို့ ဘယ်ဖြစ်မလဲ ဦးနေသတိုးရရဲ့"

မဏိဆီက ကြောက်ရွံ့ထိတ်လန့်တဲ့ အသံလေးက နေသတိုးရအတွက် အားသာချက်ကြီး ရသွားရလေပြီ။

နေသတိုးရက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ကာ စိတ်ကို ထွက်ပေါက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ကိုယ် ဖုန်းပြောတာကို ဆုံးအောင်နားထောင်”

“ဟာကွာ ... ပြဿနာပဲ”

“ပြဿနာ ... ဟုတ်လား ချာတိတ်”

“အို ... ဦးနေသတိုးရကို ပြောတာ မဟုတ်ပါဘူး၊ ဟို ဒီမှာ ရန်ခကိုပြောတာ”

“ကိုယ် စိတ်မဝင်စားဘူး၊ ဒီကောင်လေး အကြောင်းကို”

မဏိ ဦးနေသတိုးရကို ဘာပြန်ပြောရမှန်း မသိအောင် ရင်ထဲမှာ မွန်းသွားရသည်။

ဒီလူကြီးကလည်း ခေတ်ပဲလူကြီးမဟုတ်၊ အာဂလူကြီး မဏိကို မြင်မြင်ချင် စိတ်ဝင်စားခဲ့တဲ့ လူကြီးရဲ့နှလုံးသားကိုလည်း မဏိ တော်တော်လေး ဖြုံသွားရသည်။ ရှေ့ဆက် ဒီလူကြီးနဲ့ဘယ် လိုများ ပြဿနာကြီးထွားဦးမလဲ မသိ။

မဏိ စိတ်ရှုပ်ထွေးစွာဖြင့် မျက်မှောင်ကလေးနှင့် တွန့်ကျုံ့ပစ်လိုက်ကာ ဝမ်းနည်းအားငယ်စွာဖြင့် တဆတ်ဆတ်တု ယင်နေတဲ့ နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ပစ်လိုက်သည်။

“ချာတိတ် ... ကိုယ်ပြောတာကို နားထောင်နေတယ်မို့လား”

“ဘာပြောစရာ ကျန်သေးလို့လဲ ဦးနေသတိုးရရဲ့”

“ဟွန်း ... မင်းက ကိုယ်လို လူကြီးလူကောင်းကိုမှလာပြီ စတန့်ထွင် လှည့်ကွက်လုပ်တာလား”





“အို ... ဗွပ်စွဲလှချည်လား၊ စိတ်ညစ်တယ်၊ မဏိ ဖုန်းပိတ် ပစ်လိုက်မှာနော်”

“ကျွတ် ... ညစ်ကျယ်ကျယ် မပြောစမ်းနဲ့ ချာတိတ်ရာ၊ ဒီမှာ ချာတိတ်၊ မင်း ဒီနေ့ ရုံးမတက်ဖြစ်ပေမဲ့ မနက်ဖြန် တော့ ဆက်ဆက်ရုံးတက်ရမယ်၊ မင်းကို ကိုယ် အလုပ်ခန့် အပ်ပြီးပြီမို့ မင်း ဒီအလုပ်ကို လုပ်ချင်သည်ဖြစ်စေ မလုပ် ချင်သည်ဖြစ်စေ သုံးလတော့ ထုံးစံအရဝန်ထမ်းရမယ်၊ ဒါ ကုမ္ပဏီစည်းကမ်းပဲ၊ မလုပ်နိုင်ရင် မင်းလျော်ကြေးပေးရ မယ်”

“အို ... ဘာ ... ဘာဆိုင်လို့လဲ၊ မဏိက ... မဏိက ...”

“မဏိကတွေ မနက်ကတွေ လုပ်မနေနဲ့၊ ကိုယ်တောင်းတဲ့ လျော်ကြေးက ငွေကြေးမဟုတ်ဘူး၊ ကိုယ့်ဂုဏ်သိက္ခာ”

“ဂုဏ်သိက္ခာ”

“ဟုတ်တယ်၊ ဂုဏ်သိက္ခာပဲ”

“စိတ်ညစ်ပါတယ်ကွာ ... ဦးနေသတိုးရ”

“.........”

မဏိ စိတ်ရှုပ်ထွေးစွာဖြင့် ဦးနေသတိုးရကို တောင်း ပန်ကြည့်ဖို့ ကြိုးစားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေတိုးရလို့"

"ဟော့... ကိုယ့်နာမည် နေသတိုးရ၊ နေတိုးရလို့ မဟုတ်ဘူး"

"စိတ်ညစ်တယ်၊ မဏိမှာ ဒီမှာ သောကျပ်နံ့ကျပ် ဖြစ်နေတာ၊ အခု ဦးနေသတိုးရကလည်း တစ်မှောက်၊ တစ်ပွပြီး တစ်ပွ ဆင့်နေပြီကွာ"

"မင်းက ဘာတွေပူနေရလို့လဲ"

"ရှင်နော် ... စကားပြောတာ ဆင်ခြင်ပြော"

"သြော် ... ဟော၊ ဒုက္ခပဲ၊ အတွေးပေါက်နေပြန်ပြီ"

"တော်ပြီ တော်ပြီ၊ ဖုန်းပိတ်မယ်"

သရော်သလိုလို ပြောလိုက်တဲ့ ဦးနေသတိုးရ စကားကြီးကို မဏိ ရက်လန့်သွားရကာ မျက်နှာလေးတစ်ခုလုံး ရဲခနဲ ဖြစ်သွားရသည်။

"ဟာ ... ဟော့၊ ဖုန်းမပိတ်ပစ်နဲ့နော်၊ မင်း ဖုန်းပိတ်ရင် ကိုယ့်အဆိုးမဆိုနဲ့"

"ရှင်က ... ရှင်က အခုမှ မဏိကို တွေ့ဖူးပြီးတော့ မဏိကို စိတ်ညစ်ရအောင် လုပ်ဦးမလို့လား၊ တကယ်လို့ မဏိတို့ရဲ့ ရှုးစမ်းချင်တဲ့စိတ်တွေကြောင့် ဦးနေသတိုးရ ကုမ္ပဏီ





ကို လာခဲ့မိတာ အမှားတစ်ခု ဖြစ်သွားခဲ့ရင် မဏိက ရှင့်တူမအရွယ်လေး ရှိသေးတာပဲ ခွင့်လွှတ်ပေါ့လို့"

"ကိုယ့်တူမအရွယ် ... ဟုတ်လား၊ ဟွန်း ... ဟွန်း"

"အို ... တူမအရွယ် မဟုတ်လို့ ဘာအရွယ်လဲ"

"ဟား ဟား ... ရယ်ရတယ်ကွာ၊ မင်းက ကိုယ့်ထက် ဆယ်နှစ်ပဲငယ်တာ၊ ကိုယ်က သုံးဆယ့်နှစ်၊ မင်းကနှစ်ဆယ့်နှစ်၊ ဒါက တူမအရွယ်လားကွ၊ စဉ်းစားပါဦး"

"စဉ်းလည်း မစဉ်းစားဘူး၊ ဖုန်းပိတ်မယ်"

"ကိုယ် အတည်ပြောနေတာ၊ နောက်နေတာ မဟုတ်ဘူး၊ မင်း မနက်ဖြန် ရုံးကိုမလာရင် ကိုယ် မင်းမိဘတွေဆီကို လာရမယ်၊ ကိုယ်ပြောတာကို လက်မခံရင် စမ်းကြည့်လိုက်လေ့ ချာတိတ်ရဲ့"

"ရှင် ... ရှင် ... သိပ်မတရားတဲ့ လူကြီး"

မဏိ ဒေါသဖြစ်ဖြစ်နဲ့ ဗွတ်အော်ပစ်လိုက်ပြီး ဖုန်းကလေးကို ပိတ်လိုက်ကာ ခုတင်ပေါ် လှဲ့ပစ်လိုက်သည်။

သိပ်မတရားတဲ့လူကြီး။

ဘာဖြစ်လို့များ ယောကျ်ားတွေရဲ့ စိတ်ဓာတ်ဟာ အခွင့်အရေးယူပြီး အကျပ်ကိုင်ရတာလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အခွင့်ကောင်းယူပြီး အကျပ်ကိုင်တတ်တဲ့ ယောကျ်ားအမျိုးအစားတွေကို မဏိ သိပ်မုန်းပါသည်။

ရန်ခကိုလည်း အခွင့်ကောင်းယူတတ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့လို့ မဏိ မုန်းခဲ့မိတာ။

အခုလည်း လာပြန်ပြီ။

အဟင်း ... ဦးနေသတိုးရရယ်၊ ရှင် အကျပ်ကိုင်တာတွေကို မုန်းမိခဲ့ပေမဲ့ မဏိ ရှင့်ကို အလျှော့ပေးရတော့မယ်။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ...

မဏိ ရှင်ရဲ့တုံ့ပြန်မှုကြီးကို ကြောက်ရွံ့ထိတ်လန့်လို့ ရှင့်ကုမ္ပဏီမှာ ရှင်တောင်းဆိုတဲ့ လ,အကန့်အသတ်အတိုင်း အလုပ်ဝင်ဖို့ ဆုံးဖြတ်လိုက်ရတာပါပဲ။

ဒါပေမဲ့ ကျွန်မ ရင်ထဲမှာ ရှင့်ရဲ့လုပ်ရပ်တွေကို လုံးဝမကျေနပ်ဘူးဆိုတာကို ရှင် သိထားစေချင်တယ်။

✧ ❤ ✧



၉

ညက ရန်ခ တစ်ညလုံး အိပ်မပျော်နိုင်ခဲ့။

မဏိ မနေ့က ပြောခဲ့တဲ့ စကားတွေက ရင်ထဲမှာ လိပ်ခဲတင်းတင်းကြီးဖြစ်ကာ အိမ်ကိုမပြန်ဘဲ မြို့ထဲက မေမေတို့ ဝယ်ထားတဲ့ တိုက်ခန်းမှာပဲ အိပ်ပစ်လိုက်သည်။

အိမ်ကိုလည်း ပြန်ချင်စိတ်မရှိ။

မဏိကို သူ စိတ်နာသည်။

မဏိ ဘယ်လောက်ဆိုးဆိုး အမြဲတမ်း သည်းခံခဲ့ရသည့် သူ့အပေါ်ကို မဏိ ရက်စက်လွန်းသည်။

မဏိကို စိတ်နာတဲ့ ဒဏ်ရာတွေနဲ့ မဏိရင်ထဲက အချစ်ကို တူးဖော်ယူဖို့ သူ မဏိနဲ့ ခပ်ဝေးဝေးမှာပဲနေဖို့ ဆုံးဖြတ်လိုက်ပြီး မေမေ့ဆီကို ရင်တထိတ်ထိတ်ဖြင့် ဖုန်းခေါ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဆူရင်လည်း ဆူပါစေတော့။

မဏိဆီက အဖြေမရမချင်း သူ အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့သည်။

မေမေ့ဖုန်းနံပါတ်ကို နှိပ်လိုက်ပြီး တစ်ခဏအတွင်း မှာပဲ သောကတွေ ပြည့်လျှံနေတဲ့ မေမေ့အသံကို ကြားလိုက်ရပါသည်။

"သား ... သားလေး ရန်ခ၊ သား အခု ဘယ်ကဖုန်းဆက်တာလဲ၊ မင်း ဘာလို့ ညက အိမ်ပြန်မအိပ်တာလဲ၊ သားလေးရယ်၊ မေမေ စိတ်ပူလိုက်ရတာ"

မေမေရဲ့ ငိုရှိုက်သံတွေကို သူ ခဏတာမျှ ငေးမောငြိမ်သက်စွာ နားထောင်နေပြီးမှ သက်ပြင်းကလေး ကျိတ်ချလိုက်မိသည်။

မဏိ ပေးခဲ့တဲ့ အချစ်ဒဏ်ရာကြောင့် သား တစ်နေ့လုံး ထမင်းငတ်ခဲ့ရတယ်လို့ သူ ဖွင့်ပြောပြလိုက်ရင် မေမေ ဖုန်းပြောရင်းနဲ့များ မူးမိုက်သွားမလားမသိ။

"မေမေ ကျွန်တော့်ကို ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော် အိမ်ကိုပြန်ဖြစ်မှာ မဟုတ်သေးဘူး"





"ဟင် ... ဘာဖြစ်လို့လဲ၊ မနေ့က သားနဲ့မဏိ ထွက်သွားကြပြီး မဏိ တစ်ယောက်တည်းပဲ ပြန်လာတာ၊ သားနဲ့ မဏိ ဘာဖြစ်ကြသလဲ၊ မေမေ့ကို မှန်မှန်ပြောစမ်းသား၊ သား မဏိကို ကျူးလွန်မိပြီလားဟင်"

မေမေ့စကားတွေက သူ့နှလုံးသားတစ်ခုလုံးကို ထိုမွှန်သွားတဲ့အထိ တုန်ယင်လှုပ်ရှားသွားကာ မျက်နှာကြီးတစ်ခုလုံး ဖြန်းခနဲ နီရဲတက်သွားတဲ့အထိ ရှက်ရွံ့ထူပူသွားရသည်။

မေမေ့ကိုလည်း ဘာပြန်ပြောရမှန်းမသိအောင် စွန့်အသွားပါသည်။ အခုမှပဲ သူ မဏိကို ကိုယ်ချင်းစာမိသွားပါပြီ။

မနေ့က မဏိလေး ရှက်သွားတဲ့ မျက်နှာလေးက သူ့ရင်ထဲကို အခုထိ နွေးထွေးရှိန်းမြနေဆဲ။

မဏိလေးခမျာ သူ့ရဲ့အနမ်းမုန်တိုင်းတွေကြားမှာ ခေါင်းမဖော်ဝံ့အောင် ရှက်ကြောက်သွားခဲ့ရတာ။ ဒါပေမဲ့ ... အခု မနက်မှာ သူ့ကို ဖုန်းဆက်ဖော်ရသေးလို့ မဏိကလေး သူ့ကို ဟန်ဆောင်ပြီး ရက်စက်ခဲ့တာ သူ ခံစားလို့ ရသွားသည်။

"သား ... သားရယ်၊ မိုက်လိုက်တာကွယ်၊ မဏိနဲ့ ဒီသီတင်းကျွတ်ရင် လက်ထပ်ပေးတော့မှာကို သိသိကြီးနဲ့ အဲဒီလို ဖြစ်တာကြီးကျ သမီးကို တန်ဖိုးမထားရာ ကျမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာဗျာ၊ မေမေကလည်း၊ အဲဒီလိုမဟုတ်ဘူး၊ အဲဒါတွေ လျှောက်မပြောပါနဲ့ဗျာ၊ ရှက်စရာကြီး"

မေမေ့စကားကြီးက သူ့ရင်ခုန်သံတွေကို ပိုပြီးမြန်ဆန်သွားရသည်။

"ဒါဆို မင်းနဲ့ မဏီကို ဘာတွေ စိတ်ကောက်ကြသလဲ၊ မဏီ မေးတော့လည်း ဘာမှ အဆင်ပြေအောင် မဖြေဘူး၊ မျက်ရည်လေးစမ်းစမ်း ... စမ်းစမ်းနဲ့"

"ဟာ ... မဏီလေးက ငိုတယ်လား မေမေ"

"ဘာ ... မဏီလေးလဲ"

"ဟဲ ဟဲ ... မေမေကလည်း ကျွန်တော် မေမေ့ချွေးမလောင်းလေးကို သိပ်ချစ်တာကို သိရက်သားနဲ့ဗျာ၊ သူကဘာပြောလဲ မေမေ"

"မင်း ဖုန်းဆက်ကြည့်ပါလား"

"မဆက်ချင်ပါဘူးဗျာ၊ အလကား"

"မဏီက သားကိုပြောတယ်၊ သားက လူတစ်ယောက်နဲ့ သူ့ကို သဝန်ကြောင်တယ်တဲ့၊ ဟုတ်လား"

ရန်ခ မျက်နှာကြီး ရှက်ဝဲဝဲကြီး ပြုံးမိသွားကာ လက်ကလေးနဲ့ နားထင်စပ်ကလေးကို အသည်းယားစွာ ဖိထောက်ထားလိုက်သည်။





"ဟွန်း ... သူကမှ ပုံစံမကျတာ"

"ပြန်လာတော့မှ မဏီကို ပြန်ချော့လိုက်ပေါ့ သားရယ်၊ မင်းဖေဖေလည်း စိတ်ပူနေတယ်၊ မင်းဖေဖေကတော့ ရုံးသွားပြီ၊ မင်း ညက ဘယ်မှာအိပ်တာလဲဟင်"

"မေမေ"

ရန်ခ ရင်ထဲမှာ စိုးရိမ်စိတ်ကလေးတွေဖြင့် မေမေ့ကို တောင်းပန်တိုးလျှိုးသံနဲ့ ခေါ်လိုက်မိသည်။

"ကျွန်တော် ... ကျွန်တော် မဏီကို သိပ်ချစ်တယ် မေမေ"

"ဟောတော့၊ ချစ်သူတွေ ချစ်ကြတာ ဆန်းသလား၊ ဘာလဲ၊ သားက မဏီကို အခုချက်ချင်းကြီး လက်ထပ်ချင်ပြီပေါ့၊ သီတင်းကျွတ်ကို မစောင့်နိုင်တော့ဘူးပေါ့"

"ကျွန်တော့်ဆန္ဒအရသာဆိုရင် မဏီကို ချက်ချင်း လက်ထပ်ပစ်ချင်တာပေါ့ မေမေရယ်"

"ဟင် ... ဒါဆို သားနဲ့မဏီက ချစ်သူတွေ မဟုတ်ဘူးလား"

"ဟင့်အင်း ... မဖြစ်သေးဘူး၊ ကျွန်တော်က သူ့ကိုချစ်တာပဲ ရှိသေးတယ်"

"အမယ်လေးတော်၊ ငါ့သားက တော်တော်အ,တာပဲ၊ ခေတ်လူငယ်ဖြစ်ပြီး အသက်နှစ်ဆယ့်နှစ်မှာ ချစ်သူတောင် မရှိသေးဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အပြောကြောင့် သူ နည်းနည်းရှက်သွားပြီး ရယ်မောလိုက်မိသည်။

"ဟွန်း ... ဟွန်း ... မေမေ့ချွေးမလောင်းက သိပ်ကြီးကျယ် ခမ်းနားနေတာကိုး"

"ဘာတွေ ကြီးကျယ်သလဲ၊ ပြောစမ်းပါဦး"

အမေနဲ့သားကတော့ လိုက်ဖက်ညီစွာဖြင့် တိုင်ပင် ဖော် တိုင်ပင်ဖက် ရနေသည်။

သူက မေမေ့စကားကြီးကို ခပ်ရှက်ရှက် ရယ်သွမ်း သွေးလိုက်ရင်း မနေ့က အဖြစ်အပျက်ကလေးကို သတိရပြီး ပခုံး လေးနှစ်ဖက် တွန့်ပစ်လိုက်မိသည်။

"ဟွန်း ... မေမေရာ၊ မပြောလိုက်ချင်ဘူး၊ ကျွန်တော်မနေ့ က သူ့ကိုချစ်တာကို သူက ..."

"ဟောတော် ... တော်ပြီ ... တော်ပြီ သား"

"ဟာ ... မေမေ၊ ဆောရီးနော်၊ ကျွန်တော် တောင်းပန်ပါ တယ်၊ ကျွန်တော် နောက်မှ ဘယ်မှာနေတယ်ဆိုတာကို မေမေ့ဆီ ဖုန်းဆက်လိုက်မယ်နော်၊ ဖေဖေ့ကိုလည်း ပြော လိုက်ပါနော်၊ ဘာမှစိတ်မပူပါနဲ့လို့၊ အန်တီရီနဲ့ မချွေမဏိ ကိုလည်း ပြောလိုက်ပါဦး၊ ဪ ... မေမေ၊ မဏိကို





စကားလေးတစ်ခု မှာချင်လို့၊ ပြောပေးပါဦးနော်၊ ဟို ... ဟွန်း ... ကျွန်တော်လိုချင်တဲ့ အဖြေမရမချင်း အိမ်ကို ဘယ်တော့မှ ပြန်မလာဘူးလို့၊ ပြီးတော့ ပြောထားတဲ့စကား တွေအတိုင်း လျှောက်လုပ်ပစ်မှာပဲလို့ပဲ ပြောလိုက်နော်"

မေမေ့စကားကို သူ နားထောင်မနေတော့ဘဲ ဖုန်း ချပစ်လိုက်ပြီး မိန့်မိန့်ကြီး ပြုံးလိုက်ပါသည်။

မဏိက သူ ညက ပြန်မအိပ်တာလေးနဲ့တောင် မျက်ရည်ကျသတဲ့။ ကဲ ... မချွေမဏိရေ၊ မင်း ဘယ်လောက်အထိ မင်းရင်ထဲက အချစ်တွေကို မျိုသိပ်ထိန်းချုပ်ထားနိုင်မလဲဆိုတာ စောင့်ကြည့်ရတာပေါ့ကွာ။

ရန်ခ တစ်ယောက်တည်း မေမေ့ အပြောတစ်ခုတည်း နဲ့တင် ရင်ခုန်လိုက်မောစွာ ပြုံးပျော်ကျေနပ်သွားရပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

မဏိသည် အန်တီမေ့ဆီက ကြားလိုက်ရသည့် စကားတွေကြားမှာ ရက်သွေးလေးတွေ စို့တက်သွားရကာ မျက်နှာ လေးတစ်ခုလုံး ရဲရဲတွတ် နီမြန်းသွားရလေသည်။

ရန်ခ ဆိုတဲ့ အကောင်စုတ်ကလည်း လူကြီးကိုဘာ တွေလျှောက်ပြောနေမှန်း မသိ။

ရန်ခပြောခဲ့တဲ့ စကားကြီးက မေမေနဲ့ အန်တီ့ရှေ့ မှာ မျက်နှာကလေးကို ဘယ်လိုထားရမှန်း မသိအောင် မဏိ ရင် ခုန်စိတ်လှုပ်ရှားသွားကာ ခေါင်းကလေးကို ငုံ့ချပစ်လိုက်မိသည်။

“အံမယ် … အံမယ် … ငါ့သမီးလေး ရှက်သွားပြီ”

“အန်တီနော် … လျှောက်မပြောနဲ့”





မဏိ ရှက်ရမ်း ရမ်းပါပြီ။

ငိုတော့မလို မျက်နှာကလေးနဲ့ အန်တီမေ့ရှေ့ကနေ လှည့်ထွက်လိုက်ဖို့ ဆိုဖာကလေးကနေ မတ်တတ်ရပ်လိုက်မိသွား ပါပြီ။

မေမေနဲ့ အန်တီကတော့ မဏိ ရှက်သွားတာကိုပဲ သဘောအကျကြီး ကျနေကြလေသည်။ လူကြီးတွေကတော့သဘော ကျလာပြီဆိုရင် သူတို့ငယ်ငယ်က ချစ်ခဲ့ကြသလိုမျိုး မဏိတို့နှစ် ယောက်ကို အတူခိုးပြီး ချစ်ခိုင်းကြဦးမလား မသိ။

မဏိ စိတ်ထဲမှာ ဒီစကားကြီး ကြားတာနဲ့တင် တကယ်ရှက်ရွံ့ခဲ့ရသည်။ ဘာမှန်းမသိဘဲ ရင်ခုန်သွားခဲ့မိတဲ့ မဏိ ကိုယ်မဏိ အသည်းယားကာ နှုတ်ခမ်းလိပ်လိပ်ကလေးကို ခပ်ဖွဖွ ကလေး ဖိကိုက်ပစ်လိုက်မိသည်။

ရန်ခ တစ်ယောက်ကတော့လေ၊ ငါ ယောက်ျားပဲ ဘာဖြစ်လဲဆိုပြီး ဒီလိုစကားမျိုးကြီးကို ဖွင့်ပြောရဲတာ မဏိ တော်တော် မျက်မုန်းကျိုးပါသည်။

ပြန်လာတော့မှ သူ့ကျောပြင်ကြီးကို မှတ်လောက် သားလောက် ပျောတင်လိုက်ဦးမည်။

“တီး … တီး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တံခါးဘဲလ်သံကြောင့် အိပ်ခန်းထဲသို့ လှမ်းဝင်တော့မဲ့ မဏိ ခြေလှမ်းကလေးတွေ ရပ်တန့်သွားကာ အံ့သြသွားတဲ့ မျက်နှာဝန်းကလေးနဲ့ တံခါးဆီသို့ လှမ်းကြည့်လိုက်မိသည်။

"သမီး ... ရန်ခ ပြန်လာပြီနဲ့တူတယ်၊ တံခါးသွားဖွင့်ပေး လိုက်ဦး"

ဟာ ... ဒုက္ခပါပဲ။ ရန်ခနဲ့ ရင်ဆိုင်ရမဲ့ မျက်နှာလေးတွေက ရှက်ရွံ့စိတ်တွေနဲ့ ထူကျိန်းနေရပါပြီ။ ဖျတ်ခနဲ့ဆိုသလို ဟိုနေ့က အဖြစ်အပျက်ကြီးကို သတိရလိုက်မိကာ မဏိ တံခါးသွားမဖွင့်ချင်လောက်အောင် စိတ်ညစ်သွားရသည်။

ရန်ခနဲ့ ရင်ဆိုင်ရမှာကိုလည်း ရှက်ရွံ့စိတ်လှုပ်ရှားကာ ခြေဖျားလက်ဖျားကလေးတွေ အေးစက်ကျင်ခဲသွားပါသည်။

"အာ ... မဖွင့်ချင်ပါဘူး၊ မေမေ သွားဖွင့်ပေးလိုက်"

"ဟဲ့ ... ဒီကလေးမနှယ်၊ ဒီမှာ လူကြီးတွေ စကားပြောနေတာကို သွားဖွင့်ပေးလိုက်ဆိုရင်"

ဒီတစ်ခါ ငြင်းလိုက်ရင် မေမေ ထပြီးပွဲကြမ်းတော့မှာမို့လို့ မဏိ မျက်နှာကလေး ရှုံ့မဲ့ပြီး နှုတ်ခမ်းလေးကို စူရှုံ့ပစ်လိုက်ကာ ခြေကလေးဆောင့်ပြီး တံခါးဆီသို့ လျှောက်လာခဲ့သည်။ ဟွန်း ... ရန်ခ၊ အစုတ်အပြတ်ကောင် လာပါပြီ။





တမင်ကို စတန့်ထွင်ပြီး လူကြီးတွေသိအောင် ဖော်ကောင်လုပ်တာ။ မုန်းတယ်။

စိတ်ထဲက မကျေနပ်စိတ်ကလေးတွေနဲ့ မဏိ ကျွန်းတံခါးရှည်ကြီးကို ဆောင့်ခနဲ ဆွဲဖွင့်ပေးလိုက်သည်။

"ဟာ"

မထင်မှတ်ထားတဲ့ လူတစ်ယောက်ကို တံခါးဝမှာ ရုတ်တရက် တွေ့လိုက်ရတာမို့ မဏိ အံ့သြငေးကြောင်စွာ မျက်လုံးအဝိုင်းသားလေးနဲ့ ရပ်ကြည့်နေလိုက်မိသည်။

ဦးနေသတိုးရက မဏိကို မတည်မပြုံး မျက်လုံးတွေနဲ့ ခပ်တည်တည် စိုက်ကြည့်လာသဖြင့် မဏိ ရင်ထဲ သိမ့်ခနဲအေးစက်သွားသည်အထိ ကြောက်ရွံ့ထိတ်လန့်သွားရပြီး ဧည့်ခန်းမှာ ထိုင်နေတဲ့ မေမေတို့ကိုလည်း ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"တံခါးဖွင့်ပေးလေ ချာတိတ်ရဲ့၊ ဘာဖြစ်လို့ တံခါးဝကြီးမှာ မတ်တတ်ကြီးရပ်နေရတာလဲ"

မဏိ ထိတ်လန့်နေတဲ့ပုံကို သူက တော်တော်သဘောကျသွားပါသည်။ သွားဖြူဖြူ ရှည်ရှည်ကလေးတွေ ပေါ်တဲ့အထိ လွတ်လွတ်လပ်လပ် ရယ်မောလိုက်တဲ့ ဦးနေသတိုးရကိုကြည့်ပြီး မဏိ တစ်ကိုယ်လုံး အသားတွေ တုန်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... အိမ်အထိ လိုက်လာတယ်"

"ဟုတ်ပါ့ဗျာ"

"အာ ... မဟုတ်ဘူး၊ မဟုတ်ဘူး၊ သေဖို့ပဲ ကောင်းပါတယ်၊ မေမေတို့သိရင် မဏိ လွယ်မှာမဟုတ်ဘူး၊ ရှင်က မဏိကို တမင် ... တမင်"

"သမီး တံခါးမဖွင့်ဘဲ ဘာရပ်လုပ်နေတာလဲ၊ တံခါးဖွင့်ပေးလိုက်လေ"

မေမေက လှမ်းပြောလိုက်တာမို့ မဏိ မျက်နှာလေးခပ်ပျက်ပျက်ဖြစ်ကာ ဦးနေသတိုးရကို ဖွတ်အတင်းပြန်ဖို့ တောင်းပန်လိုက်ရပါသည်။

"ဟို ... ဦးနေသတိုးရ၊ မဏိ ... မဏိ တော်ကြာ ရုံးကိုလာခဲ့ပါ့မယ်၊ အခု ရှင်ပြန်ပါတော့နော်၊ ဒီမှာ မဏိတို့အိမ်တွင်းရေးပြဿနာကလေးတွေရှိလို့ ပြန်ပါတော့နော်၊ တောင်းပန်ပါတယ်၊ မဏိ တကယ် တောင်းပန်နေတာပါရှင်"

"ဟွန်း ... ကြောက်တတ်လိုက်တာကွာ"

"မဟုတ်ဘူး၊ ပြဿနာဖြစ်မှာစိုးလို့"

"ပြဿနာဖြစ်ရအောင် ကိုယ်က ကလေးကချေမှ မဟုတ်တာ"





"ဟုတ်ပါတယ်၊ ရှင်လူကြီးလူကောင်းမှန်း မဏိ သိပါတယ်"

မဏိက ဦးနေသတိုးရကို တိုးတိုးကျိတ်ကျိတ်ကလေးပြန်ဖို့ တောင်းပန်လိုက်ပေမဲ့ ဦးနေသတိုးရကတော့ ခေါင်းမာစွာဖြင့်ပင် တံခါးဝကနေ တစ်လက်မမှ မရွေ့ဘဲ ရပ်နေလေသည်။

မဏိ ဦးနေသတိုးရကို စိတ်ပျက်ညစ်ညူးစွာ မော့ကြည့်လိုက်တဲ့အချိန်မှာ ရွှန်းလက်တောက်စိုတဲ့ ညို့မျက်လုံးတွေနဲ့ ရည်ကြည်စွာ စိုက်ကြည့်နေတဲ့ ဦးနေသတိုးရရဲ့ အကြည့်ကြီးတွေက မဏိ နှလုံးသားလေးကို ရပ်တန့်ငြိမ်သက်သွားရပါသည်။

မဏိ ဦးနေသတိုးရရဲ့ အကြည့်ရဲရဲတွေအောက်မှာ တဒင်္ဂမျှ ငေးကြောင်သွားချိန် ...

"မဏိ တံခါးဖွင့်ပေးလိုက်လေ"

ရုတ်တရက်ကြီး တံခါးဝဆီသို့ ရပ်လာတဲ့ မေမေ့အသံကြောင့် မဏိ မျက်လုံးကလေး ပိုပြီးပြူးကျယ်ဝိုင်းစက်သွားရကာ ဦးနေသတိုးရ မျက်နှာကို အမိအရ စိုက်ကြည့်လိုက်ရသည်။

ပြီးတော့ အချက်ပြသလိုလိုနဲ့ မျက်လုံးဝိုင်းဝိုင်းကလေးကို ချာလည်လည်အောင် စုပြလိုက်ကာ နှုတ်ခမ်းကလေးထော်ပြီး လျှာကလေး ထုတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူ့ကို ငြိမ်ငြိမ်ကလေး နေပေးဖို့ အချက်ပြလိုက်တာဖြစ်သည်။

"ရှင် ... သြော် မေမေ၊ အဟင်း ဟင်း၊ မဏိတို့က ရန်ခ မှတ်လို့ မဟုတ်ဘူး မေမေ။ ရန်ခ ညေ့သည်တဲ့၊ မဏိကို သူက ပြောပြနေတာ၊ ဟိုလေ ... ရန်ခ ဘယ်မှာနေတယ်ဆိုတာ သူ သိတယ်တဲ့၊ အဲဒါ မဏိ သူနဲ့ ရန်ခဆီကို ခဏ လိုက်သွားလိုက်မယ်နော်"

"သြော် ... ရန်ခ မိတ်ဆွေတဲ့လား၊ တံခါးဝကြီးမှာ ဒီအတိုင်း ရပ်ပြီး စကားပြောနေရသလား သမီးရယ်၊ ညေ့သည်ကို အားနာစရာ၊ ညေ့ခန်းထဲ ခဏထိုင်ပါဦးကွယ်၊ အန်တီတို့ ရန်ခ ဘယ်မှာရှိတယ်ဆိုတာ သိချင်လို့ပါကွယ်၊ ခဏဖြစ်ဖြစ် ထိုင်လိုက်ပါဦး"

မေမေကပြောပြီး အရှေ့ကနေ ဦးဆောင်ကာ ညေ့ခန်းဆီသို့ လျှောက်သွားပါသည်။

ဦးနေသတိုးရကတော့ မဏိ ကုလားဖန်ထိုးတာကို သိပ်မကျေနပ်တဲ့ မျက်လုံးကြီးတွေနဲ့ မဏိကို မကြည့်မလင် ကြည့်လာခဲ့သည်။ မဏိက တံခါးဝကနေ အခုချိန်အထိ မဖယ်ပေးမိသေးဘဲ ဦးနေသတိုးရကို ကပျာကယာ ဖာထေးလိုက်ရသည်။

"မဏိမေမေ့ရှေ့မှာ မဏိပြောတဲ့အတိုင်း ညီပစေနော်"

"No ပဲ"

"ဒါဆိုရင် ရှင့်ကုမ္ပဏီမှာ အလုပ်မဝင်တော့ဘူး"

"ခြိမ်းခြောက်တာလား"

"တောင်းပန်နေတာ သိရဲ့လား"

"အေးကွာ၊ မင်း ပါးစပ်ပိတ်ထားတော့"

ခပ်ကျိတ်ကျိတ်ကလေး ပြောလိုက်တဲ့ ဦးနေသတိုးရ စကားတွေက မဏိ ရင်ကို ပူခနဲ ဆင်းကျသွားရပါသည်။

ဒီလူကြီးကို မဏိ လျှော့တွက်ထားလိုက်မိတာ များသွားပါပြီ။ ဒီလိုကြီး အိမ်လိုက်လာခဲ့လိမ့်မယ်လို့ မဏိ ထင်မထားခဲ့မိလို့ကို မနက်က လူကြီးတွေနဲ့ စကားပြောရင်း သူ ရုံးချိန်းထားတဲ့အတိုင်း မသွားခဲ့မိဘဲ မေ့ထားခဲ့တာ အခုတော့ ပြဿနာက အိမ်အထိ တည့်တည့်မတ်မတ်ကြီးကို ရောက်ရှိလာခဲ့ရလေပြီ။

ကံကောင်းလို့ မဏိ ကိုယ်တိုင် တံခါးဖွင့်ပေးလိုက်လို့ သူနဲ့ အခုလို ပြောဖြစ်ခဲ့တာ၊ လူကြီးတွေရှေ့မှာ မဏိ ကာကွယ်ထားတဲ့အတိုင်း သူ ထွက်ဆိုပေးဖို့ မဏိ အသည်းအသန် ကြိုးစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟူး ... ရင်မောလိုက်တာ။

ဒီလူကြီးကလည်း ခွကျကျနဲ့တော့ ခက်ပြီ။

"ထိုင်ကွယ် ... မောင် ..."

စည့်ခန်းဆိုဖာခုံထူရှည်ပေါ်မှာ သူ သက်သောင့်သက်သာထိုင်လိုက်ပြီး မဏိ မျက်နှာလေးကို အစိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်သည်။ မဏိက မျက်လွှာကလေးကို ပါးနပ်စွာ ချထားလို့။

"ကျွန်တော့်နာမည် နေသတိုးရပါခင်ဗျ"

"နေသတိုးရ ... ဟုတ်လား၊ အန်တီ ကြားဖူးသလိုပဲ"

မဏိမေမေနဲ့အတူ ယှဉ်ထိုင်နေတဲ့ အမျိုးသမီးကြီးက သူ့ကို စေ့စေ့ကြည့်ပြီး ပြောလိုက်တာကြောင့် သူက ရည်မွန်စွာ ပြန်ပြုံးလိုက်ရပါသည်။

"ဩော် ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"သူက SUN ကုမ္ပဏီပိုင်ရှင် အန်တီရဲ့၊ ရန်ခနဲ့ အရမ်းရင်းနှီးတယ်"

"ဩော် ... SUN ကုမ္ပဏီပိုင်ရှင်လား၊ ဒါကြောင့် အန်တီကြားဖူးတာ၊ သားသူငယ်ချင်းအဖေက မောင်သတိုးနေရတို့ ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်ဆိုတော့ အန်တီ ကြားဖူးတာ"





"အဟင်း ... အန်တီ သူ့နာမည်က နေသတိုးရပါ၊ သတိုးနေရ မဟုတ်ပါဘူး"

"ဩော် ... အေး အေး၊ နာမည်တွေတောင် မှားကုန်ပြီ၊ ဒါနဲ့ သမီးနဲ့ မောင်နေသတိုးရက အသိတွေလား"

"ဟုတ်ကဲ့၊ ရန်ခ မိတ်ဆက်ပေးလို့ သိထားပြီးသားပါ"

အရှေ့ကနေ စကားများမှာကို အစိုးရိမ်လွန်ပြီး ဦးဆောင်နေတဲ့ မဏိကို မဏိမေမေက သိပ်မကြည်တဲ့ မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်နေတာမို့လို့ သူ့ဘက်က ဣန္ဒြေရရနဲ့ပဲ လူကြီးတွေကို ဖုံးဖုံးဖိဖိ မဏိ စိတ်ကြိုက်ပြောပေးဖို့ ဆုံးဖြတ်လိုက်သည်။

"မောင်နေသတိုးရ ဒါဆို အန်တီ့သားနဲ့ သိတယ်ဆိုတော့ သား ဘယ်မှာနေတာ သိလို့ လာပြောတာပေါ့ ဟုတ်လား၊ မနက်က သား ဖုန်းဆက်ပြီး သူနေတဲ့နေရာကိုလည်း မပြောခဲ့ဘူးကွယ်၊ မဏိနဲ့ မနေ့က အိမ်ကထွက်သွားပြီး လမ်းမှာရန်ဖြစ်ပြီး အိမ်ကို အခုထိ ပြန်မလာတာ၊ အန်တီတို့တိုက်ခန်းက ဟိုဘက်မှာ စဉ်လျက် အပေါ်ထပ် အောက်ထပ် လေးခန်း၊ ကြုံရင် ဝင်ခဲ့ပါကွယ်"

"ဩော် ... ဟုတ်ကဲ့ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

နေသတိုးရ စကားမမှားရအောင် ခေါင်းကလေးညိတ်လိုက်၊ ဟုတ်ကဲ့ခင်ဗျ လုပ်လိုက်နှင့် သတိထားပြောနေသည့် အချိန်မှာပဲ အသက်မရှူနိုင် မကယ်နိုင် ဖြစ်နေတဲ့ မဏိမျက်နှာလေးကိုကြည့်ပြီး သူပါ အသက်ရှူ မဝသလိုကြီး ဖြစ်သွားပါသည်။

မဏိမေမေကတော့ အခုချိန်အထိ စကားတစ်ခွန်းမှ ဝင်မပြောဘဲ သူနဲ့ မဏိကို တိတ်တဆိတ် အကဲခတ်နေတာမို့ ကျွန်တော်ပိုပြီး ဆယ်ထားရသည်။

"ရန်စရှိတဲ့နေရာကို သူ သိတယ်တဲ့ မေရဲ့၊ သူ့ကိုမေးကြည့်ပါဦး"

မဏိမေမေရဲ့စကားကြောင့် မဏိရဲ့တောင့်မတ်နေတဲ့ ကိုယ်လုံးကလေး ဆတ်ခနဲတုန်ယင်သွားကာ သူ့ကို မျက်လုံးဝိုင်းဝိုင်းကလေးကို ပိုပြီး ဝိုင်းသထက်ဝိုင်းအောင် ပြူးပြလာတာမို့ သူ ရယ်ချင်စိတ်တွေကို မနည်းမျိုသိပ်လိုက်ရပါသည်။

"ဟုတ်ကဲ့ ... ဟို သိတော့ သိပါတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ သိတယ် အန်တီရဲ့၊ စောစောက သူ အဲဒါပြောပြနေလို့ တံခါးဝမှာ ကြားနေတာ သူ လာပြောတာပဲ ကျေးဇူးတင်နေရတာ၊ မပြောချင်ပါဘူး





ဦးနေသတိုးရရယ်၊ ရန်ခနဲ့ မဏိက အဲဒီလိုပဲ တကျက်ကျက် ရန်ဖြစ်ကြတာ၊ ဒီတစ်ခါတော့ သူ တော်တော်စိတ်ဆိုးသွားတာ ဦးနေသတိုးရရဲ့ ... အဟင်း"

မဏိက သူ့အရှေ့ကနေ စကားကို တွန်းပြောပြီး မလုံမလဲ မျက်နှာလေးနဲ့ တဟင်းဟင်း ရယ်မောနေလေသည်။

မဏိကတော့ သူမစကားနဲ့သူမ ဘာမှမရိပ်မိ။ သူကတော့ မဏိပြောနေတာကို မျက်နှာကြီး စူတင်းလာတဲ့အထိ မျက်မှောင်ကြီးနှစ်ဖက် တွန့်ကြုတ်ကြည့်လာတဲ့ မဏိမေမေကို အကဲခတ်မိသွားကာ မဏိ ပါးစပ်ကလေးကို ထိန်းသိမ်းဖို့ စားပွဲအောက်က မဏိခြေထောက်ကလေးကို သူ့ခြေထောက်ကြီးနဲ့ လှမ်းဖိအုပ်ပစ်လိုက်သည်။

သူ လှမ်းဖိအုပ်လိုက်တာကို မဏိက ဆတ်ခနဲ ကိုယ်လုံးကလေး တုန်သွားပြီးမှ မျက်မှောင်ကလေးနှစ်ခု တွန့်ကြုတ်သွားပြီး သူ့ခြေထောက်အောက်က သူမခြေထောက်ကလေးကို ခပ်ဆတ်ဆတ်ကလေး ဆွဲထုတ်ယူလိုက်တာ သိလိုက်ရပါသည်။

မဏိ ခြေထောက်ကလေး သူ့ခြေထောက်မှ လွတ်သွားတာနဲ့ တစ်ပြိုင်နက် ...



www.burmeseclassic.com

www.burmeseclassic.com



"အား ... အမယ်လေးတော်၊ အန်တီ့ခြေထောက်ကို ဘယ်သူ့ခြေထောက်နဲ့ ပေါက်လိုက်တာလဲ၊ နာလိုက်တာတော်၊ သေပါပြီ၊ ကျွတ် ... ကျွတ်"

နေသတိုးရ မျက်လုံးပြူးကြီးနဲ့ မဏိကို အလန့်တကြား ကြည့်လိုက်မိတော့ မဏိက ပျာပျာသလဲ ရန်ခ မေမေကို တောင်းပန်လိုက်ပါသည်။

"အို ... ကန်တော့၊ ကန်တော့ပါ အန်တီ၊ အဲဒါ မဏိ ပေါက်လိုက်မိတာ၊ မဏိ ခြေထောက်တွေ ကျင်လွန်းလို့ အန်တီ့ခြေထောက်နဲ့ လွတ်တယ်အောက်မေ့လို့ ပေါက်လိုက်မိတာ၊ အန်တီ သိပ်နာသွားသလားဟင်၊ မဏိ တောင်းပန်ပါတယ်"

"ကြည့် ... မိချွေမဏိတို့ကတော့ လုပ်လိုက်ရင်ဖြင့် အရမ်းပဲ၊ ဘာမှ ရှေ့မကြည့် နောက်မကြည့်နဲ့၊ မေ ငါ ဆေးသွားယူလိုက်ဦးမယ်၊ ခြေထောက် တော်တော်နာသွားသလားဟင်"

"နာတော့ နာတယ်၊ အဟင်း ... ရပါတယ်"

"အန်တီရယ်၊ မဏိ အားနာလိုက်တာ၊ တော်တော်နာသွားမှာပဲနော်"





မဏိက ဆိုဖာပေါ်မှ ပျာပျာသလဲထကာ ရန်ခမေမေ၏ ခြေထောက်ကို ဆုပ်နယ်ပေးလိုက်လေသည်။ မဏိ အာရုံက မဏိ သူ့ခြေထောက်မှတ်လို့ ခြေထောက်နဲ့ တအားလွှဲပေါက်လိုက်တဲ့ ရန်ခအမေ ခြေထောက်အပေါ် စူးစိုက်ရောက်ရှိသွားကြသည်။

ရန်ခမေမေကို ဆေးလိမ်းဖို့ မဏိမေမေ ဆေးဘူးသွားယူနေချိန်မှာ မဏိက ရန်ခမေမေ ခြေထောက်ကလေးကို ကျွတ်တစုတ်စုတ်နဲ့ ကိုင်တွယ်ပွတ်သပ်ပေးနေရင်းမှ အဲဒီအန်တီကြီးအလစ်မှာ သူ့ကို ရယ်ကျဲကျဲနဲ့ မျက်စကလေး တစ်ချက်ပစ်ပြလိုက်သေးသည်။

တိုးတိုးတိတ်တိတ် နေပေးဖို့ အချက်ပြလိုက်တဲ့ မဏိ မျက်နှာကလေးကို သူ အသည်းယားစွာဖြင့် လှကွယ်ရင်ပိတ်နမ်းပစ်ချင်စိတ်ကလေးတောင် ဖြစ်သွားရသည်။

ကလေးဆန်လွန်းတဲ့ မဏိ မျက်နှာလေးကို သူက ရွှန်းစိုတောက်ပတဲ့ မျက်လုံးညိုကြီးတွေနဲ့ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်မိသည်။

"ရပါတယ် သမီးရယ်၊ မတော်လို့ ဖြစ်တာပဲ၊ ပြန်ထိုင်၊ ဆိုဖာမှာ ပြန်ထိုင်ကြကွယ်"

"အန်တီ သိပ်နာသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ခမေမေက ခြေထောက်နာကျင်တာတွေကို ကြိတ်မှိတ်မျိုသိပ်ထားပုံဖြင့် ရှုံ့ရှုံ့မဲ့မဲ့ သူ့မျက်နှာကြီးကို အစွမ်းကုန်ပြုံးချိုကာ ...

"မနာပါဘူး သမီးရယ်၊ ဘာမှစိတ်ပူမနေနဲ့"

နေသတိုးရက အိုက်တင် သိပ်ကောင်းလွန်းတဲ့ မဏိ မျက်နှာလေးကိုကြည့်ပြီး ရယ်ချင်စိတ်တွေကို မနည်းမျိုသိပ်ထားရသဖြင့် မျက်နှာကြီးက လိုတာထက်ပိုပြီး တင်းတည်နေတာကို မဏိက ရိပ်မိသွားပြီး လုပတဲ့ မျက်စောင်းကလေးဖြင့် တစ်ချက်ဝှေ့လိုက်တာမို့ သူ့နှုတ်ခမ်းကြီးတွန့်ပြီး မဏိကို စိုက်ကြည့်လိုက်မိသည်။

"တူ တူ တူ"

သူ မဏိကို နွေးထွေးသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်နေဆဲမှာပဲ စားပွဲပေါ်တင်ထားတဲ့ ဟန်းဘက်အိတ်အနက်ထဲမှ hand phone မြည်သံလေးကြောင့် မဏိ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ အိတ်ထဲက hand phone ကလေးကို ဆတ်ခနဲဆွဲထုတ်ယူလိုက်လေသည်။

"အန်တီ ... ဒါ ရန်ခဖုန်းပဲနေမယ်၊ အန်တီဖုန်းကို မဏိပဲ ကိုင်လိုက်မယ်နော် အန်တီ"





"အေး ... အေး သားဖုန်းဆိုရင် သမီး သားကို ပြန်လာဖို့ ပြောလိုက်ပါဦး"

"ဟုတ်ကဲ့၊ ဩော် ... ဦးနေသတိုးရဲ့ ခဏနော်"

မဏိက ဣန္ဒြေမဆံယ်နိုင်အောင် ပျာယာခတ်နေပြီး hand phone ကလေးကိုကိုင်ကာ အိပ်ခန်းဘက်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်ဝင်လိုက်သည်။ အိပ်ခန်းထဲ ရောက်တာနဲ့ မဏိက အန်တီ့ hand phone ကလေးကိုဖွင့်ပြီး ဖုန်းမှာပေါ်နေတဲ့နံပါတ်ကိုကြည့်တော့ ထင်ထားသလို ရန်ခ ဖုန်းနံပါတ်ဖြစ်နေတာမို့ မဏိ ဝမ်းသာအားရ ဖြစ်သွားရပါသည်။

"ဟယ်လို ... ရန်က၊ ငါပါ၊ အန်တီ ... အန်တီ ..."

အန်တီ့ခြေထောက် မကောင်းလို့လို့ ပြောတော့မည့်ဆဲဆဲ ပါးစပ်ကြီးကို မနည်းဘာရိတ်အုပ်လိုက်ရသည်။ ရန်ခ အိမ်ကို ချက်ချင်းကြီး ပြန်လာလို့ မဖြစ်သေး။

ဒီမှာ ဦးနေသတိုးရဲ့ ရောက်နေတာမို့ လိမ်ထားတဲ့ အထုပ်ကြီး ပေါ်ကျသွားလို့မဖြစ်။

"ဟင် ... မေမေ ... မေမေ ဘာဖြစ်လို့လဲ"

"ဩော် ... နင့်ကို သတိရနေတယ်လို့ ပြောမလို့ပါ၊ အန်တီက နင့် လုပ်ရပ်တွေကို စိတ်မချမ်းမသာ ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ လာမလုပ်စမ်းပါနဲ့"

"ရန်ခနော် ... နှင် ငါ့ကို တကယ်ပြတ်ချင်ပြီလား"

မဏိက မူနွဲ့နွဲ့အသံကလေးနဲ့ ရန်ခကို ပြောလည်းပြော၊ ခြေထောက်ကလေးကပါ ဆိုးနေကျအတိုင်း ခပ်ဆောင့်ဆောင့်ကလေး ဆောင့်မိသွားလေသည်။

"အပိုတွေ မပြောစမ်းပါနဲ့၊ ငါ အိမ်ကိုပြန်လာဖို့ စိတ်ကူးရှိအောင် နှင် စဉ်းစားထား"

"ဟင် ... ငါက ဘာစဉ်းစားရမှာလဲ ရန်ခရဲ့"

"ဘာရမလဲကွ"

ရန်ခ အော်သံက မဏိ နားထဲ စူးခနဲ ဆောင့်ဝင်သွားရသည်။ မဏိ စိတ်ဆိုးအောင့်မျက်ကာ ရန်ခကို ပြန်အော်ပစ်လိုက်မိသည်။

"ရန်ခ"

"တော်ပြီကွ၊ ငါ နှင်နဲ့ဖုန်းပြောဖို့ စိတ်ကူးမရှိဘူး"

"ရန်ခနော်၊ အေး ... နောက်မှ နောင်တမရနဲ့၊ အနီးဆုံးလူက အဝေးဆုံးလူဖြစ်ချင်ရင် ငါနဲ့ပြိုင်ကြည့်လိုက်လေ"

ရန်ခ ခဏငြိမ်သက်သွားပြီးမှ ကျစ်တစ်ချက် ရုတ်လိုက်သည်။





"ဒါဆို နှင် ငါ့ကို ချစ်တယ်ပေါ့"

"ရန်ခကလည်းနော်၊ ဟိုလေ ... ငါပြောတာက ဒီလိုဟာ၊ ငါ နှင့်ကို စဉ်းစားပေးမယ်လေဟာ"

"ငါက နှင် စဉ်းစားပေးမယ်ဆိုတာနဲ့ ဘာလုပ်ရမှာလဲ"

ရူအောင့်အောင့်ကြီး ပြောလာသည့် ရန်ခစကားသံလေးတွေက မဏိ နှလုံးသားလေးကို နွေးခနဲ လှိုက်ဖိုတုန်ယင်သွားပါသည်။

ကျွတ် ... ရန်ခ တစ်ယောက်ဟာလေ လည်မလိုနဲ့ သိပ်အ,တာပဲ၊ နှင် တစ်သက်လုံး အတူနေလာခဲ့တဲ့ ငါ့စိတ်ဓာတ်ကို နှင် နားမလည်တာ ငါ သိပ်အံ့ဩတယ်။

ဒီအချိန်မှာ ငါ နှင့်ကို ရင်မဆိုင်ရဲလောက်အောင် ရှက်ရွံ့နေခဲ့တာ နှင် နားမလည်ဘူးလား ရန်ခရယ်။

မဏိ ရင်ထဲက စကားတွေကို ရန်ခ နားလည်မည်ထင်။

"ငါပြောတာ ကြားလား မဏိ"

"ကြားပါတယ် ရန်ခကလည်း၊ အခု နှင် ဘယ်မှာနေတယ်ဆိုတာ ငါ့ကိုပြောပြလေ၊ ပြီးတော့မှ နှင် ပြန်လာချင်တဲ့အချိန် ပြန်လာ၊ ဒီမှာ အန်တီတို့ စိတ်ပူနေတာ၊ နှင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာလေး သိတော့ စိတ်ချမ်းသာသွားတာပေါ့၊ ပြီးတော့ ငါလည်း နင့်ကို အရမ်းလွမ်းတယ်"

"ချစ်သူလို လွမ်းတာလား"

"ဟာ ... အာ ... နင်ကလည်း"

"ငါမေးတာဖြေ၊ ငါ့ကို ချစ်သူလို ချစ်လား၊ ချစ်သူလိုလွမ်းလား"

ခပ်ပြတ်ပြတ် မေးလာသည့် ရန်ခ စကားတွေကြောင့် မဏိ မျက်လုံးကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားတဲ့အထိ ထိတ်လန့်ရင်ခုန်သွားရလေသည်။ တော်တော်အကျပ်ကိုင်တဲ့ ရန်ခ။

အေးလေ ... နင်က အကျပ်ကိုင်တော့လည်း ငါက လည်း နင့်အသည်းနှလုံးကလေး ဖြောင်းဆန် လှုပ်ရှားသွားမဲ့ စကားမျိုး ပြောရသေးတာပေါ့ဟာ။

"ဘယ်လိုမှ မလွမ်းတော့ဘူး၊ ငါ အခု ဘာလုပ်နေတယ် ဆိုတာ စိတ်မဝင်စားဘူးလားဟင်၊ ငါလေ ဦးနေသတိုး‌ရဲ့ ကုမ္ပဏီမှာ ဒီနေ့ အလုပ်စဝင်လိုက်ပြီ၊ အဲဒီလူကြီးက ငါ့ကို အရမ်းဦးစားပေး ... ဟာ ... ရန်ခ ... အာ ... ဒုက္ခပါပဲ"

ရန်ခ ရင်ထဲ တနုံ့နုံ့ ဖြစ်သွားအောင် ကလိလိုက်ခါမှ အခုတော့ ဖုန်းပိတ်သွားပြီဖြစ်တဲ့ ရန်ခ လုပ်ရပ်ကြီးကြောင့်





မဏိမှာ စိတ်ပျက်လက်ပျက်နဲ့ ကျစ်တစ်ချက်စုတ်ပြီး ဖုန်းကလေးကို ပြန်ပိတ်လိုက်ရသည်။

ရန်ခ တစ်ယောက်ဟာ ဘာဖြစ်လို့များ ဦးနေသတိုးရဲ့ အသည်းအသန် သဝန်ကြောင်ရတာလဲ မသိ။

ရန်ခ သဝန်ကြောင်မယ် ဆိုရင်လည်း ဦးနေသတိုးရဲ့ အပြုအမူတိုင်းဟာ သဝန်ကြောင်စရာ ကောင်းပါသည်။

နုပျိုချောမောလွန်းတဲ့ အသက်သုံးဆယ်ကျော် ကုမ္ပဏီပိုင်ရှင် လူကြီးတစ်ယောက်က နှစ်ဆယ်စွန်းရုံလေး ရှိသေးသည့် မဏိကို စိတ်ဝင်စားခဲ့တာ မဏိ အံ့သြမယုံနိုင်အောင် ဖြစ်ခဲ့ရသည်။

အခုလည်းပဲ မဏိ အလုပ်မဆင်းတော့ဘူး ဆိုတာနဲ့ မဏိ အိမ်ကို လိုက်လာခဲ့တာ အတော်အံ့သြဖို့ကောင်းပါသည်။

အား ... ရှုးချင်ပါတယ် ဦးနေသတိုးရရယ်၊ ရှင့်ကြောင့်လည်း မဏိ ရင်ထဲမှာ မွန်းကျပ်ရပါတယ်။

ရန်က ဖုန်းပိတ်သွားတာကို မဏိက အန်တီနဲ့မေမေ့ကို တစ်နည်းနည်းဖြင့် လိမ်လည်ပြီး ဦးနေသတိုးရဲ့ အပြင်ထွက်ဖို့ အကြံထုတ်ကာ ဖုန်းကလေးကိုကိုင်ပြီး ဧည့်ခန်းဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဏိ လျှောက်လာတာကို ဦးနေသတိုးရက မျက်နှာတည်တည်ကြီးနဲ့ လှမ်းကြည့်လာချိန် မဏိက ကိုယ့်အတွေးနဲ့ကိုယ် သဘောကျပြီး ဦးနေသတိုးရနဲ့ မေမေတို့ကို လွတ်လွတ်လပ်လပ်လေး ရယ်ပြလိုက်မိသည်။

"အဟင်း ဟင်း ... မေမေတို့ ရန်ခအတွက် ဘာမှစိတ်မပူတော့နဲ့ သိလား"

မဏိ ဖန်တီးအကွက်ဆင်ဦးမှာကို လူကြီးနှစ်ယောက်ကတော့ နားမလည်ရှာ။ ဦးနေသတိုးရကတော့ မဏိ ရယ်လိုက်တာကိုကြည့်ပြီး နားလည်သွားပုံဖြင့် မျက်နှာကြီး ပြုံးဖြီးဖြီးကြီးဖြစ်သွားလေသည်။

"အန်တီ ... ဒီမှာ အန်တီ့ဖုန်း၊ မဏိနဲ့ ဦးနေသတိုးရ ရန်ခဆီ သွားလိုက်ဦးမယ်၊ ရန်ခ Cafe ဆိုင်မှာ ထိုင်နေတာတဲ့၊ မဏိနဲ့ စကားပြောပြီးမှ မဏိ အိမ်ကို ပြန်ခေါ်လာခဲ့မယ် သိလား အန်တီ။ မေမေ မဏိတို့ သွားလိုက်ဦးမယ်နော်"

"ရွှေမဏိတို့ကတော့ ရှုပ်ယှက်ကို ခတ်နေတာပဲ၊ ဘာမှန်းကို မသိဘူး"





မေမေက မဏိနဲ့ ဦးနေသတိုးရကိုကြည့်ပြီး မကြည်မလင် မျက်နှာပေးကြီးဖြင့် တစ်ဖက်သို့ မျက်နှာလှည့်သွားလေသည်။ မဏိကတော့ မေမေ့အလစ်မှာ ဦးနေသတိုးရကို ချက်ချင်းထဖို့ အချက်ပေးတဲ့ မျက်စကလေးပစ်ပြပြီး မဏိ ကိုယ်တိုင်ကလည်း မေမေတို့နဲ့ မြန်မြန်ဝေးဖို့ ခြေလှမ်းသွက်သွက်ကလေးဖြင့် အခန်းတံခါးဆီသို့ လျှောက်လာခဲ့တော့သည်။

နေသတိုးရကတော့ လူကြီးပီပီ ဣန္ဒြေရရ တည်တည်တံ့တံ့ပင် မဏိမေမေနဲ့ ရန်ခမေမေကို ခေါင်းညွှတ်နှုတ်ဆက်လိုက်ပါသည်။

"အန်တီတို့ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျ"

"ဪ ... အေး ... အေး၊ နောက်လည်း အိမ်ကိုဝင်ထွက်သွားလာပါကွယ်၊ သားရဲ့မိတ်ဆွေဆိုတော့လည်း အန်တီတို့ရဲ့မိတ်ဆွေပဲပေါ့"

ဘာမှမသိဘဲ စွတ်ပြောနေတဲ့ ရန်ခ မေမေ့စကားတွေကို သူ မရယ်မိအောင် နှုတ်ခမ်းကြီး စေ့ကြိတ်လိုက်ပြီး မဏိအနောက်မှ ခြေလှမ်းကျဲကြီးတွေနဲ့ ခပ်သွက်သွက် လိုက်လာခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ကျွိ ... ကျွိ"

ဦးနေသတိုးရ ရုံးခန်းမှန်တံခါးကို ရိုမှတ်ကွန်ထရိုး လေးနဲ့ လှမ်းဖွင့်လိုက်တာကို မဏိ အေးအေးကလေး စောင့်ကြည့် ရင်း မဏိကိုယ်မဏိ အံ့ဩသွားရပါသည်။

မမျှော်လင့် မထင်မှတ်ဘဲ တစ်ဦးတည်းသော သူဌေး သမီးကလေး မဏိရွှေခ တစ်ယောက် ကုမ္ပဏီပိုင်ရှင် ဦးနေသတိုးရ ရဲ့စက္ကူထေရီလေး ဖြစ်သွားရလေပြီ။

စခဲ့မိတဲ့ ဓာတ်လမ်းတစ်ခုက မဏိကိုပဲ ပြန်ပြီးဒဏ် ခတ်ခဲ့တာမို့ မဏိ စိတ်ပျက်ညစ်ညူးစွာဖြင့် ဦးနေသတိုးရကို ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။





ဦးနေသတိုးရကတော့ မဏိကို ကစားစရာ အရုပ် ...သးတစ်ရုပ်နဲ့ ကစားနေရသလို မျက်နှာကြီးက ကြည်မွေ့ကာ ...ဏိ မျက်နှာလေးကို အပြုံးတွေကြိုင်နေသည့် မျက်လုံးကြီးဖြင့် ...ပ်နွေးနွေး စိုက်ကြည့်ပြီး မဏိ လက်ကလေးတစ်ဖက်ကို ဆွဲ ...ိုင်လျက် ရုံးခန်းထဲ လှမ်းဝင်လိုက်တာမို့ မဏိ ရင်ခုန်ထိတ်လန့် ...သွားရကာ သူ ဆွဲကိုင်လိုက်တဲ့ လက်ကလေးကို ဆတ်ခနဲရုန်းပစ် ...င်း သူ့လက်ကိုလည်း ခပ်ကြမ်းကြမ်း ပုတ်ထုတ်ပစ်လိုက်မိသည်။

"ဟ"

နေသတိုးရ မဏိကို အံ့ဩငေးကြောင်စွာ စိုက်ကြည့် ...ရင်း ရက်မျက်နှာရဲရဲကြီးဖြင့် ပြုံးလိုက်မိသည်။

ဆတ်ဆတ်ထိမခံတဲ့ ဆတ်ဆတ်ကြဲမလေးရဲ့ စိတ် ...ဓာတ်ကလေးကို သူ ပိုပြီး ချစ်ကြင်မြတ်နိုးသွားရသည်။

"ဟား ... မင်းက စွာသားပဲ၊ မင်း ကတိတည်တဲ့အတွက် ကိုယ် မင်းကို ကျေးဇူးတင်ပါတယ်"

ဂျင်းဘောင်းဘီရှည်ကလေးနဲ့ စပို့ရှပ်အဖြူကလေး ...ကို ဝတ်ထားပြီး hand phone ကလေး လည်ပင်းမှာချိတ်လျက် ...သူ့ကို မကြည့်မလင်ကြည့်ကာ ရုံးလာတက်တဲ့ ချစ်စိတ်မလေးကို ...သူရယ်ကျဲကျဲ စိုက်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ရွှေမဏိရဲ့၊ အားမနာပါနဲ့"

နေသတိုးရက သူ့အရှေ့မှာ မတ်မတ်ကလေး လက်ပိုက်ရပ်ကာ သူ့ကို မျက်မှောင်ကလေး ကုတ်ကြည့်လာတဲ့ မိန်းမချောကလေးကို အသည်းယားစွာ ဆွဲပွေ့မွှေ့ယမ်းပစ်လိုက်ချင်တော့သည်။

မနေ့က အလုပ်လုပ်ဖို့ ကတိစကား ပြောခဲ့တုန်းကတော့ သူမ မျက်နှာကလေးက ကြည်ကြည်လင်လင်လေးနဲ့ သူပြောသမျှ ခေါင်းကလေးညိတ်လို့။ မျက်လုံးကလေးက ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်ကာ ကလည်ကလည်နဲ့။

အခုတော့ သမင်မ မျက်လုံးလေးတွေနဲ့ သူ့ကိုရန်သူကြီးလို ခပ်စောင်စောင်လေး ကြည့်လာတော့ သူ့မှာ အသည်းတယားယားဖြင့် အားမလိုအားမရဖြစ်ကာ သက်မမောတွေ ကျိတ်ချလိုက်မိရင်း သူထိုင်နေကျ ဆုံလည်ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်ရသည်။

မဏိကတော့ သူထိုင်ခိုင်းတဲ့ ဆိုဖာရှည်မှာ ဝင်မထိုင်ဘဲ သူ့အရှေ့စားပွဲက ဆုံလည်ဆိုဖာမှာ ခပ်ဆတ်ဆတ်ကလေး ဝင်ထိုင်ပြီး သူ့ကို မကျေနပ်တဲ့ မျက်လုံးကလေးတွေနဲ့ မျက်စောင်းကလေး ခဲလာလေသည်။





သူက မဏိရဲ့အမူအရာကလေးကို ရင်ထဲမှာအရမ်းမြတ်နိုးသွားကာ မဏိ ထိုင်နေတဲ့ နေရာကလေးဆီ ခပ်သွက်သွက်ကြီး လျှောက်သွားလိုက်ပြီး မဏိ ခေါင်းကလေးကို ချစ်စနိုးနဲ့ လက်ဖဝါးဖြင့် ဖိအုပ်ကိုင်လိုက်ကာ ...

"ချစ်တိတ်နော်၊ ကိုယ့်ကို အသည်းယားအောင် မလုပ်နဲ့"

"ဦးနေသတိုးရနော် ... ဖယ်"

မဏိက ရှက်မျက်နှာလေးနဲ့ သူ့ကို မော့ကြည့်လာသည်။ မဏိရဲ့ရှက်မျက်နှာလေးကို သူ ပိုပြီးချစ်ကြင် မြတ်နိုးစိတ်ကလေးဖြင့် ငေးစိုက်ကြည့်လိုက်မိကာ ရင်ထဲကလာတဲ့ အသံနဲ့ မဏိကို ခပ်တိုးတိုးကလေး ခေါ်လိုက်မိသည်။

"မဏိ"

"... ... ..."

"ချစ်တိတ်"

နွေးထွေးကြင်နာတဲ့ ရင်ထဲက ခံစားမှုတွေကို သူ ဘယ်လိုမှ မျိုသိပ်ထားလို့မရအောင် မဏိကို ချစ်မြတ်နိုးသွားရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ် မရည်ရွယ်ဘဲ မဏိ ပခုံးကလေးကို လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်းကြီး ဆုပ်ကိုင်လိုက်မိပြီးခါမှ မဏိရဲ့ ခပ်စိမ်းစိမ်း အကြည့်တွေနှင့်အတူ သူ့ကိုယ်လုံးကြီးကို ဆောင့်တွန်းခြင်း ခံလိုက်ရသဖြင့် အနောက်သို့ သူ့ကိုယ်လုံးကြီး ယိုင်ကျသွားလေသည်။

"အ"

"ဦးနေသတိုးရနော်၊ မဏိကို အဲဒီလို ဆက်ဆံတာ၊ မဏိ မကြိုက်ဘူး၊ ဖယ် … လွှတ်၊ ရှင့်ကို လူကြီးလူကောင်းလို သတ်မှတ်လို့ မဏိ ရှင်နဲ့ကတိလုပ်ခဲ့တာ၊ ဒါကို ရှင်က အခွင့်ကောင်းယူ …"

"တော်ပါတော့ မဏိရယ်"

"ဒုတ် … အ"

မဏိက သူ့မျက်နှာကြီးဆီ ခေါင်းကလေးခါပြီး ဆတ်ဆတ်ခါ ရန်းပစ်လိုက်တာမို့ သူ့ပါးစပ်ကြီးနဲ့ သူမခေါင်းကလေး ပြေးဆောင့်မိသွားကာ နှုတ်ခမ်းတွေ ထူထုံသွားတဲ့အထိ နာကျင်သွားတဲ့အဖြစ်ကို ရှက်ရွံ့စွာ ခံစားလိုက်ရသည်။

မဏိကိုလည်း ရီဝေလေးနက်တဲ့ မျက်ဝန်းညိုကြီးတွေနှင့် ငေးခနဲ စိုက်ကြည့်လိုက်မိပြီး သွေးကြောကလေးတွေ ယှက်





ဖြာနေသည့် မဏိ ပါးပြင်ကလေးကို လက်ဖဝါးကြီးဖြင့် ဖွဖွကိုင်ကာ ရင်ထဲက စကားတွေကို ရုတ်တရက်ကြီး ဖွင့်ပြောလိုက်မိသွားပါသည်။

"ကိုယ့်ကို ကတိဆိုတဲ့ စကားလုံးနဲ့ လာပြီး မပိတ်ပင်ပါနဲ့ကွာ၊ ကိုယ် မနေ့က မဏိနဲ့ အလုပ်ဖြစ်မြောက်ဖို့ မဏိ အခုလို ကိုယ့်ဆီကိုရောက်လာဖို့ ကတိလုပ်ခဲ့ရတာ၊ ကတိ စကားလုံးရဲ့နောက်ကွယ်မှာ မဏိ ဂုဏ်သိက္ခာကို ထိပါးစော်ကားဖို့ ကိုယ် ဘာမှမရည်ရွယ်ဘူး …

"ကိုယ် မဏိနဲ့ တွေ့ဆုံခဲ့တဲ့ ကာလက မြန်ပေမဲ့ ကိုယ့်ရင်ထဲက အချစ်တွေက ဘာနဲ့မှနှိုင်းလို့မရဘူး မဏိ၊ ကိုယ် မင်းကို မြင်မြင်ချင်း သိပ်ချစ်တယ်၊ ကိုယ့်အချစ်တွေကို မင်း ယုံကြည်လက်ခံပေးပါနော်"

ဦးနေသတိုးရရဲ့ စကားလုံးတွေအောက်မှာ မဏိမနေတတ် မထိုင်တတ်နဲ့ မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်းသွားရသည်။

မမျှော်လင့်ဘဲ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ အနီးကပ်ဆုံး ချစ်ခွန်းခြွေသံတွေအောက်မှာ မဏိ မလှုပ်မယှက် ငြိမ်နေခဲ့ပြီးမှ ဦးနေသတိုးရရဲ့ ကြင်နာရွှေးထွေးတဲ့ မျက်လုံးအကြည့်တွေကို ရင်မဆိုင်ရဲတော့ဘဲ ခေါင်းကလေးကို ငုံ့ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသတိုးရရယ် ... မဏိ နှလုံးသားထဲကို ရှင် ဝင်ရောက်နေရာယူလို့ မရတော့ပါဘူး၊ မဏိမှာ ရန်ခ ရှိနေခဲ့ပြီ လို့ မဏိ သူ့ကို ဖွင့်မပြောရက်ချေ။

ဦးနေသတိုးရရဲ့ အချစ်တွေကို မဏိ ယုံကြည်ခဲ့မိ ပေမဲ့ မဏိမှာ ရန်ခ တစ်ယောက်လုံး ရှိနေတယ်ဆိုတဲ့ အသိစိတ် ကလေးက မဏိ နှလုံးသားထဲမှာ အမြဲနွေးထွေး ရင်ဖိုနေခဲ့တယ် ဦးနေသတိုးရရယ်။ မဏိကို ခွင့်လွှတ်ပါနော်။

"မဏိ ကိုယ်ပြောတာကို နားထောင်နေတယ်မို့လားဟင်"

ရက်သွေးလေးတွေ စို့တက်သွားတဲ့ မဏိမျက်နှာ လေးကို အချစ်ခိုးတွေ ပြည့်လျှံနေတဲ့ မျက်ဝန်းအစုံဖြင့် ငေးစိုက် ကြည့်ရင်း မဏိ မျက်နှာကလေးကို အကြင်နာ အနမ်းနနကလေး တွေ ပေးအပ်ချင်စိတ်ကလေးတွေကို မျိုသိပ် ထိန်းချုပ်ထားရ သည်။

သူ့ကို မဏိ အထင်သေးသွားမှာကို သူ အကြောက် ဆုံးဖြစ်သည်။

"ကိုယ် အခုလို ရုတ်တရက်ကြီး ဖွင့်ပြောလိုက်တာ မဏိ ကိုယ့်ကို အခွင့်ကောင်းယူတဲ့ လူကြီးလို့ ထင်မှာစိုးလို့ ကိုယ် မဏိကို မြတ်မြတ်နိုးနိုး ချစ်တဲ့အကြောင်း ဖွင့်ပြော





ရတာပါ၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့နော်၊ ကိုယ် မဏိကို အရမ်းချစ်တယ်ကွာ၊ ကိုယ့်ကို စကားလေး ပြန်ပြောပါဦး မဏိရယ်"

"ဟင့်အင်း"

"မငြင်းပါနဲ့ မဏိရယ်၊ ကိုယ် ... ကိုယ် ဘယ်မိန်းကလေး ကိုမှ မချစ်ခဲ့ဖူးပါဘူး၊ အခု အသက်သုံးဆယ့်နှစ်အထိ ဘယ်မိန်းကလေးကိုမှ လက်ထပ်ချင်စိတ်ဖြစ်အောင် မချစ် ခဲ့ဖူးပါဘူး၊ ကိုယ် ကျိန်ဆို ကျိန်ရဲပါတယ်၊ ကိုယ့်ကိုယုံ ပါနော် မဏိ"

"အို ... ဒါတွေ ... ဒါတွေ လာပြောမနေပါနဲ့နော်၊ အခု မှ မဏိက ရှုံးစတက်တာနော်၊ ဒါ ရှင် အကျပ်ကိုင်ပြီး ခြိမ်းခြောက်လို့ မဏိက ရှင့်ဆန္ဒကို လက်ခံပြီး ရှင့်ရဲ့စက္က ထေရီအယောင်ဆောင် လုပ်ရမှာ၊ မဏိ ဘာစာရင်းမှလဲ မစစ်ဘူး၊ ကတိအတိုင်းပဲနော်၊ မဏိကို ထပ်ပြီးအကျပ်မ ကိုင်ပါနဲ့၊ ကတိအတိုင်းပဲ မဏိ အေးအေးဆေးဆေးလွတ် လွတ်လပ်လပ် နေမှာပဲ၊ မဏိကို မနှောင့်ယှက်ပါနဲ့"

"ဒါ ... ကိုယ် နှောင့်ယှက်တာ မဟုတ်ဘူး မဏိ၊ အဲဒါ မဏိ ကိုယ့်ကို သက်သက်အထင်လွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မဏိ တကယ် ငိုချင်စိတ် ပေါက်သွားရအောင် စိတ်ထဲမှာ ကျဉ်းကျပ်ရှုပ်ထွေးသွားရသည်။

အခုထိ မဏိအရှေ့က တစ်လက်မမှ မခွာဘဲ မဏိ မျက်နှာကိုပဲ စက္ကန့်မလပ် မမိုတ်မသုန် စိုက်ကြည့်နေတဲ့ လူကြီး ရဲ့အကြည့်ရဲရဲတွေက မဏိ နှလုံးသားလေးကို ရပ်တန့်ငြိမ်သက် သွားအောင် ညှို့ယူဖမ်းစားသွားပါသည်။

မဏိ သူ့ကို ဘာစကားမှ ပြန်မပြောမိတော့ဘဲ မျက်မှောင်ကလေး တွန့်ကြုတ်ကာ နှုတ်ခမ်းသားလေးတွေကို ဖွ ကလေး ဖိကိုက်ထားလိုက်သည်။

"ကိုယ့် နှောင့်ယှက်တာ မဟုတ်ဘူးဆိုတာ မဏိ လက်ခံ လား"

အခုထိ မဏိအရှေ့က လှည့်မသွားသေးဘဲ မဏိဆီ က စကားတုံ့ပြန်မှုကို ငံ့လင့်နေတဲ့ ဦးနေသတိုးရကို မဏိ စိတ် ပျက်ညည်းညူးစွာ မော့ကြည့်လိုက်မိသည်။

"ဘာဖြစ်နေတာလဲ၊ ရှင်က ကုမ္ပဏီပိုင်ရှင်နော် ဦးနေ သတိုးရ"

"သိတယ်၊ ဒါပေမဲ့ ကိုယ် အခု အလုပ်ကိစ္စ ဆွေးနွေးနေ တာ မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ ကြာကြာမမျိုသိပ်နိုင်





ခံစားချက်ကို ဖွင့်ပြောပြတာ၊ အဲဒါကို ညည်း လက်ခံသလား လို့ မေးတာ"

"လက်မခံဘူး"

မဏိက ဆတ်ဆတ်ကလေး ပြန်ပြောလိုက်တာမို့ သူ့အသည်းထဲ ဆတ်ဆတ်ခါ နာကျင်သွားရသည်။

အံကို တင်းခနဲဖိကြိတ်လိုက်ပြီး ရင်ထဲက ခံစားချက် တွေ လွှတ်ထွက်ပေါက်ကွဲသွားရလေပြီ။

မဏိ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ခါ ယမ်းပစ်လိုက်ကာ မဏိ မျက်လုံးတည့်တည့်ကို စိုက်ကြည့်ပြီး ...

"ပြန်ပြောစမ်းကွာ မဏိ"

"အို ... ရှင် ... ရှင်နော်၊ မဏိကို အဲဒီလို အကျပ်မကိုင်နဲ့၊ အဲဒီလို အကျပ်ကိုင်တဲ့လူကို မဏိ မုန်းတယ်၊ ရှင် အဲဒီလို အကျပ်ကိုင်လို့ မဏိ ရှင့်ကုမ္ပဏီမှာ သုံးလအလုပ်လုပ်ရမှာ၊ မဏိ အရမ်းစိတ်ညစ်တယ်၊ ကတိအတိုင်း ဦးနေသတိုးရ ကုမ္ပဏီမှာ မဏိ မနက်ပိုင်းအချိန်ပဲ လုပ်မှာနော်၊ ဒါတောင် မေမေတို့ကို လိမ်ပြောထားရတာ၊ ဖရန့်သင်တန်း သုံးလ တက်တယ်လို့ လိမ်ပြောထားတာ၊ အမှန်ကိုသိရင် မဏိကို ခွင့်လွှတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်လျှော့လိုက်ရပါသည်။

တင်းကျပ်စွာ ဆုပ်ကိုင်ထားတဲ့ မဏိ ပခုံးသားက လေးတွေကို သူ ခပ်ဖွဖွကလေး ဖြေလွှတ်ပေးလိုက်ရတော့သည်။

မျက်ရည်အဝိုင်းသားနဲ့ သူ့ကို ရန်တွေ့လာတဲ့ မဏိကို သူ ခပ်တည်တည် စိုက်ကြည့်လိုက်ပြီး စိတ်လှုပ်ရှားသွားတဲ့ ကိုယ့်ကိုယ်ကိုယ် သတိနဲ့ ထိန်းချုပ်ပစ်လိုက်ကာ နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ကြိတ်ပြီး သူမစားပွဲမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

နေသတိုးရ ကိုယ့်စားပွဲကိုလည်း ပြန်ထိုင်ဖို့ အင်အားမရှိတော့။ သူမနဲ့ လောလောဆယ် မျက်နှာချင်းဆိုင်ချင်စိတ်မရှိတော့။

ရင်ထဲမှာ မွန်းကျပ်ကြေကွဲနေသည်။

တကယ်တမ်း ကိုယ် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရတဲ့ ချစ်သူကို ရှာတွေ့လာတဲ့အချိန်မှ အချစ်ဆိုတဲ့ ခံစားချက်ကြီးကို ပူလောင်မှန်း သိလိုက်ရပါသည်။

မဏိရယ် ... မင်း ကိုယ့်ကို အခွင့်အရေးယူတတ်တဲ့ လူကြီးဆိုပြီး အထင်သေးနေတယ် မဟုတ်လား။





ကိုယ်ကတော့ ကိုယ့်ရင်ထဲက တကယ် ခံစားနေရတဲ့ ခံစားချက်တွေကို ဖွင့်ပြောခဲ့မိသွားပြီ။ မင်းနဲ့ကိုယ် တွေ့ကြတာ အရမ်းမြန်လွန်းနေခဲ့ပေမဲ့ ကိုယ် မျိုသိပ်မထားနိုင်တော့ မဏိရယ်။

အဲဒီလို ပွင့်လင်းမှုတွေက ကိုယ့်ကို အထင်သေးစရာ ဖြစ်သွားပြီလား။ မင်း ကိုယ့်မျှော်လင့်ချက်ကိုတော့ ရိုက်မချိုးပါနဲ့ကွာ။

နေသတိုးရ ရုံးခန်းထဲမှာ မဏိနဲ့ မျက်နှာချင်းဆိုင် ထိုင်တည်မနေနိုင်တော့ဘဲ စိတ်မကြည်လင်စွာဖြင့် အောက်ထပ်က ကုမ္ပဏီဝန်ထမ်းတွေဆီကို check လုပ်ဖို့ထွက်လာခဲ့ပါတော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၁၂

"ကိုယ် လိုက်ပို့ပေးမယ်"

"မဏိမှာ ကားပါသားပဲ"

မဏိ ရုံးချိန်သတ်မှတ်ထားတဲ့ တစ်မနက်တာဝန် ပြီးဆုံးသွားပြီမို့ မဏိကပြန်ဖို့တာစူနေချိန် ဦးနေသတိုးရ ရုံးခန်း တံခါးကို ဘွားခနဲရောက်လာတာဖြစ်သည်။

မဏိက သူ့ကိုမြင်လိုက်တာနဲ့တစ်ပြိုင်နက် မျက်လွှာကလေးကို သိမ်းပစ်လိုက်ပြီး သူ့အရှေ့ကလှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"သိတယ်လေကွာ၊ ဒါပေမဲ့ ကိုယ့်ကားနဲ့ အနောက်ကလိုက်ပို့မှာပဲ"





"ဟာ ... ဒုက္ခပါပဲ၊ မပို့ပါနဲ့ ရပါတယ်ဆို"

"မရဘူး၊ ကိုယ် လိုက်ပို့ပေးမှာပဲ လျှာမရှည်နဲ့"

မဏိမျက်နှာကလေး တင်းမာသွားရကာ ဦးနေသတိုးရကို ခပ်တည်တည် စိုက်ကြည့်ပစ်လိုက်သည်။

ယောကျ်ားတွေဟာ မိန်းကလေးတစ်ယောက်ကို ချစ်သွားခဲ့ပြီဆိုရင် ဘာဖြစ်လို့များ အသည်းအသန်ဖြစ်ခဲ့တာလဲမသိ။

ဦးနေသတိုးရရဲ့အချစ်တွေနဲ့ ရန်ခရဲ့အချစ်တွေဟာ ဘာကြောင့်များ တရကြမ်း မဏိနှလုံးသားကိုမှ လာပြီးရစ်ပတ်နှောင်ရတာလဲ။

ဦးနေသတိုးရရယ် ... ရှင် မဏိနှလုံးသားကို တနဲ့နဲ့ ဒဏ်ရာရအောင် နှိပ်စက်နေတာလားဟင် ...။

ရုတ်တရက် ငြိမ်ငြိမ်ကလေးငေးမောသွားခဲ့တဲ့ မဏိအရှေ့သို့ ဦးနေသတိုးရ လှစ်ခနဲရောက်လာပြီး မဏိလက်ကလေးကို ဆတ်ခနဲလှမ်းဆွဲလိုက်သည်။

"သွားမယ်လေ မဏိရဲ့၊ ဘာတွေစဉ်းစားနေတာလဲ"

မဏိ ဦးနေသတိုးရကို မျက်လုံးကလေးလှန်ကြည့်လိုက်ပြီး ရင်ထဲမှာ ဘာမှန်းမသိတဲ့ခံစားမှုတစ်ခု ဖြတ်ပြေးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ... မဏိ ဦးနေသတိုးရကို ချစ်နေခဲ့ပြီလား ...။

အို ... ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။ ငါ သူ့ကို အထင်ကြီးခဲ့တာ သူ စကားပြောတဲ့စတိုင်လ်တွေကို သဘောကျတာ။

ဒါဟာ အချစ်မဖြစ်နိုင်ပါဘူးနော်။

"ဦးနေသတိုးရ"

ငြိမ်ငြိမ်ကလေးနဲ့ သူ့ကိုစိုက်ကြည့်နေတဲ့ မဏိကို နေသတိုးရ ချစ်စနိုးနဲ့ ခေါင်းညိတ်မေးဆတ်ပြလိုက်သည်။

"ဦးနေသတိုးရ"

"ပြောလေ မဏိရဲ့"

"မဏိ ... မဏိဘာသာပြန်ပါ့မယ်၊ ဟိုလေ မဏိက အနေ ရုံးစတက်ရတဲ့သူဆိုတော့ ကုမ္ပဏီဝန်ထမ်းတွေက ဘာပြော မလဲ၊ ပြီးတော့ ဦးနေသတိုးရရဲ့ဂုဏ်သိက္ခာ"

"မဆိုင်လိုက်တာကွာ၊ ကိုယ်က မင်းကို ဝန်ထမ်းလို့သတ် မှတ်တာမှ မဟုတ်တာ"

"မဏိ စိတ်ကျဉ်းကျပ်အောင် မနှောင့်ယှက်ပါနဲ့ဆိုရင်နော်"





မဏိက ငိုတော့မလိုမျက်နှာပေးလေးဖြင့် ဦးနေသတိုးရကို ခပ်တည်တည်စိုက်ကြည့်ပြီး ရန်ခကို ဆိုးနွဲ့နေကျအတိုင်း ခြေထောက်နှစ်ချောင်းကို ဆောင့်ပေါက်ပစ်လိုက်သည်။

"ဟာ ... ဒါက ဘာဖြစ်တာလဲ"

"မလိုက်နဲ့ဆို မလိုက်နဲ့ပေါ့၊ လိုက်ရင် မဏိက မနေ့ကပေးထားတဲ့ကတိကို ဖျက်ပစ်မှာပဲ"

"ခြိမ်းခြောက်လိုက်တာ မဏိရယ်"

သူ့ကို ကတိစကားနဲ့ အကျပ်ကိုင်ခြိမ်းခြောက်ပြီး မကျေမနပ်မျက်လုံးကလေးဖြင့် မျက်စောင်းကလေးထိုးကာ လှည့်ထွက်သွားတဲ့ မဏိအနောက်သို့ သူ လိုက်ဖို့အင်အားမရှိအောင် ဖြစ်သွားရသည်။

ဟား ... တတ်လည်းတတ်နိုင်တဲ့ ကောင်မလေး။

အမျိုးမျိုးခြိမ်းခြောက်ဆိုးနွဲ့တတ်တဲ့ မိန်းမဆိုးကလေးကိုမှ သူက မြတ်မြတ်နိုးနိုး ချစ်ခင်တွယ်တာသွားခဲ့ပြီဖြစ်သည်။

တစ်နေ့နေ့မှာတော့ ...

မဏိ သူ့ကို လက်ခံအသိအမှတ်ပြုလာမှာပဲဆိုတာကို သူက သေချာပေါက်ယုံကြည်ထားခဲ့သည်။

www.burmeseclassic.com



မဏိ ရုံးဆင်းသွားတဲ့အချိန် နေ့တစ်ဝက်အတွင်းမှာပဲ သူ ကမ္ဘဏိရုံးထိုင်ချိန်ကို ပျင်းရိငြီးငွေ့စွာ ဖြတ်သန်းရဦးမည် ဖြစ်သည်။

✧ ❤ ✧





"မဏိကို အကျပ်မကိုင်ပါနဲ့ ဦးနေသတိုး၊ မဏိ အကျပ်ကိုင်တဲ့သူကို သိပ်မုန်းတယ်၊ ရှင်နဲ့ မဏိက အခုမှသိကျွမ်းခဲ့တာဆိုပေမယ့် မဏိကြောင့် ရှင် သိက္ခာမကျစေခဲ့ရင် မဏိ ရှင် တောင်းဆိုတာကို လိုက်လျောပေးမယ်၊ ဒါပေမဲ့ မဏိ ရုံးချိန်ကို တစ်နေ့ကုန်မနေနိုင်ဘူး၊ တစ်မနက်ပဲရုံးတက်မယ်၊ ရုံးတက်ချိန်ကို စာရင်းစစ်တာတို့ ဘာတို့လဲ မလုပ်နိုင်ဘူး၊ စာရင်းလေးတွေ ရေးမှတ်ရတာလောက်ပဲ လုပ်ပေးနိုင်မယ်၊ အဲဒါကို ဦးနေသတိုးရ ကျေနပ်ရင် မဏိ လုပ်မယ်"

မနေ့ကတောင်းဆိုခဲ့တဲ့ မဏိ တောင်းဆိုးမှုတွေကို သူက အလွယ်တကူ ခေါင်းညိတ်လက်ခံခဲ့သည်။

မဏိ အဲဒီလို ဦးနေသတိုးရ လက်ခံလိုက်တယ်ဆိုကတည်းက ရင်ထဲမှာ လွတ်လပ်မှုတွေ မရှိတော့သလိုကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကျဉ်းကျပ်ခဲ့တာ။ ဒီမနက်မှာတော့ ရင်ဖွင့်ချလိုက်တဲ့ သူ့ရဲ့ချစ်ခွန်းတွေကို မဏီ လက်တွေ့ကြားလိုက်ရပြီဖြစ်သည်။

သူဟာ ရန်ခလို ဖွတ်တရွတ်ဆန်တဲ့လူတစ်ယောက်ပဲ ဆိုတာကို မဏီ ထိတ်လန့်တုန်လှုပ်စွာသိလိုက်ရသည်။

လူကြီးလူကောင်းဆန်သလိုနဲ့ ရဲတင်းလွန်းတဲ့ ဦးနေ သတိုးရကို ရင်ထဲက အထင်ကြီးစိတ်တွေထားခဲ့မိတာ မဏီကိုယ် မဏီ အံ့သြသွားခဲ့ရသည်။

ဦးနေသတိုးရကို မဏီ နှလုံးသားလေးက မသိတဲ့ စိတ်ကလေးကနေ ငြိတွယ်သွားခဲ့တာများလား။

ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ ငါ ရန်ခကိုပဲ နှလုံး သားက လက်ခံအသိအမှတ်ပြုရမယ်။

ပြီးတော့ ရန်ခနဲ့ ငါဟာ နှစ်ဖက်မိဘသဘောတူထား ခဲ့တဲ့သူတွေ။ အခု သီတင်းကျွတ်ရင်တောင် လက်ထပ်ပေးမယ်လို့ အတိအလင်း ကြေညာထားခဲ့တာ။

ငါ ဦးနေသတိုးရကို စိတ်ဝင်စားလို့မဖြစ်ဘူး။ ငါ့ နှလုံးသားထဲမှာ ရန်ခတစ်ယောက်တည်းကိုပဲ နေရာပေးထားရမယ်။ ရန်ခကိုပဲ ငါ ချစ်ရမယ်။

"ကျွီး"





"အမေ့"

ကားကလေးကို ခပ်ဖြင်းဖြည်းမောင်းပြီး အတွေး တွေဖြင့် မဏီ ခပ်ငိုင်ငိုင်ကလေး ဖြစ်သွားတဲ့အချိန်မှာ မဏီ ကားရှေ့သို့ ကန့်လန့်ဖြတ်ဝင်လိုက်တဲ့ ကားတစ်စီးကြောင့် မဏီ ကားမောင်းနေရာမှ စတီယာရင်ကို ဖိကိုင်ပြီး ကြောက်လန့်တကြား မျက်လုံးကလေးတွေ တအားဖိမှိတ်ပစ်လိုက်သည်။

ကြောက်ရွံ့ထိတ်လန့်သွားတဲ့ အံ့သြမှုတွေနှင့် မဏီ ကားရှေ့မှာ ကန့်လန့်ဖြတ်ခဲ့လိုက်တဲ့ကားကို ဒေါသမျက်လုံးစိမ်း တွေနဲ့ ဖျတ်ခနဲ ဖွင့်ကြည့်လိုက်မိသည်။

"ဟင် ... ရန်ခ ... နင်"

"ဘာလဲ နင့်ရဲ့ခြေလှမ်းတွေကို ငါ သိနေလို့ အံ့သြသွား တာလား"

"ဟာ ... နင်ကလည်း အသားလွတ်ရန်ထောင်မနေစမ်းပါ နဲ့"

သုံးရက်လုံးလုံးပျောက်ချက်သားကောင်းနေတဲ့ ရန်ခ ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် မဏီ မျက်နှာကလေး ဝင်းခနဲ လက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ငါ့ကားရှေ့ကို ကန့်လန့်ဖြတ်ဝင်လိုက်ရတာလဲ၊ ဒီမှာ လန့်လို့သေတော့မယ်၊ နင် ဘယ်တွေလျှောက်သွားနေတာလဲ၊ နင့်အိမ်က စိတ်ပူနေတာ"

"စိတ်ပူတဲ့အထဲမှာ နင်မပါဘူး ဆိုပါတော့"

"ရန်ခရယ် အကောင်းပြောစမ်းဟာ၊ ငါ စိတ်တိုလာပြီနော်"

"အဟတ် ... ဟား ဟား ... ရယ်ရတယ်ကွာ၊ ကုမ္ပဏီပိုင်ရှင်ဘိုးတော်က နင့်ကို ချက်ချင်း စက္ကူထေရီခန့်ပစ်တာပဲ ... ဟ ဟ"

"ဟယ် ... ရန်ခ လမ်းမကြီးမှာနော် နင်"

ကားလမ်းမမှာ ကားမှန်ချပြီး ကားချင်းယှဉ်ကာ မဏိ မျက်နှာကို မကျေနပ်တဲ့မျက်လုံးတွေနဲ့ ခပ်စိုက်စိုက်ကြည့်ပြီး ရန်ဖြစ်ဖို့တာစူနေတဲ့ ရန်ခကို မဏိ စိတ်ပေါက်ပေါက်နဲ့ အော်ပစ်လိုက်မိသည်။

တွေ့လိုက်တာနဲ့ အမြဲတမ်း ရန်ဖြစ်ဖို့လမ်းစပဲရှိခဲ့တဲ့ ရန်ခကို အဲဒါတွေကြောင့် မဏိ စိတ်ပျက်တာ။

မဏိကို အဲဒီလို ရန်လိုရန်ထောင်တာလောက် မဏိ မုန်းတာမရှိ။ မဏိကသာ အမြဲတမ်းနိုင်ချင်သည်။ မဏိ ပြောသမျှ ခေါင်းငုံ့သည်းခံတတ်တဲ့ယောက်ျားမျိုးကို မဏိ သဘောကျပါသည်။





အရင်တုန်းက ရန်ခက မဏိ ဘာပြောပြော ဘာလုပ်လုပ် ခေါင်းငုံ့သည်းခံခဲ့သလောက် အခုကုမ္ပဏီမှာ အပျော်တမ်းဝန်ထမ်းသွားလျှောက်ပြီးမှ ရန်ခ စိတ်ဓာတ်တွေဟာ မဏိနဲ့ရန်ဖြစ်ပြီး မဏိကို အော်ငေါက်လာခဲ့တဲ့ ရန်ခကို မဏိ မနှစ်မြို့နိုင်တော့ချေ။

"အရှေ့ကဆိုင်မှာ ကားရပ်လိုက်၊ အဲဒီမှာ စကားပြောကြမယ်"

"ဘာလို့ ဆိုင်မှာ စကားပြောရမှာလဲ၊ အိမ်ကိုပဲ တန်းပြန်မယ်၊ အိမ်မှာစကားပြောလည်း ရသားပဲ"

မဏိက ရန်ခကို လှမ်းပြောပြီး အိမ်ကိုပဲတန်းပြန်ဖို့ ကားကို ရှေ့တည့်တည့်ကိုသာ ဦးတည်လိုက်ပါသည်။

"မဏိနော် ... နင် ငါ့ကို ကလန်ကဆန်လုပ်ချင့်တာလား၊ ငါ မိုက်ရူးရဲဆန်ပြတာကိုပဲ နင်က မြင်ချင်တာလား"

"ကျွတ် ... သေဖို့ပဲ ကောင်းတယ်"

မဏိ စိတ်လျှော့လိုက်ရသည်။ သူ အိမ်ကိုပြန်မလာခဲ့ဘူးဆိုတုန်းက မဏိ ရင်ထဲမှာ စိုးရိမ်ပူပန်ခဲ့သမျှတွေက အခု သူ့ရဲ့အကျပ်ကိုင်မှုတွေအောက်မှာ ပျောက်ကွယ်သွားရပြီး ကိုယ့်ကိုယ်ကိုယ်တောင် ကျိတ်ဒေါသဖြစ်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလကားတန်ဖိုးမရှိတဲ့ကောင်။ သင်းကို မုန်းမေ့ပစ်လိုက်တာပဲကောင်းတယ်။

ငယ်ငယ်ကတည်းက သံယောဇဉ်နဲ့ ခင်တွယ်လာခဲ့တာကို အခွင့်ကောင်းယူခဲ့တဲ့ ရန်ခကို မဏိ အစောကြီးကတည်းက မေ့ပစ်လိုက်ဖို့ကောင်းတာ။

အခုတော့ ... မဏိ ကားကို သူပြောတဲ့လမ်းအောက Snack ဆိုင်ကလေးရှေ့မှာ ထိုးရပ်လိုက်ရပါသည်။

ကားရပ်ပြီး ကားတံခါးကို ဒေါသတကြီး ဝုန်းခနဲဆောင့်ဖွင့်ပစ်လိုက်ကာ တံခါးလော့ခ်ချပြီး သူ့ကိုလှည့်မကြည့်တော့ဘဲ Snackဆိုင်လေးထဲ တန်းလျှောက်သွားကာ ထောင့်ကျကျစားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

မဏိ ဝင်ထိုင်ပြီးတာနဲ့ ရန်ခကလည်း မဏိနဲ့ယှဉ်လျက် ခုံကလေးမှာ ဝင်ထိုင်လိုက်သည်။

ပြီးတော့ မခိုးမခန့်မျက်လုံးတွေနဲ့ မဏိကို မေးစင်းကြည့်လာတာမို့ မဏိ ဒေါသမျက်လုံးစိမ်းလေးတွေနဲ့ပဲ သူ့မျက်နှာကြီးကို စိုက်ကြည့်နေလိုက်မိသည်။

"နင်က ငါမကြိုက်တဲ့အလုပ်ကို ဖြပြီးလုပ်တယ်ပေါ့ ဟုတ်လား ရွှေမဏိ"





မဏိက သူ့စကားကို ဘာမှ အရေးမစိုက်ဟန်ဖြင့် ဒူးနှစ်ဖက်ကို ချိတ်ထိုင်လိုက်တာကြောင့် သူ မဏိကိုကြည့်ပြီး အသည်းယားသွားရကာ မဏိ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆွဲကိုင်ခါယမ်းလိုက်မိသည်။

"ရွှေမဏိ ငါမေးနေတယ်နော်၊ နင်နဲ့ငါက ဘာလဲ ဆိုတာ နင်သဘောပေါက်ရမယ်၊ ငါတို့နှစ်ယောက် ဒီသီတင်းကျွတ်ရင် လက်ထပ်ရမှာနော် ရွှေမဏိ၊ နင် သိပ်ပြီးစတန့်တွေ ထွင်မနေနဲ့၊ အဲဒီလူ ကုမ္ပဏီမှာ နင် လုပ်ဖို့မလိုဘူး"

လူတွေရှေ့မှာ အခုလို ဒေါသတကြီးပေါက်ကွဲပြီး မဏိ ပခုံးနှစ်ဖက်ကို လှုပ်ခါယမ်းလိုက်တဲ့ ရန်ခကို မဏိ ဘာမှ ပြန်မပြောမိတော့ဘဲ ရှက်ရွံ့နာကျင်စွာ မျက်ရည်ကလေးတွေ စီးကျလာခဲ့သည်။

တစ်သက်နဲ့တစ်ကိုယ် ရန်ခရဲ့ဆူပူကြိမ်းမောင်းမှုကို မခံခဲ့ရဖူးတဲ့ မဏိ လူတွေရှေ့မှာ အဆူခံလိုက်ရတာမို့ ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းကာ စားပွဲပေါ် မျက်နှာလေးအပ်ချလိုက်ပြီး ရှိုက်ငင်ငိုကြွေးလိုက်ပါတော့သည်။

ရုတ်တရက်ကြီး ဘာမပြောညာမပြောနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် မျက်နှာကလေးအပ်ချပြီး ရှိုက်ငိုကြွေးနေတဲ့ မဏီကိုကြည့်ပြီး သူ အံ့ဩငေးကြောင်သွားရကာ မဏီ ပခုံးနှစ်ဖက်ကို ဒေါသတကြီးဆွဲကိုင်ခါယမ်းလိုက်တာကြီးကို နောင်တရသွားရသည်။

မဏီ ပခုံးသားကလေးကို ခပ်တင်းတင်းဆုပ်ကိုင်ထားတဲ့ သူ့ရဲ့လက်တွေကို ဖြေလွှတ်ပေးလိုက်မိရင်း သက်ပြင်းကလေးကျိတ်ချကာ ပတ်ဝန်းကျင်ကို သတိရပြီး ခေါင်းကိုဆတ်ခနဲမော့ကြည့်လိုက်တဲ့အချိန်မှာ သူနဲ့ မဏီ စားပွဲရှေ့မှာ မတ်မတ်ကြီးရပ်ကာ မဏီ ငိုနေတာလေးကိုသ နားကြင်နာစွာ ငေးစိုက်ကြည့်နေတဲ့ ကုမ္ပဏီပိုင်ရှင်ဘိုးတော်ကို တွေ့မြင်လိုက်ရသဖြင့် သူ ရုတ်တရက် မျက်နှာတစ်ခုလုံး နီမြန်းသွားသည်အထိ အရှက်ရသွားသည်။

"မဏီ ပြန်တော့လေ၊ မင်းကို လူတွေဝိုင်းကြည့်နေကြပြီ"

"ဟင်"

မဏီ နားထဲသို့တိုးဝင်လာတဲ့ ဦးနေသတိုးရဲ့အကြင်နာစကားသံကြီးက မဏီတစ်ကိုယ်လုံး ဆတ်ခနဲတုန်ခါသွားသည်အထိ ထိတ်လန့်အံ့ဩသွားရပါသည်။





အံ့ဩသွားတဲ့ မျက်ဝန်းကလေးတွေနဲ့ ကမန်းကတန်းမော့ကြည့်လိုက်တဲ့အချိန်မှာ ဦးနေသတိုးရဲ့ နူးညံ့နွေးထွေးတဲ့ မျက်လုံးတွေက မဏီကို နှစ်သိမ့်လိုက်သလို မဏီ ခံစားလို့ရသွားကာ ဦးနေသတိုးရဲ မျက်နှာကြီးကို ငေးခနဲ စိုက်ကြည့်မိသွားသည်။

"ဟင် ... ဦးနေသတိုးရ ဘယ်တုန်းကရောက်နေတာလဲ"

"လာ ... ထ, သွားကြစို့"

မဏီ ဦးနေသတိုးရကို ခပ်ရှက်ရှက်နဲ့ မေးလိုက်တဲ့ တစ်ခဏမှာပဲ ရန်ခက မဏီလက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ပြီး လှည့်ထွက်လာခဲ့သည်။

ရန်ခ ရင်ထဲမှာ မဏီ ဦးနေသတိုးရကို ကြည့်တဲ့အကြည့်တွေနဲ့တင် မီးတောက်လောင်သွားရလေပြီ။ ရင်ထဲက အသည်းနှလုံးတွေ ဖြောင်းဆန်သွားကာ မဏီကို စိတ်ရှိလက်ရှိကိုင်ပေါက်ပစ်ချင်စိတ်တွေဖြစ်သွားမိကာ သူ စိတ်ကို ထိန်းချုပ်ပြီး အံကိုတင်းတင်းဖိကြိတ်ပစ်လိုက်သည်။

ပြီးတော့ မဏီကားကို ထားခဲ့ပြီး မဏီကို သူ့ကားထဲသို့ ဝုန်းခနဲ ဆွဲသွင်းလိုက်ကာ ကားကို တစ်ရှိန်ထိုးမောင်းထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်တွေနဲ့ ရင်ထဲမှာ ဗလောင်ဆူလောင်မြိုက်နေတာတွေကို ကြိတ်မှိတ်မျိုသိပ်လိုက်ရကာ မဏိကို သူ တစ်ရှူးထိုးတခေါက်ကန်းဆန်စွာ ဆူပူကြိမ်းမောင်းလိုက်တာကြီးကို နောင်တရသွားကာ မဏိကလေး လူတွေရှေ့မှာ သိပ်ရှက်သွားမှာပဲဆိုတာကို ကိုယ်ချင်းစာသနားမိသွားရကာ ကားကို လူရှင်းတဲ့လမ်းဆောင်တစ်နေရာကို ထိုးရပ်ပစ်လိုက်သည်။

သူ ကားရပ်လိုက်တာ သိသိကြီးနဲ့ လုံးဝ မော့ကြည့်မလာဘဲ ကားဆိုဖာကလေးမှာ မျက်လုံးကလေးတွေ စုံမှိတ်ပြီး မျက်ရည်ကလေးတွေစီးကျနေတဲ့ ချစ်ရသူကလေးကို ငေးခနဲစိုက်ကြည့်မိရင်း မဏိ မျက်နှာကလေးကို လက်နှစ်ဖက်နဲ့ ညှပ်ကိုင်ပြီး ချော့မော့နှစ်သိမ့်လိုက်ပါသည်။

"မဏိရယ်… ငါ့စိတ်ထဲမှာ နင့်ကို အရမ်းစိုးရိမ်သွားလို့ ငါ့ရဲ့အပြုအမူတွေရိုင်းသွားရင် ငါ့ကိုခွင့်လွှတ်ပါနော်၊ နင် ဒီလူ့ကုမ္ပဏီမှာ အလုပ်မဝင်တော့ဘူးဆိုရင် ငါကျေနပ်ပါတယ်"

သူက မဏိကိုယ်လုံးကလေးကို ရင်ခွင်ထဲ ခပ်တင်းတင်းဆွဲသွင်းပြီး တတွတ်တွတ်တောင်းပန်ကာ မဏိစိတ်ကျေနပ်သွားအောင် ချော့မော့နှစ်သိမ့်လိုက်ပေမယ့် မဏိက သူ့ကို တစ်





ချက်မှမော့မကြည့်လာခဲ့ဘဲ နှုတ်ခမ်းကလေးတွေ ငေါင်းတင်းစေကာ မျက်ရည်ကလေးတွေသာ အဆက်မပြတ်စီးကျနေခဲ့သည်။

သူ့ရဲ့ဆူပူငေါက်ငမ်းမှုတွေကြောင့် ဘယ်တုန်းကမှ မျက်ရည်ကျအရှုံးမပေးတတ်တဲ့ မဏိကလေး ဒီတစ်ကြိမ်တော့ လူရှေ့သူရှေ့မှာ ဆူပူတာထက် ဦးနေသတိုးရအရှေ့မှာ ဆူပူလိုက်လို့ ဝမ်းနည်းကြေကွဲသွားခဲ့တဲ့အဖြစ်ကိုကြည့်ပြီး သူ တော်တော်လေး စိတ်မကောင်း ဖြစ်သွားရသည်။

"မဏိရယ် … ငါ မှားပါတယ်ကွာ၊ နင် မငိုပါနဲ့ဟာ၊ ငါ့ကိုမကျေနပ်ရင် ပါးပိတ်ရိုက်ပစ်စမ်းပါကွာ၊ နော် … မဏိ"

သူလည်း မဏိ ငိုနေတာလေးကို ကြည့်ရင်းနဲ့ စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ကလေးတွေ စီးကျလာခဲ့သည်။

ရင်ထဲမှာ မခံစားနိုင်တော့။ မဏိလေး ဘယ်တုန်းကမှ အခုလောက်အထိ ဝမ်းနည်းကြေကွဲသွားခဲ့တာကို မကြုံဖူးခဲ့။

မဏိဟာ အမြဲတမ်း သူ့ကို ဆိုးနွဲ့နေကျ၊ အမြဲတမ်း သူ အနိုင်ရမှ ကျေနပ်သူပင်။

အခုတော့ သူ့ကို မျက်ရည်စက်ကလေးတွေနဲ့ အရှုံးပေးနေခဲ့တာ သူ့ရင်ထဲမှာ မချိအောင်နာကျင်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးကို တင်းတင်းစေ့ပြီး သူ့ကို ဘာ စကားမှတစ်ခွန်းဆိုမလာဘဲ မျက်နှာကလေးပင့်မော့သွားတဲ့ မဏီ အမူအရာကလေးကို သူ အသည်းစွဲချစ်မြတ်နိုးသွားရကာ မဏီရဲ့ မျက်နှာကလေးဆီ အနမ်းပွင့်ကလေးများ အဆက်မပြတ် ခြွေ လိုက်မိတော့သည်။

မဏီ စိတ်ဆိုးလျှင်လည်း ဆိုးပါစေတော့။

သူ့ရင်ထဲမှာ မဏီလေးကိုချစ်ခဲ့သည့် အချစ်တွေက နွေးထွေးလှိုက်ဆူသွားခဲ့ရပါပြီ။

"မဏီရယ် ... ငါ မင်းကို လုံးဝမခွဲနိုင်တော့ဘူး၊ ငါ မင်းကို လက်ထပ်ချင်ပြီ၊ ငါ့ကို စိတ်မကောက်ပါနဲ့နော်၊ ငါ နင့် ကို သိပ်ချစ်တယ်၊ နင်လည်း ငါ့ကို ပြန်ချစ်ရမယ်၊ ငါ့ကို ပြန်ချစ်ပါ မဏီရယ်၊ ငါ့ကို ဒဏ်မခတ်လိုက်ပါနဲ့နော်၊ ငါ ရင်ကွဲအောင် စိတ်မကောက်လိုက်ပါနဲ့နော်"

ရင်ခုန်လှိုက်မောသံကလေးနဲ့ဆိုရင်း မဏီရဲ့ အိစက် နထွေးတဲ့ နှုတ်ခမ်းကလေးဆီ သူ့အကြည့်တို့ နွေးထွေးစွာ ဆ ခနဲစိုက်ရောက်သွားချိန်မှာ နှုတ်ခမ်းကလေးတွေ တဆတ်ဆတ် တုန်ယင်ကာ သူ့ကို မျက်ဝန်းရှုးကလေးတွေနဲ့ မော့ကြည့်လာတဲ့ မဏီအကြည့်ကလေးတွေက သူ့အသည်းကို လှုပ်ခနဲအေးမြသွား ပါသည်။





မဏီလေး သူ့အချစ်တွေကို လက်ခံယုံကြည်သွားခဲ့ ပြီဆိုတာကို သူ ရင်ခုန်ကြည်မွေ့စွာ နားလည်လိုက်ရကာ မဏီရဲ့ နွေးထွေးသည့်မျက်လုံးကလေးတွေကို သူ့လက်ဖဝါးပြန့်ကြီးဖြင့် ဖိအုပ်ပစ်လိုက်ရင်း ရင်ခုန်ကြည်နူးတဲ့ အနမ်းပွင့်ကလေးတစ်ပွင့် က မဏီရဲ့နှုတ်ခမ်းလှလှကလေးဆီသို့ ပျံ့ဝဲသွားတော့သည်။

ဒီတစ်ကြိမ်တော့ မဏီနှုတ်ခမ်းကလေးက ငြင်းဆန် နိုင်တဲ့စကားလုံး ရှာမတွေ့တော့ဘဲ တိုးတိတ်စွာပိတ်ကျသွားရပြီ ဖြစ်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

“မဏီ ဒီနေ့ သင်တန်းတစ်ရက် ဖျက်လိုက်ဦး၊ ရန်ခတို့ မိသားစု ဒီနေ့ သမီးဆီကို စေ့စပ်ဖို့ကိစ္စနဲ့လာကြလိမ့်မယ်၊ ညည်းနဲ့ ရန်ခလည်း တကျက်ကျက် ရန်ဖြစ်နေကြတာ ညည်းတို့လူငယ်ချင်း ဘာတွေပြဿနာရှိကြတယ်ဆိုတာလည်း ရန်ခနဲ့ မျက်နှာချင်းဆိုင်ပြီးမေးရမယ်၊ ခွေမဏီတို့ကတော့ ဂျီမကျရင် နေကိုမနေနိုင်ဘူး”

ရန်ခ အိမ်ပြန်ရောက်ပြီး နောက်နေ့မနက်မှာပဲ မေမေ့ဆီကကြားလိုက်ရတဲ့ စကားကြီးကြောင့်မဏီ မျက်လုံးကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားတဲ့အထိ အံ့သြငေးကြောင်သွားရသည်။





ဒါ ရန်ခ စီစဉ်လိုက်တာပဲဆိုတာကို ချက်ချင်း နားလည်လိုက်ရပြီး ရန်ခကို ပိုပြီး အမြင်ကတ်မုန်းတီးသွားရသည်။

ကျွတ် ... မဏီကို အဲဒီလို ချောင်ပိတ်ပြီး အကျပ်ကိုင်တာ မဏီ သိပ်မုန်းသည်။ ဒီလို မဏီကို အကျပ်ကိုင်ပြီး ဖြစ်လာမယ့်စေ့စပ်ပွဲကို ဘယ်တော့မှ မဖြစ်မြောက်စေဖို့ မဏီ အကြံထုတ်ကာ ငြိမ်သက်တွေးတောပြီး မေမေ့စကားတွေကို ငြိမ်ငြိမ်သက်သက်ကလေးပင် ခပ်မဲ့မဲ့ကလေးပြုံးကာ နားထောင်နေလိုက်သည်။

သိပ်မကြာတဲ့အချိန်မှာ ရောက်လာကြမယ့် ရန်ခမိဘတွေနဲ့ ရန်ခကို မဏီက အနုညံ့ဆုံးနည်းလမ်းကလေးနဲ့ပဲ စေ့စပ်ပွဲကိစ္စမဖြစ်မြောက်ဖို့ ငြင်းဆန်ရမည်ဖြစ်သည်။

မဏီရင်ထဲမှာ ရန်ခရဲ့လုပ်ရပ်ကြီးကို မုန်းတီးနာကြည်းမိသလို ဝမ်းနည်းကြေကွဲသွားသလိုကြီးလည်း ခံစားလိုက်ရသည်။

မဏီရင်ထဲမှာ ရန်ခကို ချစ်နေခဲ့ပြီဆိုတာကို မဏီကိုယ်မဏီ နားလည်ခံစားမိပါသည်။

ဒါပေမဲ့ ရန်ခရဲ့လုပ်ရပ်တွေကို မဏီ သိပ်မုန်းပါသည်။

“ဟော ... ရန်ခတောင်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



မဏိရင်ထဲ လှပ်ခနဲအေးမြသွားသလိုကြီး ခံစားလိုက်ရကာ မျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွားရသည်။

ဖျတ်ခနဲ အမှတ်မထင် လှမ်းကြည့်လိုက်တဲ့ မဏိ မျက်ဝန်းတည့်တည့်ကို အကြင်နာမျက်လုံးတွေနဲ့ နွေးနွေးကလေး စိုက်ကြည့်လာတဲ့ ရန်ခ မျက်လုံးတွေက မဏိရင်ကို နွေးခနဲခံစားလိုက်ရကာ မျက်လုံးအကြည့်တွေကို ကပျာကယာ လွှဲပစ်လိုက်ရသည်။

ရင်ထဲမှာ နွေးနွေးကလေး ရင်ခုန်သွားခဲ့ရတဲ့ ခံစားချက်ကလေးကို မဏိ မာန်မာနကလေးနဲ့ အတင်းမောင်းထုတ်ပစ်လိုက်မိသည်။

"သား မေမေတို့ မလာသေးဘူးလား"

"အန်တီ မေမေတို့ဆီ ခဏသွားလိုက်ပါလား၊ ဒီမှာ ကျွန်တော် မဏိနဲ့ ဆွေးနွေးစရာလေးရှိလို့"

"ဪ ... အေး အေး ... ဒါဆို အန်တီ အခုပဲသွားလိုက်မယ်၊ မဏိနော် လူကြီးတွေမလာခင် ရန်ဖြစ်သံကို မကြားချင်ဘူး၊ ရန်ခ သည်းခံမှန်းသိလို့ သိပ်မဆိုးနဲ့၊ ရန်ဖြစ်မယ်ဆိုရင် ဒီတစ်ခါ မေမေ ခွင့်လွှတ်မှာမဟုတ်ဘူးနော်"





မဏိ နှုတ်ခမ်းသားကလေးတွေ မျဉ်းတစ်ပြေးတည်း ညီသွားရကာ မေမေ့ကို မကျေမနပ်မော့ကြည့်လိုက်မိသည်။

"မဏိက ဘာဖြစ်နေလို့လဲ၊ မဏိ ပြောထားမယ်နော်၊ မဏိ စိတ်မပါဘဲ အတင်းအကျပ် စေ့စပ်ပွဲလုပ်လို့ကတော့ နှစ်ဖက်မိဘ မျက်နှာပျက်စရာပဲဖြစ်မယ်"

"မဏိ ... နင် လျှောက်မပြောစမ်းနဲ့၊ မဟုတ်ဘူး အန်တီ၊ စေ့စပ်ပွဲကိစ္စ ဒီရက်အတွင်းဖြစ်အောင်လုပ်မှာပဲ၊ သူနေချင်သလိုနေ သူလုပ်ချင်သလိုလုပ်ရအောင် ကျွန်တော် သူ့ကို ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့ဘူး၊ ကျွန်တော် သည်းခံမှန်းသိတော့ အန်တီ့သမီးက ရောင့်တက်တယ်"

"ဘာ ... နင်က သည်းခံတယ် ဟုတ်လား၊ အဟင်းဟင်း ... ရယ်စရာကောင်းလိုက်တာ"

မဏိ ရက်ဒေါသလေးနဲ့ ရန်ခမျက်နှာကို စေ့စေ့ကြည့်ပြီး ခပ်သောသောကလေး လှောင်လိုက်မိသည်။

မေမေက မဏိကို မျက်စောင်းကြီးခဲပြီး လှည့်ကြည့်ရင်း ...

"မဏိနော် ... ညည်း ရန်ခကို ကလန်ကဆန်လုပ်ဖို့မစဉ်းစားနဲ့၊ ရန်ခ အိမ်ပြန်မအိပ်တော့လည်း သူ့မှာစိုးရိမ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com


တာ၊ မျက်ရည်တောင်ကျလို့၊ အခု ရန်ခပြန်လာပြီး လက်ထပ်မယ်ဆိုတော့လည်း ငြင်းချင်သေးတယ်၊ ညည်း ရန်ခကို အငြိုးနဲ့ စိတ်ဆင်းရဲအောင် လုပ်နေတာ မဟုတ်လား”

မဏိ မေမေ့ကို ဘာစကားမှ ပြန်မပြောတော့ဘဲ ခေါင်းကလေးငုံ့ကာ ငြိမ်နေလိုက်မိသည်။

ရင်ထဲမှာ ရန်ခရဲ့လုပ်ရပ်တွေကို တော်တော်လေး မကျေမနပ်ဖြစ်ကာ ရန်ခကိုပဲ စိတ်ထဲမှာ ကြိုးစိုးကာ ဆတ်ခနဲ ရန်ခကို မော့ကြည့်လိုက်တော့ မဏိ မျက်လုံးတွေကို တည်စူးစူး ကြီးစိုက်ကြည့်နေတဲ့ ရန်ခကို မဏိကလည်း ခပ်တည်တည်ပင် ပြန်စိုက်ကြည့်လိုက်မိသည်။

ဒေါသကြောင့် မဏိ မျက်နှာကလေး ပန်းသွေးရောင် ပြေးနေသည်။ ရင်ထဲမှာလည်း ဒေါသအရှိန်နဲ့ အသားကလေးတွေ တဆတ်ဆတ်တုန်ကာ နှင်းဆီရောင်လွှမ်းနေတဲ့နှုတ်ခမ်းသားက လေးကအစ တုန်ယင်နေလေသည်။

သူ့မျက်နှာကိုစိုက်ကြည့်ပြီး ကြိတ်မနိုင်ခဲမရနဲ့ ဒေါသလေးတွေ ကျိတ်ထွက်နေတဲ့ မဏိ မျက်နှာလေးကို သူ မြတ်နိုးစိတ်ကလေးဖြင့် ငေးခနဲစိုက်ကြည့်ရင်း မဏိနဲ့ ယှဉ်လျက်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။



မဏိ သူမနဲ့ယှဉ်ထိုင်လိုက်တာကို မနှစ်မြို့စွာ ဆတ်ခနဲ မော့ကြည့်ပြီး သူနဲ့ ခပ်လှမ်းလှမ်းဆိုဖာမှာ ရွှေ့ထိုင်လိုက်သည်။ မဏိ ရွှေ့ထိုင်လိုက်တော့ သူကလည်း မဏိဘေးမှာကပ်ပြီး ပြန်ရွှေ့ထိုင်လိုက်ပြန်သည်။

အဲဒီအချိန်မှာ မထင်မှတ်ဘဲ မဏိရဲ့တိုက်ကွက်တစ်ခုကို မိမိရရခံလိုက်ရပါသည်။

“ဒုတ်”

“အား”

“ဒုတ်”ခနဲမြည်သံနှင့်အတူ သူ့ပေါင်တွင်းကြောကြီး ထွန့်ထွန့်လူးနာကျင်သွားရသည်။

“အား ... အဟား ... မဏိတို့ကတော့ကွာ ငါ့ကို နည်းနည်းလေးမှမနှိပ်စက်ရရင် မနေတတ်ဘူးဖြစ်နေပြီ၊ ငါ့ဝဋ်ကလည်း မသေးပါဘူး၊ မိန်းမဖြစ်ရင်တော့ ငါ သည်းခံတော့မှာမဟုတ်ဘူးနော် မဏိ၊ တော်ကြာ အတွင်းသိတဲ့ သူငယ်ချင်းတွေက ငါ့ကို အော်တော့မှာ၊ ဒီကောင့်မိန်းမက ဆုံးမကြီးလို့ပြောရင် ဘယ့်နှယ်လုပ်မလဲ၊ အား ... နာလိုက်တာကွာ၊ ငါ့ပေါင်တွင်းကြောကို တအားလိမ်ဆွဲရသလား မဏိရယ်၊ တကယ်ပဲကွာ ငါချစ်သူလေးက သိပ်ဆိုးတာပဲ”


www.burmeseclassic.com

www.burmeseclassic.com

"ဘာ … ငါချစ်သူလဲ"

မဏိက ခပ်ဆတ်ဆတ်ကလေး အော်လိုက်တာကို သူ ခပ်ပြုံးပြုံးပဲ စိုက်ကြည့်နေလိုက်မိသည်။ မဏိကလေး ဆိုးတာကို သူ အသိဆုံး။

သူ့အပေါ်ဆိုးလို့ကောင်းမှန်းသိလို့ မဏိ သူ့အပေါ် ဆိုးနွဲ့ခဲ့တာကို သူကလည်း သဘောပေါက်စွာဖြင့် သည်းခံနားလည် ပေးခဲ့သည်။

မဏိ ဘာပြောပြော ဘာလုပ်လုပ် သူ သည်းခံခဲ့သည်။

ဒါပေမဲ့ …

မဏိကို သူနဲ့အပြိုင်ဝင်ပြီး နေရာယူချင်သည့် ယောကျာ်းတစ်ယောက်ကိုတော့ သူ သည်းခံပေးလို့မရ။

ဟိုကုမ္ပဏီပိုင်ရှင်ဆိုတဲ့ ပုဂ္ဂိုလ်ကို သူ ကြည့်မရစွာ မုန်းတီးခဲ့မိသည်။

"ဒါဆို နင်က ငါချစ်သူမဟုတ်တော့ နင့်ချစ်သူက ဘယ်သူလဲ၊ ရက်ပိုင်းလောက်ပဲတွေ့ရသေးတဲ့ ကုမ္ပဏီပိုင်ရှင်ဘိုးတော်လား"

သူ့ရင်ထဲက မခံချင်ခဲ့တာတွေက ပွင့်ထွက်သွားတော့ မခံချင်တဲ့ မဲ့ပြုံးကလေးတွေက နှုတ်ခမ်းလှလှကလေးမှာ စွန်းငြိသွားရသည်။





မဏိ နှုတ်ခမ်းကလေးက မဲ့ပြုံးကလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီး ဖြစ်သွားရကာ မဏိ ကိုယ်လုံးကလေးကို ရင်ခွင်ထဲဆွဲဖက်ပစ်လိုက်ပြီး မဏိ မျက်နှာကလေးကို သူ့မျက်နှာကြီးနဲ့ အတင်းဖိအပ်ထားလိုက်မိတော့သည်။

သူ့ရင်ထဲက ခံစားရသမျှကို မဏိ နားလည်ခံစားစေချင်သည်။

ဒါပေမဲ့ မဏိက သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်ပြီး သူ့ကိုယ်လုံးကြီးကို လက်သီးဆုပ်ကလေးနဲ့ အဆက်မပြတ် ထုရိုက်ရင်း မျက်ရည်ကလေးတွေ အဆက်မပြတ်စီးကျလာခဲ့သည်။

"နင် … နင် လူမဟုတ်ဘူး၊ နင့်ကို ငါမုန်းတယ် … အဟင့် ဟင့်"

"ငါ ပြောတာမှားသလား၊ နင်လုပ်တာကရော ပုံစံကျလို့လား၊ ဟင် မဏိရဲ့"

"အို … ဘာမှမပြောနဲ့၊ နင် ငါ့အပေါ် ဘယ်လောက်ရိုင်းစိုင်းထားတယ်ဆိုတာ ငါ့ကို နင်"

"ဘာလဲ ငါ့ကို နင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောဘူး၊ နင့်ကို ဆက်ပြောနေလည်း အကြောင်းမထူးဘူး၊ နင်က ငါ့ကို အကျပ်ကိုင်ပြီး စေ့စပ်ပွဲလုပ်ရင်တော့ ဆောရီးပဲ၊ မဏိရွှေခရဲ့အသည်းနှလုံးကို အကျပ်ကိုင်လို့ကတော့ ဘယ်တော့မှ မရဘူးမှတ်"

"မဏိနော် ... နင့်ပါးစပ်ပိတ်ထားတော့၊ နင်က ဘယ်သူ့အားကိုးနဲ့ ငါ့ကို ပြန်ပြီးအပြစ်တင်နေရတာလဲ၊ နင်နဲ့ငါက ငယ်ငယ်ကတည်းက တစ်ယောက်ကိုတစ်ယောက် နားလည်ပြီးချစ်လာကြတဲ့ချစ်သူနော်၊ နင် ငါစီစဉ်တာကို အေးအေးဆေးဆေးလက်ခံလိုက်၊ လက်မခံရင် ငါ နင့်အကြောင်းကို လူကြီးတွေကို ဖွင့်ပြောရမှာပဲ"

"ဖွင့်ပြောလိုက်လေ၊ ငါက နင်မဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက်ကိုပါ ချစ်နေပါတယ်လို့ နင် သတ္တိရှိရင် ဖွင့်ပြောလိုက်"

"ဟာကွာ ... မဏိ"

မဏိ စကားတွေက သူ့နှလုံးသားကို သံရည်ပူနဲ့ပက်ဖျန်းလိုက်သလို ဆတ်ဆတ်လူးနာကျင်သွားရကာ မညှာမတာပြောရက်တဲ့ မဏိနှုတ်ခမ်းလှလှလေးကို သူ ဒဏ်ခတ်ပစ်လိုက်သည်။ မဏိ သူ့ကို အာခံနိုင်စွမ်းမရှိတော့။





သူ့ရဲ့ကြာရှည်တဲ့အနမ်းတွေကြားမှာ မဏိ ခေါင်းမဖော်ဝံ့အောင် ရှက်ရွံ့သွားရလေပြီ။

"ဟာ ... အား ... ဒီကလေးနှစ်ယောက်"

"ဟင်"

ရုတ်တရက် တံခါးဘက်ဆီက ကြားလိုက်ရတဲ့အသံကြောင့် မဏိရော ရန်ခပါ အလန့်တကြား အသံလာရာကို မော့ကြည့်လိုက်မိတော့ သူတို့နှစ်ယောက်ကို ကျောခိုင်းပြီးလှည့်ထွက်သွားကြတဲ့ လူကြီးတွေကို အားနာမျက်နှာပူသွားရကာ ရန်ခရှက်မျက်နှာရဲရဲကြီးနဲ့ မဏိကိုကြည့်လိုက်တော့ နှုတ်ခမ်းကလေးကိုဖိကိုက်ကာ မျက်ရည်ကလေးတွေစီးကျပြီး မျက်နှာတစ်ပြင်လုံးမန်းသွေးရောင်ပြေးလျက် ရှက်လန့်သွားတဲ့ မဏိ မျက်နှာလေးကို သူ သနားကြင်နာစွာ ငေးစိုက်ကြည့်လိုက်မိသည်။

မဏိက သူ့မျက်လုံးအကြည့်တွေကို ရွံရှာမုန်းတီးစွာစိုက်ကြည့်ပြီး ဆိုဖာမှ ဝုန်းခနဲထရပ်လိုက်ကာ သူ့ကို ဆတ်ခနဲ ကျောခိုင်းပစ်လိုက်လေသည်။

"ငါ မကျေနပ်ဘဲနဲ့ စေ့စပ်ပွဲလုပ်ကြည့်လိုက်လေ၊ အားလုံးအရှက်ကွဲပြီသာ ပြင်ထား၊ ရန်ခ ... နင့်ကို ငါ သိပ်မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဏိ တစ်ကိုယ်လုံး ထူထုံသွားသလိုကြီးခံစားလိုက်ရကာ မျက်နှာကို ဘယ်လိုထားရမှန်းမသိအောင် ရှက်လန့်တုန်လှုပ်သွားရပြီး ရန်ခရဲ့ဖွတ်တရွတ်ဆန်တဲ့ အပြုအမူကြမ်းတွေကို မုန်းတီးရွံရှာသွားရပါသည်။

ဒီတစ်ခါ ရန်ခကိုမုန်းတဲ့ အမုန်းတွေက ရင်ထဲမှာ ဘာနဲ့မှအစားထိုးလို့မရအောင် ဖြစ်သွားခဲ့ရပြီဖြစ်သည်။

ရန်ခဟာ မဏိ အထင်ကြီးလေးစားခဲ့ရတဲ့ယောကျ်ား တစ်ယောက်မဖြစ်ခဲ့ဘူး၊ဒီတာကိုမဏိ နှလုံးသားထဲက လက်ခံနားလည်ယုံကြည်လိုက်မိကာ ရန်ခကိုစွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

နှစ်ဖက်မိဘ ဘယ်လောက်သဘောတူတူ မဏိက တော့ ရန်ခကို ဘယ်တော့မှ လက်မထပ်နိုင်တော့ချေ။

တစ်ဖက်စီးနှင်းဆန်စွာ ပြုမူကျင့်သုံးတဲ့ ရန်ခကို မဏိ အမုန်းဆုံး ကျောခိုင်းပစ်လိုက်မိကာ သူ့အရှေ့မှ ချာခနဲလှည့်ထွက်လာခဲ့ပါတော့သည်။

✧ ❤ ✧





## ၁၄

မဏိ ရှက်ဒေါသလေးတွေနဲ့ အိပ်ခန်းထဲသို့ အပြေးဝင်လာခဲ့ပြီး ခုတင်ကလေးပေါ်မှာ တုံးလုံးလှဲချလိုက်ချိန်မှာပဲ စားပွဲပေါ်မှာတင်ထားတဲ့ Hand Phoneကလေးက အဆက်မပြတ်မြည်လာပါတော့သည်။

"တူ ... တူ ... တူ"

ကျွတ် ... အရေးထဲ ဖုန်းသံက မြည်လာပြန်ပြီ။

မဏိ ဒေါသထွက်ထွက်နဲ့ ဖုန်းကလေးကို ဆတ်ခနဲကောက်ကိုင်လိုက်ပြီး အိပ်ရာပေါ်ပစ်တင်လိုက်ဖို့ လက်ရွယ်လိုက်ပြီးမှ ဒီဖုန်းဟာ ဦးနေသတိုးရဆီကပဲဆိုတာကို သိလိုက်ရပါသည်။

ဖုန်းကလေးကို မျက်စောင်းကလေး တစ်ချက်ဝင့်ကြည့်ပြီးမှ မဏိ ဖုန်းဖွင့်နားထောင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

ခပ်ဆတ်ဆတ်ကလေး ဖုန်းပြန်ထူးလိုက်တဲ့ မဏိအသံထဲမှာ ဝမ်းနည်းကြေကွဲစွာဖြင့် တုန်ယင်လှိုင်းရိုက်ခတ်သွားခဲ့သည်။

အားကိုးစရာ ကင်းမဲ့ပြီး တွယ်ရာမဲ့ ဖြစ်သွားတဲ့ အသံကလေးဖြစ်သွားမှန်း မဏိကိုယ်မဏိ မသိရှိလိုက်ခဲ့ချေ။

"ချာတိတ်"

ထင်သည့်အတိုင်း ဦးနေသတိုးရရဲ့ဖုန်းဖြစ်နေတာမို့ မဏိရင်ထဲ ဝမ်းနည်းအားငယ်သွားကာ မျက်ရည်ကလေးတွေ စီးကျလာခဲ့သည်။

"ချာတိတ် ဘာဖြစ်လို့လဲ၊ ဘာလို့ ကိုယ့်ကို စကားပြန်မပြောတာလဲ၊ ကိုယ် မင်းအတွက် အရမ်းစိုးရိမ်နေရပြီကွာ မဏိလေး"

"ဦးနေ"

"ဟင် ... မဏိလေး ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်၊ ဟား ... ဝမ်းသာလိုက်တာကွာ၊ မဏိလေး ဘာဖြစ်လို့ ဒီနေ့ရုံးမတက်တာလဲဟင်"





နူးညံ့နွေးထွေးကြင်နာတဲ့ ဦးနေစကားတွေက မဏိ
င်ထဲက ဝမ်းနည်းအားငယ်မှုတွေကို နှစ်သိမ့်အားပေးလိုက်သလို
ဏိ စိတ်မထိန်းနိုင်တော့ဘဲ ဝမ်းနည်းကြေကွဲစွာ ငိုချလိုက်မိပါ
တော့သည်။

"ဟာ ... မဏိလေး ဘာဖြစ်လို့ငို ... သဲ ... ဟင်၊ မဏိ ဘာဖြစ်လဲ၊ ကိုယ့်ကိုပြောပါဦး၊ ကိုယ် ... ကိုယ် မင်းအိမ်ကို လာခဲ့မယ်"

"ဟာ ... မလာနဲ့ ဦးနေ၊ လာလို့မဖြစ်ဘူး၊ ဒီမှာ မဏိ စိတ်တွေ အရမ်းမွန်းကျပ်နေပြီ၊ မဏိ ... မဏိ အရမ်းစိတ်ဆင်းရဲတာပဲ ဦးနေရယ် သိလား"

မဏိက ဦးနေကို အစ်ကိုကြီးတစ်ယောက်လို အားကိုး
ကိုင်တမ်းလိုက်တဲ့ အသံကလေးနဲ့ ပြောလိုက်မိသည်။ မဏိကိုယ်
ဏိ သတိထားလိုက်မိတဲ့အချိန်မှာ မဏိသည် ဦးနေကို ချစ်သူ
တစ်ယောက်လို ချစ်ခင်တွယ်တာခြင်းထက် အစ်ကိုတစ်ယောက်
လို နွဲ့ဆိုးဆိုးချင်စိတ်ကလေးဖြင့် ဆိုးနွဲ့သွားခဲ့လေပြီ။

မဏိ ရင်ထဲမှာ ဦးနေရဲ့ ကြင်နာနွေးထွေးတဲ့အသံ
တွေက ကြီးစိုးကာ ဦးနေရဲ့ ချော့မော့နှစ်သိမ့်မှုကလေးတွေကို
တောင့်တလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဏိရယ် ... ကိုယ့်ကိုပြောပါဦး၊ မဏိ ဘာတွေဖြစ်နေလို့လဲ ကိုယ့်ရင်ထဲမှာ အရမ်းပူလောင်နေပြီကွာ၊ အခု ကိုယ်ရုံးခန်း ရောက်နေပြီ၊ မဏိ မလာသေးလို့ ဖုန်းဆက်လိုက်တာ"

"ဦးနေ မဏိ ဘာမှ မဖြစ်ပါဘူး၊ ဘာမှ မစိုးရိမ်ပါနဲ့"

မဏိက အခုမှ ကိုယ့်ကိုယ်ကိုယ် သတိရသွားကာ မျက်ရည်ကလေးတွေကို လက်ဖမိုးကလေးနဲ့ ပွတ်သုတ်ပစ်လိုက် ပြီး ဒေါသမျက်လုံးကလေးတွေနဲ့ အခန်းအတွင်း ဝေ့ခနဲလှည့်ကြည့် မိတော့ ရန်ခ မျက်နှာကြီးကို မျက်လုံးထဲမှာ စွဲထင်သွားရကာ စောစောကအဖြစ်အပျက်ကြီးကို လူကြီးတွေသိသွားတဲ့ဖြစ်ရပ်ကြီး မဏိ တစ်ကိုယ်လုံးရှိ သွေးကြောကလေးတွေ ရပ်တန့်ငြိမ်သက်သွား ရတဲ့အထိ မဏိ ရှက်လန့်တုန်လှုပ်သွားရပါသည်။

ရန်ခ မဏိကို အခုလိုမျိုးဆက်ဆံတာ အကြိမ်ပေါင်း မနည်းတော့။ ဒီတစ်ကြိမ်တော့ ရန်ခလုပ်ရပ်တွေကို မဏိ အမုန်း တီးဆုံးရှုံးသွားခဲ့သည်။

ဒီအကြောင်းတွေကို ဦးနေကို ဖွင့်ပြောပြလိုက်ဖို့ လည်းမဖြစ်။ ပြီးတော့ ရန်ခနဲ့ စေ့စပ်ရမယ့်အကြောင်းကိုလည်း ဖွင့်မပြောချင်။ ဦးနေကတော့ မဏိကို အတင်းအကျပ်မေးလာတော့ မှာသေချာသည်။





"ဟာကွာ ... မဏိ ... မဏိ ဘာမှမဖြစ်ဘဲနဲ့ ဝမ်းနည်း တကြီးငိုမလား၊ ကိုယ့်ကို မလိမ်စမ်းပါနဲ့ မဏိရယ်၊ ကိုယ်က မင်းအတွက် သူစိမ်းမဟုတ်ဘူးလေ၊ မင်းကို သိပ်ချစ်နေတဲ့သူလေ၊ မင်းဘာဖြစ်ဖြစ် ကိုယ့်ရင်ထဲမှာ အမြဲခံစားနေရတာ"

"ဟင့်အင်း ... ဘာမှမဖြစ်တော့ပါဘူး၊ ဒီမှာ ဟိုအကောင်နဲ့ ရန်ဖြစ်လိုက်ရလို့ ဒေါသထွက်သွားတာ"

"ဟင်"

နေသတိုးရ မဏိဆီက ကြားလိုက်ရတဲ့ စကားကြီး ကြောင့် နှလုံးသားတစ်ခုလုံး ပူခနဲဖြစ်သွားကာ မျက်နှာကြီး ထူအမ်း နီမြန်းသွားရပါသည်။

ဏိရဲ့ ဟိုအကောင်ဆိုတဲ့စကားက ဟိုကောင်လေး ကို ပြောလိုက်တာဆိုတာ သူ နားလည်သိရှိလိုက်ရသည်။

ဒါဆို မဏိနဲ့ အဲဒီကောင်လေးက ချစ်သူတွေလား။

သူကရော မဏိနဲ့ ဘယ်လိုပတ်သက်ရမှာလဲ။ မဏိ အဲဒီကောင်လေးနဲ့ စိတ်ဆိုးစိတ်ကောက်တုန်းခဏ ဖျော်ဖြေရမယ့် ဖျော်ဖြေရေးသမားကြီးလား။ မဏိ စိတ်ကောက်တာကို ချော့မော့ နှစ်သိမ့်ရမယ့် နှစ်သိမ်းရေးသမားကြီးလား။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေက သူ့တစ်ကိုယ်လုံးကို နွမ်းလှမောပန်းသွားခဲ့ပြီး သူ စိတ်မသက်သာစွာဖြင့် ခေါင်းကြီးကို မော့ပစ်လိုက်ကာ လေပူတစ်ချက် ဟားထုတ်ပစ်လိုက်သည်။

"ဦးနေ"

"......"

"ဦးနေ"

"ဟော"

"မဏိ ဒီနေ့ ရုံးတက်ဖြစ်မှာမဟုတ်ဘူး၊ ဟို ... မဏိကြောင့် ဦးနေ စိတ်ပူသွားရရင် မဏိကို ခွင့်လွှတ်နော်၊ မဏိ ဘာမှ မဖြစ်ဘူးသိလား"

"မဏိ"

"ရှင်"

"ကိုယ်က ကလေးမဟုတ်တော့ဘူး၊ အစစအရာရာ ချင့်ချိန်နိုင်တဲ့ သုံးဆယ်ကျော်အရွယ် လူကြီးတစ်ယောက်၊ မဏိနဲ့ ကိုယ်က ဆယ်နှစ်ကွာတယ်၊ အဲဒီတော့ မဏိက ကလေးပေါ့၊ မဏိ ရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ကိုယ်အားလုံးသိတယ်၊ မဏိ ဖွင့်မပြောလည်း ကိုယ့်ရင်ထဲမှာ ခံစားနေရတာပဲ"





"ဒါဆို အခု မဏိ ဘာတွေဖြစ်နေတယ်ဆိုတာကို ဦးနေက သိတယ်ပေါ့ ဟုတ်လား"

"သိတာပေါ့ မဏိရယ်"

နေသတိုးရ ရင်ထဲမှာ လေးလံထိုင်းမှိုင်းသွားရပါပြီ။ မျက်နက်ဝန်းကြီးတွေက ညှို့မှိုင်းရီဝေသွားကာ ဖုန်းကလေးကို ခပ်ငေးငေးကြီးစိုက်ကြည့်လိုက်မိသည်။

ကိုယ့်ရင်ထဲမှာ မင်းရဲ့စကားသံလေးတွေကို ကြားတာနဲ့တင် နားလည်ခံစားခဲ့ရပေမယ့် တကယ်တမ်းရင်ဆိုင်ရမယ့် အချိန်မှာ ကိုယ် မင်းရင်ထဲက ခံစားချက်တွေကို နားမလည်ချင်ပါဘူး မဏိရယ်။

"ဦးနေ မဏိ ဖုန်းပိတ်တော့မယ်နော်"

"အေး ... အေး ... မနက်ဖြန် ဆက်ဆက်ရုံးတက်နော် မဏိ၊ မဏိကို ကိုယ် မျှော်နေမယ် ဟုတ်လား"

"ဟုတ်"

မဏိ ဖုန်းပိတ်သွားတဲ့အချိန်အထိ သူက ဖုန်းကို လက်ထဲမှာကိုင်ပြီး တွေတွေကြီးငေးငိုင်နေမိသေးသည်။

အတန်ကြာငြိမ်သက်ငေးမောသွားပြီးမှ သူ ဖုန်းကို ပိတ်ပစ်လိုက်ပြီး ဆုံလည်ဆိုဖာကြီးမှာထိုင်ကာ ဆုံလည်ကို လှည့်ပစ်ရင်း မျက်လုံးတွေကို ခပ်တင်းတင်းဖိမှိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေထဲမှာ မဏိနဲ့ မဏိချစ်သူကောင်လေးရဲ့မျက်နှာကလေးက သူ့ကို ရှုံးသွပ်အောင်ခြောက်လှန့်နေခဲ့သည်။

သူက မဏိနဲ့ပတ်သက်ပြီး ကြေကွဲကိတ်ဆိတ်စွာ ခံစားနေရချိန်မှာ ရန်ခကတော့ မဏိ ညှော်ခန်းထဲမှ သူ့တိုက်ခန်းကို ကမူးရှူးထိုး ပြေးဝင်လာခဲ့သည်။

လူကြီးတွေက သူနဲ့မဏိအတွက် ခေါင်းချင်းဆိုင်ပြီး မင်္ဂလာကိစ္စ ဆွေးနွေးနေတဲ့အချိန်မှာ မဏိက တင်းမာစွာဖြင့် မင်္ဂလာကိစ္စကို ငြင်းဆန်လိုက်ပြီဖြစ်တဲ့အတွက် သူ့ရင်ထဲမှာ လှိုက်ဆူဝမ်းနည်းသွားရကာ မျက်ရည်တွေတောင် ရစ်ဝိုင်းလာရသည်။

သူ ဝင်လာတာကိုမြင်တာနဲ့ လူကြီးတွေရဲ့ ပြုံးယောင်ယမ်းနေတဲ့ မျက်လုံးတွေက သူ့ရင်ထဲကို မီးစနဲ့ထိုးလိုက်သလို ပူလောင်သွားခဲ့သည်။

လူကြီးတွေ ကြည်နူးကျေနပ်နေတဲ့အချိန်မှာ ဒီစကားကို သူ မပြောရက်။ ပြောလည်းပြောမထွက်။

ဒါပေမဲ့ ...

နာကျင်ကြေကွဲစွာဖြင့် ခေါင်းကို ဆတ်ခနဲငုံ့ချပစ်လိုက်ပြီး ကမန်းကတန်းပြောချလိုက်ရသည်။





"ကျွန်တော်နဲ့ မဏိကို အခုယောလောဆယ် စေ့စပ်ကြမယ့်ကိစ္စကို ခဏရပ်ထားလိုက်ပါဦး၊ သူ ကျွန်တော့်ကို လက်မခံသေးဘူး"

မေမေတို့ အန်တီတို့ မျက်နှာမှာ အံ့ဩသွားတဲ့ အရိပ်တွေ ဖြတ်ပြေးသွားတာကို သူ ရီဝေစွာ တစ်ချက်စိုက်ကြည့်ပြီး အခန်းထဲသို့ ခပ်သွက်သွက်ပြေးဝင်လိုက်ကာ တံခါးလော့ခ်ချပြီး ခုတင်ပေါ် အားလျှားမှောက်ချလိုက်သည်။ မဏိရဲ့အမုန်းစကားတွေကို သူ မခံစားနိုင်စွာဖြင့် မျက်ရည်များစီးကျလာခဲ့သည်။

သူ့ရင်ထဲမှာ မခံစားနိုင်တော့။

မဏိ သူ့ကိုစပြီး သစ္စာဖောက်ပြီလို့ သူ့နှလုံးသားက သိရှိလိုက်ရသည်။

မဏိရယ် နင် ငါ့အပေါ် ဘာဖြစ်လို့ ဒီလောက်အထိ အနိုင်ယူချင်ရတာလဲဟင်။

နင် ငါ့ကို ဆိုးနွဲ့ခဲ့တာတွေဟာ ဒီတစ်ခါ ငါ့အတွက် အနာကျင်ဆုံး အကြေကွဲဆုံးခံစားခဲ့ရတယ်။ နင် ငါ့အပေါ် ရက်စက်တယ်ကွာ။ ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး။ ငါ ... ငါ ရှူးတော့မယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ခတစ်ယောက်တည်း အခန်းထဲမှာ ရှုံးသွပ်ကြေကွဲ စွာပေါက်ကွဲသွားပါတော့သည်။

"ဟား ဟား ဟား ... မဏိ ... မဏိ ... နင် ငါ့ကို ဘယ် လောက်အထိ ဒဏ်ခတ်နိုင်မလဲ ဆိုတာ စောင့်ကြည့်ရတာ ပေါ့ ... ဟား ဟား ဟား"

မဏိရဲ့လုပ်ရပ်တွေကို မကျေမနပ်ဖြစ်ကာ ရန်ခ စိတ်ပေါက်ကွဲစွာဖြင့် ဟားတိုက်ရယ်မောပစ်လိုက်သည်။

ရန်ခလည်း မဏိ ရင်ထဲက အချစ်တွေကို ထင်ထား ခဲ့သလို အလွယ်တကူမရရှိခဲ့တာမို့ ရှုံးသွပ်ကြေကွဲသွားခဲ့ရပြီဖြစ် သည်။

တကယ်လို့များ မဏိ ရင်ထဲမှာ သူ ဝင်ရောက်မလာခဲ့ ဘူးဆိုရင် သူ ဘာဆက်လုပ်ရမလဲ။

အား ...

ငါ ရှုံးချင်ပါတယ် မဏိရယ်။

✧ ❤ ✧





# အပိုင်း(၂)

# တစ်ဖက်ရင်စွန်း

www.burmeseclassic.com

www.burmeseclassic.com







## ၁၅

ရန်ခနဲ့ စေ့စပ်ပွဲကိစ္စကို မေမေတို့ အတင်းအကျပ်စီစဉ်တဲ့ကြားက မစီစဉ်လိုက်ရတာမို့ မဏိ ရင်ထဲမှာ လွတ်လပ်ပေါ့ပါးသွားခဲ့ပေမယ့် ရန်ခ မဏိနဲ့ပတ်သက်ပြီး အရှုံးကြေကွဲခံစားလိုက်ရတဲ့မျက်နှာက မဏိ နှလုံးသားလေးကို ထိအက်နာကျင်သွားနဲ့ရသည်။

တကယ်တမ်း ရန်ခနဲ့ အပြီးအပိုင်လမ်းခွဲရတော့မယ်ဆိုတဲ့အသိက မဏိရင်ထဲကို မောဟိုက်နွမ်းလှသွားခဲ့လေသည်။

တစ်သက်လုံးမခွဲတမ်း အတူနေလာခဲ့ကြပြီးကာမှ မထင်မှတ် မမျှော်လင့်ဘဲ ခွဲခွာခဲ့ရမယ်ဆိုတော့ ရန်ခ ဘယ်လောက်အထိ ခံစားလိုက်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မဏီကရော မခံစားရတော့ဘူးတဲ့လား။

အို ... ဘာပဲဖြစ်ဖြစ် ရန်ခကို ငါ မုန်းမေ့ပစ်ရမယ်၊ ရန်ခကို ငါ့ဘဝထဲက ဖျောက်တုတ်ပစ်ရမယ်။

မဏီက မာနအတွေကလေးတွေနဲ့ မျက်နှာကလေး တင်းခနဲမော့ပစ်လိုက်ပြီး ရင်ထဲက ဝမ်းနည်းကြေကွဲစိတ်လေးတွေကို မာန်မာနနဲ့ ဖျောက်ဖျက်ပစ်လိုက်ကာ ရစ်ဝိုင်းတက်လာတဲ့ မျက်ရည်စလေးတွေကို မျက်တောင်ရှည်များနဲ့ ပင့်ထုတ်လိုက်ပြီး ဦးနေ ရုံးခန်းထဲသို့ ခပ်သွက်သွက်ကလေး လှမ်းဝင်လိုက်ပါသည်။

"ဟင်"

ရီမှတ်နဲ့ လှမ်းဖွင့်ပြီးသား ဆီးရောင်မှန်တံခါးထဲသို့ မဏီ ခပ်သွက်သွက်ကလေး လှမ်းဝင်လိုက်တာနဲ့ တစ်ပြိုင်နက် မဏီအရှေ့မှာ လက်နှစ်ဖက်ကိုဆန့်တန်းပြီး ပိတ်ကာရပ်ထားတဲ့ ဦးနေကို ရုတ်တရက်တွေ့လိုက်ရဖြင့် မဏီ ခြေလှမ်းတွေရပ်တန့်သွားကာ မကြည်မလင်မျက်လုံးကလေးတွေနဲ့ တစ်ချက်မော့ကြည့်ပြီး မဏီ စားပွဲကို လျှောက်သွားဖို့ ခြေလှမ်းပြင်လိုက်ပါသည်။

"မဏီ ကိုယ်တို့ တစ်နေရာရာ သွားကြစို့"

မဏီ မျက်နှာကို ရီဝေလေးနက်စွာ စိုက်ကြည့်ပြီး ပြုံးတော့မယောင်နှုတ်ခမ်းကြီးနဲ့ပြောလာတဲ့ ဦးနေမျက်နှာချောချော





ကြီးကို မဏီ တွေတွေငေးငေးလေး ငိုက်ကြည့်လိုက်ပြီးမှ သက်ပြင်းကလေးဖွဖွချလိုက်ကာ ဦးနေကို ခေါင်းခါယမ်းပြလိုက်မိသည်။

မဏီ အခုချိန်မှာ ဘယ်သူနဲ့မှ စကားသိပ်မပြောချင် သလို ဘယ်လိုနေရာမျိုးကိုမှ မသွားချင်။

မေမေတို့နဲ့ အတိုက်အခံဖြစ်ပြီး ကုမ္ပဏီကို ထွက်လာခဲ့တဲ့ မဏီစိတ်ထဲမှာ နှမ်းလျခြောက်သွေ့နေသည်။

ပြီးတော့ ရင်ထဲမှာ လှစ်ဟာကာ ရန်ခအတွက် ဝမ်းနည်းကြေကွဲမိတဲ့ ခံစားမှုတွေက ရင်တစ်ခုလုံး တင်းကျပ်အုံ့ခဲနေသည်။

"မဏီ"

"ဦးနေ မဏီ ကုမ္ပဏီကို လာမယ်ဆိုတဲ့စကားတစ်ခွန်းကြောင့် ဦးနေ မျှော်နေမှာစိုးလို့ မဏီ ထွက်လာခဲ့တာ၊ မဏီကို ဘာမှ မပြောပါနဲ့ဦး၊ ဘာမှလဲ မမေးနဲ့ဦး၊ မဏီ စိတ်ထဲ လွတ်လွတ်လပ်လပ် နေချင်တယ်"

"ဪ ... အေး ... အေး ... ဒါဆို ကိုယ် အေးအေးဆေးဆေးနေပေးပါမယ်၊ မဏီလည်း အနားယူလိုက်ပါ၊ ကိုယ် မဏီအတွက် အအေးတစ်ခုခု စီစဉ်ခိုင်းလိုက်မယ်"

"ပင့်အင်း ... ဘာမှမလုပ်နဲ့၊ မဏီ မသောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဏိ ... ဟာ တော်ပြီကွာ၊ ကိုယ် အခုချိန်ကစပြီး ကိုယ့် ပါးစပ်ကိုယ် ပိတ်ထားမယ်"

မဏိရဲ့ မကျေမနပ်ဖြင့် လှန်ကြည့်လာတဲ့ မျက်လုံးတွေကို နေသတိုးရ နားလည်စွာ ခေါင်းညိတ်ပြလိုက်ပြီး မျက်နှာလွှဲလိုက်ကာ မဏိနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့စားပွဲကို တစ်လှမ်းချင်း လျှောက်သွားလိုက်ပါသည်။

မဏိ မနေ့က ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို အခုချိန်မှာ သူ သိချင်လို့မဖြစ်သေး။ မဏိ တစ်စုံတစ်ခုအတွက် လေးလေးနက်နက် ခံစားနေရတဲ့အချိန်မှာ သူ မဏိအတွက် အကောင်းဆုံး ဖြည့်ဆည်းပေးရမည်။

မဏိ စိတ်တိုင်းကျ တိတ်တိတ်ကလေးနေလိုက်ရကာသည်။ မဏိက ဆုံလည်ဆိုဖာလေးမှာ ခပ်တောင့်တောင့်ကလေး ဝင်ထိုင်လိုက်ပြီး မျက်လုံးကလေးစုံမှိတ်ထားတဲ့အချိန်မှာ သူက မဏိရဲ့မျက်နှာလေးကို ငေးကြည့်ရင်း မြတ်နိုးစိတ်ကလေးနဲ့ မျက်နှာကြီးတစ်ခုလုံး ပြုံးယောင်သမ်းသွားရပါသည်။

ဟား ... မဏိရယ် ... ကိုယ် အခုအရွယ်အထိ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဘူးလား။ မဏိဟာ ကိုယ့်အတွက် ပထမဆုံးချစ်ခဲ့ရတဲ့ အချစ်ဦးကလေးပေါ့ကွာ။ ကိုယ့်အချစ်တွေကို နားလည်ခံစားပေးပါ မဏိရယ်။





အခန်းတစ်ခုလုံး အေးစက်တိတ်ဆိတ်နေတာလေးက မဏိရင်ထဲက အပူတွေကို ပြေပျောက်သွားခဲ့ရသည်။

ရင်ထဲက မွန်းကျပ်မှုတွေက တိတ်ဆိတ်အေးမြတဲ့ ရုံးခန်းအတွင်းမှာ ပြေလျော့သွားရကာ မဏိ ဦးနေကို လှိုက်လှဲနွေးထွေးစွာ ကျေးဇူးတင်သွားရသည်။ လေအေးပေးစက်အခန်းထဲက တိတ်ဆိတ်အေးမြတဲ့ အငွေ့အသက်ကလေးတွေကို တဝကြီးရှူရှိုက်လိုက်ပြီး မဏိ မျက်လုံးကလေးတွေကို တအားဖိမှိတ်ထားရာမှ ဖြည်းဖြည်းချင်းဖွင့်ကြည့်လိုက်မိသည်။

"အို ..."မဏိ မျက်နှာတစ်ခုလုံး ဖျန်းခနဲ ထူပူနွေးတက်သွားတဲ့ မဏိ နှာခေါင်းအမ်းအမ်းကြီးဖြစ်သွားကာ မျက်နှာလေးကို ကပျာကယာလွှဲလိုက်ရသည်။

မဏိ မျက်လုံးဖွင့်ဖွင့်ချင်းတွေ့လိုက်ရသည့် ဦးနေရဲ့ အချစ်ခိုးတွေပြည့်လျှံနေတဲ့ မျက်လုံးတွေက မဏိ မျက်နှာဆီမှာ မျက်တောင်မခတ် ငေးစိုက်ကြည့်နေတာကြီးက မဏိ နှလုံးသားလေးကို မူးမိုက်သွားမတတ် ထိတ်လန့်တကြားဖြစ်သွားရသည်။

ရုံးခန်းထဲမှာ သူနဲ့မဏိ နှစ်ယောက်တည်း တိတ်ဆိတ်စွာရှိနေတဲ့ အဖြစ်ကြီးကို သတိရသွားကာ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းကလေးများ ထသွားသည်အထိ ရှက်လန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ရကာ ကမန်းကတန်း ဆိုဖာမှာထိုင်နေရာမှ ဝုန်းခနဲ မတ်တတ် ထရပ်ပစ်လိုက်သည်။

ဂနာမငြိမ် ယောက်ယက်ခတ်သွားတဲ့ မျက်လုံးတွေက ကျိုးကန်းတောင်းမှောက် ဦးနေကိုတစ်လှည့် ရုံးခန်းတံခါးဆီကိုတစ်လှည့် ကြည့်လိုက်မိသည်။

ရုံးခန်းတံခါးရှိမှတ်ကွန်ထရိုးက သူ့ဆီမှာ။

အို ... ဟင့်အင်း ... ဦးနေက အဲဒီလောက်အထိ အကြံပက်စက်မယ့်သူမဟုတ်ပါဘူး။ ငါ ... ငါ ဒီအတွေးတွေကို ချက်ချင်းမောင်းထုတ်ပစ်ရမယ်။

"ဟင် ... မဏိ ဘာဖြစ်လဲ၊ ဘာဖြစ်တာလဲ"

ရုတ်တရက် ဆိုလည်ဆိုဖာမှာ မျက်လုံးကလေးမှိတ်ပြီး ငြိမ်ငြိမ်ကလေးထိုင်နေရာမှ ဝုန်းခနဲ ဆိုလည်ဆိုဖာပေါ်ကနေ ထရပ်လိုက်ကာ ရုံးခန်းတစ်ခန်းလုံးကို မျက်လုံးကလေးဝိုင်းဝိုင်း လည်အောင် စိုက်ကြည့်ပြီး သူ့ကို အလန့်တကြားငေးကြည့်လာတဲ့ မဏိရဲ့အမူအရာတွေကို သူ ခပ်ကြောင်ကြောင်ဖြစ်သွားရကာ မဏိရပ်နေတဲ့ စားပွဲဆီသို့ ခပ်သွက်သွက်ကြီးလျှောက်သွားလိုက်မိသည်။

"ဟင် ... မဏိ ... မဏိ ဘာဖြစ်လဲ၊ ခေါင်းမူးလို့လား"





"ဟင့်အင်း ... ဘာမှမဖြစ်ဘူး"

မဏိက အကြောက်အကန်ငြင်းဆန်လိုက်ပြီး မဏိ ရှေ့မှာ မဏိကို စိုးရိမ်တကြီးမျက်လုံးတွေနဲ့ မဏိ မျက်နှာကို ကြည့်နေတဲ့ ဦးနေကို အရှက်ပြေကလေးရယ်ပြလိုက်သည်။

"အဟင်း ... တကယ် ဘာမှ မဖြစ်ပါဘူး ဦးနေရဲ့၊ အိပ် မက်မက်ပြီး လန့်နိုးသွားတာပါ"

"ဩော် ... မဏိရယ်၊ မင်းဟာ တကယ်ကလေးဆန်ပါလား ကွာ"

ဦးနေက မဏိ ခေါင်းကလေးကို သူ့လက်ဖဝါးကြီး ချော့မော့နှစ်သိမ့်သလို အုပ်ကိုင်လိုက်လေသည်။

ဂိ ရင်ထဲမှာ လှပ်ခနဲအေးမြသွားရကာ ဦးနေကို က်ဝဲဝဲကလေး ပြုံးပြလိုက်မိသည်။

"အဟင်း"

"ဟောဗျာ ... အခုကျတော့လည်း စွတ်ချည်းရယ်နေတာပဲ၊ စောစောတုန်းကတော့ တစ်ခါတည်း ကြွက် ၁လေး ချောင် ပိတ်မိနေတာကျနေတာပဲ"

"ဦးနေနော်"



www.burmeseclassic.com

www.burmeseclassic.com



မဏိ မထင်မှတ်ဘဲ ဦးနေကျောပြင်ကြီးကို လက်သီး ကလေးနဲ့ လှမ်းထုလိုက်မိရက်သား ဖြစ်သွားရသည်။

မဏိကိုယ်မဏိ မမျှော်လင့်ဘဲ ဦးနေအပေါ် အရှက် ရင်းနှီးစွာပြုလိုက်မိတာကြီးကို ရှက်ရွံ့သွားရကာ မျက်နှာရဲရဲလေး နှင့် ဦးနေကို မော့အကြည့် ဦးနေက မဏိလက်ကလေးကို လှမ်း ဆွဲကိုင်ပြီး သူ့ပါးပြင်မှာ ဖိအပ်ထားလိုက်လေသည်။

ရုတ်တရက် ဦးနေ့ အပြုအမူကြီးက မဏိ နှလုံးသား တစ်ခုလုံး ဝုန်းခနဲပြိုဆင်းသွားသလို မြည်ဟည်းရပ်တန့်သွားရပ သည်။

"အို ... ဦးနေနော်၊ မဏိကို အဲဒီလိုမျိုး မဆက်ဆံနဲ့ မဏိ လုံးဝမကြိုက်ဘူး"

မဏိက သူ့လက်ထဲမှ လက်ကလေးကို ဆတ်ခနဲ ပြန်ရုန်းယူရင်း ရှက်ဒေါသလေးနဲ့ ဦးနေကို ရန်တွေ့ပစ်လိုက်သည်။

ဦးနေက မဏိကို ရီဝေဝေ မျက်ဝန်းညိုကြီးတွေနဲ့ စိုက်ကြည့်ပြီး ခေါင်းငုံ့ငြိမ်သက်သွားပါသည်။

"ကိုယ် အပြင်သွားလိုက်ဦးမယ်"

တုန်ယင်လှိုင်းရိုက်ခတ်သွားတဲ့ ဦးနေ အသံနဲ့အကြည့် တွေက မဏိရင်ကို ထွင်းဖောက်ရိုက်ခတ်သွားပါသည်။





ဟာ ... ငါ ဘာဖြစ်နေတာလဲ။ ဦးနေကို ငါ ရန်ခ နဲ့ လမ်းခွဲလိုက်တဲ့အကြောင်း ဖွင့်ပြောလိုက်ရမှာလား။ ငါ ဦးနေ ကို ချစ်လို့ရောရရဲ့လား။ ဦးနေရဲ့အကြည့်နွေးနွေးတွေကို ငါ ရင် ခုန်ပျော်မွေ့ရဲ့လား။

အတွေးကလေးဖြင့် ငေးငိုင်သွားတဲ့ မဏိ မျက်ဝန်း ထဲမှာ ရှိမှတ်ကလေးနဲ့ ရုံးခန်းတံခါးကို လှမ်းဖွင့်ပြီး အပြင်ထွက် ဖို့ ခြေလှမ်းပြင်ဆင်လိုက်ကဲ့ ဦးနေကို ရိပ်ခနဲ တွေ့မြင်လိုက်ရတာ မို့ မနေသာတော့ဘဲ ဦးနေကို လှမ်းတားလိုက်မိသည်။

"အဲဒါ ဘယ်သွားမှာလဲ ဦးနေ၊ မဏိကို အဲဒီလို မဆက်ဆံ နဲ့၊ မဏိ သိပ်မုန်းတာ"

"ဟာ ... မင်းမုန်းတာတွေကများလိုက်တာ၊ မင်းကို ချစ်မိ လို့ မင်းစိတ်ဆင်းရဲနေတဲ့အချိန်မှာ ကိုယ့်ရင်ထဲက မျိုသိပ် ထားတဲ့ခံစားချက်တွေ လွှတ်ထွက်သွားတော့လည်း မင်းက မကြိုက်ဘူး၊ မင်းမကြိုက်မုန်းသိလို့ ကိုယ် အပြင်ကိုရှောင် ထွက်သွားမယ်ဆိုတော့လည်း မကြိုက်ပြန်ဘူး၊ ကဲ ... ကိုယ်က ဘာလုပ်နေရတော့မှာလဲ၊ ကိုယ်က အသည်းနှလုံး နဲ့လူနော် မဏိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နေသတိုးရ ရင်ထဲမှာ ဒဏ်ရာရသွားသူလို ရှုံ့ရှုံ့နှမ်းနှမ်းဖြစ်သွားရကာ သူ့ကို မျက်နှက်ဝန်းလေးတွေနဲ့ မော့ကြည့်လာတဲ့ မဏိ ကိုယ်လုံးလေးကို အနောက်မှ ခပ်တင်းတင်း သိုင်းဖက်လိုက်ပါရတော့သည်။

အဲဒီအချိန်မှာ ...

မဏိက သူ သိုင်းဖက်လိုက်တဲ့ လက်နှစ်ဖက်ကို ဆတ်ခနဲ ဆွဲခွာထုတ်ပစ်လိုက်တာမို့ သူ့ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းဆို့နင်သွားရကာ မဏိကို မယုံနိုင်သည့် မျက်ဝန်းညိုကြီးတွေနဲ့ ရီဝေကြေကွဲစွာ စိုက်ကြည့်လိုက်မိသည်။

"ကိုယ့်ကို အခုထိ လက်မခံနိုင်သေးဘူးလား ဟင်"

သူ့အသံက ကြေကွဲဆို့နင့်စွာဖြင့် အဖျားခတ်တုန်ယင်သွားပါသည်။

ရင်ထဲမှာ ဝမ်းနည်း ကြေကွဲလွန်းသဖြင့် မျက်ရည်ကြည်ကလေးတွေတောင် ရစ်ဝိုင်းလာခဲ့ရသည်။

တစ်သက်နဲ့ တစ်ကိုယ် အသက်သုံးဆယ့်နှစ်နှစ် အရွယ်ရောက်တဲ့အထိ နှလုံးသားက ဘယ်သူ့ကိုမှ နွေးထွေးကြင်နာမှုတွေ မပေးအပ်ခဲ့တဲ့ သူ့ရဲ့အဖြူထည်နှလုံးသားက မဏိဆိုတဲ့ မိန်းမချောကလေးနဲ့ တွေ့ဆုံလိုက်ရတဲ့အချိန်ကစပြီး ကျရှုံးစွာ ပေးလိုက်ရပြီဖြစ်သည်။



"ဟင် ... မဏိ ကိုယ် သိချင်တယ်၊ မင်းရင်ထဲမှာ ကိုယ့်ကို ဘယ်လိုမှ မခံစားရတော့ဘူးလား"

"မဏိ ဘာမှ မသိဘူး၊ မဏိကို ဘာမှ လာမမေးပြောပါနဲ့ ဦးနေရယ်၊ မဏိ တောင်းပန်ပါတယ်"

မဏိ အသံကလေးကလည်း မခံစားနိုင်စွာဖြင့် အဖျားခတ် လှိုက်တုန်ယင်သွားပါသည်။

ပန်းနုရောင်သမ်းနေတဲ့ မဏိ မျက်နှာကလေးမှာ ဝမ်းနည်းမှုတွေနဲ့ အနည်းငယ်နီမြန်းကာ မကြာခင်ဘဲ ငိုချတော့မယ့်ကလေးငယ်ရဲ့မျက်နှာလေးလို ပေါက်ကွဲဖို့ တာစူနေပြီဖြစ်သည်။

"မဟုတ်ဘူး မဏိ၊ မဏိ အခု ကျိတ်ခံစားနေရတာတွေက ကိုယ့်ရင်ထဲမှာ အပူမီးတွေပဲ၊ မဏိနဲ့ပတ်သက်သမျှ ခံစားချက်တိုင်း ကိုယ်ခံစားရတယ်၊ မဏိ ရင်ထဲမှာ ဝမ်းနည်းနေလည်း ကိုယ်လည်း ဝမ်းနည်းတယ်၊ မဏိ ပျော်ရင်လည်း ကိုယ်ပျော်တယ်၊ အဲဒါ ကိုယ့်ရဲ့ခံစားချက်တွေပဲ"

သူက မဏိနဲ့ယှဉ်ရက်ဆိုဖာကလေးမှာ ဝင်ထိုင်လိုက်ပြီး မဏိ မျက်နှာလေးကို နွေးနွေးလေးစိုက်ကြည့်ကာ ရင်ထဲက စကားတွေ ဖွင့်ဟဝန်ခံလိုက်တဲ့အချိန်မှာ မဏိက နှုတ်ခမ်းလေးကို

www.burmeseclassic.com



ခပ်ဖွဖွဖိကိုက်ပြီး စားပွဲပေါ်မျက်နှာလေးအပ်ချကာ ရှိုက်ငင်ငိုကြွေးလိုက်ပါတော့သည်။

သူက မဏိ ငိုနေတာလေးကို ချစ်မြတ်နိုးစိတ်ဖြင့် ငေးစိုက်ကြည့်နေရင်းမှ မဏိ ပခုံးကလေးကို ပွေ့ဖက်နှစ်သိမ့်မလို့ လက်ရွယ်လိုက်ပြီးမှ မဏိ မကြိုက်ဘူးဆိုတဲ့အသိတွေနဲ့ လက်နှစ်ဖက်ကို ပြန်ရုပ်ယူလိုက်ပြီး နှုတ်ခမ်းကိုဖွဖွကိုက်ကာ သက်ပြင်းတွေပဲ ကျိတ်ချလိုက်မိသည်။

"မင်း ကျေနပ်တဲ့အထိ အေးအေးဆေးဆေးအနားယူလိုက်ပါ မဏိ၊ ကိုယ် အပြင်ကိုထွက်ပေးပါ့မယ်"

ရင်ထဲကဖျော့တော့တဲ့အသံနဲ့ မဏိကို နှစ်သိမ့်အားပေးလိုက်ကာ မဏိ စိတ်တိုင်းကျ အပြင်ထွက်နေပေးဖို့ ဆိုဖာကြီးမှ ထရပ်လိုက်ပါသည်။

"ဦးနေ မထွက်ပါနဲ့"

မဏိက သူ့လက်မောင်းကြီးကို ဖမ်းဆွဲလိုက်တာမို့ မတ်တတ်ရပ်နေတဲ့ သူ့ကိုယ်လုံးကြီး တောင့်မတ်နေရာမှ ဖျတ်ခနဲ မဏိဘက်သို့ ယိမ်းယိုင်ပစ်ကျသွားတဲ့အချိန်မှာ သူ့ရင်ထဲက မဏိကို ချစ်မိတဲ့ အချစ်တွေကို ဆက်ပြီးထိန်းချုပ်မျိုသိပ်မထားနိုင်တော့ဘဲ စိတ်တွေ လွှတ်ထွက် ပေါက်ကွဲသွားပါတော့လေသည်။





မဏိ ရင်ခွင်ထဲ မိမိရရပစ်ဝင်သွားတဲ့ သူ့ကိုယ်လုံးကြီးကို မဏိ ရင်ခွင်ထဲမှာပဲ မေးစက်နားခိုလိုက်ရင်း မဏိ ကိုယ်လုံးလေးကို မွှတ်သိပ်နွေးထွေးစွာ ခပ်တင်းတင်း သိမ်းဖက်ပစ်လိုက်ကာ အကြင်နာအနမ်းကလေးတွေက မဏိ မျက်နှာကလေးအနှံ့ ဝဲခနဲ ပျံ့ကျသွားရလေတော့သည်။

မဏိက သူ့ရဲ့အကြင်နာအနမ်းကလေးတွေကိုခေါင်းကလေးတယမ်းယမ်းနဲ့ ငြင်းဆန်ပါသေးသည်။

မဏိ ငြင်းဆန်နေတာလေးက သူ့ရင်ထဲက အသည်းနှလုံးကို ပိုပြီး ထိအက်ကြေကွဲသွားရတာမို့ သူ အသည်းယားစွာ မဏိ ကိုယ်လုံးလေးကို လွတ်ထွက်မည့်အလား ခပ်တင်းတင်းကြီး ပွေ့ဖက်ထားလိုက်ပါတော့သည်။

"အို ... ဦးနေ ... မဏိ ... မဏိကို လွှတ်ပေးပါတော့ မဏိ ... မဏိ"

"မငြင်းလိုက်ပါနဲ့ မဏိရယ်၊ ကိုယ့်ကို မငြင်းလိုက်ပါနဲ့နော်"

"ဟင့်အင်း ... ရုံးခန်းထဲကို လူတွေဝင်လာရင် မြင်သွားရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဝင်ပါဘူးကွာ၊ ကိုယ့်ရုံးခန်းထဲကို ဘယ်သူမှဝင်ခွင့်မ
ဘူး၊ ကိုယ့်ရင်ထဲမှာ အရမ်းခံစားရတယ်ကွာ၊ မဏီကိုကို
သိပ်ချစ်တယ်၊ မဏီကို ကိုယ် လက်ထပ်ချင်တယ်၊ မဏ
ကိုယ့်ကိုလက်ထပ်ခွင့်ပေးပါနော်၊ ကိုယ် မဏီကို လုံး
မခွဲနိုင်တော့ဘူး"

"ဟင့်အင်း ... မဟုတ်ဘူး"

မဏီရဲ့ငြင်းဆန်နိုင်လွန်းတဲ့ နှုတ်ခမ်းလှလှလေး
သူပါးပြင်ကြီးနဲ့ ဖိအပ်ပစ်လိုက်သည်။

မဏီက အရမ်းထိတ်လန့်သွားပုံဖြင့် သူ့ရင်ခွင်ထဲ
အတင်းရုန်းထွက်လိုက်တာမို့ မဏီ စိတ်ကျေနပ်သွားအောင် သူ
ခပ်ဖွဖွလေး သိုင်းဖက်လိုက်ပြီး မဏီ မျက်နှာလေးကို လက်နှစ်ဖ
နဲ့ပင့်မော့ယူလိုက်ကာ ရင်နှန်စွာဖြင့် သူ အလိုချင်ဆုံးစကားတွေ
ကို တောင်းဆိုလိုက်ပါသည်။

"ဟင့်အင်းဆိုတဲ့ အငြင်းဝါကျကို ကိုယ် မကြားချင်ဘူ
မဟုတ်ဘူးဆိုတဲ့ အငြင်းစကားကိုလည်း ကိုယ် မကြားနိုင်
ဘူး၊ မဏီလေး ကိုယ့်ကို ချစ်နေတယ်ဆိုတာကို ကို
ယုံကြည်လိုက်ပြီ၊ ကိုယ်တို့ လက်ထပ်ကြစို့နော် မဏ
ဒက်ဒီ မြန်မာပြည်ပြန်ရောက်တုန်း ကိုယ်တို့လက်ထပ်ပွဲ
စီစဉ်လိုက်ကြစို့နော် မဏီ"





သူက မဏီကို အနူးညွှတ်ဆုံး တောင်းဆိုလိုက်တော့
မဏီက သူ့ရင်ခွင်ထဲမှ ခေါင်းကလေးဝှက်ပြီး သူ့ခါးကို လက်
နှစ်ဖက်နဲ့ ခပ်တင်းတင်း ပြန်သိုင်းဖက်လိုက်တာမို့ ရုတ်တရက်
သူ အံ့သြငေးကြောင်စွာ ရင်ခုန်သံတွေ ရပ်တန့်သွားရလေသည်။

အံ့သြစရာကောင်းလောက်တဲ့အထိ ဆန်းပြားတဲ့
မဏီရဲ့ဖက်တွယ်မှုက မဏီရင်ထဲမှာ သူ အပြီးအပိုင်နေရာရသွားခဲ့ပြီ
ဆိုတာကို နားလည်ခံစားလိုက်ရကာ နွေးမြတဲ့ချစ်ပြုံးတွေနဲ့ ရှက်
ရွံ့ထိတ်လန့်သွားတဲ့ မဏီမျက်ဝန်းကလေးတွေကို စိုက်ကြည့်ရင်း
ရင်ထဲကလာတဲ့အသံနဲ့ မဏီစိတ်ကျဉ်းကျပ်နေမှုတွေ လျော့သွား
အောင် စကားလမ်းကြောင်း လွှဲပေးလိုက်ပါသည်။

"မဏီ ရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ကိုယ်
အားလုံးသိတယ်"

မဏီ စိတ်ဝင်စားသွားအောင် လှည့်ကွက်လုပ်လိုက်
တော့ မဏီ ရှက်လန့်တကြား သူ့ရင်ခွင်ထဲမှာ ခေါင်းကလေးဝှက်
ထားရာမှ သူ့ကို ဖျတ်ခနဲမော့အကြည့် သူက မဏီ မျက်နှာလေး
ကို ပွစ်ခနဲ ငုံ့နမ်းလိုက်ပါသည်။

"ဦးနေနော် ဘုဏ်မများနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မများပါဘူး ... ဟဲ ဟဲ၊ ကိုယ့်ချစ်သူတောင် ကိုယ် ဒီလောက်ကလေး နမ်းပိုင်ခွင့်မရှိဘူးလား၊ အခုတည်းက ကြောက်နေရတယ် မနိုပ်ဘူးကွာ"

"အပိုတွေလျှောက်မပြောစမ်းနဲ့ကွာ၊ မဏီရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ဦးနေ သိတယ်ဆို"

မဏီက မျက်နက်ဝန်းကလေးထောင့်ကပ်ပြီး သူ့ကိုမကြည်မလင် မေးလာတော့ သူ့သဘောကျစွာ ရယ်မောလိုက်မိသည်။

"အဟား ဟား ... သိတာပေါ့ကွာ၊ ကိုယ်က မင်းထက် ဆယ်နှစ်တိတိ ကြီးတာပဲ"

"ဒါဆို ဘာလဲ ပြော"

"ဟွန်း ... ပြောမယ်နော် နားထောင်၊ မဏီလေး ... မဏီ ရင်ထဲမှာ ဦးနေကို သိပ်ချစ်လွန်းလို့ ရင်တွေ အရမ်းခုန်နေတယ်တဲ့"

"ဟာကွာ ... ဦးနေကလည်း ဣန္ဒြေရရ လူကြီးလူကောင်း ဆန်ဆန်ပြောစမ်းပါ"

"ဘာလဲ မဟုတ်ဘူးလို့ ငြင်းဦးမလို့လား"





"အဲဒီလိုတော့ မငြင်းပါဘူး၊ ဒါပေမဲ့ ဦးနေကိုချစ်ရတာ ဘာကြောင့်မှန်းလဲမသိဘူး ရင်ထဲမှာလေးနေတယ်၊ မဏီ ဦးနေကို ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ဖွင့်ပြောချင်တယ်၊ မဏီ ဖွင့်ပြောလိုက်ရမှ မဏီ စိတ်ပေါ့သွားမှာ"

"အခုတော့ ဖွင့်မပြောပါနဲ့ဦး မဏီရယ်၊ ကိုယ် မင်းရင်ဖွင့်လွှာတွေကို နားမထောင်ချင်သေးဘူး"

နေသတိုးရ မဏီ ရင်ထဲက စကားသံလေးတွေကို နားလည်သိရှိထားခဲ့ပြီးပြီမို့ မဏီကို စကားဆက်ပြောခွင့်မပေးတော့သလို သူ့ရင်ထဲမှာလည်း လေးလံထိုင်းမှိုင်းသွားပါသည်။

မျက်ဝန်းညိုကြီးတွေ ရီဝေသွားတာကို မဏီ မမြင်နိုင်အောင် မျက်နှာကို ခပ်လွှဲလွှဲပြုရင်း သူ အတွေးတွေနဲ့ ငြိမ်သက်ငေးမောသွားရသည်။

တကယ်တော့ မဏီ ရင်ထဲမှာ ဘာတွေခံစားနေရတယ်၊ ဘယ်လိုအခြေအနေတွေဖြစ်ပြီး မင်းမိသားစုနဲ့ ပြဿနာဖြစ်ရတယ်ဆိုတာကအစ ကိုယ် အားလုံးနားလည်နေတယ် မဏီရယ်။

ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ မင်းနှလုံးသားလေးကို ဖတ်ရှုပြီးသားမို့လို့ မင်းကို အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်နိုင်အောင် ကြိုးစားတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ့်ကို ချစ်တယ်ဆိုတဲ့စကားလုံးကို ယုံကြည်ဖို့ မဝံ့မရဲဖြစ်ခဲ့ရတယ်။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မင်းကို လက်လွှတ်ဆုံးရှုံးရမှာကို အရမ်းစိုးရိမ်မိလို့ပဲ။

မင်းကိုချစ်ခဲ့တဲ့အချစ်တွေက တစ်ဘဝလုံးစာအတွက် ခိုင်ခိုင်မြဲမြဲလက်တွဲဖို့ ချစ်ခဲ့တဲ့ ကိုယ့်ရင်ထဲက အစစ်အမှန်ချစ်ခြင်းတွေဆိုတာကို ကိုယ် မင်းကို သစ္စာဆိုပြီးကျိန်ဝံ့ပါတယ် မဏိရယ်။

✧ ❤ ✧





## ၁၆

ဦးနေနဲ့ မဏိ ချစ်သူဖြစ်သွားပြီဆိုတဲ့အသိက မဏိနှလုံးသားလေး ကို ဘာကြောင့်များ မပျော်ရွှင်ခဲ့ရတာလဲဆိုတာ မဏိ စဉ်းစားလို့မရအောင်ဖြစ်ခဲ့သည်။ မဏိနဲ့ ဦးနေ ချစ်သူဖြစ်သွားကြတာကို ရန်ခသာ သိသွားရင် ဘယ်လိုများခံစားရမလဲ။

ရန်ခ မဏိကို သည်းခံပြုံးချစ်ခဲ့တာတွေကို မဏိစိတ်လှုပ်ရှားမှုများ ကျသွားပြီလား။

ပြီးတော့ တစ်သက်လုံး မခွဲတမ်းအတူနေလာခဲ့ကြပြီးကာမှ မထင်မှတ်ဘဲ လမ်းခွဲလိုက်ရတဲ့အဖြစ်ကို ရန်ခ သိသွားခဲ့ရင် ဘာတွေများပြဿနာဖြစ်လာဦးမလဲဆိုတဲ့ အတွေးတွေက မဏိ နှလုံးသားလေးကို တနှံ့နှံ့ခံစားနှိပ်စက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏိကြောင့် ရန်ခသာ တစ်ခုခုဖြစ်သွားရင် မဏိ စိတ်ထဲမှာ ဖြေဆည်လို့ရမှာမဟုတ်တော့။

မဏိ နလုံးသားက ဦးနေကို လက်ခံအသိအမှတ် ပြုပြီးသွားပြီမို့ ရန်ခကိုပဲ တိတ်တဆိတ်ရှောင်နေဖို့ ဆုံးဖြတ်လိုက်မိသည်။

ရန်ခရယ် ... ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါနှင့်ကို ဖြူဖြူစင်စင်ခင်တွယ်ခဲ့မိတာ နင့်နလုံးသားမှာ ဒဏ်ရာနက်နက်ရသွားတာ ငါ စိတ်မကောင်းပါဘူး။

အခုချိန်မှာ ရန်ခ ဘာတွေ လုပ်နေသလဲဆိုတာ မဏိ သိချင်သည်။ ဦးနေနဲ့ ချစ်သူဖြစ်ခဲ့တာ သုံးလဆိုတဲ့ကာလ အတွင်းမှာ ဦးနေရဲ့ကြင်နာနွေးထွေးမှုတွေကို မဏိ ခင်တွယ်မြတ်နိုးခဲ့မိသည်မှအပ မဏိ ဦးနေအပေါ်မှာ ရင်ခုန်ကြည်မွေ့မှုတွေ မရှိခဲ့တာကိုလည်း နလုံးသားက သိရှိခဲ့သည်။

ရန်ခနဲ့ အဆက်အသွယ်ပြတ်သွားခဲ့တဲ့ သုံးလတာ ကာလအတွင်းမှာ ရန်ခကို မဏိရှေ့မှာ အရိပ်အယောင်တောင် မတွေ့ခဲ့ရတော့ချေ။

ဒါပေမဲ့ လူကြီးတွေကတော့ အမြဲတမ်း အိမ်ကို ဝင်ထွက်သွားလာလုပ်စမြဲပင်။ မေမေကတော့ အပြတ်သားဆုံး





စကားလုံးတွေနဲ့ မဏိကို ပွင့်ပွင့်လင်းလင်း ပြောထားခဲ့ပြီးဖြစ်သည်။

"မဏိ ညည်းဘာသာ ရန်ခကို အပြစ်မရှိ အပြစ်ရှာပြီး လမ်းခွဲခဲ့ပြီး ကုမ္ပဏီပိုင်ရှင်နဲ့ ချစ်သူဖြစ်လည်း ငါ အသိအမှတ်မပြုဘူး၊ ညည်း ကုမ္ပဏီပိုင်ရှင်က မြန်မာပြည်မှာ အချမ်းသာဆုံး တော့ဝမ်းဖြစ်ရင် ဖြစ်နေပါစေ ငါ လုံးဝ သဘောမတူဘူး၊ ညည်း ရန်ခကလွဲပြီး ဘယ်သူမှ လက်ထပ်ခွင့်မရှိဘူးဆိုတာ ငါ အတိအလင်းကြေညာထားတာပဲ၊ ညည်းလောကကြီးမှာမရှိတဲ့မိန်းကလေးကို ငါ မွေးထားရတာ ငါ သိက္ခာကျတယ်"

မနေ့ကပြောခဲ့တဲ့ မေမေ့စကားတွေက မဏိရင်ကို မောပန်းနွမ်းလျစေခဲ့သည်။ မေမေပြောခဲ့တဲ့ သစ္စာဆိုတဲ့စကားလုံးက မဏိနဲ့ သက်ဆိုင်ခဲ့သလားဆိုတဲ့ အတွေးလေးတွေက မဏိ နလုံးသားကို နာကျင်စွာ ရိုက်ခတ်သွားခဲ့သည်။

ငယ်ငယ်ကတည်းက တစ်ခါမှမခွဲဘဲ အတူတွဲလာခဲ့ကြတဲ့ ရန်ခနဲ့ မထင်မှတ်ဘဲ အခုလို ခွဲခွာခဲ့ရတဲ့ မဏိရင်ထဲမှာလည်း ရန်ခနဲ့တွေ့ဆုံပြီး တောင်းပန်စကားပြောဖို့ အကြိမ်ကြိမ်ကြိုးစားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ခကို မျက်နှာချင်းဆိုင်ရမှာလည်း မဏိ ရင်ထဲမှာ မဝံ့မရဲဖြစ်ခဲ့ရသည်။ မဏိဘက်က စတင်ပြီးသစ္စာမဲ့ခဲ့တာမို့ မဏိ လိပ်ပြာကိုမဏိ မလုံဖြစ်ခဲ့သည်။

ရန်ခရယ် ... ငါ့ရင်ထဲမှာ မေမေ ငါ့ကို စွပ်စွဲခဲ့သလို ငါ နင့်ကို သစ္စာဖောက်မိသွားခဲ့ပြီးပါပြီ။ နင် ငါ့ကို လွတ်မြောက် ခွင့်ပေးပါတော့ ရန်ခရယ်။

နင် ဘာဖြစ်လို့ ငါ့ရှေ့မှာဝင်ပြီး မရပ်တည်ဘဲ လက်ပိုက်ရပ်ကြည့်နေခဲ့တယ်ဆိုတာကိုလည်း ငါ ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူး ရန်ခရယ်။

မဏိ အတွေးကလေးတွေနဲ့ စိတ်ထဲမှာ ဦးတည်လို့ မ။ဖြစ်ကာ နောက်ကျိုကျိုကြီးဖြစ်လာရသည်။

နောက်ဆုံးတွင် သုံးလတိတိ အဆက်အသွယ်ဖြတ်ထားတဲ့ ရန်ခဆီသို့ မဏိ ဖုန်းဆက်ဖို့ အကြံရသွားကာ ခုတင်ခေါင်းရင်းမှာတင်ထားတဲ့ Hand Phone ကလေးကိုဆွဲယူပြီး ဖုန်းနံပါတ်တွေကို နှိပ်လိုက်ပါတော့သည်။

မဏိ ရင်ထဲမှာ ရန်ခကို မေ့မရခဲ့ဘူးဆိုတာ မဏိ ကိုယ်မဏိ တဖြည်းဖြည်းခံစားသိမြင်လာခဲ့သည်။





မဏိက ဖုန်းကလေးကိုကိုင်ပြီး တွေတွေငေးငေးလေး ငေးငိုင်နေတဲ့အချိန်မှာပဲ ရန်ခဖုန်းထူးသံက မဏိ နားထဲ လှိုက်ခနဲဝင် လာခဲ့တော့သည်။

“ဟယ်လို”

ရန်ခ အသံကလေးကြားလိုက်တာနဲ့ မဏိ တစ်ကိုယ် လုံး စိမ့်ခနဲအေးစက်သွားသည်အထိ စိတ်လှုပ်ရှားသွားရကာ ရန်ခကို စကားပြောဖို့ အနူးအညွတ်တောင်းပန်လိုက်ပါသည်။

“ရန်ခ ငါပါ၊ ငါ နင်နဲ့ စကားပြောစရာတွေ အများကြီးရှိတယ်၊ နင့်ကို ငါ တွေ့ချင်တယ်၊ နင့်အိမ်ကို ငါလာခဲ့မယ်နော် ရန်ခ”

မဏိက ရန်ခကို အသနားခံတောင်းဆိုလိုက်ပေမယ့် ဘစ်ဖက်မှ ရန်ခစကားသံ ထွက်မလာတော့ချေ။

ရန်ခ မဏိကို စကားမပြောချင်လောက်အောင် နီးတီးနာကြည်းသွားပြီဆိုတဲ့အသိက မဏိရင်ကို နင့်ခနဲကြေကွဲ ကျင်သွားရကာ မျက်ရည်များ တစိမ့်စိမ့်စီးကျလာခဲ့သည်။

“ရန်ခ ငါ့ကို စကားပြန်မပြောတော့ဘူးလား၊ ငါ ... ငါ”

မဏိ ရင်ထဲ လှိုက်ခနဲဝမ်းနည်းကြေကွဲသွားကာ ဘစ်ချက်ရှိုက်ငင်ငိုကြွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ရန်ခက ဖုန်းပိတ်သွားခဲ့ပြီမို့ မဏိ ဘာစကားမှမပြောနိုင်တော့ဘဲ နှုတ်ခမ်းသားလေးကို ပြတ်ထွက်မတတ် ဖိကိုက်ထားလိုက်သည်။

စိတ်ထဲမှာ ရန်ခရဲ့ရက်စက်စိမ်းကားမှုတွေကို ခံနိုင်ရည်မရှိစွာ စိတ်ရဲ့ထွက်ပေါက်အဖြစ် လူသူဝေးလွန်းတဲ့ တောင်ထိပ်ဆီသို့ ပြေးတက်သွားပြီး အာခေါင်ခြစ်အော်ဟစ်ပေါက်ကွဲပစ်ချင်စိတ်တွေကို မနည်းမျိုသိပ်ထိန်းချုပ်ထားရသည်။

မဏိ ရင်ထဲမှာ တင်းကျပ်ဆို့နင့်ကာ မဏိကိုယ် မဏိ ခွင့်မလွှတ်ချင်လောက်အောင် စိတ်ပျက်သွားရသည်။

ရန်ခ အခုလိုဖြစ်ရတာ သူမကြောင့်ဆိုတဲ့အသိက နှလုံးသားထဲမှာ လောင်ကျွမ်းနေခဲ့သည်။

မဏိနဲ့ ရန်ခတို့ ပြတ်သွားပြီး သုံးလအတွင်းမှာ ရန်ခ ဘယ်သူနဲ့မှ စကားသိပ်မပြောတော့ဘဲ တစ်ယောက်တည်း အထီးကျန်ဆန်စွာ ငူငူငိုင်ငိုင်လေးတွေးနေတတ်တာကို သိထားခဲ့တဲ့ မဏိရင်ထဲမှာ ရန်ခ တစ်ခုခုဖြစ်သွားရင်ဆိုတဲ့ စိုးရိမ်မှုတွေက မဏိကို နေလို့မရအောင် နှိပ်စက်သွားခဲ့ပြီမို့ မဏိ အခုချက်ချင်းပင် ရန်ခဆီသို့သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါသည်။





ရန်ခကို မဏိ ရင်ထဲက ခံစားချက်တွေကို ရှင်းပြချင်သည်။ ရန်ခ အခုလို မဏိကို ကျောခိုင်းလျစ်လျူပြုထားတဲ့ ဒဏ်တွေကိုလည်း မဏိ မခံစားနိုင်တော့။

ကြာရင် မဏိ ရူးသွားမှာသေချာသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ရန်ခ ဖုန်းပိတ်ပြီးတာနဲ့ ဖုန်းကလေးကို ငေးငေးကလေးစိုက်ကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းလစ်ဟာသွားသလိုကြီး ခံစားလိုက်ရသည်။

သုံးလလုံးလုံး သူ့ကိုအဆက်အသွယ်မလုပ်ဘဲ သူမစိတ်တိုင်းကျ ကုမ္ပဏီမှာအလုပ်ဝင်လုပ်နေတဲ့ မဏိကို သူ လျစ်လျူပြုကျော့ခိုင်းထားခဲ့သည်။ မဏိ ဘာလုပ်လုပ် သူ စိတ်ဝင်စားမှု မရှိဘဲနေခဲ့သည်။

မဏိနဲ့ ကုမ္ပဏီပိုင်ရှင် နေသတိုးရတို့ ချစ်သူဖြစ်သွားကြပြီဆိုတဲ့သတင်းကတော့ ရန်ခ အသည်းနှလုံးကို အနာကျင်ဆုံးရိုက်သတ်သွားခဲ့ပါသည်။

မဏိ သူ့အပေါ် သစ္စာဖောက်ရက်တယ်ဆိုတဲ့ ခံစားမှုက သူ့နှလုံးသားကို တနဲ့နဲ့နှိပ်စက်နေသည်။





ငါ့ရင်ထဲမှာ နင့်ရဲ့ သစ္စာမဲ့မှုတွေကြောင့် အရမ်းနာကျင်နေခဲ့ရတယ် မဏိ။

ဒါပေမဲ့ ငါ နင့်ကို မုန်းလို့မရခဲ့ဘူး။ ငါ့ကို သစ္စာဖောက်သွားတဲ့ မိန်းမတစ်ယောက်ကို ငါ အနာကျင်ဆုံး ခံစားမှုတွေနဲ့ မုန်းဖို့ပစ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် ငါ နင့်ကို မေ့လို့မုန်းလို့မရခဲ့ဘူး မဏိ။

ဒါပေမဲ့ နင့်လုပ်ရပ်တွေကြောင့် ငါ ရင်ထဲမှာ အမြဲနာကျင်နေခဲ့တယ်။

နင်ဟာ သိပ်ကြောက်ဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ဆိုတာကို ငါ့နှလုံးသားက ခံစားလို့ရသွားပါပြီ။

ငါ့ရင်ထဲမှာ နင့်ကို လက်လွှတ်ဆုံးရှုံးရမှာကို အရမ်းစိုးရိမ်ခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ငါ နင့်ကိုကျော့ခိုင်းထားလို့မရအောင် သိပ်ချစ်ခဲ့ရလို့ပါပဲ မဏိရယ်။

ရန်ခတစ်ယောက်တည်း ညှော်ခန်းထဲမှာ ခေါက်ဝှံ့ခေါက်ပြန်လျှောက်ရင်း စောစောက မဏိ ဖုန်းဆက်ပြီးတောင်းပန်လိုက်တဲ့ အသံကလေးကိုပဲ ရင်ထဲမှာ ထပ်တလဲလဲ တမ်းတနေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မထင်မှတ်ဘဲ အပြင်ဘက်တံခါးဝဆီက ကြားလိုက်ရတဲ့ မဏိ အသံကြောင့် သူ့အသည်းထဲ လှပ်ခနဲ အေးမြသွားသည်အထိ စိတ်လှုပ်ရှားသွားပါသည်။

"ဒေါက် ... ဒေါက် ... ရန်ခ၊ ငါ့ကို တံခါးဖွင့်ပေးပါ၊ ငါ နင်နဲ့စကားပြောစရာရှိလို့"

"ဟင်"

ရန်ခ မဏိအသံကလေး ကြားလိုက်ရတာနှင့် တစ်ပြိုင်နက် ရင်ထဲမှာ လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားကာ တံခါးဝဆီသို့ ခြေလှမ်းတွေ ရောက်ရှိသွားပါသည်။

ဟာ ... ငါ ဘာဖြစ်သွားပြီလဲ၊ ငါ သူ့ကိုလျစ်လျူပြုထားရမယ်၊ သူက ငါ့နှလုံးသားကို အရှင်လတ်လတ် နင်းချေသတ်ဖြတ်ခဲ့တဲ့သူပဲ။

ရန်ခ အသိကလေးနဲ့ ဆင်ခြင်ကာ မဏိကို တံခါးသွားဖွင့်ပေးမဲ့ဆဲဆဲ လက်ကလေးကို ဆတ်ခနဲ ရုပ်ယူရင်း နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ကြိတ်ပစ်လိုက်သည်။

"ရန်ခ ... ငါ တောင်းပန်ပါတယ်ဟာ၊ ငါ နင့်ကို ခဏဖြစ်ဖြစ် တွေ့ပါရစေ၊ ငါ နင့်ကို ငါ့ရင်ထဲက စကားတွေ





ရင်ဖွင့်ချင်လို့ပါ၊ ငါ့ကြောင့် နင် လုံးဝစိတ်မဆင်းရဲစေရပါဘူး၊ ငါ ကတိပေးပါတယ် ရန်ခရယ်၊ ငါ့ကို တံခါးဖွင့်ပေးပါနော် ရန်ခ"

မဏိ စိတ်မထိန်းနိုင်တော့ဘဲ ရန်ခ တိုက်ခန်းတံခါးဝမှာ မျက်နှာကလေး အပ်ချပြီး တိတ်တိတ်ကလေး ငိုရှိုက်လိုက်မိပါတော့သည်။ မဏိ ငိုရှိုက်သံလေးကို သူ လျစ်လျူပြု ကျောခိုင်းရက်တာ အံ့သြမိသည်။

မဏိ ဘယ်လောက်တောင်းပန် တောင်းပန် ရန်ခကတော့ နေစိမ့်စွာဖြင့် တံခါးလာမဖွင့်ပေးခဲ့ချေ။

ရန်ခရဲ့ ရက်စက်စိမ်းကားမှုအောက်မှာ နှလုံးသားတစ်ခုလုံး ပရုဗ္ဗ နာကျင်ကြေမွသွားရပါပြီ။

"ရန်ခ ... ငါ့ကို တံခါးဖွင့်ပေးနော် ရန်ခ"

မဏိ အရမ်းပေါက်ကွဲသွားရပါပြီ။ တံခါးကို တဒုန်းဒုန်းထုပစ်ကာ စိတ်ရှိလက်ရှိ အော်ဟစ်ပေါက်ကွဲပစ်လိုက်သည်။

မဏိ ရင်ထဲမှာ ရန်ခရဲ့လုပ်ရပ်တွေကို မခံမရပ်နိုင်ဘဲ ပေါက်ကွဲနေတဲ့အချိန်မှာ မထင်မှတ်ဘဲ ဦးနေနဲ့ ရင်ဆိုင်ခဲ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါ။ ထင်မှတ်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးနေက မဏိ ရန်ခကို အောက်ကျနောက်ကျ တွေ့ခွင့်တောင်းနေခဲ့တာတွေကို အစအဆုံး တွေ့မြင်သွားကာ ရီဝေဝေ မျက်လုံးညိုကြီးတွေနှင့် မဏိကို စိုက်ကြည့်ပြီး မဏိပခုံးသားလေးတွေကို နွေးထွေးစွာ သိုင်းဖက်ကာ ချော့မော့နှစ်သိမ့်လာခဲ့ပါသည်။

"မဏိ တော်တော့၊ လူကြားမကောင်းဘူးကွာ၊ ဘေးအခန်းကလူတွေ ထွက်လာရင် ရှက်စရာကြီး၊ ကိုယ်တို့ တစ်နေရာရာကို သွားကြစို့"

"ဟင် ... ဦးနေ"

မဏိ ခေါင်းငိုက်စိုက်ချပြီး မျက်ရည်တွေ စီးကျနေရာမှ အံ့ဩထိတ်လန့်စွာဖြင့် ဦးနေကို မော့ကြည့်လိုက်မိသည်။ မဏိရဲ့အဖြစ်တွေကို ဦးနေ အစအဆုံး တွေ့မြင်သွားပြီမို့ မဏိ ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းကာ ဦးနေ ပွေ့ဖက်ထားတဲ့ ရင်ခွင်ထဲသို့ ခေါင်းကလေး မှေးတင်လိုက်ပြီး ကလေးလေးတစ်ယောက်လို ငိုချလိုက်ပါတော့သည်။

"မငိုပါနဲ့ မဏိရယ်၊ ဒီလောက် ဝမ်းနည်းစရာ မလိုပါဘူး၊ မင်းတို့သူငယ်ချင်းနှစ်ယောက်ရဲ့ ခင်တွယ်မှုကို ကိုယ် ဘာမှအပြစ်မပြောပါဘူး၊ မဏိဆီ ကိုယ်ဖုန်းဆက်တာ မဏိ ဖုန်းမကိုင်လို့ ကိုယ် လိုက်လာတာ"





"ဦးနေ ... မဏိစိတ်တွေ အရမ်းပင်ပန်းတယ်၊ ဦးနေနဲ့ အပြင်မလိုက်တော့ဘူး၊ မဏိ အနားယူချင်တယ်"

မဏိက မျက်နှာပူပူနဲ့ ဦးနေကို တောင်းဆိုလိုက်ပါသည်။ ဦးနေက သဘောကောင်းစွာဖြင့် ခေါင်းညိတ်ပြုံးပြကာ မဏိ ခေါင်းကလေးကိုလည်း ဖွဖွကလေး ချော့မော့နှစ်သိမ့်သလို ပွတ်သပ်ပေးလာသည်။

မဏိသည် ဦးနေရဲ့နွေးထွေးတဲ့ အကြင်နာတွေကို အရမ်းမျက်နှာမှမိသလို ဖြစ်သွားပြီးမှ ငါဟာ ဦးနေရဲ့တရားဝင်ချစ်သူပါလားဆိုတဲ့ အသိက နှလုံးသားထဲကို လှိုက်ခနဲ နွေးဖိသွားသည်အထိ ရင်ထဲမှာ ခံစားမှုအသစ်ကလေး စီးဝင်သွားခဲ့သလို ရန်ခနဲ့ မဏိဟာ ဘာမှမဆိုင်တော့ဘူးဆိုတဲ့ ခံစားမှုလေးတွေက မဏိ နှလုံးသားလေးကို ကျင်ခနဲ ဖြစ်သွားသည်အထိ စိတ်မကောင်း ဖြစ်သွားရသည်။

"အေး ... အေး၊ မင်း အနားယူချင်လည်း ကိုယ်ပြန်တော့မယ်၊ စိတ်မကောင်းစရာတွေ ဘာမှမတွေးရဘူးနော် မဏိလေး"

မဏိ ခေါင်းကလေးကို ဖွဖွကလေးကိုင်ပြီး အကြင်နာစကားတွေဖြင့် နှစ်သိမ့်ကာ မဏိ အရှေ့မှ ခပ်ဖြည်းဖြည်းချင်း လှည့်ထွက်သွားတဲ့ ဦးနေကို မဏိ လျစ်လျူပြုမိသလို ဖြစ်သွားတာမို့ အားနာ မျက်နှာပူသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏိ မနက်ဖြန်မှာ ဦးနေကို ဘယ်လိုမျက်နှာမျိုးနှင့် ရင်ဆိုင်ရမှန်း မသိအောင် စိတ်တွေရှုပ်ထွေးမှုန်းကျပ်သွားခဲ့သည်။

ဘာပဲဖြစ်ဖြစ် အခုလောလောဆယ် ဦးနေ သိတတ်စွာဖြင့် သူမအရှေ့က လှည့်ထွက်သွားတာကိုပဲ ကျေးဇူးတင်ခဲ့မိသည်။

✧❤✧





၁၇

ဒီည-တစ်ညလုံး နေသတိုးရ ဘယ်လိုမှ အိပ်ပျော်တော့မှာ မဟုတ်တော့။ မနက်က မြင်တွေ့လိုက်ရသည့် မဏိရဲ့ခံစားချက်တွေကို စိတ်ထဲမှာ တနုံ့နုံ့ဖြစ်ကာ မကျေမနပ် ဖြစ်နေခဲ့မိသည်။

မဏိဟာ သူ့ချစ်သူဆိုတဲ့ အသိစိတ်ဖြင့် မဏိ ဟိုကောင်လေးနဲ့ တွေ့ခွင့်မရလို့ ကြေကွဲဝမ်းနည်းနေတဲ့ မျက်နှာကို သူ တည့်တည့်မတ်မတ် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတာမို့ သူ့ရင်ထဲမှာ ဘာလုပ်ရမှန်း မသိအောင် စိတ်တွေချောက်ချားသွားရကာ မဏိသာ သူ့ကို သစ္စာဖောက်ခဲ့ရင်ဆိုတဲ့ အတွေးတွေနဲ့တင် သူ ရူးသွားချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား … ငါ … ငါ ဘာလုပ်ရမလဲ၊ မဏိအချစ်တွေကို ငါ သိပ်ပြီးယုံကြည်လို့ မရဘူး။ မဏိ ရင်ထဲမှာ ရန်ခဆိုတဲ့ကောင်လေး နေရာဝင်ယူထားခဲ့တာ သူ အသိဆုံးဖြစ်သည်။

ကြံရာမရ အတွေးတွေဖြင့် ခုတင်ပေါ်မှာ လူးရင်းလိမ့်ရင်းနှင့် မဏိမျက်နှာလှလှလေးကို မျက်ဝန်းထဲမှာ ဖျတ်ခနဲမြင်ယောင်ခဲ့မိသည်။

“မဏိရယ် … ငါ့ကိုတော့ မင်း မလှည့်စားလိုက်ပါနဲ့နော်၊ ငါ့ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုးချစ်ခဲ့ဖူးတာပါ၊ ငါ့နှလုံးသားက အဖြူထည်လေးပါကွာ”

နေသတိုးရ ခပ်ဖွဖွညည်းညူရင်း ရင်ထဲက ပူလောင်တဲ့ ခံစားမှုတွေကို သူ ဆက်ပြီးမခံစားနိုင်တော့ဘဲ မဏိဆီ ဖုန်းဆက်ဖို့ ဖုန်းကလေး လှမ်းယူလိုက်ပါသည်။

မဏိကို သူ နားလည်ပေးနိုင်ခဲ့ပေမဲ့ တခြားသူအတွက် ခံစားပေးနေတဲ့ မဏိ နှလုံးသားကိုတော့ သူ နားလည်နိုင်မှာ မဟုတ်တော့။ မဏိကို အမြန်ဆုံး [illegible]ပ်ဖို့ သူ ဆွဲဆောင်သိမ်းသွင်းရမည် ဖြစ်သည်။

မဏိ ဖုန်းနံပါတ်တွေကိုနှိပ်ပြီး သိပ်မကြာ[illegible]ခင်မှာပဲ မဏိရဲ့အိပ်ချင်မူးတူး ဖုန်းထူးသံလေးကို ကြားလိုက်ရသည်။





“ဟယ်လို”

“မဏိ အိပ်နေပြီလား၊ ကိုယ် မဏိကို စကားပြောစရာရှိလို့၊ မနက်အထိ မစောင့်အဲ ဖုန်းဆက်လိုက်တာ”

“ဟာ … ဘယ်အချိန်ရှိပြီလဲ၊ ဆယ့်နှစ်နာရီတောင်ကျော်နေပြီ၊ မဏိ စကားမပြောချင်ဘူး၊ အိပ်ချင်နေပြီ”

“နေဦး မဏိရယ်၊ ကိုယ် ပြောတာကို ဆုံးအောင်နားထောင်ဦးကွာ”

“ဟာ … ဘာပြောမှာလဲ၊ စိတ်ညစ်တယ်၊ ညအချိန်မတော်ကြီး”

မဏိရဲ့ငြူစူတဲ့ အသံတွေက သူ့နှလုံးသားကို ရှုးခနဲ နာကျင်သွားပါသည်။

ကျစ်တစ်ချက် စုပ်လိုက်ပြီးမှ သူ့နှုတ်ခမ်းကို တင်းတင်းစေ့ပစ်ကာ စိတ်လျှော့လိုက်ရသည်။

“ခက်တာပဲ၊ မဏိကလည်းကွာ၊ မင်း အခုပြောနေတာနဲ့တင် စကားက ရှည်နေပြီ၊ ကိုယ်ပြောမှာက တစ်ခွန်း နှစ်ခွန်းတည်း”

“ဘာပြောမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် မဏီ ဆက်ဆက်ရုံးတက်၊ ကိုယ် မဏီကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

"ဒါပဲလား"

"အေး … ဒါပဲ"

"ပြီးရော"

ပြောပြီးတာနဲ့ ဖျတ်ခနဲ ဖုန်းပိတ်သွားတဲ့ မဏီ လုပ်ရပ်တွေကို သူ မကျေနပ်နိုင်ပေမဲ့ ကြိတ်မှိတ်သည်းခံလိုက်ရပါတော့သည်။ မဏီဟာ သူ့ထက် ဆယ်နှစ်ကြီးတောင် ငယ်တယ်ဆိုတဲ့ အတွေးတွေဖြင့် မဏီကို အလျှော့ပေးပြီး သည်းခံခဲ့မိတာ မဏီ သူ့အပေါ် ဆိုးလို့ကောင်းခဲ့မှန်း သူ သိမြင်လိုက်ရပါသည်။

မဏီနဲ့ ချစ်သူဖြစ်သွားပြီးကတည်းက သူ မဏီရဲ့ နွဲ့ဆိုး၊ ဆိုးမှုတွေကို သည်းခံခဲ့ရသည်။

မဏီ ဘယ်လောက်ဆိုးသလဲဆိုရင် ဟိုတယ်မှာစားဖို့သောက်ဖို့ ဟင်းတွေမှာပြီးကာမှ ခေါင်းမူးလို့ အိမ်ပဲပြန်ချင်ပါတယ်ဆိုတာနဲ့ သူ ချက်ချင်းပဲ ပြန်လိုက်ပို့ပေးခဲ့ရတဲ့ အဖြစ်တွေက အခုတော့ သူ့ကို နိုင်လို့ကောင်းတဲ့ လူနုံကြီးဆိုပြီး နိုင်စားနေခဲ့တာတွေကို သူ့ရင်ထဲမှာတအုံနွေးနွေး မကျေမနပ် ဖြစ်ခဲ့ရသည်။





မဏီ သူ့ကို ချစ်မြတ်နိုးခဲ့တာ တကယ်စစ်မှန်ရဲ့လားဆိုတဲ့ အတွေးတွေက မဏီနဲ့ ချစ်သူဖြစ်ပြီးကတည်းက သူ့မှာ ရင်တထိတ်ထိတ်နဲ့ မွန်းကျပ်ခဲ့ရသည်။

ကိုယ့်ထက် အများကြီး အသက်ငယ်တဲ့ မိန်းကလေးကို ချစ်ခဲ့ရတော့လည်း သူ့မှာ စိတ်ထဲက အလိုလို အလျှော့ပေးကာ ခေါင်းငုံ့သည်းခံခဲ့ရသည်။

မဏီနဲ့ ချစ်သူဖြစ်စက ဒက်ဒီ မြန်မာပြည်ကို အလည်ပြန်ရောက်ခါစမို့ သူ မဏီကို ဒက်ဒီနဲ့ ပေးတွေ့ခဲ့ပါသည်။

ဒက်ဒီနဲ့ တွေ့တဲ့အချိန်မှာ မဏီ မျက်လုံးကလေးတွေက ကလေးဆန်သလို၊ အပြောကလေးတွေကလည်း ကလေးဆန်ခဲ့တာမို့ သူက နှစ်သက်မြတ်နိုးခဲ့ပေမဲ့ ဒက်ဒီကတော့ သူလို အံသိအမှတ် မပြုဘဲ မဏီ သူ့ကို တကယ်ချစ်ခဲ့တာ ဟုတ်ရဲ့လားလို့ သံသယဖြင့် မဏီ ပြန်သွားပြီးတာနဲ့ သူ့ကို တည့်တည့်မေးလာခဲ့တော့သည်။

အဲဒီတုန်းက ဒက်ဒီ့စကားတွေက အခုချိန်မှာ သူ့ရင်ကို တော်တော်ကြေကွဲ ထိခိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား မင်း ကောင်မလေးက ကလေးဆန်တယ်လို့ မင်းက ချစ်တဲ့စိတ်နဲ့ အမြင်ကြည်နေခဲ့ပေမဲ့ ဒက်ဒီကတော့ မင်း ကောင်မလေးကို ကလေးဆန်တယ်လို့ မသတ်မှတ်မိဘူး၊ ဒက်ဒီ့အထင် ပြောရရင် မင်းစိတ်ထဲ ကောင်းမှာမဟုတ်ဘူး"

"ပြောပါ ဒက်ဒီရဲ့၊ ကျွန်တော်နဲ့ သူ့ကြားမှာ စိတ်မကောင်းစရာ ဘာတစ်ခုမှ ရှိလာမှာ မဟုတ်ဘူး"

"အင်း ... ဒက်ဒီ့အထင် မင်းကောင်မလေး မင်းကို သိပ်အလေးထားပုံ မရဘူး၊ ဆိုးလို့ကောင်းလို့ မင်းကို ခင်တွယ်တာလောက်ပဲ ရှိတယ်၊ သူ မင်းကို တကယ်ချစ်လောက်ဘူး၊ သူ့မျက်လုံးတွေက မင်းကိုကြည့်တာ သိပ်ဖြူစင်တယ်"

ဒက်ဒီ့စကားတွေကို အဲဒီတုန်းက သူ လွတ်လပ်ပေါ့ပါးစွာ ရယ်မောတုံ့ပြန်နိုင်ခဲ့ပေမယ့် အခုချိန်မှာတော့ ဒက်ဒီ့စကားတွေက အမှန်တွေချည်း ဖြစ်ခဲ့တာမို့ သူ့ရင်ထဲမှာ ပူလောင်ကာ မဏိ သူ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယအတွေးတွေက သူ့ရင်ကို နှမ်းလျခြောက်သွေ့စေခဲ့သည်။

တကယ်တော့ မဏိ ရင်ထဲမှာ ရန်ခ ဆိုတဲ့ကောင်လေးကို သံယောဇဉ်နဲ့ တွယ်တာနေတုန်းပဲ ဆိုတာကို အခုချိန်မှာ





သူ လက်တွေ့တွေ့မြင်လိုက်ရပြီမို့ သူ ဘာလုပ်သင့်သလဲဆိုတာကိုပဲ ထပ်ချည်းတလဲလဲတွေးကာ ညက တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ဘဲ သက်ပြင်းမောတွေ အကြိမ်ကြိမ် ချမိရင်းနှင့် မိုးစင်စင်လင်းခဲ့ရတော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

မိုးစင်စင်လင်းလာတဲ့ အချိန်မှာ နေသတိုးရဲ့ ဆုံးဖြတ်ချက် ကောင်းကောင်းချနိုင်သွားခဲ့ပြီဖြစ်သည်။ ဒက်ဒီ မြန်မာပြည်ကို ပြန်ရောက်နေတဲ့ အချိန်မှာ မဏိနဲ့ ချက်ချင်း လက်ထပ်နိုင်ဖို့ အခွင့်အရေးတစ်ခုကို သူ ဖန်တီးရမည်ဖြစ်သည်။

ကမ္ဘာ့သူဌေးလောကမှာ နာမည်နဲ့ ကျော်ကြားခဲ့တဲ့ နေသတိုးရဲ့ အတွက် ကိုယ်ချစ်ခဲ့တဲ့ မိန်းမကိုလည်း သူ့ရဲ့ ကျော်ကြားမှုတွေနဲ့ သိမ်းသွင်းဖြားယောင်းရမည်ဖြစ်သည်။

နေသတိုးရဲ့ ရင်ထဲမှာ မဏိကို ချစ်တဲ့စိတ်တွေဖြင့် ပူလောင်ကာ မငြိမ်းချမ်းနိုင်ခဲ့ချေ။





မဏိရယ် ... ကိုယ့်ရင်ထဲမှာ မင်းကို သိပ်ချစ်တဲ့ စိတ်တွေနဲ့ မင်း ကိုယ့်အပေါ် ဆက်ဆံခဲ့တာတွေဟာ ချစ်တဲ့သူကို နွဲ့ဆိုးဆိုးတာမှ ဟုတ်ရဲ့လားလို့ သံသယတွေ ဖြစ်ခဲ့ရတယ်။ မင်း ကိုယ့်ကို တကယ်ချစ်တာပါလို့ မင်းပါးစပ်က အကြိမ်ကြိမ် ရေရွတ်ပြောခဲ့ရင်တောင် ကိုယ် မယုံချင်တော့ဘူးကွာ။

ဘာဖြစ်လို့လဲဆိုတော့ မင်းရင်ထဲမှာ ကိုယ့်အပြင် တခြားကောင်လေးတစ်ယောက် နေရာဝင်ယူထားခဲ့တယ် ဆိုတာကို ကိုယ် သိနေလို့ ကိုယ် မင်းကို မယုံဘူး မဏိ။

နေသတိုးရသည် မဏိရောက်လာမဲ့ အချိန်အတွက် လည်တဆန့်ဆန့်နှင့် နာရီတကြည့်ကြည့်ဖြစ်ကာ ဣန္ဒြေနဲ့နေလို့ မရအောင် ဂနာမငြိမ် ဖြစ်နေသည်။

အဲဒီအချိန်မှာ ရုံးခန်းမှန်တံခါးကလေးက “ကျွိ”ခနဲ ပွင့်လာပြီး မဏိ ရုံးခန်းထဲသို့ ဝင်လာသော တွေ့လိုက်ရပြီမို့ သူ အခုမှပဲ သက်မသောကြီး ချနိုင်သွားသလို ...

မဏိ မျက်နှာလေးကို ခပ်ငွေ့ငွေ့ စိုက်ကြည့်လိုက်ပြီး ခပ်ယဲ့ယဲ့လေးပြုံးကာ ခေါင်းညိတ်ကြိုဆိုလိုက်ပါသည်။

“ကိုယ်မျှော်နေတာ နောက်ထပ် ငါးမိနစ်လောက်မှ မရောက်သေးဘူးဆိုရင် ဖုန်းဆက်မလို့ စဉ်းစားနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ အရေးတကြီးကိစ္စ ရှိရပြန်ပြီလဲ"

မကျေမနပ် မျက်ဝန်းကလေးတွေနှင့် သူ့ကိုနှုတ်ခမ်းကလေးစူပြီး ပြောလိုက်တာကို သူ့ရင်ထဲမှာ ဘဝင်မကျဖြစ်သွားရသည်။ မဏိကို ကြည့်ရတာ သူနဲ့ချစ်သူဖြစ်ခါစလောက် စိတ်ကြည်လင်မှု မရှိတော့။ အမြဲတမ်း သူ့ကိုအနိုင်ယူကာ ရန်စောင်နေခဲ့တာ သိသိကြီးနဲ့ သူ့မှာ အမြဲခေါင်းငုံ့ သည်းခံခဲ့ရသည်။

အခုလည်းပဲ ချစ်မြတ်နိုးစိတ်တွေကို ရှေ့တန်းတင်ပြီး မဏိ ထိုင်လိုက်တဲ့ ဆိုဖာလေးဆီသို့ ပြောင်းထိုင်လိုက်ရင်း မဏိပခုံးကလေးကို ခပ်တင်းတင်း သိုင်းဖက်လိုက်ပါသည်။

"ဖယ်ပါ၊ စိတ်ရှုပ်ရတဲ့ကြားထဲ"

"ကိုယ်နဲ့တွေ့ရင် စိတ်ကြည်သွားစေရမယ်ကွာ၊ ဒေါ်ရွှေမဏိ မန်ကိုမိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်ကတည်းက ကိုယ့်ကို ဘာနဲ့ရန်မူတိုက်ခိုက်ရမလဲလို့ စဉ်းစားနေတာ မဟုတ်လား"

"အဟင်း ... ဦးနေကလည်း"

"ဘာလဲ၊ မဟုတ်ဘူးလို့ ငြင်းဦးမလို့လား"

"မငြင်းပါဘူး၊ ဟဲ ဟဲ ... ဟုတ်တယ်လို့ ပြောမလို့"





"ကောင်မလေးနော်၊ ငါ့ကို အသည်းယားအောင် သိပ်မပြောနဲ့"

သူ့ကိုရယ်ကျဲကျဲလေး မော့ကြည့်လာတဲ့ မဏိကို ကြည့်ပြီး သူ ချစ်မြတ်နိုးစွာ မဏိ ခါးကလေးကို မွှေ့ယမ်းပစ်လိုက်မိသည်။

"ဦးနေနော် ... ဣန္ဒြေရရ စကားပြော၊ မဏိကို တန်ဖိုးမထားသကို ဆက်ဆံတာ မဏိ မကြိုက်ဘူး"

"မဏိကလည်းကွာ၊ ကိုယ့်ချစ်သူကို ကိုယ်ချစ်လို့ ဒါလေးတောင် ခွင့်မပြုနိုင်ဘူးလား၊ ကိုယ်က ခွင့်ပြုချက်နဲ့ မင်းကို ချစ်ရမလို ဖြစ်နေပြီ"

မဏိ မျက်နှာကလေးဆီ သူ့မျက်နှာကြီး နွေးထွေးစွာ ဝဲခနဲရောက်သွားပြီး နမ်းရှိုက်ဖို့ ပြင်ဆင်ပြီးခါမှ မဏိရဲ့မျက်နှာထား တင်းတင်းလေးကြောင့် သူ မျက်နှာကြီးလွှဲလိုက်ရကာ နှလုံးသားထဲမှာ ဒဏ်ရာရသွားသူလို ခံစားလိုက်ရသည်။ တကယ်ချစ်မြတ်နိုးတဲ့ ချစ်သူဆိုရင် သူ့ရဲ့နွေးထွေးတဲ့ အချစ်တွေကို ခံစားနားလည်ခွင့် ပေးရမှာပေါ့။

အခုတော့ သူမနဲ့ ချစ်သူဖြစ်ပြီးကတည်းက သူမ လက်ကလေးတွေ ခါးကလေးတွေကို သိုင်းဖက်တာလောက်က လွဲပြီး မဏိ ပါးကလေးကို ချစ်မြတ်နိုးလို့ နမ်းခွင့်တောင်မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဖြစ်စက သူ စိတ်တွေပေါက်ကွဲပြီး တစ်ကြိမ်ပဲ နမ်းခဲ့ဖူးပါသည်။ အဲဒီနောက်မှာတော့ မဏိက သူ့ကိုတန်ဖိုးရှိရှိ ဆက်ဆံဆိုတဲ့ စကားလုံးနဲ့ ခြိမ်းခြောက်ခဲ့တာမို့ သူ မဏိဆန္ဒကို အလိုလိုက် သည်းခံပေးခဲ့ရသည်။

အဲဒီမကျေနပ်ချက်တွေက ဒီနေ့တော့ ပြေကျပေါက်ကွဲဖို့ တာစူနေပါပြီ။ ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်တွေ ကုမ္ပဏီလုပ်ငန်းရှင် ဇည့်သည်တွေနဲ့ မိတ်ဆက်ပွဲ အခမ်းအနားရှိလို့သာ သူ မဏိရဲ့အပြောတွေကို ကြိတ်မှိတ်သည်းခံခဲ့ရတာဖြစ်သည်။

သူ မဏိမျက်နှာလေးကို ရင်ထဲက အခံရခက်နေတဲ့ မျက်လုံးတွေနဲ့ ခပ်ရိရိ စိုက်ကြည့်လိုက်တော့ မဏိက သူ့အကြည့်တွေကို နားလည်စွာဖြင့် ခေါင်းလေးငုံ့ကာ မျက်နှာလွှဲသွားပါသည်။

"ဘာအပြစ်တွေရှိလို့ ကိုယ့်အကြည့်တွေကို ရင်မဆိုင်ရဲတာလဲ"

"ဦးနေ … မဏိကို အပြစ်မရှာနဲ့နော်"

"အပြစ်ရှာတာ မဟုတ်ပါဘူး၊ မနေ့က အဖြစ်တွေက ကိုယ့်မျက်စိတောင် ကိုယ်မယုံအောင် ဖြစ်ခဲ့ရတယ်၊ စဉ်းစားလို့ကို မရအောင်ဘဲ ညက တစ်ညလုံး ရင်ထဲမှာ တနုံ့နုံ့ ကြေကွဲပြီး အိပ်မပျော်ဘူး"





"မဏိကို သဝန်တိုတာလား ဦးနေ"

"သဝန်တိုတယ်ဆိုတာ ကလေးချစ်သူတွေရဲ့ လက်သုံးစကားပါ မဏိရာ၊ သဝန်တိုတယ်ဆိုတာထက် အများကြီးလေးနက်တယ်၊ မဏိကို ကိုယ် အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ မဏိနဲ့ ကိုယ့်ကြားမှာ ဘာလျှို့ဝှက်ချက်မှမရှိဘူး မဟုတ်လား၊ ရှိတယ်ဆိုရင်လည်း ကိုယ့်ကိုပြော"

"ဘာလျှို့ဝှက်ချက်လဲ၊ ဦးနေနော် မဏိကို စော်ကားတဲ့စကား မပြောနဲ့"

"ဘာလဲ … သိက္ခာတို့၊ တန်ဖိုးတို့၊ မာနတို့ဆိုပြီး ပြောချင်သေးလို့လား၊ မင်း အဲဒီကောင်လေးကို ဘာလို့ဒီလောက်အောက်ကျ နောက်ကျ တွေ့ခွင့်တောင်းရတာလဲ၊ ကဲ … ပြော"

မဏိက သူ့စကားတွေကို ဘာမှတုံ့ပြန်ဖြေရှင်းနိုင်စွမ်း မရှိဘဲ နှုတ်ခမ်းသားလေး ဖိကိုက်ပြီး ခေါင်းလေးငုံ့သွားတာမို့ သူ ပိုပြီးအခံရခက်သွားပါသည်။

မဏိ ပခုံးသားလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ပစ်လိုက်ပြီး သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မျိုသိပ်ခဲ့ရတာ၊ ခံစားရတာတွေကို မင်းထည့်မစဉ်းစားတော့ဘူးလားဟင် ... မဏိရဲ့၊ မင်းကို ကိုယ် ဘယ်လောက်အထိ ချစ်တယ်ဆိုတာ မင်း သိလား"

"အို ... ဘာမှလဲ မသိချင်ဘူး၊ ဒီမှာ စိတ်ရှုပ်ရတဲ့ကြားထဲ"

"ဘာတွေ စိတ်ရှုပ်စရာရှိလို့လဲ၊ စိတ်ရှုပ်စရာရှိလည်း ကိုယ့်ကို တိုင်ပင်ပေါ့၊ ဘာလို့ တအုံနွေးနွေး နေရတာလဲ"

"ဦးနေက ဘာမှမသိဘဲ မဏိကို လျှောက်ဆူနေတာ၊ မဏိရင်ထဲမှာ အရမ်းခံစားရတယ်၊ မဏိ ဦးနေကို လက်ထပ်ရဖို့ အိမ်မှာ ဘယ်လောက်အထိ အတိုက်အခံ လုပ်နေရတယ်ဆိုတာ ဦးနေက ဘာမှမသိဘဲနဲ့ လျှောက်စွပ်စွဲနေတာ၊ အိမ်ကဆူလိုက်၊ ဦးနေက ဆူလိုက်နဲ့ ကြာရင် မဏိ ရူးသွားလိမ့်မယ်၊ သိလား"

မဏိက ပြောရင်းဖြင့် စိတ်မထိန်းနိုင်တော့ဘဲ သူ့ရင်ခွင်ထဲမှာ မျက်နှာကလေး အပ်ချပြီး ငိုချလိုက်ပါတော့သည်။

အခုလို မဏိကလေး စိတ်လွတ်ကိုယ်လွတ် ငိုနေတာလေးကို မြင်ရပြန်တော့လည်း သူ့ရင်ထဲမှာ သံသယဖြစ်လို့ မရအောင် ယုံကြည်လိုက်မိကာ ရင်ခွင်ထဲက ချစ်သူလေးကို ခပ်တင်းတင်းလေး သိုင်းဖက်ပြီး နှစ်သိမ့်လိုက်မိသည်။





ပြီးတော့ ...

မဏိလေးပြောတဲ့ စကားတွေကိုလည်း သူ အကြွင်းမဲ့ ယုံကြည်လိုက်မိလေပြီဖြစ်သည်။

သူ့ရင်ထဲမှာ မဏိ အပေါ် သံသယဖြစ်စိတ်လို့ မြူတစ်မှုန်စာတောင် မရှိတော့။

အဲဒီလောက်အထိ သူ မဏိကို ချစ်ခဲ့တာဖြစ်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ကုမ္ပဏီနှစ်ပတ်လည်အခမ်းအနား ကျင်းပတယ်ဆိုတာလောက်ပဲ သိထားတဲ့ မဏိက ကုမ္ပဏီပိုင်ရှင် ဦးနေသတိုးရဲ့ ချစ်သူဖြစ်ပေမဲ့ မဏိ ရင်ထဲမှာ ဒီလိုအခမ်းအနားကြီးမှာ တက်ရောက်ရတာလည်း စိတ်မကြည် ဖြစ်နေသည်။

ကုမ္ပဏီအောက်ထပ်ခန်းမ တစ်ခုလုံးကို ခမ်းခမ်းနားနားပြင်ဆင်ပြီး တခြားကုမ္ပဏီပိုင်ရှင် အကြီးအကဲများ၊ အဖွဲ့ဝင်ဒါရိုက်တာများနဲ့ ဝန်ထမ်းများအလယ်မှာ ဦးနေက မဏိလက်ကလေးကို တွဲခေါ်ယူလာခဲ့တာကို မဏိက ရှက်[illegible]သည်။

ပြီးတော့ ကုမ္ပဏီနှစ်ပတ်လည် အခမ်းအနားကို သူ့ဒက်ဒီက ဦးဆောင်ပြီး အခုလို တခမ်းတနား[illegible]ကျင်းပခဲ့တာကို မဏိ နားမလည်စွာဖြင့် ခပ်ငြိမ်ငြိမ်ကလေး ထိုင်နေမိသည်။





အဲဒီအချိန်မှာ ...

ဦးနေက မဏိ မျက်နှာကို အကြည့်နွေးနွေးတွေနဲ့ ကြင်နာစွာ စိုးမိုးငုံ့ကြည့်ပြီး မဏိ လက်ကလေးကိုဆွဲကာ အခမ်းအနား စတင်ဖွင့်လှစ်မဲ့ စင်မြင့်ဆီသို့ လျှောက်သွားနေတာမို့ မဏိ ရင်ကလေးတွေ တထိတ်ထိတ် ခုန်မြည်သွားရကာ ဦးနေကို အလန့်တကြား မော့ကြည့်လိုက်မိသည်။

"ဦးနေ [illegible]ဆီကို ဘာလို့လျှောက်တာလဲ၊ မဏိ မလိုက်ဘူးနော်၊ မဏိ စင်မြင့်အရှေ့က ခုံမှာပဲ ထိုင်မှာ"

"ငြိမ်ငြိမ်လေး နေစမ်းကွာ၊ မဏိ[illegible]လည်း လူကြီးတွေရှေ့မှာ ဣန္ဒြေရရကလေးနေ၊ ဟိုမှာ ဒက်ဒီလှမ်းကြည့်နေတယ်"

"ဟင်"

မဏိ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ဦးနေဒက်ဒီကို လှမ်းကြည့်လိုက်မိတော့ ဦးနေဒက်ဒီက မဏိနဲ့ ဦးနေကို မျက်မှန်အောက်က အရှိန်အဝါကြီးတဲ့ မျက်လုံးတောက်တောက်တွေနှင့် လှမ်းကြည့်နေတာမို့ မဏိ ခေါင်းကလေးငုံ့ကာ ဦးနေခေါ်ရာအနောက်သို့ လိုက်ပါလာခဲ့ရသည်။

ဦးနေကတော့ မဏိ မျက်နှာကို အပြုံးနွေးနွေးတွေနှင့် ငုံ့ကြည့်ပြီး စင်မြင့်ဆီသို့ တစ်လှမ်းချင်း လှမ်းတက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင် အကြီးအကဲများ၊ အဖွဲ့ဝင်လူကြီးများ၊ ဝန်ထမ်းများကို ဦးနေက အပြုံးတွေနဲ့ နှုတ်ခွန်းဆက်စကား ပြောကြားပြီး မဏိ လက်ကလေးကို ဆွဲကိုင်ထားရာမှ မဏိကို သူနှင့်ယှဉ်လျက်ဆိုဖာမှာ ဝင်ထိုင်စေလိုက်သည်။

"ထိုင် မဏိ"

မဏိက သူ့ကို အံ့သြသလို မျက်နက်ဝန်းကလေးတွေနဲ့ မဝံ့မရဲကလေး မော့ကြည့်ပြီး စိတ်ကျဉ်းကျပ်နေပုံဖြင့် ခေါင်းကလေး ပြန်ငုံ့သွားပါသည်။

မဏိ ရင်ထဲမှာ သူ့လုပ်ရပ်တွေကို ဘာမှနားမလည်နိုင်အောင် ဖြစ်နေမိသလို စိုးရွံ့ရွံ့လေး ဖြစ်နေတာလေးကို သူ ချစ်မြတ်နိုးစွာ ငေးကြည့်ရင်း ဒက်ဒီကို မော့ကြည့်လိုက်မိသည်။

ဒက်ဒီက သူ့ကို မျက်မှန်အောက်က မျက်ဝန်းတောက်တောက်တွေနှင့် အသည်းပိုမနေနဲ့ဆိုပြီး မျက်လုံးတွေဖြင့် ဟန့်တားကာ စီစဉ်ထားတဲ့အတိုင်း ဒက်ဒီက ကုမ္ပ... ...ပတ်လည် အခမ်းအနားပွဲမှာ သူ့သား မကြာခင် လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း ကုမ္ပဏီအကြီးအကဲများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများကို တရားဝင် ဖွင့်ကြေညာလိုက်ပါသည်။





"အားလုံးပဲ မင်္ဂလာပါ၊ ကျွန်တော့်သားကုမ္ပဏီရဲ့ ဆယ်နှစ်မြောက် အောင်မြင်မှု အထိမ်းအမှတ်မှာ ကျွန်တော်ရဲ့ မိတ်ဆွေများကို ကျွန်တော် မိတ်ဆက်ပေးဖို့ အစီအစဉ်သစ်တစ်ခု ရောက်ရှိလာခဲ့ပါတယ်။ ကျွန်တော် မြန်မာပြည်ပြန်ရောက်လာတဲ့အချိန်မှ ကျွန်တော် အခုလို တခမ်းတနားစီစဉ်လိုက်ရခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော့်ဘေးမှာ ထိုင်နေတာ လူကြီးမင်းတို့ သိကြတဲ့အတိုင်း ကျွန်တော့်သား နေသတိုးရပါပဲ ...

"ကျွန်တော့်သားဘေးမှာ ထိုင်နေတဲ့သူကတော့ ကျွန်တော့်သားနဲ့ မကြာခင် လက်ထပ်တော့မယ့် ကျွန်တော့်သားရဲ့ချစ်သူ မဏိရွှေ ဖြစ်ပါတယ်၊ ဒီအခမ်းအနားမှာ သားက သူ့ချစ်သူနဲ့ ကျွန်တော့်ရဲ့မိတ်ဆွေများကို မိတ်ဆက်ပေးပါလို့ တောင်းဆိုခဲ့တာမို့လို့ ကျွန်တော် အသိမိတ်ဆွေများကို ဖွင့်ဟအသိပေးခြင်း ဖြစ်ပါတယ်ခင်ဗျာ"

"ဂုဏ်ယူပါတယ် မောင်နေသတိုးရ"

"ဖြောင်း ဖြောင်း ဖြောင်း ..."

လက်ခုပ်သံတွေ ခန်းမတစ်ခုလုံး ဆူညံသွားတဲ့အချိန်မှာ စာနယ်ဇင်းသမားတွေက သူနဲ့မဏိကို ဓာတ်ပုံတွေ တဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လိုက်ကြလေသည်။ မဏိက အံ့သြသွားတဲ့ မျက်လုံးလေးတွေနဲ့ သူ့ကို ဆတ်ခနဲ မော့ကြည့်လိုက်တဲ့ အချိန်မှာ သူက မဏိ မျက်နှာလေးကို လက်ဖဝါးဖြင့် ခပ်ဖွဖွပွတ်သပ်ရင်း အကြင်နာမျက်ဝန်းတွေဖြင့် ငုံ့အကြည့် ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်သွားတဲ့ ဓာတ်ပုံရိုက်ချက်တွေက သူ့နှလုံးသားကို တသိမ့်သိမ့် နွေးထွေးရင်ခုန်သွားခဲ့ရသည်။

မကြာခင်မှာ သီးသန့်ဖိတ်ကြားထားလို့ တက်လာကြတဲ့ စာနယ်ဇင်းရဲ့ရိုက်ချက်တွေနဲ့ တစ်နိုင်ငံလုံးမှာ SUN ကုမ္ပဏီပိုင်ရှင် နေသတိုးရက မဏိချွေခနဲ့ လက်ထပ်မယ့်သတင်းက ပျံ့နှံ့သွားတော့မှာမို့ သူ့ရင်ထဲမှာ တော်တော် ကျေနပ်သွားပါသည်။

ဒက်ဒီက သူ့အစား ဝမ်းသာကျေနပ်စွာဖြင့် လူကြီးများနဲ့ မိတ်ဆက်ပေးပြီးတဲ့အချိန်မှာ သူက ဒက်ဒီ စင်မြင့်နေရာသို့ လျှောက်သွားလိုက်ပြီး သူနဲ့မဏိ မကြာခင် လက်ထပ်မယ်ဆိုတဲ့အကြောင်း၊ သူ့ရင်ထဲမှာ ကိုယ်သိပ်ချစ်ရတဲ့ မိန်းကလေးကို လက်ထပ်ရတဲ့အတွက် ဝမ်းသာကျေနပ်မိကြောင်း၊ ကြွရောက်လာကြတဲ့ မိတ်ဆွေများနဲ့ ကုမ္ပဏီပိုင်ရှင် အကြီးအကဲများ၊ စာနယ်ဇင်းဆရာများကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားပြီး အခမ်းအနားအစီအစဉ်ကို အဆုံးသတ်လိုက်ပါသည်။





အခမ်းအနား အစီအစဉ် ပြီးဆုံးသွားတဲ့အချိန် ဧည့်သည်များ ပျော်ပျော်ပါးပါး အစားအသောက်များကို သုံးဆောင်နေချိန်မှာ မဏိနဲ့ သူ အတိုက်အခံ စကားလေးတွေ ပြောခဲ့ရသည်။

"ဦးနေ ... မဏိတို့ ရုံးခန်းထဲ သွားကြမယ်"

မဏိ မကျေနပ်တာတွေက ပွဲပြီးတာနဲ့ စတင်တော့ဖြစ်သည်။

"ဘယ်ဖြစ်မလဲ မဏိရဲ့၊ ဒီမှာ ဧည့်သည်တွေ စားကြသောက်ကြတုန်း ကိုယ်တို့က တခြားသွားနေလို့ ဘယ်ကောင်းပါ့မလဲ၊ လာ ... ကိုယ်တို့လည်း တစ်ခုခုစားကြမယ်"

"မစားဘူး"

မဏိက သူ ဆုပ်ကိုင်ထားတဲ့ လက်ကလေးကို ခပ်ဆတ်ဆတ်ကလေးရုန်းပြီး မျက်နှာလေးက မကြည်မလင် ဖြစ်နေတာမို့ သူ မဏိမျက်နှာကို ခပ်စိုက်စိုက်ကြည့်ရင်း မဏိလက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။

"မဏိ စကားကို ကောင်းကောင်းပြောစမ်းကွာ၊ ဒီမှာ ဧည့်သည်တွေ အကုန်လုံး ဒက်ဒီအသိ ကုမ္ပဏီပိုင်ရှင်တွေ၊ ကုန်သည်ကြီးတွေ၊ အနုပညာရှင်တွေ၊ စာနယ်ဇင်းဆရာတွေ အကုန်ပါတယ်၊ မျက်နှာအနေအထား ပြင်ထားလိုက်စမ်းပါ မဏိရယ်၊ ကိုယ် မေတ္တာရပ်ခံပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးတိုးကျိတ်ကျိတ်ကလေး တောင်းပန်လိုက်တော့မှ မဏီ သတိထားမိသွားပုံဖြင့် မျက်နှာလေးကို ပြန်ပြင်လိုက်ပါသည်။

သို့သော် ကျေနပ်ပုံမရသေးဘဲ နှုတ်ခမ်းကလေးကို စူထော်ထားလိုက်သေးသည်။

"ဦးနေက ဒီအကြောင်းတွေကို မဏီကို ဘာမှအသိမပေးဘဲ လျှောက်စီစဉ်တာ။ မဏီ ချက်ချင်းလက်ထပ်ဖို့ဆိုတာ စဉ်စားရဦးမှာ ...

ဦးနေက အိမ်မှာ ဘာတွေ ပြဿနာဖြစ်နေတယ်ဆိုတာ မသိဘဲနဲ့ လျှောက်စီစဉ်နေတာ၊ အခုတော့ စာနယ်ဇင်းသမားတွေကအစ သိကုန်ပြီ၊ မဏီ အရမ်းစိတ်ညစ်တာပဲ"

"မဏီကလည်း ဘာတွေ အထွေအထူး လျှောက်တွေးနေတာလဲ၊ ဒက်ဒီ ဒီကိုပြန်ရောက်တုန်း ကိုယ်တို့မင်္ဂလာပွဲကို စီစဉ်လိုက်ရုံပဲ၊ မနက်ဖြန် ကိုယ် မဏီ မိဘတွေဆီကို လူကြီးစုံရာနဲ့လာပြီး စေ့စပ်လိုက်ပြီး မင်္ဂလာရက် သတ်မှတ်လိုက်ရုံပဲဟာ၊ မဏီနဲ့ကိုယ် ချစ်သူတွေဖြစ်တာလည်း ကြာပြီပဲ၊ ဘာလိုသေးလို့လဲ မဏီရဲ့"





"ဦးနေဘက်က ဘာမှမလိုပေမယ့် မဏီဘက်က မေမေတို့ကို ဦးနေနဲ့ သဘောတူပေးဖို့ မနည်းပြောရမှာ သိလား။ မနက်ဖြန် ဦးနေတို့လာလို့ ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး၊ မဏီ ဒီရက်မှာ မေမေနဲ့ ဘယ်လောက်အထိ အတိုက်အခံဖြစ်နေတယ်ဆိုတာ ဦးနေက မသိဘူး"

နေသတိုးရ မဏီစကားတွေကို မခံချင်ဖြစ်သွားကာ မဏီ မျက်နှာကို ခပ်တည်တည် စိုက်ကြည့်လိုက်မိသည်။ မဏီကတော့ သူမစကားကြောင့် သူ့ရင်ထဲမှာ ဘယ်လောက်အထိ ထိခိုက်ကြေကွဲသွားခဲ့တယ် ဆိုတာကို အလေးမထားဘဲ မျက်နှာကလေး မကြည်မလင်နဲ့ ညည်းတွားနေသည်။

စိတ်ရှုပ်ထွေးနေတဲ့ မဏီရဲ့မျက်နှာလေးကို ငေးကြည့်ရင်း သူ ရင်မောစွာဖြင့် ဆိုဖာကြီးမှာ ခေါင်းမှီချလိုက်ပြီး မျက်ဝန်းတွေကို ခပ်တင်းတင်း ဖိမှိတ်ထားလိုက်သည်။

မဏီရယ် ... မင်းကို ချစ်ရတာ ငါ့ရင်ထဲမှာ ပင်ပန်းလိုက်တာကွာ။ ကိုယ် မင်းကို သိပ်ချစ်လွန်းလို့ ကိုယ့်ရဲ့ဂုဏ်သိက္ခာ မာန်မာနတွေကို လျှော့ထားခဲ့တာ၊ ကိုယ့်မှာလည်း မာန်မာန အပြည့်ရှိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ်ချစ်တဲ့သူက ကိုယ့်ထက်အသက်အများကြီးငယ်တယ်ဆိုတဲ့ ခွင့်လွှတ်သည်းခံစိတ်နဲ့ ကိုယ် မင်းကိုနားလည်ထားခဲ့ပြီး ချစ်မြတ်နိုးခဲ့တာပါ။ မင်းကို ကိုယ်မယူရဲလို့ အခုလို ကုမ္ပဏီအကြီးအကဲတွေ စီးပွားရေးသမားတွေရဲ့ရှေ့မှာ တရားဝင် ကြေညာလိုက်မိတာပါ။

ဒါကို မင်း မကျေနပ်ဘူးဆိုတာ ကိုယ် သိတာပေါ့ မဏိရယ်။ ကိုယ့်ရင်ထဲမှာလည်း ခံစားရတယ်။

မဏိက သူနဲ့ယှဉ်ရက် ဆိုဖာကလေးမှာ ကိုယ်လုံးကလေးကို ခပ်လျော့လျော့ထိုင်ပြီး ဘာစကားမှ မပြောတော့ဘဲ ငေးငိုင်သွားလေသည်။

သူ့ကိုဘာစကားမှ မပြောတော့ဘဲ ဆိုဖာကလေးကို မှီပြီး ငေးငေးကလေး ငိုင်တွေသွားတဲ့ မဏိ မျက်နှာလေးကို ငေးကြည့်ရင်း သူ့ရင်ထဲ အောင့်မျက်သွားခဲ့သည်။ သူလို လူတစ်ယောက်ကို သဘောမတူချင်ဘူးဆိုတဲ့ မဏိ မိဘတွေကိုလည်း သူ့စိတ်ထဲမှာ တော်တော်မျက်မုန်းကျိုးမိသည်။

ဒါပေမဲ့ သူဟာ ကောင်လေးရဲ့ချစ်သူလေးကို ကြားဖြတ်ဝင်လုခဲ့တဲ့ သူတစ်ယောက် ဖြစ်နေခဲ့တာမို့ အချိန်တစ်ခုပဲ စောင့်ဆိုင်းရတော့မည်။ မဏိ မိဘတွေဘက်က သူ့ကို လိုလိုလားလား လက်ခံတဲ့အထိ စောင့်ရမည်ဖြစ်သည်။





“မဏိ”

ခပ်ငြိမ်ငြိမ်ကလေး ငေးငိုင်သွားသည့် မဏိမျက်နှာလေးက သူ့မျက်နှာဆီ ဝဲခနဲ မော့ကြည့်လာစဉ် သူ့ရင်ထဲ သိမ့်ခနဲ အေးစက်သွားသည်အထိ စိတ်လှုပ်ရှားသွားရပါသည်။

ဒီအချိန်မှာ သူ မဏိကို ဘယ်လိုချစ်မြတ်နိုးမှန်းမသိအောင် နှလုံးသားက ပူနွေးရင်ခုန်လာတာမို့ လူတွေရှေ့မှာဆိုတာကြီးကို မေ့လျော့သွားပြီး မဏိ မျက်နှာလေးကို ခပ်နွေးနွေး အနမ်းကလေးတစ်ခု လှစ်ခနဲ ပေးအပ်လိုက်မိပြီး ဖြစ်သွားရသည်။

မဏိက သူ့ရဲ့အနမ်းကလေးကို ရှက်ရွံ့စွာဖြင့် ခေါင်းကလေးယမ်းပြီး ငြင်းဆန်လိုက်သေးသည်။

“ကိုယ် မဏိကို သိပ်ချစ်လို့ မဏိ စိတ်ဆင်းရဲမှာကို မလိုချင်ဘူး၊ မဏိမိဘတွေနဲ့ ညှိလို့ရအောင် မဏိကြိုးစားလိုက်ပါနော်၊ တကယ်လို့ မဏိမိဘတွေက ကိုယ့်ကိုခါးခါးသီးသီး ဖြစ်ခဲ့ဆိုရင်တော့ ကိုယ်တို့ တစ်မျိုးပြောင်း စီစဉ်ကြတာပေါ့။ မဏိ စိတ်ထဲမှာ ဘာမှအရမ်းမခံစားနဲ့နော်၊ မဏိ ခံစားနေရတာကို ကိုယ်မကြည့်ရက်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူက မဏိ ခါးကလေးကို ခပ်ဖွဖွ ပွေ့ဖက်ပြီး ရင်ခွင်ထဲ ပွေ့အပ်ကာ မဏိ စိတ်ကျေနပ်သွားအောင် ချော့မော့နှစ်သိမ့်လိုက်သောအခါ မဏိက သူ့ကို အံ့သြမယုံကြည်နိုင်တဲ့ မျက်နက်ဝန်းကလေးတွေနဲ့ မော့ကြည့်ပြီး သူ့ရင်ခွင်ထဲမှာ ခေါင်းကလေး မှေးတင်လိုက်ပါသည်။

ပြီးတော့ သူ အကျေနပ်ဆုံး စကားလုံးတွေနဲ့ ချော့မော့နှစ်သိမ့်လာခဲ့သည်။

"ဦးနေ တကယ်လို့ မေမေတို့က ရန်ခကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ရဘူးလို့ ပြောခဲ့ရင် မဏိ ဦးနေဆန္ဒအတိုင်း လက်ခံသဘောတူပါမယ်နော်၊ နှစ်ဖက်မိဘပြေလည်တော့ မင်္ဂလာပွဲကို ခမ်းခမ်းနားနား ကျင်းပရတာပေါ့ ဦးနေရယ်၊ ဒီအကြောင်းတွေကို ဦးနေဒက်ဒီကို သွားမပြောနဲ့နော်၊ ဦးနေတို့လို အရမ်းချမ်းသာတဲ့ သူဌေးကိုတောင် မေမေတို့က လက်မခံချင်ဘူးဆိုတာ ဦးနေတို့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပါတယ်၊ ဘာကြောင့် လက်မခံတာလဲ ဆိုတာကိုတော့ မဏိနဲ့ ဦးနေတို့ပဲ သိတာ၊ ဦးနေဒက်ဒီကို သွားမပြောနဲ့နော်"





"အင်း ... အဟင်း ... ကိုယ့်အဖြစ်ကလည်း ဒီလိုမျိုး ကိုယ့်ချစ်သူရဲ့မိဘတွေက မကြည်ဖြူ လက်မခံဘူးဆိုတာ တစ်ခါမှတောင် မစဉ်းစားခဲ့မိဘူး၊ တကယ်တော့ ကံကြမ္မာဆိုတာ ကြိုမမြင်နိုင်တဲ့ အရာကြီးပဲ"

"အခြေအနေ အကြောင်းကြောင်းကြောင့်ပါ ဦးနေရယ်၊ မေမေတို့က ရန်ခနဲ့ပဲ သဘောတူနေတာ"

မဏိက ပြောမယ့်စကားကို ဆက်မပြောတော့ဘဲ သူ့ကို အားနာစွာဖြင့် မျက်နှာကလေး လွှဲသွားပါသည်။

သူက မဏိ မျက်နှာလေးကို မြတ်နိုးစွာ ငေးကြည့်ရင်း မဏိ ပခုံးလေးကို ခပ်တင်းတင်း သိမ်းဖက်ကာ မဏိ မျက်နှာလေးကို လက်နှစ်ဖက်နဲ့ ပင့်ယူလိုက်သည်။

အဲဒီအချိန်မှာ ဖျတ်ခနဲ ဓာတ်ပုံရိုက်လိုက်တာမို့ သူ့မျက်နှာကြီး ကျေနပ်စွာဖြင့် ပြုံးမော်သွားရပါသည်။

မဏိက ရှက်ရွံ့စွာဖြင့် သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်ကလေးနဲ့ ခပ်ဖွဖွ ထုလိုက်သည်။

"သိပ်လည်တာပဲ၊ ဒါ ရှင် ဖန်တီးထားတာ မဟုတ်လား၊ ဓာနယ်ဇင်းတွေကို ကြိုဖိတ်ထားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုဖိတ်ထားတယ်လို့တော့ မဟုတ်ပါဘူးကွာ၊ အဲဒီစီးပွားရေးဂျာနယ်တိုက်က ဟဲ ဟဲ ... ကိုယ့်ဂျာနယ်တိုက်လေး၊ အားလုံး ကိုယ့်လူတွေချည်းပဲ"

"ကြည့်စမ်း၊ ဦးနေ မကောင်းဘူးကွာ"

"အချစ်ကရော ကောင်းလို့လား၊ ကိုယ့်ကို နှလုံးသွေးရုပ်ပြီး သေအောင်လုပ်နေတာ"

"ဟင် ... မဏိ ဘာလုပ်လို့လဲ ဦးနေရဲ့"

"ကောင်လေးကို သံယောဇဉ်တွယ်နေတာ"

"ဟင် ... ဒါကတော့ ဦးနေရယ်၊ မဏိ ငယ်ငယ်ကတည်းက သူနဲ့ မခွဲတမ်း နေလာခဲ့တာ၊ ငယ်သံယောဇဉ်နဲ့ခင်တွယ်မှုတွေက အဘိုးကြီး အဘွားကြီး ဖြစ်တဲ့အထိ မပြောင်းလဲပါဘူး"

"အေး ... ဟုတ်တာပေါ့နော်၊ ချစ်သူတွေသာ ကျောခိုင်းသွားရင် သူစိမ်းဖြစ်သွားကြတာ၊ ငယ်သူငယ်ချင်းက ဘဝမှာ ဘယ်တော့မှ သူစိမ်းမဖြစ်ခဲ့ဘူး၊ ကိုယ် သဘောပေါက်ပြီ ချစ်လေး"

"သွားပါ၊ လူကို အဲဒီလို မခေါ်ပါနဲ့၊ နားရှက်စရာကြီး၊ သူများတွေ ကြားသွားပြီလား မသိဘူး"





မဏိက သူ့စကားတွေကို ရှက်ရွံ့သွားတဲ့ မျက်လုံးကလေးတွေဖြင့် လူတွေကြားသွားမှာ စိုးရိမ်ပြီး လှည့်ကြည့်လိုက်လေသည်။

နဂိုကတည်းက လူထူတဲ့နေရာနဲ့ ခပ်လှမ်းလှမ်းမှာ ဝင်ထိုင်ခဲ့တာမို့ သူကတော့ လုံခြုံစွာ မျက်နှာကြီး ပြုံးလို့သွားရသည်။

"မကြားပါဘူးကွ၊ ဝန်တိုနေလိုက်တာ၊ ဒါလေးခေါ်တာများ ကြီးကျယ်နေလိုက်တာ၊ လက်ထပ်ပြီးရင် မိန်းမလို့တောင် ပြောင်းခေါ်ဦးမှာ"

"ဦးနေနော်၊ မဏိ ရှက်တယ်"

"ဟောဗျာ၊ ရှက်ရင် ဒီကိုလာခဲ့"

သူက သူ့ရင်ဘတ်ကြီးကို လက်နဲ့ပုတ်ပြလိုက်ပြီး မဏိ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ခပ်တင်းတင်းဆွဲသွင်း ပွေ့ဖက်လိုက်တော့ မဏိက အလိုက်သင့်ကလေး သူ့ရင်ခွင်ထဲမှာ မျက်နှာလေးအပ်ဝှက်လိုက်ပါသည်။

သူ့ရင်ခွင်ထဲမှာ အရှက်ကြီး ရှက်နေသည့် မဏိကို ကြည့်ပြီး သူ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ သူ စိတ်မကောင်းစရာတွေကို ဘာမှ မစဉ်းစားချင်တော့၊ အလွတ်လပ်ဆုံး အပျော်ရွှင်ဆုံး ခံစားမှုတွေနဲ့ပဲ ရင်ခုန်နွေးထွေးစွာဖြင့် မဏိ စကားလေးကို ခွင့်လွှတ်နားလည်လိုက်ပါတော့သည်။

✧ ❤ ✧





## ၂၀

"မဏိ ... ဒီမှာ ညည်းရဲ့မင်္ဂလာဖိတ်စာ"

"ဟင်"

မဏိ ထိုင်နေတဲ့ စားပွဲအရှေ့သို့ မေမေက ရွှေရောင်စာလုံးတွေထိုးထားတဲ့ ဖိတ်စာတစ်ထပ်ကြီးကို ချပေးလိုက်လျှင် မဏိသည် အံ့ဩလွန်းလို့ မေမေ့ကို ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် ဓွန့်အ,သွားရပါသည်။

"ဒါ ... ဒါ ဘယ်လိုဖြစ်တာလဲ မေမေ"

မဏိ ရင်ထဲ မွန်းကျပ်ဆို့နင့်သွားကာ ဦးခေါင်းတစ်ခုလုံး ချာလည်လည်သွားရပါသည်။ မဏိကို ခနိုးခနဲ့ မဲ့ပြုံးတွေနှင့်ကြည့်နေတဲ့ မေမေ့မျက်နှာကို စိုးတဝါးပဲ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... ဒါဟာ မဖြစ်နိုင်ပါဘူး၊ ရန်ခနဲ့ငါ့ရဲ့ မင်္ဂလာဖိတ်စာဆိုတာ ဘယ်နည်းနဲ့မှ မ[illegible]စ်နိုင်ပါဘူး၊ ရန်ခ ငါ့ကို မုန်းတီးနေခဲ့တာ၊ ငါ့ကို ဘယ်နည်းနဲ့မှ လက်ထပ်မှာမဟုတ်ဘူး။

ပြီးတော့ ငါ့မှာ လက်ထပ်ရမယ့်ချစ်သူ ရှိနေတာ ရန်ခ သိထားတာပဲ။

မဏီ သတိလက်လွတ် ငေးကြောင်နေတာကို မေမေက အညှာအတာ ကင်းမဲ့စွာဖြင့် ဆိုလာခဲ့ပြန်သည်။

"ဘယ့်နယ်လဲ ရွှေမဏီ၊ ညည်းလည်တယ်ဆိုတာ ငါတို့ အိပ်နေသလောက်ပဲ ရှိပါတယ်၊ ညည်း ဒီဖိတ်စာတွေတွေ့လို့ လန့်ပြီး သတိတော့ လစ်မသွားပါနဲ့အေ၊ ညည်းနဲ့ နောက်ဆယ်ရက်ကြာရင် လက်ထပ်ရမဲ့သူက ညည်းနဲ့ ငယ်ငယ်ကတည်းက မခွဲတမ်း အတူနေလာခဲ့တဲ့ ရန်ခပါ"

"မေမေတို့ မှားနေပြီ၊ မဏီ ... မဏီကို ဘာမှအသိမပေးဘဲနဲ့ လျှောက်စီစဉ်တာ၊ ရန်ခကလည်း [illegible]ခဲ့မှာမဟုတ်ဘူး၊ မဏီလည်း လုံးဝလက်မခံနိုင်ဘူး၊ မဏီ ဦးနေနဲ့ သူ့ကုမ္ပဏီမှာ စေ့စပ်ပွဲ တခမ်းတနား လုပ်ပြီး[illegible]ပြီ၊ မကြာခင် မဏီ သူနဲ့လက်ထပ်ရမှာ"





"တော်စမ်း မဏီ၊ ညည်း ငါ့ကို ဘာစကားမှ ထပ်မပြောတော့နဲ့၊ ဒီနေ့ကစပြီး ညည်း အပြင်ထွက်ခွင့် မရှိတော့ဘူး၊ ဖုန်းဆက်ခွင့်လည်း မရှိတော့ဘူး၊ ညည်းဖုန်းကို ငါသိမ်းပစ်လိုက်ပြီ၊ ညည်း နောက်ဆယ်ရက်ကြာရင် ရန်ခနဲ့လက်ထပ်ရမှာကိုပဲ ခေါင်းထဲထည့်ထား"

"အို ... မေမေ၊ ရမ်းမလုပ်ပါနဲ့။ ရန်ခကလည်း သဘောတူမှာ မဟုတ်ပါဘူး၊ လူငယ်တွေဆန္ဒ မပါဘဲနဲ့ မေမေတို့ မလုပ်လိုက်ပါနဲ့၊ ရန်ခ မဏီကို မချစ်နိုင်တော့ဝ မဏီ သိပါတယ်၊ ပြီးတော့ မဏီမှာလည်း လက်ထပ်ရမယ့်ချစ်သူ ရှိနေတာ၊ ဒါကို သူ သိသိကြီးနဲ့ လက်ထပ်မယ် ဆိုရင်တော့ မဏီနဲ့ ပြဿနာတက်မှာပဲ"

မဏီ ဆောက်တည်ရာမရ ကြေကွဲဝမ်းနည်းသွားရပါသည်။ ခေါင်းတခါခါ လည်တခါခါနဲ့ ဆိုဟာမှာ ဆက်ပြီးထိုင်ရတော့မလိုလို မတ်တတ်ပဲ ထရပ်ရတော့မလိုလိုဖြင့် ကူကယ်ရာမဲ့ ဖြစ်သွားကာ ဦးနေသာ ဒီအကြောင်းတွေ သိသွားရင်ဆိုတဲ့ အတွေးတွေက ရှုးမရတ် ရင်ထဲမှာ ခံစားကြေပျက်သွားရပါသည်။

ဒါဆို ဦးနေနဲ့ မဏီ လမ်းခွဲခဲ့ရတော့မှာလား။ အိုမဖြစ်နိုင်တာ၊ ဒါ လူကြီးတွေ မတရားတာ၊ မဏီ လုံးဝလက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ မဏိ ကြိုးရာမရသဖြင့် ရင်ထဲဆို့ကျပ်သွားကာ မျက်ရည်လေးတွေ စီးကျလာခဲ့သည်။

ရန်ခကို အကူအညီ တောင်းရမည်။ မေမေ့ကို အသနားခံလို့ကတော့ မဏိ မျက်ရည်တွေသာ တစ်ကိုယ်လုံးရွှဲသွားရင် ရွှဲသွားမည်။ မေမေကတော့ လက်ခံမှာမဟုတ်။

"မေမေ မဏိ လုံးဝလက်မခံဘူး၊ ရန်ခနဲ့တွေ့မယ်၊ ရန်ခကလည်း လက်ခံမှာ မဟုတ်ဘူး"

"ဟဲ့ ... ရန်ခက လက်ခံတဲ့အပြင် ဒီကိစ္စကို သူကိုယ်တိုင်ဖြစ်အောင်ဖန်တီးတာ၊ သီတင်းကျွတ်ရင် လက်ထပ်မယ်ဆိုတာ သူ စီစဉ်တာပဲ၊ ဖိတ်စာအပ်တာလည်း သူကိုယ်တိုင်ပဲ၊ ညည်းအတွက် သတို့သမီးဝတ်စုံ ရွေးဝယ်ခဲ့တာလည်း သူကိုယ်တိုင်ပဲ၊ ရန်ခက ပြောတယ်လေ၊ မဏိ ရင်ထဲမှာ တကယ်ရှိတဲ့သူက သူပါပဲတဲ့"

"ဟင့်အင်း ... မဟုတ်ဘူး၊ မဏိ ရှုံးချင်ပါတယ်၊ မဏိ ရှုံးတော့မှာပဲ၊ မဏိစကားကို လက်ခံအတ[illegible] မေမေ၊ မဏိ ... မဏိ ..."

မဏိ စကားဆုံးအောင်တောင် ပြောခွင့်[illegible]တော့ဘဲ မေမေက ဧည့်ခန်းထဲကနေ ကျောခိုင်းလှည့်ထွက်သွားသော





အခါ ...။ မဏိ စိတ်ထဲမှာ မူးမိုက်သွားလိုကြီး ဖြစ်သွားပြီး ဦးနေ မျက်နှာကြီးကို ကွက်ခနဲ ပြေးမြင်မိကာ ရင်တစ်ခုလုံး ဟာခနဲ ကျင်သွားရပါသည်။

ဦးနေသာ ဒီအကြောင်းတွေကို သိသွားခဲ့ရင် မဏိဆီကို တန်းရောက်လာခဲ့တော့မှာဖြစ်သည်။

ရန်ခ ဒီလိုလုပ်ရက်တာကို အံ့သြမိသလို၊ စိတ်ဆိုးနာကျင်ခဲ့ရသည်။ ယုံလည်း မယုံချင်။ ရန်ခ ဒီလောက်သတ္တိမရှိပါဘူး။ တစ်ခုခုတော့ လွဲချော်နေပါပြီ။

မဏိ ဘာလုပ်ရမှန်း မသိအောင် ဦးနှောက်တစ်ခုလုံး ကျင်ခဲ့သွားကာ ဦးခေါင်းကို လက်ဖဝါးဖြင့် ထုရိုက်ပစ်လိုက်ပါတော့သည်။

"အား ... ငါ သေချင်တယ်၊ ငါ သေဖို့ပဲ ကောင်းပါတယ်၊ ဦးနေရယ် မဏိကို လာကယ်ပါဦး"

မဏိ မျက်ရည်များနဲ့ ဦးနေကို တမ်းတတိုင်တည်လိုက်ပါသည်။ အခုဆိုရင် မဏိ ဦးနေကိုလည်း ဆက်သွယ်လို့မရတော့။ အိမ်အပြင်ကို ထွက်ခွင့်ရအောင် ချုပ်ကိုင်လိုက်ပြီမို့ မဏိ ဦးနေကို မတွေ့ရတော့သလို ရန်ခကိုလည်း တွေ့ခွင့်မရနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အား ... ငါ ... ငါ ဘာ ပုပ်ရမလဲ။ ဟင့်အင်း ... ရန်ခနဲ့ ရအောင်တွေ့ပြီး ဒီကိစ္စကို ဖြေရှင်းရမယ်။

မဏိ ရန်ခရဲ့လုပ်ရပ်တွေကို အခဲမကျေ ဖြစ်ကာ ဝမ်းနည်းကြေကွဲစွာ စီးကျလာတဲ့ မျက်ရည်တွေကို လက်ဖြင့်ခပ် ကြမ်းကြမ်း ပိတ်သုတ်ပြီး ဧည့်ခန်းကနေ ချာခနဲ လှည့်ထွက်ကာ အခန်းတံခါးဆီသို့ လှစ်ခနဲ ပြေးထွက်လာခဲ့ပြီး အခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပစ်လိုက်သည်။

"မမလေး တံခါးမဖွင့်ပါနဲ့တဲ့"

"ဘယ်သူကလဲ၊ ငါ ရန်ခဆီ သွားမလို့"

မဏိက မဏိကို ပိတ်ပင်လာတဲ့ အိမ်ဖော်မလေးကို ဒေါသတကြီး ဖိဟောက်ပစ်လိုက်သည်။ ကောင်မလေးက ကြောက်ရွံ့စွာဖြင့် ခေါင်းကလေးငုံ့ ငြိမ်သက်သွားချိန်မှာ မေမေက ခါးကြီးထောက်ပြီး မဏိကို ခပ်စိမ်းစိမ်း စိုက်ကြည့်ကာ မဏိရှေ့မှာ ကာရပ်လိုက်ပါသည်။

"ဘယ်သူကမလဲ၊ ဒီအိမ်မှာ ညည်းကို အမိန့်ပေးချုပ်ကိုင်နိုင်တာဆိုလို့ ငါနဲ့ ညည်းအဖေပဲရှိတာပဲ၊ ဘာလဲ ... ညည်းက ဟိုကုမ္ပဏီပိုင်ရှင်ကို လက်မထပ်ရလို့ ငါ့ကိုတောင် ထသတ်ဦးမလို့လား၊ ဟင် ... ရွှေမဏိရဲ့"

စေတနာ၁၀၁၄ပ



မဏိက မေမေ့စကားကြွေကို အလေးမထားနိုင်ဘဲ မျက်ရည်လည်ရွဲနှင့် အရူးတစ်ပိုင်းဖြစ်ကာ မေမေ့ခြေသလုံးကို ပြေးဖက်တောင်းပန်လိုက်ပါသည်။

"မဏိ ... မဏိကို မရက်စက်ပါနဲ့ မေမေရယ်၊ မဏိက မေမေ့သမီးအရင်းပါ၊ တစ်ဦးတည်းသော သမီးလေးပါ။ မဏိရွေးတဲ့ လူကလည်း မသင့်တော်တဲ့လူ မဟုတ်ပါဘူး။ နိုင်ငံခြားမှာ တိုက်တစ်လုံး ကုမ္ပဏီတစ်ခု၊ ဒီမှာလည်း ကုမ္ပဏီနှစ်ခု ပိုင်ဆိုင်ထားတဲ့ တစ်ဦးတည်းသော သားပါပဲ၊ မဏိတို့ထက် ဘာမှမဆိုင်အောင် ချမ်းသာတာပါ မေမေရယ်၊ သူ မဏိကို သိပ်ချစ်လို့ လက်ထပ်တဲ့အထိ စဉ်းစားတာပါ၊ တကယ်မချစ်တဲ့သူဆိုရင် မဏိလို သာမန်ပံ့ဗွည့်ရှိတဲ့မိန်းကလေးမျိုးကို ထည့်တောင်စဉ်းစားမှာ မဟုတ်ဘူး၊ မဏိလည်း သူ့ကိုမခွဲနိုင်ဘူး မေမေ"

"မဏိ ... ညည်း သူ့ကို ဒိတ်ဒိတ်ကြဲချမ်းသာလို့ အထင်ကြီးခဲ့တာပါ သမီးရယ်၊ လေးစားခဲ့တာပါ၊ သမီး သူ့ကို တကယ်မချစ်ခဲ့ပါဘူး၊ သမီးစဉ်းစားကြည့်လိုက်စမ်းပါ၊ ဟိုးငယ်ငယ်ကတည်းက ညည်းရဲ့အလိုကိုလိုက်ပြီး အကြိုက်ဆောင် သည်းခံခဲ့တဲ့ ရန်ခကို ညည်းတစ်သက်လုံး သိမ်း

စေတနာ၁၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ခွဲသွားမယ့်အဖြစ်ကို ထည့်စဉ်းစားကြည့်လိုက်ပါ မဏိရယ်၊ ရန်ခ ရင်ထဲမှာ ဘယ်လောက်အထိ ကြေကွဲခံစားနေရမယ် ဆိုတာ၊ ဟင် ... မဏိ"

မေမေပြောတဲ့ စကားတွေက အမှန်တွေချည်းဖြစ်ခဲ့တာမို့ မဏိ မေမေ့ကို ဘာမှပြန်ပြောစရာ စကားလုံး မရှိတော့သလို ရင်တစ်ခုလုံး အသက်မဲ့ ငြိမ်သက်သွားရကာ မျက်ရည်တွေသာ အဆက်မပြတ် စီးကျလာခဲ့တော့သည်။

ဟုတ်ပါတယ် မေမေ။ မဏိကြောင့် ရန်ခ ရင်ထဲမှာ ဘယ်လောက်အထိ ခံစားရမလဲဆိုတာကို မဏိ ခံစားနားလည်မိပါတယ်။

ဒါပေမဲ့ မဏိ ရင်ထဲမှာ ရန်ခကို သနားခဲ့မိသလို ဦးနေကိုချစ်တဲ့ ခံစားမှုတွေကလည်း ပျောက်ဖျက်လို့ မရခဲ့ဘူး။

မဏိ ဦးနေကို အထင်ကြီး လေးစားပြီး ချစ်ခဲ့တာလည်း မှန်ပါတယ်၊ တကယ်မချစ်ခဲ့ဘူး ဆိုတာတော့ မဖြစ်နိုင်ခဲ့ပါဘူး မေမေ။

မဏိ မချိတင်ကဲ ကြေကွဲဝမ်းနည်းသွားတဲ့အချိန်မှာ မေမေက ဘာစကားမှ ဆက်မပြောတော့ဘဲ မဏိအရှေ့မှ ဖြည်းဖြည်းချင်း လှည့်ထွက်သွားပါတော့သည်။





မဏိ ရင်ထဲမှာ ဘာမှပြန်မပြောနိုင်လောက်အောင် ဆို့နင့် ကြေကွဲကာ ဆောင့်ကြောင့်ကလေး ထိုင်နေရာမှ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ ဖိအုပ်ပြီး စိတ်ထွက်ပေါက် ပေးလိုက်မိသည်။

ဦးနေနဲ့ တွေ့ဆုံခဲ့ဖို့ ဖန်တီးခဲ့ကြတဲ့ မဏိတို့နှစ်ယောက်ရဲ့ ပုံရိပ်ကလေးတွေကို မြင်ယောင်ကာ ငါ ရန်ခကို အကြီးအကျယ်ဆုံး အမှားတစ်ခု ကျူးလွန်လိုက်မိပြီ ဆိုတာကို ခံစားသိလိုက်ရပြီး မဏိ ရှုံးမတတ် သွေးချောက်ချားသွားရကာ မဏိကိုယ်မဏိ ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းသွားမိပါတော့သည်။

မဏိ ရန်ခကို တစ်သက်လုံး ခွဲခွာလိုက်ရရင် မဏိဘဝမှာ ဦးနေနဲ့ နေပျော်ပါ့မလား။ ဦးနေဟာ မဏိချစ်သူဖြစ်ခဲ့ပေမဲ့ မဏိ ရန်ခကို တစ်သက်လုံး ခွဲခွာရမယ့် အဖြစ်ကြီးကို စဉ်းစားရင်းနဲ့တောင် မွန်းကျပ်သွားရသည်။

ဒါဆို မဏိ သူ့ကို လက်ထပ်နိုင်ပါ့မလား။ အို ... ဟင့်အင်း၊ မဖြစ်နိုင်ပါဘူး။ မဏိ ဦးနေကို မရက်စက်နိုင်ခဲ့သလို ရန်ခနဲ့ တစ်သက်လုံး ခွဲခွာရမဲ့ အဖြစ်ကြီးကိုလည်း မတွေးရဲနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အခုလက်ရှိ အခြေအနေကြီးကို အတွေးထဲမှာတောင် လက်မခံနိုင်အောင် ဖြစ်သွားခဲ့ပြီး မဏိ ဦးခေါင်းတစ်ခုလုံး ပြုတ်ထွက်မတတ် ခါယမ်းလိုက်ပါတော့သည်။

တကယ်တော့ ဦးနေ ပြောခဲ့တဲ့ ကံကြမ္မာဆိုတာ ကြိုမမြင်နိုင်တဲ့ အရာဆိုတာကို အခု မဏိ လက်တွေ့ တွေ့မြင်ခံစားနေခဲ့ရပြီဖြစ်သည်။

မဏိကတော့ ဦးနေ မဏိဆီကို အရောက်လာခဲ့မယ်လို့ မျှော်လင့်ယုံကြည်နေခဲ့မိသေးသည်။

ကံကြမ္မာဆိုတာ ကြိုမမြင်နိုင်ခဲ့ပေမယ့် မဏိ ဦးနေနဲ့ ပေါင်းဆုံခွင့်ကလေးကိုတော့ နောက်ဆုံးမျှော်လင့်နေသေးတယ် ဆိုတာကို ဦးနေကို မဏိ ရင်ထဲကနေ သစ္စာဆိုရပါတယ် ဦးနေရယ်။





## ၂၁

နေသတိုးရသည် မြင်တွေ့လိုက်ရသည့် သတင်းစာထဲက စေ့စပ်ကြောင်းလမ်း ကြော်ငြာကြီးကို မျက်တောင်မခတ် စိုက်ကြည့်ပြီး ရင်ထဲမှာ ဘာတွေဖြစ်သွားမှန်း မသိအောင် မျက်လုံးတွေ ပြာခနဲ ဖြစ်သွားကာ ခေါင်းတစ်ခုလုံး ချာလည်လည် မူးနောက်သွားပါတော့သည်။

သူ့ရင်ထဲက နှလုံးသားတစ်စုံသည်လည်း ရုပ်တန့်ငြိမ်သက်သွားရပါသည်။

"ဟာ ... မဖြစ်နိုင်တာ၊ ဒါ လုံးမဖြစ်နိုင်ဘူး၊ ငါ မယုံဘူးကွာ၊ မင်း ... မင်း ... စေ့စပ်သွားပြီဆိုတာ ငါ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းဆိုတဲ့ သတင်းစာစာရွက်ကြီးကို သူ မယုံနိုင်သလိုကြီး စိုက်ကြည့်ပြီး ရူးသွပ်သွားသူလို ခေါင်းကြီးကို တအားခါယမ်းလိုက်ပါတော့သည်။

မဖြစ်နိုင်တာ။

မဏီ စေ့စပ်သွားပြီ ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။

မနေ့ကမှ သူနဲ့ မဏီ ကမ္ဘာ့ဏီမှာ အတည်ပြုစေ့စပ်ပြီးခဲ့တာ။

အခု မဏီက ရန်ခ ဆိုတဲ့ ကောင်လေးနှင့် စေ့စပ်လိုက်ပြီဆိုတာကြီးကို သူ ဘယ်လိုမှ ယုံကြည်လက်ခံလို့မရအောင် ရင်ထဲမှာ ရူးသွပ်ချောက်ချားသွားကာ အံဆွဲထဲမှ ကားသော့ကို ဆွဲယူလိုက်ပြီး ချက်ချင်းပင် မဏီအိမ်ကို ထလိုက်သွားခဲ့ပါတော့သည်။

မဏီ သူ့ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ သူ အသိဆုံးပင်။ အခုလို ရုတ်တရက်ကြီး ဟိုကောင်လေးနဲ့စေ့စပ်စပ်လိုက်တာ မဏီမိဘတွေ စီစဉ်တာပဲဟု သူက တစ်ထစ်ချ ယုံကြည်စိတ်ဖြင့် စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်လိုက်ပြီး မဏီတို့ တိုက်ခန်းကို ရောက်လာခဲ့သည်။





မဏီတို့တိုက်ခန်းတံခါးဝမှာ မတ်တတ်ရပ်လိုက်ပြီးတာနဲ့ သူသည် ကိုယ့်အဖြစ်ကိုယ် ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းသွားရကာ မျက်နှာကြီးတစ်ခုလုံး နီမြန်းလျက် အံကိုတင်းတင်းဖိကြိတ်ပစ်လိုက်မိသည်။

မဏီတို့တိုက်ခန်းဘဲလ်ကလေးကို နှိပ်လိုက်မိတဲ့ သူ့လက်တွေက ရှက်ရွံ့နာကျင်စွာဖြင့် တဆတ်ဆတ် တုန်ယင်နေသည်။

သူ့ဂုဏ် သူ့ဒြပ်နဲ့ မိန်းကလေးရှင်ဘက်ကို ဒီလောက်အောက်ကျို့အရှုံးပေးခဲ့တာ ရှက်လည်း ရှက်မိသလို ရင်ထဲမှာလည်း နာနေသည်။

ကိုယ့်ရင်ထဲမှာ ရူးမတတ် ခံစားနေရပြီ မဏီရယ်၊ မင်း ကိုယ့်အဖြစ်ကို ကြည့်ပါဦး။

ကိုယ့်ကို ထွက်တွေ့ပါ မဏီရယ်။

ကျွန်းတံခါးရှည်ကြီးကို ငေးကြည့်ပြီး သူ့စိတ်ထဲမှာ အရူးအမူး တောင်းပန်လိုက်မိသည်။

အဲဒီအချိန်မှာ မဏီတို့တိုက်ခန်း ကျွန်းတံခါးကြီးက ဖျတ်ခနဲ ပွင့်လာပြီး တင်းမာတဲ့ မျက်နှာထားနှင့် မဏီမေမေကို တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

မာနစိတ်တွေကို လျှော့ချကာ အားကိုးတဲ့ မျက်လုံးတွေဖြင့် မဏီမေမေကို မော့ကြည့်ပြီး ခေါ်လိုက်တော့ မဏီမေမေက ခပ်တည်တည် မျက်နှာလွှဲသွားကာ သူ့ကို အပြတ်သားဆုံး ပြောလာခဲ့တော့သည်။

"မင်း လာပြီးမနှောင့်ယှက်ပါတော့နဲ့၊ မင်းကို မဏီ တကယ် မချစ်ဘူးဆိုတာကို မင်း သဘောထားကြီးကြီးနဲ့ လက်ခံလိုက်ပါ၊ နေသတိုး၊ သမီး နောက်ဆယ်ရက်ကြာရင် သူ့ချစ်သူနဲ့ လက်ထပ်ဖို့ အန်တီတို့ကို သူကိုယ်တိုင် ခေါင်းညိတ် လက်ခံလိုက်တာပါ"

ကြားလိုက်ရတဲ့ စကားတွေက သူ့နှလုံးသားကို ရေခဲမွှေးပူပူနဲ့ လှမ်းပက်လိုက်သလို သူ့တစ်ကိုယ်လုံး ပူလောင်ခါးသီးသွားပါသည်။

"ကျွန်တော် မယုံဘူးဗျာ၊ အန်တီတို့ မဏီကို အပြင်ထွက်ခွင့်မရအောင် အတင်းအကျပ် ချုပ်နှောင်ထားတာ မဟုတ်လား၊ ကျွန်တော် မဏီနဲ့ တွေ့ချင်တယ်၊ မဏီနဲ့တွေ့ပြီး မဏီရဲ့ဝန်ခံစကားကို ကြားရရင် ကျွန်တော် အေးအေးဆေးဆေး လက်ခံမယ်"





"မင်း မိုက်ရူးရဲမဆန်ချင်စမ်းပါနဲ့၊ မင်း ပြန်ပါတော့၊ အန်တီ ဒီထက် ဒီထက်ပိုပြီး မင်းကို ရှင်းပြစရာအကြောင်း မရှိတော့ဘူး"

"ဂျိမ်း"ခနဲ တံခါးဆောင့်ပိတ်ပြီး လှောခ်ချသွားတဲ့ မဏီမေမေရဲ့ လုပ်ရပ်တွေကို သူ အံ့သြနာကျင်လွန်းလို့ နေရာမှာတင် အသက်မဲ့နေသူလို မတ်မတ်ကြီး ရပ်နေလိုက်မိသည်။

ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြီးက တကယ့်ကို ခါးသီးစရာ၊ နာကျင်စရာ ကောင်းခဲ့တာမို့ သူ ဘာလုပ်ရမှန်းမသိအောင် စိတ်တွေ မွှန်းကျပ်ကြေကွဲသွားရသည်။

ဖြစ်နိုင်ရင် သူ တံခါးကြီးကို ကအားဆွဲထုဖွင့်ပစ်လိုက်ပြီး မဏီရှိတဲ့ အခန်းထဲသို့ စွတ်ပြေးဝင်သွားလိုက်ချင်ပါသည်။

ပြီးတော့ မဏီ ပခုံးနှစ်ဖက်ကို ဆွဲကိုင်ပြီး "ဒီစေ့စပ်ပွဲကို မင်း လက်ခံခဲ့တာဆိုတာ ဟုတ်လား"လို့ အော်ဟစ်မေးပစ်လိုက်ချင်ပါသည်။

ဒီပုံအတိုင်းဆို သူ ဒီလိုနည်းနဲ့ မဏီကို ဘယ်တော့မှ တွေ့ခွင့်ရမှာ မဟုတ်တော့။ သူ ဘာလုပ်ရမလဲ။ မဏီနဲ့ပေ့ခွင့်ရအောင် သူ တစ်ခုခုတော့ လုပ်ဆောင်ရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... မဏိနဲ့ စေ့စပ်တဲ့ ကောင်လေးကို သူ မျက်နှာချင်းဆိုင် တွေ့ရကောင်းမလား။ ပြီးတော့ ဒီကောင်လေးနဲ့တွေ့ရင် သူ မဏိနဲ့ သူ လက်ထပ်ရဖို့ ဘယ်လိုပြောရမလဲ။

ဒီအတွေးတွေက သူ့ဦးနှောက်ထဲမှ နှလုံးသားဆီသို့ စီးဆင်းရပ်တန့်သွားတဲ့ အချိန်မှာ မဏိနဲ့ ပေါင်းစုံရမဲ့ နည်းလမ်းတစ်ခုကို သူ ဖျတ်ခနဲ တွေးလိုက်မိကာ ရင်တစ်ခုလုံး နွေးလှိုက်တုန်ယင်သွားသည်အထိ စိတ်လှုပ်ရှားသွားရပါတော့သည်။

သူ့ခံစားချက်တွေကို မဏိ နားလည်ပေးလိမ့်မယ်လို့ သူ ယုံကြည်မိသည်။

မဏိရယ်၊ ဒီနည်းလမ်းကလေးနဲ့ပဲ မင်းနဲ့ကိုယ်လက်ထပ်ခွင့်ရတော့မှာမို့ ကိုယ့်ဘက်က အမှားတစ်ခု ဖြစ်သွားခဲ့ရင် ကိုယ့်ကိုခွင့်လွှတ်ပေးပါလို့ ကိုယ်တောင်းပန်ပါတယ် ကလေးရယ်။

✧ ❤ ✧





၂၂

သူ့ကိုဖုန်းဆက်ပြီး တွေ့ဖို့တောင်းဆိုလိုက်တဲ့ ဦးနေသတိုးရ ရင်ထဲမှာ မဏိနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ ကြေကွဲခံစားနေမလဲ ဆိုတာကို သူ ခံစားနားလည်ပေးခဲ့မိပေမဲ့ ဦးနေသတိုးရနဲ့ မျက်နှာချင်းဆိုင်လိုက်တဲ့ အချိန်မှာ ဦးနေသတိုးရရဲ့ ရှုတည်တည် မျက်နှာပေးကြီးက သူ့ရင်ကို နည်းနည်းလှုပ်ခတ်သွားစေခဲ့ပါသည်။

ဒီလူ သူ့ကိုခေါ်ပြီး တွေ့ဆုံခဲ့တာ ရိုးသားချင်မှ ရိုးသားမှာ သေချာသွားပါပြီ။

"ကျွန်တော်နဲ့ တွေ့ချင်တဲ့ အကြောင်းကိစ္စက ဘာလဲ ဦးနေသတိုးရ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသတိုးရ နှုတ်ခမ်းတစ်ဖက်က တွန့်ခနဲ ပြုံးသွားသလို အရာရာကို အောင်နိုင်သော မျက်လုံးတွေနှင့် သူ့ကိုစိုက်ကြည့်လာသောအခါ သူ နည်းနည်းထိတ်လန့်သွားရပါသည်။

မဏိနဲ့ ဦးနေသတိုးရတို့ရဲ့ ပတ်သက်မှုကြီးက ဘယ်အတိုင်းအတာအထိ ရှိထားကြလို့လဲ။

ဟာ ... မဟုတ်နိုင်ပါဘူး။ မဏိဟာ ဒီလိုမိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ သူ ယုံကြ[illegible]သည်။

"ကိုယ်နဲ့ မဏိ ချစ်သူတွေဆိုတာ မင်း သိတယ်မနော်၊ မင်းနဲ့ မဏိ စေ့စပ်လိုက်တာ မိဘတွေကြောင့်လို့ ကိုယ်ယုံတယ်၊ မဏိကို ကိုယ်တွေ့ခွင့်မရဘူး၊ မိဘတွေရဲ့ချုပ်ချယ်ကန့်သတ်မှုတွေကြောင့် မမှားသင့်တာတွေ မမှားရအောင် ကိုယ် ညီလေးနဲ့ ခေါ်တွေ့လိုက်ရတာပါ"

မမှားသင့်တာတွေ မမှားရအောင်ဆိုတဲ့ စကားကြီးက သူ့နှလုံးသားကို ချောင်ပိတ်မိသွားသလို ထွက်ပေါက်မဲ့သွားပါသည်။ သို့သော် သူက ဣန္ဒြေမပျက် ဦးနေ[illegible]ကို မော့ကြည့်လိုက်သည်။

"ကျွန်တော် ခင်ဗျားကို ဘာမှအပြစ်မပြော[illegible]ဘူး။ မဏိနဲ့ ခင်ဗျား ချစ်သူဖြစ်ခဲ့တာက လ,အပိုင်းအခြားလောက်





ကလေးပါ၊ ကျွန်တော်က ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့ရတဲ့ ချစ်သူပါဗျာ"

"ဒါဆို မင်းကိုယ်တိုင် မဏိကို လက်ထပ်ဖို့ ခေါင်းညိတ်သဘောတူခဲ့တာပေါ့၊ မိဘတွေ စီစဉ်လို့ လက်ခံခဲ့တာမဟုတ်ဘူးပေါ့၊ ဟုတ်လား"

သူ့ကို အခဲမကျေသည့် မျက်လုံးတွေနဲ့ စိုက်ကြည့်မေးလာတဲ့ ဦးနေသ[illegible]ရကို ကြည့်ပြီး သူ အောင့်သက်သက်ကြီးဖြစ်သွားရသည်။

"ကျွန်တော် ခင်ဗျားနဲ့ အခြေအတင် စကားမပြောချင်ဘူး၊ ခင်ဗျားနဲ့တင် မဟုတ်ဘူး၊ မဏိနဲ့လည်း အခြေအတင် စကားမပြောချင်ပါဘူး"

"ဟင်"

ဦးနေသတိုးရက သူ့ကို မယုံနိုင်တဲ့ မျက်ဝန်းတွေနဲ့ စိုက်ကြည့်လာပြီး မျက်နှာကြီးတစ်ခုလုံး ကြည်လင်သွားခဲ့သည်။ ဒီလူ ဘာရှုံးကြောင်းကြောင်တွေးပြီး သူ့စကားကို ကျေနပ်သွားခဲ့တာပါလိမ့်။

ဦးနေသတိုးရကိုကြည့်ပြီး သူ့စိတ်ထဲ နောက်ကျိကျိကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်နဲ့ မဏီကို တွေ့ခွင့်ရအောင် ညီလေးကူညီပေးပါဦးကွာ၊ ကိုယ်တို့မှာ အချိန်မရှိတော့ဘူး၊ မင်းစေ့စပ်ပွဲဖျက်ပေးပြီးတာနဲ့ ကိုယ်တို့လက်ထပ်မှ ..."

ရန်ခ ဦးနေသတိုးရကို ခပ်ကြောင်ကြောင် မော့ကြည့်လိုက်မိသည်။ ဒီလူ ရူးနေပြီလား။ သူ မဏီကို ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့တာပါလို့ ပြောခဲ့တဲ့ စကားကို သဘောမပေါက်တာလား။ ဒါမှမဟုတ် ဒီလူဟာ သူ့အထင်နဲ့ခွဟ်ပြီး ကိုယ့်ဘက်လိုရာဆွဲပြီး တွေးခဲ့တာလား။

ဦးနေသတိုးရရယ် ... ခင်ဗျား မဏီကိုချစ်တယ်ဆိုတာထက် ကျွန်တော် မဏီကိုချစ်တာ အဆပေါင်းတစ်ထောင်လောက် သာပါတယ်ဗျာ။

သူ့ရင်ထဲက စကားတွေကိုတော့ အောက်ကျခံပြီး ဦးနေသတိုးရကို ဘယ်တော့မှ သူ ထုတ်ဖော်ပြောမှာမဟုတ်။

"ခင်ဗျားအတွက် စိတ်မကောင်းပါဘူး ဦ  နေသတိုးရ"

"ဟင် ... မင်း ... မင်း ဘာစကား ပြောတယ်"

"ကျွန်တော် မဏီကိုချစ်ခဲ့တဲ့ အချစ်တွေက နောက်ဆုတ်ပေးဖို့မှ မဟုတ်တာ"





အခုမှ ဦးနေသတိုးရ သူ့စကားကို သဘောပေါက်သွားသလို ရင်ထဲမှာ ဘယ်လောက် ခံစားကြေကွဲသွားသည်မသိ။

မျက်နှာတစ်ခုလုံး နီမြန်းလျက် ကြေကွဲဆို့နင်သွားတဲ့ ဦးနေသတိုးရကို ကြည့်ပြီး မဏီကို ဦးနေသတိုးရ အပိုင်တုပ်နှောင်ထားတဲ့ကြိုးတွေ ဘာမှမရှိခဲ့ဘူး ဆိုတာကို သူ သံသယရှင်းစွာ ယုံကြည်လိုက်မိသည်။

"မင်း နောက်ဆုတ်ပေးပါ ရန်ခ၊ ငါနဲ့ မဏီက လက်မထပ်လို့ မရတော့ဘူး၊ မဏီမှာ ငါ့ရဲ့ ..."

"တော်စမ်း၊ ခင်ဗျား ရူးတိုင်း လျှောက်မပြောနဲ့"

ရန်ခ အသည်းနှလုံးတွေ မွမွကြေပျက်သွားရလေပြီ။ ဒီလူ သက်သက် မဏီကိုစော်ကားတာ။ မဏီဟာ ယောကျ်ားတစ်ယောက်ကို ဒူးထောက်အရှုံးပေးမဲ့ မိန်းမမျိုး မဟုတ်ဘူးဆိုတာ တစ်သက်လုံး ပေါင်းလာတဲ့သူက အသိဆုံးပင်။

သို့သော် သူ့ချစ်သူကိုယ်တိုင် ပြောလိုက်တဲ့စကားကို နားနဲ့ဆတ်ဆတ် ကြားလိုက်ရတဲ့ သူ့ရင်ထဲမှာ မီးလိုပူလောင်သွားရကာ မဏီကို စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်လိုက်ချင်သည့်အထိ စိတ်တွေ ပေါက်ကွဲပစ်လိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှုံးဘူး ကောင်လေး၊ မင်းအတွက်ကြောင့်ကို နည်းနည်းလျှော့ပြီး လောကကြီးရဲ့ မြေတစ်နေရာမှာ ရပ်တည်နေတဲ့ ချစ်သူနှစ်ယောက်ကို ပြန်ကြည့်ပါ။ မဏိ ရင်ထဲမှာ အခုလောက်ဆိုရင် ဘယ်လောက်အထိ ကြေကွဲနေမလဲဆိုတာကွာ၊ ငါပြောတဲ့ စကားကို သူက မင်းကို ပြောရမှာမပြောရဲ ဖြစ်ချင်ဖြစ်နေမှာပေါ့ကွာ၊ မင်း ကိုယ်ချင်းစာနားလည်ကြည့်စမ်းပါ"

မျက်ဝန်းအရိပ်တွေကအစ ကြေကွဲယောင်သမ်းနေတဲ့ ဒီလူ့မျက်နှာက သူ့မျက်ဝန်းထဲမှာ ပိုးတဝါးပဲ မြင်တွေ့ရတော့သည်။

ဒီလူပြောတာတွေသာ အမှန်အကန် ဖြစ်သွားခဲ့မယ်ဆိုရင် သူက နောက်ဆုတ်ပေးရတော့မှာပေါ့။

ဟား ... ငါ မဏိကို ချစ်တယ်။ ငါ မဏိကိုမခွဲနိုင်ဘူး၊ ငါ ဘာလုပ်ရမလဲ။ ဒီလူ့စကားတွေကို ငါ မယုံဘူး မဏိ။ မဏိက ဒီလိုမိန်းကလေးမျိုး မဟုတ်ဘူးဆိုတာကို သူ့နှလုံးသားက လက်ခံယုံကြည်ခဲ့ပြီးပေမယ့် ...။

ရင်ထဲမှာ ရှုံးသွားမတတ် ဆတ်ဆတ်ခါ နာကျင်ကြေကွဲသွားတာကြီးကို ဟန်ဆောင်မျိုသိပ်ကာ သူ ခေါင်းကိုဆတ်





ခနဲ ထောင်ပစ်လိုက်ပြီး ဦးနေသတိုးရကို အချိုသတ်ဖို့ ဆုံးဖြတ်လိုက်ရသည်။ ပိုက်ဆံချမ်းသာသလောက် အရာရာကို သူ့ပဲအနိုင်ရမယ်လို့ ခံယူထားပုံရတဲ့ ဒီလူကို ပေါ့သေးသေး သတ်မှတ်လို့မရခဲ့ချေ။

"ကျွန်တော် မယုံဘူး ဦးနေသတိုးရ၊ မဏိက ဒီလိုမိန်းကလေး မဟုတ်ဘူးဆိုတာ၊ ဒါပေမဲ့ ကျွန်တော် မဏိကိုမေးကြည့်လို့ မဏိက ဟုတ်ပါတယ်လို့ ဝန်ခံလာရင်တော့ ကျွန်တော် နောက်ဆုတ်ပေးမှာပါဗျာ၊ စိတ်ချပါ"

သူ့ရင်ထဲက ကြေကွဲသံတွေကို ဦးနေသတိုးရက မကြားနိုင်သလို မျက်နှာခပ်လွှဲလွှဲ ပြုထားလေသည်။

"ကိုယ် မဏိနဲ့ ဒီနေ့ပဲ တွေ့ချင်တယ်ကွာ"

"ကျွန်တော် စီစဉ်ပေးပါမယ်"

"မဏိကို ပြောလိုက်ပါကွာ၊ ကိုယ် ဒီဆိုင်ကနေပဲ စောင့်နေမယ်လို့၊ မင်းစိတ်ခါတ်ကို ကိုယ်လေးစားပါတယ် ရန်ခ၊ ကျေးဇူးလည်း တင်ပါတယ်"

သူက ဦးနေသတိုးရ စကားတွေကို ခပ်မဲ့မဲ့ပြုံးလိုက်ပြီး ပရမ်းပတာ ဟာနေတဲ့ရင်နဲ့ စားသောက်ခန်းထဲမှ ချာခနဲလှည့်ထွက်လာခဲ့သည်။ ဒီလိုခံစားချက်မျိုးကို သူ တစ်ခါမှမခံစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရဖူးသဖြင့် ရင်ထဲမှာ ပြောမပြောတတ်အောင် ပူလောင်ကြေကွဲနေသည်။

မဏိကို ယုံကြည်စိတ်အပြည့်ထားတဲ့ သူ့စိတ်ဓာတ်တွေသာ လဲပြိုသွားမယ်ဆိုရင် သူ ကားမောင်းနေရင်းနဲ့ တစ်ခုခုဖြစ်သွားမှာ သေချာသည်။ ဒီအချိန်မှာ ငါသေချင်ပေမယ့် ငါသေလို့ မဖြစ်သေးပါဘူး မဏိ။ ငါ အမှန်တရားကို နားထောင်ချင်ပါသေးတယ်။

နှင့်ရင်ထဲက ဝန်ခံစကားတွေကို ဦးနေသတိုးရဲ့ ထပ်တူညီတဲ့ စကားတွေ ဖြစ်ခဲ့မယ်ဆိုရင်တော့ ငါ လောကအပြင်ဘက်ထွက်ပြီး သေပစ်လိုက်မယ်။

✧ ❤ ✧





# အပိုင်း(၃)

## နှလုံးသားရဲ့တည်နေရာ

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

မဏိသည် ရန်ခကို မျက်နှာချင်းဆိုင် တွေ့မြင်လိုက်ရတဲ့အချိန်မှာ ရင်ထဲမှာ ဘာမှပြောစရာမရှိတော့အောင် ဝမ်းနည်းဆို့နင်သွားခဲ့ရသည်။ လက်ထပ်ခါနီး သတို့သားတစ်ယောက်ရဲ့ ပြင်ဆင်မှုတွေဖြင့် ဆံပင်နဲ့ မုတ်ဆိတ်၊ ပါးမြိုင်းတွေကို ရိတ်သင်ထားတဲ့ နုနယ်ချောမွေ့တဲ့ ရန်ခ မျက်နှာလေးကို ငါးလလုံးလုံး မမြင်တွေ့ခဲ့ရဘဲ အခုမှ တွေ့မြင်လိုက်ရတာမို့ မဏိ လွမ်းမောစွာ ငေးခနဲ စိုက်ကြည့်လိုက်မိသည်။

ရန်ခ မျက်နှာကို ငေးကြည့်ရင်း မကြာမီရက်ပိုင်းမှာ သူဟာ မဏိနဲ့လက်ထပ်ရမဲ့ ယောက်ျားတစ်ယောက်ဆိုတဲ့ အသိစိတ်ကလေးဖြင့် မဏိ ရှက်ရွံ့ရင်ခုန်သွားမိသေးသည်။





အခုချိန်မှာ မဏိ ဦးနေကို ဆက်ဘွယ်ဖို့ မလိုတော့ဘူးဖြစ်သလို၊ မဏိ ရင်ထဲက စစ်မှန်တဲ့ ချစ်ခြင်းတွေက ငယ်ငယ်ကတည်းက မခွဲတမ်း အတူနေလာခဲ့တဲ့ ရန်ခအပေါ်မှာ ပိုပြီးစူးဝင်သွားခဲ့ပြီမို့ မဏိသည် ရန်ခရဲ့စိစဉ်မှုတွေကို ကျေကျေနပ်နပ်လက်ခံလိုက်မိသွားပြီဖြစ်သည်။

"မဏိ ငါတို့နှစ်ယောက် လက်မထပ်ခင် တွေ့ကြဖို့လိုအပ်လို့ ငါ နင့်ကိုလာတွေ့တာ၊ နင့်ရင်ထဲက အစစ်အမှန်စကားကို ငါလိုချင်တယ်"

"ဟင်"

မဏိ ရန်ခ မျက်နှာကို ခပ်တွေတွေလေး မော့ကြည့်လိုက်မိသည်။ ရန်ခ မျက်နှာကို ငေးကြည့်နေရင်းမှ မဏိ ရင်ထဲမှာ အလိုက်သည်းလိုက် ငိုချင်စိတ်ကလေး ဖြစ်သွားရကာ "အင့်" ခနဲ တစ်ချက်ရှိုက်လိုက်မိပြီး မျက်နှာလေးကို ငုံ့ချလိုက်မိတော့သည်။ မဏိ ရန်ခအပေါ်ကို အကြီးအကျယ်ဆုံး အမှားတစ်ခုကို ကျူးလွန်ခဲ့မိလေပြီ။

ငယ်ငယ်ကတည်းက မခွဲတမ်း အတူနေလာခဲ့ပြီး မဏိအလိုကျ အမြဲတမ်း ခေါင်းငုံ့သည်းခံခဲ့တဲ့ သူငယ်ချင်းကို ရင်ထဲက သံယောဇဉ်နဲ့ ခင်တွယ်ခဲ့တာပဲလို့ ထင်ထားခဲ့မိတာ။



www.burmeseclassic.com

www.burmeseclassic.com



အနုတော့ မဏိသည် သူ့ကို မခွဲခွာရက်နိုင်လောက်အောင် ချစ်မြတ်နိုးသွားရပြီမို့ ကိုယ့်ကိုယ်ကိုယ် ရှက်လည်းရှက်မိကာ ဝမ်းနည်းကြေကွဲသွားပါသည်။

ဦးနေ အပေါ်ထားခဲ့တဲ့ မေတ္တာတွေကိုလည်း ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့မိပါသည်။ ယောကျ်ားတစ်ယောက်ကို အထင်ကြီး လေးစားမိခဲ့တာကို အချစ်လို့ ထင်မှတ်ခဲ့တာ မဏိ မှားသွားခဲ့ပါပြီ။

ဦးနေရယ် မဏိကို ခွင့်လွှတ်နားလည်ပေးပါတော့။

ရန်ခကတော့ ရင်နာစွာဖြင့် ဘာစကားမှ မမေးရက်သေးဘဲ သူ့အရှေ့မှာ ကိုယ်လုံးလေးလှုပ်ခါ ရှိုက်ငိုကြွေးနေသည့် မဏိကို ငေးကြည့်ရင်း သူ့ရင်ထဲက ချုပ်ထိန်းထားသည့် ခံစားချက်များ လွတ်ထွက်သွားရကာ မဏိ ကိုယ်လုံးကလေးကို ခပ်တင်းတင်းကြီး ပွေ့ဖက်ထားလိုက်ပါတော့သည်။

မဏိ ခံစားနေရတဲ့အချိန်မှာ ဦးနေသတိုးရ ပြောခဲ့တာတွေကို ဖွင့်ပြီးမမေးရက်ပါ။ ဒီစကားကြီးကို နင့်ကိုဖွင့်မေးရမှာ ငါ မမေးရက်ဘူး မဏိ။ နင် ဘာကြောင့် ဒီလောက်ကြေကွဲနေတယ်ဆိုတာ ငါ သဘောပေါက်သွားပြီ မဏိရယ်။ နင် ငါ့ကိုမချစ်နိုင်ခဲ့ဘူးဆိုတာ ငါ နားလည်သွားပါပြီ။ နင်နဲ့ ဦးနေသတိုး





တို့ ငါမယှဉ်နိုင်တဲ့အထိ အချစ်နယ်ကျွံသွားခဲ့ပြီ ဆိုတာကိုလည်း ငါယုံသွားပြီ မဏိ။ ငါ နင့်ကို လွှတ်မြောက်ခွင့် ပေးပါမယ်။

ရန်ခ အသည်းနှလုံးတွေ ကြေလွင့်ငြိမ်သက်သွားရပါပြီ။ သူ့ရင်ခွင်ထဲမှာ ဝမ်းနည်းတကြီး ငိုကြွေးနေတဲ့ ချစ်ရသူကလေးကို သူ ဒီတဒင်္ဂလေးမှာပဲ ပွေ့ဖက်နှစ်သိမ့်ခွင့်ရတော့မည်ဖြစ်သည်။

သိပ်မကြာခင် အချိန်မှာ ငါနဲ့ မင်းနဲ့ ဘာမှမဆိုင်ကြတော့ဘူးနော် မဏိ။

ငါ တစ်ခဏလေးတော့ မင်းကို ပွေ့ဖက်ထားပါရစေ။ ငါတို့ ထာဝရ ဝေးကြတော့မယ် မဏိရယ်။

"ရန်ခ"

"မဏိ"

ခပ်အက်အက် အသံလေးနဲ့ ခေါ်လိုက်တဲ့ မဏိကို သူ ဟန့်တားပိတ်ပင်လိုက်မိပေမဲ့ သူ့မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေက တစိမ့်စိမ့်အိုင်ကာ ပူနွေးစွာဖြင့် ပါးပြင်ပေါ်သို့ စီးကျလာခဲ့သည်။

"မပြောပါတော့နဲ့ မဏိရယ်၊ ငါ မကြားရက်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ခကားကို မဏိ နားမလည်နိုင်စွာဖြင့် မော့ကြည့်လိုက်မိသည်။ ရန်ခက ခေါင်းကြီးငုံ့ပြီး အတန်ကြာ ငြိမ်သက်နေပြီးမှ မဏိကို သူ့ရင်ခွင်ထဲက ဆွဲခွာထုတ်လိုက်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ကြိတ်ထားလေသည်။

အို ... ရန်ခ ဘာဖြစ်နေတာလဲ။ မဏိ ဘာစကားတွေ ပြောမှာမို့ သူက မကြားရက်ဘာလဲ။

မဏိသည် ရန်ခ သွေးပျက်မတတ် ကျိတ်ခံစားကြေကွဲနေတဲ့ မျက်နှာလေးကို စေ့စိုက်ကြည့်ရင်း ရင်ထဲမှာ တနုံ့နုံ့ ကြေကွဲသွားပါသည်။

ရန်ခကို မဏိကို ဘာစကားမှ ဆက်မပြောတော့ဘဲ အတန်ကြာ ရီဝေစွာ စိုက်ကြည့်နေလေသည်။ ရန်ခ အကြည့်တွေက မဏိနဲ့ ဟစ်ဘဝလုံး ဝေးကွာတော့မယ်ဆိုတဲ့ ခံယူထားသည့် ကြေကွဲရိပ်တွေဖြင့် ခံစားနေရသည့် မျက်လုံးတွေမို့ မဏိ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါသည်။

ပြီးတော့ မဏိ မျက်နှာလေးကို ကြေကြေကွဲကွဲကြီး စိုက်ကြည့်ပြီး ခေါင်းလေးငုံ့ချကာ ရင်ထဲက ဝမ်းနည်းသံကြီးနှင့် တောင်းပန်လာတဲ့ ရန်ခကို မဏိ အံ့ဩငေးကြောင်စွာ စိုက်ကြည့်လိုက်မိသည်။





"ငါ မှားပါတယ် မဏိ၊ ငါ နင့်ကိုချစ်တဲ့စိတ်တွေနဲ့ ငါ နင့်ခွင့်ပြုချက် မယူဘဲ လက်ထပ်ဖို့ စီစဉ်လိုက်တာ ငါမှားပါတယ်၊ နင်တို့ချစ်သူနှစ်ယောက် ငါ့ကြောင့် ရူးမတတ်ခံစားသွားရရင် ငါ့ကိုခွင့်လွှတ်ပါဟာ။ နင်နဲ့ ဦးနေသတိုးရ ပျော်ရွှင်စွာ ရပ်တည်နိုင်တာ ငါ ဂုဏ်ယူကျေနပ်ပါတယ် မဏိ"

"ဟင် ... နင် ဘာပြောတာလဲ ရန်ခ၊ နင် ဘာဖြစ်သွားတာလဲ"

"ငါ နင့်ကို နားလည်ပါတယ် မဏိ၊ နင့်ကို ဦးနေသတိုးရ (.........)ဆိုင်မှာ စောင့်နေတယ်"

မဏိသည် ရန်ခရဲ့ ရူးကြောင်ကြောင် လုပ်ရပ်တွေကို အံ့ဩမယုံနိုင်စွာ စိုက်ကြည့်ပြီး ရင်ထဲမှာ ကျင်ခနဲ အေးစက်သွားပါသည်။

ရန်ခက မဏိကို စွန့်လွှတ်နိုင်တဲ့အထိ ဆုံးရှုံးခံနိုင်ခဲ့တာကြီးကို မဏိ ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရသည်။

ရန်ခကို ဝမ်းနည်းကြေကွဲစွာ စိုက်ကြည့်နေရင်းမှ မျက်ရည်တွေ စီးကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဏိ မငိုပါနဲ့ဟာ၊ ငါ့ကြောင့် နင်တို့နှစ်ယောက် စိတ်ဒုက္ခရောက်ခဲ့ရတာ"

"ရန်ခ အရူးကောင်ရဲ့၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီအချိန်မှာ ငါနဲ့ ဦးနေက ဘာဆိုင်တော့လို့လဲ၊ အရင်တုန်းက သူ့ကိုအထင်ကြီးစိတ်နဲ့ ချစ်သူတော်ခဲ့မိတာကလွဲပြီး ငါ့ရင်ထဲမှာ ငါ့နှလုံးသားထဲမှာ တကယ်အစစ်အမှန် ချစ်ခဲ့တဲ့သူက နင်ပဲ ရန်ခရဲ့၊ နင် ... နင် အခုချိန်မှ ဒီစကားတွေ ပြောရက်တာ ငါ သိပ်ဝမ်းနည်းတယ်၊ သိလား"

"ဟင် ... ဘာ ... ဘာပြောတယ် မဏိ"

ကြားလိုက်ရသည့် မဏိ စကားတွေက သူ့နားကို သူ မယုံနိုင်အောင် ဖြစ်သွားရကာ အံ့သြလွန်းလို့ ဘာပြန်ပြောရမှန်း မသိအောင် ရင်ထဲမှာ ဆို့ကက်သွားခဲ့သည်။

ဘာပြန်ပြောရမှန်း မသိအောင် အတန်ကြာ ငြိမ်ကျသွားပြီးမှ မဏိမျက်နှာလေးကို သူ မယုံနိုင်စွာ မော့ကြည့်လိုက်တော့ မျက်ရည်တွေဖြင့် နှုတ်ခမ်းကလေး ဖိကိုက်ပြီး ကြေကွဲခံစားနေရသည့် မဏိ မျက်နှာလေးက သူ့ရင်ထဲက သံသယတွေကို တစ်စစီ ဆွဲထုတ်လွှင့်ပစ်လိုက်ပါတော့သည်။





ဦးနေသတိုးရ ရိုင်းပျစွာ ပြောခဲ့တဲ့ စကားတွေကိုလည်း မဏိလေးကို ပြောပြစရာမလိုတော့ပေ။

မဏိလေး သူ့ကို တကယ့်မေတ္တာစစ်တွေနဲ့ ချစ်မြတ်နိုးခဲ့တာကိုလည်း ဒီစကားနဲ့တင် နှလုံးသားက ယုံကြည်လက်ခံလိုက်မိပါတော့သည်။

"နင် တကယ်ပြောတာလားဟင် မဏိ၊ နင် ငါ့ကို နှလုံးသားထဲက စစ်မှန်တဲ့ ချစ်ခြင်းတွေနဲ့ ချစ်တယ်ဆိုတာ တကယ်လားဟင်"

ရင်ခွင်ထဲမှာ မဏိ ကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ပွေ့ဖက်ပြီး သူ ရင်ခုန်ပျော်မွေ့စွာ ဆိုလိုက်တော့ မဏိက သူ့ကို အရည်တွေဖြာလက်နေသည့် မျက်လုံးကြည်ကြည်လေးတွေနှင့် မော့ကြည့်လာပြီး သူ့ဘယ်ဘက်နှလုံးသားဆီသို့ မျက်နှာလေး အပ်ချလိုက်ကာ သူ အကျေနပ်ဆုံး စကားတွေဖြင့် နှစ်သိမ့်လာခဲ့လေသည်။

"နင်ကသာ မသိချင်ယောင် ဆောင်နေတာပါ ရန်ခရယ်။ နင့်ရဲ့ ဒီရင်ဘတ်ထဲက နှလုံးသားက ငါ နင့်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို အသိဆုံးပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အကျေနပ်ဆုံး စကားတွေဖြင့် နှစ်သိမ့်ဘတ်လွန်းသည့် မဏိကို သူ ဘာစကားပြန်ပြောရမှန်း မသိအောင်ကို ချစ်မြတ်နိုးသွားခဲ့ရလေသည်။

သူနှင့် မဏိတို့ တစ်ယောက်ကိုတစ်ယောက် အကျေနပ်ဆုံး ပွေ့ဖက်ကြည်နူးနေသည့် အချိန်မှာပဲ သူ့အိတ်ထဲက hand phone ကလေးက တတူတူနှင့် မြည်လာပါတော့သည်။

ပထမတော့ ဒီဖုန်းဟာ ဦး[illegible]တိုးရဲ့ ဖုန်းမှန်း သတိမထားမိသေးဘဲ သူတို့ချစ်သူနှစ်ဦး ကြည်နူးနေသည့်အချိန်ကို နှောင့်ယှက်ရကောင်းလားဆိုပြီး ဖုန်းပိတ်ပစ်လိုက်သေးသည်။

ဒါပေမဲ့ ဖုန်းသံလေးက အဆက်မပြတ် မြည်နေခဲ့တာမို့ သူ ရင်ခုန်ထိတ်လန့်သွားရကာ အခုမှ ဦးနေသတိုးရဲ့ မဏိကို ဆိုင်ကစောင့်နေတာကို သတိရသွားကာ မဏိကို မျက်နှာပူပူဖြင့်ပင် မော့ကြည့်လိုက်မိသည်။

ရင်ထဲမှာလည်း ဦးနေသတိုးရဲ့ကို မဏိ ပြောမဲ့ စကားတွေအတွက် စိတ်မကောင်း ဖြစ်သွားခဲ့

စိတ်မကောင်းပါဘူး ဦးနေသတိုးရရယ်။ ခင်ဗျား အတွက် ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။

"တူ တူ တူ"





အဆက်မပြတ် မြည်နေသည့် ဖုန်းကလေးကို သူ ထုတ်ယူလိုက်တော့ မဏိက အံ့ဩသလိုကလေး သူ့ကိုမော့ကြည့်လာခဲ့သည်။

"ဘယ်သူ့ဆီက ဖုန်းလဲဟင်"

သူက မဏိကို အားနာမျက်နှာပူစွာဖြင့်ပင် ခေါင်းငုံ့ မျက်နှာလွှဲလိုက်ရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"ဦးနေသ[illegible]ရဲ့ဆီက"

"ဟင်"

"နင့်ကို သူ မျှော်လင့်နေတယ်၊ သူ့ကို နင် စကားပြန်လိုက်ပါကွာ"

"ဟင်"

ဦးနေဆီက ဖုန်းဆိုသည့် ခံစားချက်ကလေးက မဏိနှလုံးသားလေးကို နာကျင်ဖိစီးနှိပ်စက်သွားတော့သည်။

ဖြစ်ရလေ ဦးနေရယ်၊ မဏိကို အခုချိန်ကြီးအထိ မျှော်လင့်သေးတယ်တဲ့လား။

မဏိ ဦးနေရဲ့ ခံစားချက်တွေကို မကြားရက်တော့ပါဘူး။ ဦးနေကိုလည်း မဏိအတွက်နဲ့ မခံစားစေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ ဦးနေရယ်။ မဏိ ဦးနေကို အစ်ကိုကြီး တစ်ယောက်လို ချစ်ခင်သွားခဲ့မိတာ မဏိ အပြစ်ကြီးတစ်ခုကျူး လွန်မိသလို ဖြစ်သွားရပြီ။

မဏိကြောင့် ဦးနေရဲ့နှလုံးသားမှာ ဒဏ်ရာရသွား ခဲ့ရတာ မဏိကို ခွင့်လွှတ်ပေးပါတော့နော်။

"မဏိ သူက မဏိနဲ့ပဲ စကားပြောမယ်တဲ့၊ ဖုန်းကိုင်လိုက် ပါကွာ"

"ဟင်"

ဘယ်အချိန်က ရန်ခ ဦးနေဆီ ဖုန်းစကားပြန်လိုက် သည် ဆိုတာကို မသိလိုက်ရဘဲ အပြစ်ရှိသူပီပီ မျက်နှာငွမ်ငွမ်း လေးဖြင့် ရန်ခလက်ထဲမှ ဖုန်းကလေးကို တုန်ယင်စွာ လှမ်းကိုင် ပြီး အတန်ကြာ ငြိမ်သက်နေပြီးမှ အသံပြုလိုက်ပါသည်။

"ဦးနေ"

"မဏိရယ်၊ ကိုယ် ... ကိုယ့်ကို အရမ်းခံစားရအောင် ဘာ ဖြစ်လို့ ရက်စက်ချင်ရတာလဲဟင်၊ ကိုယ် ..."

"ဦးနေ ... မဏိ ... မဏိကို ခွင့်လွှတ်န[illegible]ပေးပါလို့ တောင်းပန်ပါတယ်၊ မဏိ ... မဏိ ... ဦးနေကို အစ်ကို ကြီး တစ်ယောက်လိုပဲ ချစ်ခင်နိုင်တဲ့အတွက် [illegible]ရဲ့အမှား တွေကို ခွင့်လွှတ်ပေးပါလို့ မဏိ တောင်းပန်ပါတယ်ရှင်"





"ဟင့်အင်း ... မင်း ဒီဆုံးဖြတ်ချက်တွေ မဆုံးဖြတ်ရဘူး၊ မင်း ကိုယ့်ကို ချစ်ပါတယ်၊ မင်းရင်ထဲမှာ ကိုယ်ရှိပါတယ်၊ ကိုယ့်ဆီကို ..."

"အို"

မဏိ ရင်ထဲမှာ ဘယ်လိုမှ ထိန်းချုပ်ထားလို့ မရ အောင် ဝမ်းနည်းကြေကွဲသွားရကာ မဏိ မျက်ရည်တွေ စီးကျ လာပြီး ဖုန်းကလေးကို ရန်ခလက်ထဲ ထည့်ပေးလိုက်မိပါတော့သည်။

ဖြစ်ရလေ ဦးနေရယ်၊ မဏိ ရင့်ရဲ့ခံစားချက်တွေကို မကြည့်ရက်တော့ဘူး၊ မဏိ မခံစားနိုင်တော့ဘူး။

"မဏိ အရမ်းပင်ပန်းနေပြီကွာ"

ရန်ခကလည်း မဏိ ကြေကွဲစွာ ငိုရှိုက်နေတာလေး ကို မကြည့်ရက်တော့ဘဲ မဏိ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲ သွင်းပြီး ပွေ့ဖက်နှစ်သိမ့်လိုက်ပါတော့သည်။

"ဦးနေသတိုးရရယ်၊ မဏိကို နားလည်ပေးလိုက်ပါတော့ ဗျာ၊ ကျွန်တော်လည်း ခင်ဗျားအတွက် စိတ်မကောင်းပါဘူး"

သူက မဏိပေးလာသည့် ဖုန်းကလေးကို ပြန်ပြော လိုက်သည့်အချိန်မှာ တစ်ဖက်မှ ဦးနေသတိုးရ အသံက အကြာ ကြီး တိတ်ဆိတ်ငြိမ်သက်သွားလေ[illegible]ည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသတိုးရဲ့ တိတ်ဆိတ်ကြေကွဲသွားဟန်များ ငိုရှိုက်နေတာလား။

မိန်းမတစ်ယောက်ကြောင့် မျက်ရည်ကျခဲ့ရသည့် ယောကျ်ားတွေထဲမှာ သူလည်း ပါဝင်ခဲ့ရပြီမို့ အခုချိန်မှာ အချစ်နာကျသည့် ယောကျ်ားတွေကို သူ ကိုယ်ချင်းစာ နားလည်ပေးမိပါသည်။

"ရန်ခ ... ငါ သိပ်မှားသွားပြီကွာ၊ ငါ မဏီအပေါ် အဖြူစင်ဆုံးချစ်ခဲ့တာ၊ ငါ ဒီစကားတွေ ပြောခဲ့လို့ မဏီ ငါ့ကို အထင်သေးသွားတာ မဟုတ်လား၊ ငါ သိပ်မှားသွားပြီ ရန်ခ၊ ငါနဲ့ မဏီ ဘာမှမငြိစွန်းခဲ့ဘူး ဆိုတာကိုလည်း မင်းကို ဖွင့်ဟဝန်ခံပါတယ်ကွာ"

"ဦးနေသတိုးရရယ်၊ အချစ်ကြောင့် ခင်ဗျားရင်ထဲမှာ အတွကြီးပြီး မှားခဲ့တဲ့ အမှားတစ်ခုကို ကျွန်တော် မဏီကို စာမျက်နှာဖွင့်မပြခဲ့ပါဘူး၊ ဒီဆုံးဖြတ်ချက်က သူ့ရင်ထဲက စစ်မှန်တဲ့ ဆုံးဖြတ်ချက်ပါဗျာ၊ ခင်ဗျားပြောခဲ့တဲ့ စကားကို ကျွန်တော် မဏီကို ဖွင့်မပြောခဲ့ပါဘူး။ ကျွန်တော် မယုံလို့ပေါ့ဗျာ"

"... ... ..."





သူ့စကားအဆုံးမှာ ဦးနေသတိုးရဆီက ဘာစကားသံမှ ထွက်မလာတော့တာမို့ သူက အတန်ကြာ ငြိမ်ပြီးနားထောင်နေပြီးမှ သက်ပြင်းကလေးကို ဖွဖွချလိုက်မိကာ ဦးနေသတိုးရကို နှုတ်ဆက်လိုက်ပါတော့သည်။

"ကျေးဇူးတင်ပါတယ် ဦးနေသတိုးရရယ်၊ ခင်ဗျားပြောခဲ့တဲ့ အမှားတစ်ခုကို ဝန်ခံတဲ့အတွက် ကျွန်တော် တစ်သက်လုံး ခင်ဗျားကို အမှတ်ရသွားမှာပါဗျာ"

သူ ဖုန်းပိတ်လိုက်သည့် အချိန်မှာတော့ မဏီက သူ့ကို အံ့သြနားမလည်နိုင်သည့် မျက်ရည်တွေ ပြည့်နေသည့် မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ကာ သူ့ကို သူမရင်ထဲက အသိချင်ဆုံး စကားလေးဖြင့် မေးခွန်းထုတ်လာမှာကို သူ မလိုချင်တော့သလို ဒီအချိန်မှာ မဏီကို ဘာခံစားချက်မှ မပေးချင်တော့တာမို့ မဏီလေး အကျေနပ်ဆုံးစကားတွေဖြင့် နှစ်သိမ့်လိုက်ပါတော့သည်။

"လူသားတွေရဲ့ ချစ်ခြင်းတွေထဲမှာ အတ္တကိုယ်စီ ရှိခဲ့ကြတယ်။ အမျိုးမျိုးပေါ့ မဏီရယ်။ ကိုယ်လည်း မဏီကို ပိုင်ဆိုင်ရယူဖို့အတွက် မဏီ မသိအောင် လူကြီးတွေနဲ့ ပေါင်းပြီး မင်္ဂလာပွဲကို စီစဉ်ခဲ့တာ၊ ဒါ ကိုယ့်ရင်ထဲက မဏီကို ပိုင်ဆိုင်ရယူလိုတဲ့ ချစ်ခြင်းအတ္တကြွအဖြစ် မဏီ ကိုယ့်ကို နားလည်ကျေနပ်ရင် ကိုယ် ကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

မဏိက သူ့ကို ကျေနပ်ပါတယ်ခို့တဲ့ စကားလေးကို ဆက်ခွင့်မပေးတော့ဘဲ သူ့ရင်ထဲက ချစ်ခြင်းတွေကိုပဲ မဏိကို ဖွင့်ဟဝန်ခံလိုက်တာဖြစ်သည်။

တကယ်တော့ မင်းရဲ့နှင်းဆီဖူး နှုတ်ခမ်းကလေးတွေဆီက ...

ကျေနပ်ပါတယ်ဆိုတဲ့ စကားလေးကို ...

ငါ မကြားလိုတော့ပါဘူး မဏိရယ် ...

အဲဒါ ဘာဖြစ်လို့လဲ သိလား ...

မင်း ငါ့ကို အပြစ်မြင်သွားမဲ့အဖြစ်ကို ငါ မရယူချင်တော့လို့ပါပဲ။

အဲဒီလောက်အထိ ငါ မင်းကို ချစ်ခဲ့ရတာပါ မဏိရယ်။

ရှင်မီထယ်

www.burmeseclassic.com